ယဉ်ကျေးမှုဝန်ကြီးဌာန

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန

# မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု

## သုတေသန





လက်တွေ့လေ့လာပြုစုသူ

**ဦးမြင့်အောင်**



# ဦးမြင့်အောင်

# မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု

# သုတေသန

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း - ဒုတိယအကြိမ်

ထုတ်ဝေသည့်လ - ၂၀၁၃၊ စက်တင်ဘာ

အုပ်ရေ - ၁၀၀၀

အဖုံး ဒီဇိုင်း - ယဉ်ကျေးမှုဝန်ကြီးဌာန

အတွင်း ဒီဇိုင်း - ကျော်ပြည့်ဝန်း

အဖုံးနှင့် အတွင်းပုံနှိပ် - ဒေါ်ခင်စီ (မြဲ-၀၁၄၈၀)

အမှတ်-၉၈၊ ဒေါ်ဖွားရှင်လမ်း၊

ဒဂုံဆိပ်ကမ်းစက်မှုဇုံ၊ ရန်ကုန်မြို့၊

စာအုပ်ချုပ် - အိုမီဂါ

စာအုပ်တန်ဖိုး -

ပုံနှိပ်-ထုတ်ဝေ

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန

ယဉ်ကျေးမှုဝန်ကြီးဌာန


# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏ အမှာ | |
| | ပါမောက္ခ ဒေါက်တာသန်းထွန်း၏ အမှာ | |
| | ဓာတ်ပုံနှင့် ပုံဆွဲစာရင်း | |
| | နိဒါန်း | ၁ |
| **အခန်း ၁** | **ရှေးဟောင်းသုတေသန** | |
| ၁ | ရှေးဟောင်းသုတေသနပညာ | ၇ |
| ၂ | ရှေးဟောင်းသုတေသနလုပ်ငန်းများ၏ အဓိကရည်ရွယ်ချက် | ၁၀ |
| ၃ | လူတိုင်းအဖို့ ရှေးဟောင်းပစ္စည်း | ၁၄ |
| ၄ | တက္ကသိုလ်များတွင် သင်ကြားသင့်ပြီဖြစ်သော ဘာသာတစ်ရပ် | ၁၇ |
| ၅ | ရှေးဟောင်းပစ္စည်း ခေတ်ခွဲနည်းနှင့် သိပ္ပံ | ၂၁ |
| ၆ | ရောဂါသည် ရှေးဟောင်းပစ္စည်းနှင့် ကုသနည်းအချို့ | ၂၆ |
| **အခန်း ၂** | **တူးဖော်မှု** | |
| ၇ | ရှေးဟောင်းသုတေသန ကွင်းဆင်းလုပ်ငန်း | ၃၃ |
| ၈ | တူးဖော်မှုလုပ်ငန်း | ၃၇ |
| ၉ | အတိတ်ကို ဆက်စပ်ကြည့်သောအခါ | ၄၆ |
| ၁၀ | သမိုင်းအဆိုအချို့နှင့် လက်တွေ့ရှေးဟောင်းသုတေသန | ၅၀ |
| **အခန်း ၃** | **ကျောက်ခေတ် သုတေသန** | |
| ၁၁ | မြန်မာ့ကျောက်ခေတ် ယဉ်ကျေးမှုများ | ၅၇ |
| ၁၂ | ကျောက်လက်နက်ပြုလုပ်မှု အနုပညာ | ၆၂ |
| ၁၃ | ယောဒေသ ကျောက်ခေတ် ကွင်းဆင်းသုတေသန | ၆၆ |
| ၁၄ | တောင်သူဦးကြီးတို့ပေးပို့သော ကျောက်ခေတ်သစ်လက်နက်ပစ္စည်းများ | ၇၁ |

အခန်း ၄

**ကြေးခေတ် သုတေသန**

၁၅ မြန်မာ့ကြေးခေတ် မိုးကြိုးသွားများ ၇၉

အခန်း ၅

**ကျောက်စာ သုတေသန**

၁၆ အဖိုးမဖြတ်နိုင်သည့် သမိုင်းအထောက်အထား ၈၇

၁၇ စလေတစ်ခွင် သုတေသန ၉၃

အခန်း ၆

**ရှေးဒင်္ဂါး**

၁၈ သမိုင်းအထောက်အထား ရှေးဒင်္ဂါး ၁၀၉

၁၉ ဟံသာဝတီနှင့် ကုန်းဘောင်ခေတ်သုံး ဒင်္ဂါးများ ၁၁၃

အခန်း ၇

**ရှေးဟောင်း အဆောက်အအုံ**

၂၀ စေတီ ၁၁၉

၂၁ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး ၁၂၆

၂၂ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ရာတွင် ၁၃၀

၂၃ ပုဂံအုတ်မြစ်များ ကြွံနိုင်လျက်ပင် ၁၃၆

အခန်း ၈

**ဒေသဆိုင်ရာ ကွင်းဆင်းသုတေသန**

၂၄ သုဝဏ္ဏဘူမိ သို့မဟုတ် တိမ်မြုပ်နေသော ရှေးဟောင်းဒေသတစ်ခု ၁၄၃

၂၅ မလွန်မြို့မှ ရှေးဟောင်းကြေးထည်များ ၁၄၉

အခန်း ၉

**ရှေးဟောင်းမြတ်ိုက်**

၂၆ ပုဂံမြို့ ရှေးဟောင်းသုတေသနပြတိုက် ၁၅၇

အခန်း ၁၀

**ပန်းပုနှင့် ပန်းချီ**

၂၇ ဗုဒ္ဓရုပ်ပွားတော် ဖြစ်ပေါ်လာခြင်း၏ မူလအစ
ဂရိတ်တိုင်းမှလော အိန္ဒိယမှလော ၁၆၇

၂၈ ဗွားမြင်တော်မူခန်း ပန်းချီပန်းပု လက်ရာများ ၁၇၈

၂၉ ထီးလင်းမှ ရွှေကွန်အုပ် ၁၈၆

အခန်း ၁၁

**ရှေးဟောင်းစာပေ**

၃၀ ၁၈၂၀ ပြည့် မြန်မာ မဏိပူရစစ်ပွဲမှတ်တမ်း ပုရပိုက် ၁၉၃

အခန်း ၁၂

**အထွေထွေ**

၃၁ သူငယ်တော်၏ ဖြစ်စဉ် ၂၀၁

နိဂုံး ၂၀၇

# စာရေးသူ၏အမှာ

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုသုတေသနစာအုပ်ကို ရေးဖြစ်ရသည်မှာ အောက်ပါအကြောင်းများကြောင့် ဖြစ်ပါသည်။ ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ရှေးဟောင်းသုတေသနဌာနကို အလုပ်စတင်ဝင်ရောက်စဉ်က ဌာနညွှန်ကြားရေးဝန် ဆရာကြီးဦးဖိုးလတ်(အငြိမ်းစားအတွင်းဝန်) ၏ အမှာစကားမှာ ဌာနတွင် ရာထူးရာခံ တက်ရောက်ရေးထက် ပညာရပ်ဆိုင်ရာ တိုးတက်အောင် ကြံဆောင်ကြိုးပမ်းခြင်းက ပို၍ကောင်းသည်။ ဆရာကြီးကိုယ်တိုင်အနေနှင့်လည်း စာအုပ်စာတမ်းများ ရေးသားပုံနှိပ်ခြင်း၊ ပညာရေးဌာနက ဆရာကြီး၏ စာအုပ်များ ပြဋ္ဌာန်းပေးခြင်း၊ ပညာရေးနှင့် စီးပွားရေးဘက်မှ ဖွံ့ဖြိုးလာခြင်း စသော ဩဝါဒစကားများကို နာခံကြားရသဖြင့် စိတ်ဝင်စားရပါသည်။

ရှေးဟောင်းအနုပညာလက်ရာများကို အနီးကပ်သင်ကြားပေးသော ကျော်ကြားစာဝန်ဟောင်း သီရိပျံချီဦးမြ၏ ပညာပေးချက်ဖြင့် ဗုဒ္ဓရုပ်ပွားတော် လေ့လာနိုင်ခွင့် ရရှိခဲ့သည်။ အိန္ဒိယနိုင်ငံ၌ ပညာသင်ဘဝက အနုပညာလက်ရာ ရုပ်ပွားဆင်းတုနှင့် ဗိသုကာပညာအကြောင်း လေ့လာနိုင်ခဲ့သည်။ ယခင် ကျော်ကြားစာဌာနဝန်ထမ်းဟောင်း ရွှေကိုင်းသား၏ ဆောင်းပါးများ၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဒေါက်တာသန်းထွန်း၊ ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်၊ လူထုဦးလှ၊ လူထုဒေါ်အမာတို့၏ စာပေများကို ဖတ်ရှုမိခြင်းကြောင့်လည်း စာရေးချင်စိတ် ဖြစ်ပေါ်ခဲ့ပါသည်။ စာရေးသောအခါတွင်လည်း ရန်ကုန်တက္ကသိုလ် ဆရာ၊ ဆရာမများ၏ အာဘော်များကို အရယူပြီး မြန်မာစာပေ အတွေ့အကြုံများကို ဖော်ကြူးဦးတည် ရေးသားခဲ့ပါသည်။

ထိုစာပေအတွေ့အကြုံများနှင့် ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းတူးဖော်လေ့လာခြင်းမှ ရရှိခဲ့သော ကိုယ်တွေ့ဖြစ်ရပ်များ၊ စူးစမ်းတွေ့ရှိချက်များနှင့် ပေါင်းစပ်လိုစိတ်လည်း အချိန်ပိုင်းဆရာဘဝတွင် တပည့် ကျောင်းသူ၊ ကျောင်းသားများအားလည်း အတွေ့အကြုံ ဖြန့်ဝေပေးလိုစိတ်များကြောင့် ယခုစာအုပ်ကို စတင်ရေးသား နိုင်ခြင်းလည်း ဖြစ်ပါသည်။ ဆက်လက်၍လည်း အခြားဆောင်းပါးစာတမ်းများ ဟောပြောမှုများလည်း လုပ်ဆောင်ခဲ့ပါသည်။ ဤသို့ဖြင့် ဤစာအုပ် ရေးဖြစ်ရခြင်းမှာ စာတွေ့ကိုယ်တွေ့ ဖြစ်စဉ်များကြောင့်ဟုသာ ဆိုချင်ပါသည်။ ကျွန်တော်၏ ကျောင်းသားဘဝ၊ သုတေသီဘဝ၊ အချိန်ပိုင်းဆရာဘဝတွင် စာရေးဖြစ်အောင် ပံ့ပိုးပေးခဲ့သူအားလုံးကိုလည်း မမေ့မလျော့ အမြဲသတိရစွာဖြင့် ဂါရဝပြုလျက်ရှိပါသည်။

ဤစာအုပ်ကို ပထမအကြိမ်အဖြစ် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလတွင် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ယခုအခါ အမှန်ပင် ရှားပါးနေသော သုတေသနစာအုပ်တစ်အုပ် ဖြစ်နေပါသည်။ ပထမအကြိမ်ထုတ်ဝေစဉ်က ရှေးဟောင်းသုတေသနပညာရပ်ကို တက္ကသိုလ်များတွင် သင်ကြားသင့်ပြီဟု နိဒါန်းချီ၍ ရေးသားခဲ့သည့် အကျိုးဆက်အဖြစ် ယနေ့အချိန်အခါတွင် ရှေးဟောင်းသုတေသနဘာသာရပ်ကို အထူးပြုဘာသာရပ်အနေဖြင့် တက္ကသိုလ်များတွင် သင်ကြားနေပြီဖြစ်ပါသည်။

ဤစာအုပ်သည် လွန်ခဲ့သောနှစ်ပေါင်း(၃၀) က ထုတ်ဝေခဲ့သော်လည်း ယခု မျက်မှောက်ကာလတွင်လည်း ခေတ်နှင့်လျော်ညီ၍ ပုံနှိပ်ထုတ်ဝေရန် အထူးသင့်လျော်သည့် စာအုပ်ဖြစ်ကြောင်း ဖော်ပြလိုပါသည်။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို သုတေသနပြုခြင်း၊ စုဆောင်းခြင်း၊ တူးဖော်ခြင်း၊ ပညာပေးဟောပြောခြင်း၊ စာအုပ်စာတမ်းများ ပုံနှိပ်ထုတ်ဝေခြင်းတို့ဖြင့် ရှာဖွေဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

သို့ပါ၍ ဤစာအုပ်သည် သုတေသနနယ်ပယ်မှ ကျော်လွန်၍ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ မြတ်နိုးထိန်းသိမ်းစောင့်ရှောက်လိုသော လူတိုင်းအတွက် ဖတ်သင့်၊ မှတ်သင့်၊ ဝယ်ယူစုဆောင်းသင့်သော စာအုပ်ဖြစ်ပါသည်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ပြန်လည်ဖော်ထုတ် ထိန်းသိမ်းခြင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။ ဤကဲ့သို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ရန်မှာ ဦးစီးဌာနနှင့် ပညာရှင်များသာမကပဲ ပြည်သူ လူထုတစ်ရပ်လုံးပါ အတွေးအခေါ်၊ ဗဟုသုတ၊ ဉာဏ်အမြော်အမြင်များ ပြည့်စုံနေရန် အထူးလိုအပ်လှပါသည် ရှေးဟောင်းသုတေသနနှင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို လေ့လာလိုက်စားသူများ အနေဖြင့် ဖတ်သင့်သော စာအုပ်ဖြစ်ပါသည်။

ကျွန်တော့်စာအုပ်ကို ဒုတိယအကြိမ် ပုံနှိပ်ရေးတွင် စီမံခန့်ခွဲသူ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ကြီးကြပ်ဆောင်ရွက်ပေးသူ ညွှန်ကြားရေးမှူး ဦးမျိုးညွန့်၊ အားပေးကူညီသူ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်) မှ ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်တို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

မြင့်အောင်

# ဒေါက်တာသန်းထွန်း၏ အမှာ

စာအုပ်ကို ပုံမနှိပ်ရခင်က ဖတ်ပါ၊ ဝေဖန်ပါလို့ ခိုင်းတဲ့အခါ၊ အင်မတန် ကြီးကျယ်တဲ့ အခွင့်အရေး ရတယ်လို့ ထင်မိပါတယ်။ အစအဆုံး သေသေ ချာချာ ဖတ်ကြည့်ပြီးတော့မှ ရဲရဲပြောနိုင်တာက အခု ဦးမြင့်အောင်ရေးတဲ့ **ရှေးဟောင်းသုတေသနကျမ်း**ကို ကျေနပ်တယ်။ ဖြည့်စွက်ဖို့လည်း မလိုသေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ စာရေးဆရာကိုယ်တိုင်က ကျမ်းပြီးနိဂုံးမှာ ဒီစာအုပ်ထဲက အခန်းတစ်ခန်းစီကို တကယ်လို့ ချဲ့ရေးမယ်ဆိုရင် စာတစ်အုပ်စီဖြစ်ပါတယ်။ အခုတော့ အားလုံးချုံ့ပြီး ယေဘုယျပြောတဲ့ ဒီစာအုပ်မျိုးလည်း အရင်က မရှိသေးလို့ စာဖတ်ပရိတ်သတ်ထဲကို အစမ်း တင်ပြတာ ဖြစ်ပါတယ်။ နည်းနည်းနဲ့ ကျဲကျဲ ဖော်ပြတဲ့သဘောပါပဲဆိုတဲ့ ဝန်ခံစကားပြောပြီးသား ဖြစ်လို့ပါပဲ။

စာအုပ်ပါ အကြောင်းအရာတွေထဲက ထိပ်ဆုံးကထားပြီး ကျွန်တော် ကျေနပ်မိတဲ့ အကြောင်းကတော့ ‘ရှေးဟောင်းသုတေသနပညာကို တက္ကသိုလ်မှာ သင်သင့်ပြီ’ ဆိုတဲ့ အချက်ဖြစ်တယ်။ ကျွန်တော်တို့တက္ကသိုလ်ရောက်စ ၁၉၃၉မှာ အင်္ဂလိပ်စာအုပ်အနေနဲ့ (Sir Leonard Woolley Digging up the Past) ကို ဖတ်ရတယ်။ ဒီစာအုပ်မျိုးဖတ်ရတော့ ရှေးဟောင်းသုတေသနကို ဝါသနာ ပါသွားတယ်။ ရှေးသမိုင်းကို စိတ်ပါလာတယ်။ ရေးပုံရေးနည်းကောင်းတယ်၊ ရုပ်ပုံတွေလည်း စုံတယ်၊ ဖော်ပြတဲ့အကြောင်းအချက်လည်း များတယ်၊ စာအုပ်ဖိုးကလည်း ဈေးပေါတယ်။ မြန်မာနဲ့ဆိုင်တဲ့ ဒီလိုစာအုပ်ကလေးတစ်အုပ် လောက်တော့ လိုချင်မိတယ်။ အခု ရပါပြီ။ ကျွန်တော် အနှစ် သုံးဆယ့် ငါးနှစ်လောက် စောင့်ရတယ်။

စောင့်ရကျိုးနပ်ပါတယ်။ ဂူလီရေးပုံမျိုးလို များများမပါပေမဲ့ ဦးမြင့်အောင်က မြန်မာ့မြေအပြင်မှာ တူးကြဖော်ကြမယ် ဆိုရင် တူးနည်းဖော်နည်းတွေ ဘယ်နေရာတွေမှာ ဘာကိုဖော်ထုတ်ဖို့ တူးရသလဲဆိုတဲ့ ‘မဟာဗျူဟာ’ သတ်မှတ်ပုံကို ရှင်းပြထားပါတယ်။ သူပြောတဲ့သဘောက တူးကြစို့ဆိုရင် -

၁။ ပျူခေတ်ဖော်ဖို့

၂။ မွန်ခေတ်ဖော်ဖို့

၃။ ရခိုင်ခေတ်ဖော်ဖို့နဲ့

၄။ အကြိုသမိုင်းခေတ်ဖော်ဖို့ဆိုတာတွေဟာ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနရဲ့ ဦးတည်ချက်တွေပဲ ဖြစ်တယ်လို့ ဆိုရပါ့မယ်။ နောက်တစ်ခုလုပ်စရာကတော့ ‘မြန်မာအစ’ ပါပဲ။ သမိုင်းသမားက ‘အက္ခရာတင်မှတ်တမ်း’ မရှိတဲ့ ခေတ်အတွက် ရှေးဟောင်းသုတေသနပဲ အားကိုးရှိပါတယ်။ အဲဒီကရလာတဲ့ သက်သေနဲ့မှ စိတ်ကူးတစ်ခုကိုပယ်ဖျက်ဖို့၊ ထောက်ခံအတည်ပြုဖို့ လုပ်ရပါတယ်။ ရှေးဟောင်း သုတေသန နှစ်ချုပ်အစီရင်ခံစာတစ်ခု ဖတ်ရဖို့ ရေးပြီးသားရှိရဲ့သားနဲ့ ဆယ်နှစ် ဆယ့်ငါးနှစ် မစောင့်ရဘူးဆိုရင် သိပ်ကောင်းမှာပဲ။

ဦးမြင့်အောင်စာအုပ်ကို ဖတ်မိတဲ့လူဟာ

၁။ ရှေးဟောင်းပစ္စည်းနဲ့ အဆောက်အအုံလို့ ခေါ်လောက်တဲ့ပစ္စည်း အဆောက်အအုံဟာ ဘာလဲ။

၂။ ရှေးပစ္စည်းအဆောက်အအုံကို ဘယ်လိုထိန်းသိမ်းရမလဲ၊ ပြီးတော့ -

၃။ ရှေးပစ္စည်းအဆောက်အအုံတွေကို ပြန်ပြီး တည်ဆောက်ချင်တယ်ဆိုရင် ဘာတွေကို ဂရုစိုက်ရမလဲဆိုတာ သိသွားမယ်။ အဲဒါလောက်ကို အထက်တန်း ပညာအဆင့်ထိ မစောင့်ဘဲ အခြေခံပညာအဆင့်ကစပြီး သင်ပေးရရင် ပိုကောင်းလေမလားလို့ ကျွန်တော် ဆန္ဒဖြစ်မိပါတယ်။ ဒီစာအုပ်ကို ခုလည်း လူတော်တော်များများ ဖတ်မိသွားကြရင် ‘အခြေခံပညာ’ အဆင့်ထိ ပို့ပေး လိုက်သလိုဖြစ်လို့ ကျွန်တော် အများကြီး အားရကျေနပ်ပါတယ်။

ကျွန်တော်ပြောချင်တဲ့ စကားအချုပ်ကတော့ ဒီစာအုပ်မျိုးကို ထောင် သောင်းချီပြီး ပုံနှိပ်ပါ။ ကျေးရွာတွေအထိ ပျံ့နှံ့အောင် ကြိုးစည် ကြိုးစားပြီး ဖြန့်ပါလို့ဆိုတဲ့အချက်ပါပဲ။ ရှေးဟောင်းသုတေသနက တူးဖော်ပြီးသား ဖြစ်တဲ့ သမိုင်းဝင်နေရာဟောင်းတွေထဲက ဥပမာ- ပြဒါးလင်း၊ ထောက်မကုန်း၊ တောင်သမန်၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ တကောင်း ဆိုတဲ့ နေရာတွေ အကြောင်းကို ပုံတွေများများနဲ့ အခုရေးတဲ့ပုံမျိုး၊ ရှင်းရှင်း လွယ်လွယ်ရေးပြီး နောက်ကျမ်းတစ်အုပ် ပြုစုပါဦးလို့ ဦးမြင့်အောင်ကို တိုက်တွန်းချင်ပါတယ်။

# ဓာတ်ပုံနှင့် ပုံဆွဲစာရင်း


၁။ ကာဗွန် ၁၄ နည်းဖြင့် ခေတ်ခွဲမှုသရုပ်ပြပုံ

၂။ ရှေးဟောင်းနေရာဒေသများသို့ ကွင်းဆင်းသုတေသနလုပ်ငန်းဆောင်ရွက်နေစဉ် ၂၂

၃။ (က) ၁၉၆၉ ခုနှစ်က သရေခေတ္တရာ (မှော်ဇာ) ၌ တူးဖော်နေကြပုံ ၃၆

၃။ (ခ) ၂၀၁၂ ခုနှစ်က သရေခေတ္တရာမြို့ဟောင်း တူးဖော်မှုလုပ်ငန်း ၄၄

၄။ အတိတ်ကို ဆက်စပ်ကြည့်ရန် အထောက်အထားလူရိုးစုများ (ဟန်လင်း) ၄၅

၅။ တောင်သူဦးကြီးတို့ ပေးပို့သော ကျောက်လက်နက် ပစ္စည်းကိရိယာ အချို့ ၄၉

၆။ (က) မြန်မာ့ ကြေးမိုးကြိုးသွားများ(အမှတ် ၁ သာ တရုတ်ပြည် ယူနန်နယ်မှ ရရှိသည်) ၇၅

၆။ (ခ) မြန်မာ့နောက်တွေ့ကြေးမိုးကြိုးသွားအချို့ ပုံဆွဲ ၈၂

၇။ အဖိုးမဖြတ်နိုင်သော ကျောက်စာများကို ဤသို့ ကူးယူလေ့လာကြသည် ၈၃

၈။ ပျူဒင်္ဂါးများ ၁၀၆

၉။ မန္တလေးနန်းမြို့ကို ရှေးမူအတိုင်း ပြုပြင်နေပုံ ၁၁၂

၁၀။ (က) ပုဂံဒေသသို့ ကွင်းဆင်းရာမှကျောက်သားကဲ့သို့ မာကျောလှသည့် အောက်ခံမြေလွှာများအား တွေ့ရှိလေ့လာနေစဉ် ၁၃၅

၁၀။ (က) ပုဂံဒေသသို့ ကွင်းဆင်းရာမှကျောက်သားကဲ့သို့ မာကျောလှသည့် အောက်ခံမြေလွှာများအား တွေ့ရှိလေ့လာနေစဉ် ၁၃၉

၁၁။ (က) မလွန်မြို့တွင် တွေ့ရသော ပုဂံခေတ်လက်ရာ သစ်သားဆင်းတု ၁၃၉

၁၁။ (ခ) မလွန်မြို့မှ ရှေးဟောင်းကြေးထည်များ ၁၅၄

၁၂။ (က) ၁၉၀၄ ခုနှစ်က တည်ဆောက် ဖွင့်လှစ်ခဲ့သော ပုဂံ ရှေးဟောင်းသုတေသနပြတိုက် ၁၅၄

၁၂။ (ခ) ၁၉၉၈ ခုနှစ်က တည်ဆောက် ဖွင့်လှစ်ခဲ့သော ပုဂံ ရှေးဟောင်းသုတေသနပြတိုက် ၁၆၄

၁၃။ (က) ပုဂံကျောက်ဂူဥမင်မှ ဖွားမြင်တော်မူခန်း ကျောက်ဆစ်လက်ရာ ၁၆၄

၁၃။ (ခ) ပုဂံနန္ဒပညာဂူဘုရားမှ ဖွားမြင်တော်မူခန်း ကျောက်ဆစ်လက်ရာ ၁၈၄

၁၄။ ထီးလင်းရွှေကွန်အုပ်ဘုရားမှ ဗောဓိသတ်ဘုရားလောင်းပုံ ၁၈၅

၁၅။ ပုဂံပြတိုက်ရှိ သူငယ်တော်ရုပ် ၁၈၉

၂၀၆




# နိဒါန်း

မြန်မာနိုင်ငံတွင် မည်သည့်အချိန်ကစ၍ ရှေးဟောင်းသုတေသနပညာ ပေါ်ထွန်းလာခဲ့သည်ဟု ပြောဆိုရန် ခက်ခဲပေသည်။ အမရပူရ မြို့တည်နန်းတည် ဘိုးတော်ဘုရား (အေဒီ ၁၇၈၂-၁၈၁၉) လက်ထက် မင်းမြေနှင့် သာသနာမြေကို ခွဲခြားသိရှိရန် မြန်မာပြည်အနှံ့ရှိ ရှေးဟောင်းကျောက်စာများကို စုဆောင်းခဲ့ခြင်း၊ ဖတ်ရှုခဲ့ခြင်း၊ ကျောက်စာသစ်များ ရေးထိုးခဲ့ခြင်း စသော လုပ်ငန်းများနှင့် ရှေးဟောင်းသက္ကဋဘာသာဖြင့် ရေးသားထားသော ကျမ်းအမျိုးမျိုးတို့ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည့် လုပ်ငန်းများကို ရှေးဟောင်းသုတေသနပညာ ပေါ်ထွန်းမှုအတွက် ရှေ့ပြေးဆောင်ရွက်ချက်များဟု ယူသော် ရကောင်းမည်ထင်သည်။

ဘိုးတော်ဘုရားလက်ထက်တွင် ထိုသို့ ကျောက်စာများကို စုဆောင်း လေ့လာခဲ့သည့်အတွက် လွန်စွာအကျိုးများခဲ့သည်။ ထိုစဉ်က ကျောက်စာ လေ့လာမှုကို တာဝန်ယူခဲ့ရသော (ဝါ) ကျောက်စာဝန် ဝတ္တရားများကို ဆောင်ရွက်ခဲ့ရသော တွင်းသင်းမင်းကြီး ဦးထွန်းညိုသည် မိမိလေ့လာ ဆည်းပူးရရှိသည့် ကျောက်စာပညာဖြင့် သမိုင်းဟောင်းများကို ဆန်းစစ်နိုင်ခဲ့ပေသည်။ ကျောက်စာများကို ကိုးကား၍ တွင်းသင်းရာဇဝင်သစ် တစ်စောင်ကိုလည်း ပြုစုနိုင်ခဲ့သည်။

ယင်းနောက် မြန်မာ့ရှေးဟောင်းသုတေသနပညာရပ်ကို နိုင်ငံခြားသားများ လိုက်စားခဲ့ကြ၏။ ယင်းတို့တွင် အင်္ဂလိပ်သံ ကာနယ်ဘားနေးလည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။ ၁၈၅၅ ခုနှစ် မင်းတုန်းမင်းထံစေလွှတ်သည့် ဆာအာသာဖယ်ရာ ခေါင်းဆောင်သော သံအဖွဲ့သည် အမရပူရမြို့တော်သို့ အသွားအပြန်ခရီး၌ ပုဂံမြို့တွင် ခေတ္တရပ်နားစဉ်အတွင်း ပုဂံမြို့ရှိ ရှေးဟောင်း အဆောက်အအုံများ၏ ဗိသုကာလက်ရာများကို အတိအကျ တိုင်းတာမှတ်တမ်းတင်နိုင်ခဲ့ကြသည်။ ယင်းနောက် အောက်မြန်မာနိုင်ငံ၌ ပထမဆုံး ဝန်ရှင်တော်မင်းကြီးအဖြစ် အမှုထမ်းရသူ ဆာအာသာဖယ်ရာက မြန်မာနိုင်ငံ ရခိုင်၊ ပဲခူးဒေသတို့မှ စုဆောင်းရရှိခဲ့သည့် ရှေးဟောင်းဒင်္ဂါးများအကြောင်း စာအုပ်နှင့် မြန်မာနိုင်ငံ သမိုင်းစာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့သည်။ အထက် အောက် မြန်မာနိုင်ငံနှစ်ရပ်စလုံးကို အင်္ဂလိပ်တို့ သိမ်းပိုက်ခဲ့ပြီးနောက် ပြုစုထုတ်ဝေခဲ့သော ဂေဇက်တီးယားစာအုပ်များတွင်လည်း ဒေသဆိုင်ရာ ရှေးဟောင်းသုတေသနအကြောင်းရပ်များကို စာရေးသူများက ထည့်သွင်းရေးသားခဲ့ကြသည်။

ဤသို့ဖြင့် ၁၈၈၁ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် ရန်ကုန်ကောလိပ် ပါဠိပါမောက္ခ ဒေါက်တာဖော့ခင်မာကို အစိုးရ ရှေးဟောင်းသုတေသန ပညာရှင်အဖြစ် ခန့်ထားခဲ့၏။ ၁၉၀၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အိန္ဒိယဘုရင်ခံလည်းဖြစ်၊ ရှေးဟောင်းသုတေသနပညာကို စာဝါသနာ ထုံသူလည်းဖြစ်သော လော့ဒ်ကာဇင်သည် မြန်မာနိုင်ငံသို့ တိုင်းခန်း လှည့်လည်လာပြီးနောက် မြန်မာရှေးဟောင်းသုတေသနဌာန ဖွဲ့စည်းတည်ထောင်ရန် လိုအပ်သော အမိန့်များ ချမှတ်ပြဋ္ဌာန်းပေးပေသည်။ ဤအချိန်မှစ၍ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာန (ယခင်အခေါ် ကမ္ဘည်းကျောက်စာဌာန)သည်၊ နိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များကို ရှာဖွေခြင်း၊ ဖော်ထုတ်လေ့လာခြင်း၊ စာရင်းပြုစုခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်း တာဝန်များကို ဝန်နှင့်အားအလျောက် ထမ်းဆောင်ခဲ့ပေသည်။

ဤနိဒါန်းတွင် ရှေးဟောင်းသုတေသနဌာနအကြောင်း အကျယ်တဝင့် ရေးသားဖော်ပြရန် မရည်ရွယ်ပါ။ ယင်းအကြောင်းမှာ စာတစ်အုပ် ရေးသားနိုင်အောင် စုံလင်သဖြင့် ဤနေရာတွင် အသေးစိတ် ဖော်ပြခြင်း မပြုနိုင်ဘဲ ယခုစစ်ပြီးခေတ် ဗိဿနိုးမြို့ဟောင်းကို စတင်တူးဖော်သည့် ၁၉၅၉ ခုနှစ် ပတ်ဝန်းကျင်လောက်ကစ၍ ယနေ့အထိ ရှေးဟောင်းသုတေသန အစီအစဉ်များ၊ နည်းစနစ်များ၊ လက်တွေ့ဆောင်ရွက်ချက်များ၊ ကွင်းဆင်း တူးဖော်ချက်များနှင့် ယင်းလုပ်ဆောင်ချက်များကြောင့် နိုင်ငံသမိုင်းအတွက် အထောက်အပံ့ဖြစ်စေသည့် အချက်များအကြောင်းတို့ကိုမူ စာဖတ်သူ လုပ်သားပြည်သူများ သိသင့်သိထိုက်သည်ဟု ယုံကြည်ပါသည်။ ဤသည်တို့ကို ကွင်းဆင်းတာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးအဖြစ် တက္ကသိုလ် ပညာပဒေသာစာစောင်များ၊ မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်၊ ပြည်ထောင်စု ယဉ်ကျေးမှုစာစောင်၊ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာ ငွေတာရီမဂ္ဂဇင်း၊ လမ်းစဉ်သတင်းစာစောင်များတွင် စာရေးသူ ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍လည်း သုတေသနရလဒ်များကို ရေးသားဆဲပင် ဖြစ်ပါသည်။

စင်စစ် ရှေးဟောင်းသုတေသနပညာသည် တက္ကသိုလ်ကောလိပ်များတွင် ကျောင်းသင် ဘာသာရပ်အဖြစ် သင်ကြားရခြင်း မရှိသေးချေ။ သင်ကြားရန် အချိန်တန်ရုံမျှမက အနည်းငယ်ပင် လွန်နေပြီလောဟု တွေးတောရသည်။ သမိုင်းပညာတစ်ရပ် ဖြစ်ရုံမျှမက မနုဿဗေဒပညာရပ်၏ ညီအစ်ကိုတော် ပညာတစ်ရပ်လည်း ဖြစ်သောကြောင့် သမိုင်းဘာသာ လေ့လာသူ၊ မနုဿ ဗေဒပညာ လိုက်စားသူနှင့် မြန်မာမှုအနုလက်ရာ အဖြာဖြာတို့နှင့် ရင်းနှီး ပွန်းတီးလိုသူများအတွက် အခြေခံကျကျ လေ့လာသင့်သည့် ပညာတစ်ရပ်ပင် ဖြစ်ပေသည်။



ဤလိုအပ်ချက်များကို အကြောင်းပြု၍လည်းကောင်း၊ မြန်မာစာပေ မြန်မာမှုတို့ကို လိုက်စားလိုသူများအတွက် ရည်ရွယ်၍လည်းကောင်း၊ လူသိမများလှသေးသော မြန်မာ့ရှေးဟောင်းသုတေသနပညာကို မြန်မာ စာဖတ်ပရိသတ်နှင့် ဆက်စပ်ပေးရန် ရည်ရွယ်၍လည်းကောင်း၊ ဤစာအုပ်ကို စုဆောင်းပြုစုရခြင်းပင် ဖြစ်ပါသည်။ ဤသို့ပြုစုရာတွင် ရှေးဟောင်းသုတေသနပညာသည် မည်သည့်ပညာရပ်မျိုး ဖြစ်ကြောင်းကို ရှေးဦးစွာ ဖော်ပြထားပါသည်။ ယင်းနောက် ရှေးဟောင်းသုတေသနပညာ သို့မဟုတ် မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်ကြရာ၌ ချမှတ်လုပ်ဆောင်နေသော ရည်ရွယ်ချက်၊ ဦးတည်ချက်၊ မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုများ ပြန်လည်ဖော်ထုတ်ရန် ကွင်းဆင်းလုပ်ငန်း စီမံလျာထားချက်များ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ရှေးဟောင်းအဆောက်အအုံ ရွေးချယ်ထိန်းသိမ်းရာတွင် ချမှတ်ထားသောမူများ လက်တွေ့ဆောင်ရွက်ချက်များ ရှေးဟောင်းပစ္စည်း အသေးအဖွဲ ဒင်္ဂါးကဲ့သို့ ပညာရပ်မျိုး လေ့လာမှုများ၊ ကျောက်စာ ပေစာ၊ ပြတိုက်လုပ်ငန်းနှင့် ပန်းချီပန်းပုစသော ဆက်စပ်နီးနွယ်ရာ ဘာသာရပ်အသီးသီးတို့ကို ခြုံငုံ သိရှိနိုင်ရန် အတွက် တတ်နိုင်သမျှ တင်ပြထားကြောင်း ဖော်ပြအပ်ပါသည်။

## အခန်း ၁

# ရှေးဟောင်းသုတေသန

# ရှေးဟောင်းသုတေသနပညာ

မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဗိဿနိုးမြို့ဟောင်းကို သိပ္ပံနည်းတကျ စတင်တူးဖော်ခဲ့သည့် ၁၉၅၉ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသန ပညာရပ်ကို လူအများ စိတ်ဝင်စားလာခဲ့ကြသည်။

မြန်မာနိုင်ငံ ရှေးဟောင်းသုတေသန (ယခင် ကျောက်စာဌာန)သည် ဗိဿနိုး မြို့ဟောင်းကို မြေလွှာအောက်မှ ဖော်ထုတ်ကာ လုပ်သားပြည်သူများ၏ ရှေ့မှောက်သို့ တင်ပြပြီးနောက်၊ ဟန်လင်းကြီးမြို့ဟောင်း၊ သရေခေတ္တရာ မြို့ဟောင်း၊ တကောင်းမြို့ဟောင်းတို့ကိုလည်း ဆက်တိုက်တူးဖော်ကာ တိမ်မြုပ်နေသော အမျိုးသား ရှေးဟောင်းယဉ်ကျေးမှု လက္ခဏာအင်္ဂါများကို တိုင်းပြည်အတွက် ဖော်ထုတ်ပေးခဲ့သည်မှာ ၁၉၆၉ ခုနှစ် ပြဒါးလင်း ကျောက်ခေတ် ယဉ်ကျေးမှုများကို ဖော်ထုတ်ခဲ့သည်အထိပင် ဖြစ်ခဲ့သည်။ သို့သော် ထိုတူးဖော်မှုများအကြောင်း စာနယ်ဇင်းများ၌ ဖတ်ရှုခဲ့ကြစေကာမူ သာမန်လုပ်သားပြည်သူများအဖို့ ရှေးဟောင်းသုတေသန ပညာရပ်အကြောင်း အခြေခံမရှိလျှင် ယင်းတို့ကို ကျနစွာ သဘောပေါက်ရန် ခက်ခဲစရာရှိပေသည်။

ရှေးဟောင်းသုတေသန ပညာရပ်သည် ရှေးဟောင်းယဉ်ကျေးမှု၌ အကျုံးဝင်သော ကျောက်ခေတ်များမှ ကျောက်လက်နက်ပစ္စည်းများကစ၍ ကြေးခေတ် သံခေတ်စသော ခေတ်အသီးသီးတို့တွင် ထွန်းကားခဲ့သည့် လူသုံးပစ္စည်း ဟူသရွေ့ကိုလည်းကောင်း၊ လူနေအိမ်ခြေမှစ၍ ကျေးရွာမြို့ပြများဆိုင်ရာ အဆောက်အအုံများ စေတီပုထိုးအမျိုးမျိုးကိုလည်းကောင်း၊ ယုတ်စွအဆုံး သင်္ချိုင်းကုန်းဟောင်းများအထိ လေ့လာသော ပညာရပ်ဖြစ်သည်။ ထိုသို့ လေ့လာရာ၌ သိပ္ပံပညာရပ်များ၏ အကူအညီကိုလည်း အများအပြား ရယူရပါသည်။

သို့သော် ရှေးဟောင်းသုတေသနပညာရပ်သည် အခြားပညာရပ်များနည်းတူ လူ့အသိဉာဏ်၊ ဝေဖန်ပိုင်းခြားမှု၊ တွေးဆမြော်ခေါ်မှုတို့ကိုလည်း များစွာ အသုံးချရသော ပညာရပ်ဖြစ်သောကြောင့် သိပ္ပံပညာချည်းလည်းမမည် ဝိဇ္ဇာပညာ သက်သက်လည်းမက ဖြစ်သည်။ ထို့ကြောင့် ပညာရှင်အသီးသီးက ရှေးဟောင်း သုတေသနပညာကို ‘လူမှုရေးသိပ္ပံ’ ပညာရပ်များတွင် ထည့်သွင်း ရေတွက်လေ့ ရှိကြခြင်းပင် ဖြစ်သည်။

ရှေးဟောင်းသုတေသနပညာရပ်က အထူးဂရုပြုလေ့လာသော ဝတ္ထုပစ္စည်းများမှာ ရှေးဟောင်းပစ္စည်းများပင် ဖြစ်ကြသည်။ ရှေးဟောင်းပစ္စည်းများဆိုသည်မှာလည်း၊ ရှေးခေတ်လူသားတို့၏ နေထိုင်စားသောက်၊ ပေါင်းသင်းဆက်ဆံ၊ ယုံကြည်ကိုးကွယ်၊ ကူးသန်းသွားလာမှုစသော လူမှုကိစ္စအဝဝအတွက် လူ၏အသိပညာ၊ အတတ်ပညာတို့ဖြင့် ပြုလုပ်ဖန်တီးထားသော ပစ္စည်းတိုင်းအကျုံးဝင်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ရှေးဟောင်းပစ္စည်းများ၏ အဓိပ္ပာယ်ကို ၁၉၅၇ ခုနှစ်တွင် ပြဋ္ဌာန်းထားခဲ့သော 'ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေ'၌ အောက်ပါအတိုင်း ဖွင့်ဆိုထားပေသည်။

**ကျောက်ဖြစ်နေသော လူရိုး၊ တိရစ္ဆာန်ရိုးများ၊ ရှေးဟောင်းဂူ၊ လူနေရာဌာန၊ အလုပ် လုပ်ရာဌာန၊ အညစ်အကြေးပုံ၊ ဘာသာတရားနှင့် သက်ဆိုင်သောဌာန၊ အပျက်အစီးများလိုဏ်ဂူ၊ သဘာဝအလျောက်ကဖြစ်သော နိုအောင်းရာများ၊ ရှေးဟောင်း အဆောက်အဦ၊ လမ်း၊ တံတား၊ ရှေးဟောင်းအထိမ်းအမှတ် ကျောက်ပုံ၊ ရေတွင်း၊ ရေကန်၊ ကျောက်တိုင်၊ မြေကတုတ်၊ ကျုံး၊ ခံတပ်၊ ရှေးဟောင်းလူများနှင့် တိရစ္ဆာန်များ အသုံးပြုကြသော ကိရိယာများ၊ ထွင်းထားသည့်ပစ္စည်းများ၊ ရေးဆွဲထားသည့် ဆေးရေးရုပ်များ၊ ကမ္ပည်းစာ၊ ဒင်္ဂါး၊ လက်ဖွဲ့၊ ပစ္စည်းအမျိုးမျိုးဖြင့် ပြုလုပ်ထားသော ရှေးဟောင်း လူနေမှု သရုပ်ဖော်ဝတ္ထုအမျိုးမျိုးတို့ပင် ဖြစ်ကြသည်။**

ထို့ကြောင့် ရှေးဟောင်းသုတေသနပညာရပ် နယ်ပယ်နှင့်ပတ်သက်၍ ဘယ်လ်ဂျီယံ နိုင်ငံမှ ရှေးဟောင်းသုတေသနပညာ ပါမောက္ခတစ်ဦးဖြစ်သူ ဒေါက်တာဂျေဒီလက်က 'ရှေးဟောင်းသုတေသနပညာသည် ဒေသအားလုံးနှင့် ခွဲခြားမှုမရှိဘဲ သက်ဆိုင်နေရပေသည်။ ပြောင်မြောက်သော ယဉ်ကျေးမှုများ ထွန်းကားခဲ့သည့် အရပ်ဒေသများနှင့် သက်ဆိုင်ဘိသကဲ့သို့ သာမန်ယဉ်ကျေးမှုများ ထွန်းကားခဲ့သည့် အရပ်ဒေသများနှင့်လည်း ပတ်သက်နေရပေသည်'ဟု ဆိုထားခြင်းဖြစ်သည်။ အချုပ်အားဖြင့်ဆိုသော် ရှေးဟောင်းသုတေသနပညာရပ်သည် လူ့သမိုင်း၏ အတိတ်ဇာတ်ကြောင်းများကို ဖော်ထုတ်မှုအတွက် ရှေးဟောင်းပစ္စည်းများအကြောင်း လေ့လာသော ပညာတစ်ရပ်ပင် ဖြစ်ပါပေသည်။ တစ်နည်းအားဖြင့် ရှေးဟောင်းသုတေသနပညာရပ်၏ အဓိကရည်ရွယ်ချက်သည် အတိတ်ခေတ်များက တည်ဆောက်ထားခဲ့သော ရှေးဟောင်းအဆောက်အဦများနှင့် ဝတ္ထုပစ္စည်းများကို လေ့လာကာ လူ့သမိုင်းကို ပြုစုရေးသားရန်ပင် ဖြစ်ပေသည်။ ဤနည်းဖြင့် နိုင်ငံကိုချစ်မြတ်နိုးသူတိုင်း နိုင်ငံချစ်စိတ် မွေးမြူလိုသူတိုင်းသည် ရှေးဟောင်းသုတေသနပညာရပ်၏ အနက်သဘော၊ ရည်ရွယ်ချက်နှင့် လုပ်နည်းလုပ်ဟန်များကို လေ့လာသင့်ပါသည်။

တိုးတက်သောနိုင်ငံများအနက်



အင်္ဂလန်နိုင်ငံတွင် ကျေးရွာတိုင်းလောက်ပင် 'ရှေးဟောင်းသုတေသနအသင်း' များ ဖွဲ့စည်းကာ မိမိတို့ ကျေးရွာ၏ သမိုင်းများကို လေ့လာဖော်ထုတ်ခြင်း၊ မြို့ကြီးပြကြီးများရှိ ပြတိုက်များ၊ တက္ကသိုလ်များမှ ရှေးဟောင်းသုတေသနပညာရှင်များနှင့် လက်တွဲဆောင်ရွက်ခြင်းများဖြင့် မိမိလူမျိုး၏ အတိတ်ဘဝသမိုင်းဖြစ်ရပ်မှန်များကို ဖော်ထုတ်ကာ ဂုဏ်ယူဖွယ်များကို ဂုဏ်ယူခြင်း၊ အတုယူဖွယ်များကို အတုယူခြင်း၊ သင်ခန်းစာယူဖွယ်များကို သင်ခန်းစာယူခြင်း ပြုကြပေသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ယခုအခါ ခရိုင်မြို့ကြီးများအချို့၌ ယဉ်ကျေးမှုအဖွဲ့အစည်းများ ဖွဲ့စည်းကြ၍ မိမိတို့မြို့ရွာများ၏ သမိုင်းများကို ဖော်ထုတ်လျက်ရှိကြပြီဖြစ်ရာ ဤအချက်မှာ နိုင်ငံတည်ဆောက်မှုဘက်၌လည်းကောင်း၊ နိုင်ငံ၏ ပျောက်ဆုံးနေသော ယဉ်ကျေးမှုများ ဖော်ထုတ်မှုဘက်၌လည်းကောင်း ကောင်းမွန်လှသည့် လုပ်ဆောင်ချက်များဖြစ်ကြောင်း တွေ့ရှိရသည်။

ရှေးဟောင်းပစ္စည်းများကို လေ့လာခြင်းဖြင့် မိမိတို့၏ ဘိုးဘွားယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားတတ်လာမည်။ ဘိုးဘွားအမွေကို တန်ဖိုးထားတတ်လာသောအခါ မိမိတို့လူမျိုးအတွက် ဂုဏ်ယူတတ်လာမည်၊ ချစ်ခင်တတ်လာမည်။ ဤမှတစ်ဆင့် မိမိတို့နိုင်ငံနှင့် လူမျိုးအတွက် တာဝန်ထမ်းဆောင်လိုစိတ်များ တဖွားဖွား ပေါ်လာမည်မှာ မလွဲမသွေဖြစ်ပါပေသည်။ မိမိတို့လူမျိုးကို ချစ်ခင်တတ်လာသည်နှင့်အမျှ မိမိတို့၏လွတ်လပ်သောဘဝကို ကာကွယ်လိုစိတ်များ ဖြစ်ထွန်းလာမည်မှာ ယုံမှားဖွယ်ပင် မရှိသင့်ပေ။ ထို့ကြောင့် အချုပ်တွင် ရှေးဟောင်းသုတေသနပညာသည် နိုင်ငံတည်ထောင်ရာ၌ အရေးပါသော အုတ်မြစ်ကောင်းတစ်ချပ် ဖြစ်ကြောင်း တင်ပြလိုက်ရပေသတည်း။

# မြန်မာ့ရှေးဟောင်းသုတေသနလုပ်ငန်းများ၏ အဓိကရည်ရွယ်ချက်

နိုင်ငံတစ်နိုင်ငံအဖို့ မိမိကိုယ်ကို မိမိ လေးစား၍ မိမိ၏လွတ်လပ်ရေးကို တန်ဖိုးထားသည်ဆိုလျှင် လက်ရှိဘဝအခြေအနေ၌သာ ရောင့်ရဲတင်းတိမ်နေ၍ မဖြစ်ချေ။ မိမိတို့၏ ကုန်ဆုံးခဲ့ပြီးသော အတိတ်ဘဝ အခြေအနေများကိုလည်း အာရုံပြု ဂရုစိုက်ရန် အမှန်ပင် လိုအပ်နေ၏။ မိမိတိုင်းပြည်နှင့် လူမျိုးသည် မည်သည့် ကမ္ဘာ့လူမျိုးအနွယ်ဝင်ဖြစ်ကြောင်း လေ့လာရှာဖွေစမ်းရပါမည်။ အခြား တိုင်းပြည်မှ လူမျိုးများနှင့် မည်သို့မည်ပုံ ဆက်ဆံတိုးတက်ခဲ့သည်။ ရှေးဦးမဆွ ခေတ်ကာလကတည်းက မိမိတို့တိုင်းပြည်တွင် မိမိတို့နေထိုင်လာခဲ့သည်။ သို့မဟုတ် အရပ်တစ်ပါးမှ ပြောင်းရွှေ့ဝင်ရောက် အခြေစိုက်လာခဲ့သည်။ မိမိတို့၏ ကံကြမ္မာသည် မည်သို့မည်ပုံ ဖြစ်ပျက်ပြောင်းလဲခဲ့သည်။ ဤသို့ ပြောင်းလဲမှု များကြောင့် လက်ရှိဘဝအခြေအနေသို့ ရောက်ရှိလာသည် စသော အချက်အလက် များကို ဖော်ထုတ်ရှာဖွေရန် လိုအပ်လျက်ရှိ၏။

အကြောင်းမူ ဤအချက်အလက်များကို ကျနသေချာစွာ သဘောပေါက် နားလည်မထားလျှင် မိမိတို့လူမျိုး၏ စရိုက်သဘာဝ၊ စိတ်ဓာတ်သဘာဝကို ရှင်းလင်းပီပြင်စွာ ရှုမြင်နိုင်လိမ့်မည်မဟုတ်။ ထို့အတူ မိမိတို့မြတ်နိုးချစ်ခင်သော လွတ်လပ်ရေးကိုလည်း အင်နှင့်အားနှင့် ကာကွယ်စောင့်ရှောက်နိုင်လိမ့်မည် မဟုတ်။ တိုင်းပြည်နှင့် လူမျိုး၏ အနာဂတ်တိုးတက်ရေးနှင့် ဂုဏ်ရှိန်မြင့်မားရေးကို ကြိုးဆောင်ကြိုးကုတ်နိုင်လိမ့်မည် မဟုတ်ချေ။ ဤရှုထောင့်မှကြည့်လျှင် မြန်မာ လူမျိုးတို့၏ ဇာစ်မြစ်ဖွံ့ဖြိုးတိုးတက်လာမှုနှင့် စရိုက်လက္ခဏာများကို အတိအကျ သိရှိရန်မှာ မြန်မာ့ရှေးဟောင်းသုတေသနပညာက စွမ်းဆောင်နိုင်စွမ်းရှိသော ကြောင့် အထက်ပါရည်ရွယ်ချက်များသည် မြန်မာ့ရှေးဟောင်းသုတေသန လုပ်ငန်းများ၏ ယေဘုယျ ရည်ရွယ်ချက်များဖြစ်သည်ဟု ဆိုသင့်ပေသည်။

**သိပြီးသော ယဉ်ကျေးမှုအဆင့်မှ မသိရသေးသော ယဉ်ကျေးမှုအဆင့်သို့ တိုးတက် ရှာဖွေရေး**

ကမ္ဘာ့နိုင်ငံအသီးသီးနည်းတူ မြန်မာနိုင်ငံတွင်လည်း ကျောက်ခေတ်၊ ကြေးခေတ်၊ သမိုင်းကြိုသံခေတ်နှင့် သမိုင်းဝင်ခေတ်အသီးသီးကို ဖြတ်ကျော်ဖွံ့ဖြိုး



ခဲ့သည့် ယဉ်ကျေးမှုလမ်းကြောင်းကြီးတစ်ရပ် အထင်အရှား တည်ရှိခဲ့ပေသည်။ ယင်းသို့ရှိခဲ့သည့် လမ်းကြောင်းကြီးအတိုင်းလည်း မြန်မာလူမျိုးတို့ ဖွံ့ဖြိုးတိုးတက် ခဲ့ကြသည်။ ဤလမ်းကြောင်းကြီးကို လျှောက်ခဲ့ရင်း တွေ့ကြုံဖြတ်သန်းခဲ့ရသော အတွေ့အကြုံ ဘဝကံကြမ္မာများကြောင့် လက်ရှိမြန်မာလူမျိုးတို့၏ စိတ်ဓာတ် သဘာဝများ ဖြစ်ပွားပေါ်ပေါက်လာခဲ့ရသည်။ ထို့ကြောင့် ထိုယဉ်ကျေးမှု လမ်းကြီးကို တတ်နိုင်သမျှ ပေါ်လွင်အောင် ဖော်ထုတ်ရှာဖွေရန်မှာ မြန်မာ့ရှေး ဟောင်းသုတေသနလုပ်ငန်းများ၏ ဝိသေသလက္ခဏာဆောင်ယူသည့် ရည်ရွယ် ချက်များပင် ဖြစ်ကြ၏။

ဤတွင် ဖော်ပြလိုသောအချက်တစ်ချက်မှာ ကျောက်ခေတ် သုတေသန လုပ်ငန်းနှင့် ပတ်သက်သည့် ဒုတိယကမ္ဘာစစ်မီးအဟုန်များ မြန်မာနိုင်ငံသို့ ကူးစက်လောင်ကျွမ်းခြင်း မခံရမီကတည်းက မြန်မာနိုင်ငံ၌ နှစ်ပေါင်း သိန်းသောင်းချီ၍ ရှေးကျသောကျောက်ခေတ် ယဉ်ကျေးမှုများအကြောင်း ရှာဖွေ လေ့လာရန် လုပ်ဆောင်ချက်များ ရှိခဲ့ဖူးသည်။ သို့သော် ယင်းတို့မှာ ဝါသနာ အလျောက် အချိန်အားလျှင်အားသလို ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံခြားသား ပညာရှင်များ၏ ဆောင်ရွက်ချက်များသာ ဖြစ်ခဲ့ကြ၏။ မြန်မာလူမျိုးတို့၏ တိုးတက်ဖွံ့ဖြိုးမှုနှင့် လွတ်လပ်ရေးရရှိမှုအတွက် ချမှတ်ခဲ့သည့် အခြေခံရည်ရွယ် ချက်မျိုး မပါရှိခဲ့ချေ။

ထို့ထက်ပို၍ဆိုးသည်မှာ နိုင်ငံခြားသားပညာရှင်များ ကြိုးကြားဆောင်ရွက် သွားသည့် ကျောက်ခေတ်ယဉ်ကျေးမှုသုတေသန၏ အကျိုးကျေးဇူးများနှင့် စုဆောင်းရရှိခဲ့သော ကျောက်လက်နက် ပစ္စည်းပစ္စယ အထောက်အထားများကိုမူ မြန်မာနိုင်ငံအနေဖြင့် တစ်ခုမျှ မရရှိလိုက်နိုင်ခြင်းပင် ဖြစ်ပေသည်။ ယင်းတို့ အားလုံး နိုင်ငံခြားပြတိုက်ကြီးများသို့ ရောက်ရှိနေကြ၏။ ထို့အတူ မြန်မာ့ ကြေးခေတ် သရုပ်ပြလက်နက် ၁၄ ခုသည်လည်း အင်္ဂလန်နိုင်ငံ ပြတိုက်ကြီး တစ်ခုတွင် ရောက်ရှိနေခဲ့သည်။

သမိုင်းကြိုသံခေတ်၏ အခြေခံယဉ်ကျေးမှု ဇာတ်မြစ်များကို ဖော်ထုတ် ပေးသည့် ဗိဿနိုးမြို့ဟောင်းလို ဒေသမျိုးတွင်လည်း စနစ်တကျ တူးဖော်မှုများကို မပြုလုပ်ခဲ့ချေ။ ထို့ကြောင့် မျက်မှောက်ခေတ် ယဉ်ကျေးမှုအဆင့်မှ သမိုင်းဦး သံခေတ်၊ သမိုင်းကြိုခေတ်၊ ကြေးခေတ်မှသည် ကျောက်ခေတ်အထိ နောက်ဆုတ် ရှာဖွေကာ ယဉ်ကျေးမှုကွင်းဆက် များကို ဖော်ထုတ်ပေးပြီး မျက်မှောက်ခေတ်နှင့် ဆက်စပ်ပေးရန် တစ်နည်းအားဖြင့် မျက်မှောက်ခေတ်သို့ မည်သို့မည်ပုံ တက်လှမ်း ရောက်ရှိလာပုံကို ဖော်ထုတ်ပေးရန်သည် မြန်မာ့ရှေးဟောင်းသုတေသန လုပ်ငန်း များ၏ ရည်ရွယ်ချက်တစ်ချက်ပင် ဖြစ်ပေသည်။

**သို့ပြီးသော်လည်း မသေချာသေးသည့် သမိုင်းရေးအချက်အလက်များကို အဖြေရှာ ဖော်ထုတ်ပေးရေး**

ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်အထိ သမိုင်းရေးတိုးတက်ဖွံ့ဖြိုးမှုများကို ရာဇဝင်မှတ်တမ်းများ၌ ရေးသားထားရှိခဲ့ကြကြောင်း အများအသိပင် ဖြစ်ပေသည်။ ခေတ်အလိုက် သမိုင်းပညာရှင်များ ရေးသားခဲ့ကြသော သမိုင်းများ ဒေသဆိုင်ရာ ရာဇဝင်များ၊ ကျောက်စာများ၊ မော်ကွန်းနှင့် ဧချင်းများအပေါ် မူတည်၍ မှန်နန်းရာဇဝင်ကျော်ကြီးကဲ့သို့ သမိုင်းမှတ်တမ်းမျိုးလည်း ရေးခဲ့ဖူးပြီး ဖြစ်သည်။ သို့သော် မြန်မာသမိုင်းများ အထူးသဖြင့် ရာဇဝင်မှတ်တမ်းများကို အမျိုးမျိုး ဖြစ်တင်ဝေဖန်ခဲ့သူများ ရှိခဲ့ကြသလို မြန်မာ့သမိုင်းမှတ်တမ်းတိုင်းကလည်း ပြီးပြည့်စုံကြသည် မဟုတ်ကြရကား၊ အချို့သမိုင်းပြဿနာများမှာ မပြေရှင်းရသေးဘဲ ကျန်ရှိနေကြရပေသည်။

အထူးသဖြင့် ရှေးဦးပိုင်းနှင့်စပ်လျဉ်း၍ သရေခေတ္တရာအပျက်နှင့် ပုဂံခေတ်ဖြစ်ပေါ်တိုးတက်မှုကို ဆက်စပ်ပေးရန်လည်းကောင်း၊ ဗိဿနိုး၊ ဟန်လင်း စသောမြို့ပြများအချင်းချင်း ဆက်သွယ်ပုံကို ဖော်ထုတ်ပေးရန်လည်းကောင်း၊ တူးဖော်မှု စနစ်တကျနှင့် ပြည့်ပြည့်ဝဝ မဆောင်ရွက်ရသေးသော ပုဂံလို ရှေးဟောင်းဒေသမျိုးတွင် တူးဖော်စူးစမ်းပြီး ပုဂံခေတ်လူနေမှု သရုပ်သဏ္ဌာန်ကို ဖော်ထုတ်ပေးရန်လည်းကောင်း၊ နောက်ပိုင်းခေတ်များအကြောင်း လေ့လာမှုတို့ကို တူးဖော်ခြင်းဖြင့် ပြည့်စွက်ပေးရန် လည်းကောင်း၊ မြန်မာ့ရှေးဟောင်းသုတေသနလုပ်ငန်းများ၏ ရည်ရွယ်ချက်အဖြစ် တိုးချဲ့သတ်မှတ်ပေးရမည် ဖြစ်ပေသည်။ တစ်နည်းအားဖြင့် သမိုင်းအဆူဆူတို့၏ အဆိုအမိန့်များကို လက်တွေ့တူးဖော်၍ အတည်ပြုခြင်း၊ ပြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများ ပြုလုပ်ပေးရမည့် တာဝန်ကို မြန်မာ့ရှေးဟောင်းသုတေသနလုပ်ငန်းများက ထမ်းဆောင်ရပေမည်။ ဤနည်းဖြင့် မြန်မာဘယ်ကစသည်ဆိုသော သမိုင်းရေး အမြေကြီးတစ်ရပ် ပေါ်လာနိုင်ကောင်းသည်ဟု ယုံကြည်ရပေ၏။

**မြန်မာ့သမိုင်းလေ့လာမှုတွင် သိပ္ပံနည်းနာများကို အသုံးချနိုင်ရန် ရှေးဟောင်းသုတေသန လုပ်ငန်းများက ဆက်စပ်ပေးရေး**

ရှေးဟောင်းသုတေသနပညာသည် သိပ္ပံပညာဖြစ်၍ သိပ္ပံနည်းစနစ်များကို တတ်နိုင်သမျှ အသုံးပြု၏။ သို့သော် ရှေးဟောင်းသုတေသနပညာ၏ အဓိက ရည်ရွယ်ချက်မှာ လူ့သမိုင်း ပြန်လည်ဖော်ထုတ်ရေးဖြစ်သောကြောင့် လူမှုရေးဆိုင်ရာ လေ့လာချက်မျိုးလည်း ဖြစ်နေသည့်အတွက် ယင်းကို ဝိဇ္ဇာပညာရပ်နယ်ပယ်တွင် ထည့်သွင်းထားရှိလိုကလည်း ထားရှိနိုင်ပေသေးသည်။ စင်စစ်



ရှေးဟောင်းသုတေသနပညာသည် သိပ္ပံနည်းကျသော လူမှုရေးလေ့လာမှုပညာဖြစ်သောကြောင့် သမိုင်းလေ့လာမှုအတွက် ပြည့်စုံသော အထောက်အထားများကို ရှာဖွေပေးရန်၊ ရှာဖွေရာတွင် စနစ်တကျရှိစေရန် တွေ့ရှိသော အထောက်အထားများကို သိပ္ပံနည်းများဖြင့် ဆန်းစစ်စေရန်၊ သင်္ချာနည်းများဖြင့် ဆန်းစစ်စေရန်၊ သင်္ချာနည်းများဖြင့် တွက်ချက်ရန် ရှေးဟောင်းသုတေသနပညာက လုပ်ဆောင်သမျှ ပြုရပေသည်။ ပြီးမှ ယုတ္တိရှိ၍သဘာဝကျသော အထောက်အထားများကို ဖော်ထုတ်ပြီး သမိုင်းဆိုင်ရာ အချက်အလက်အဖြစ် လက်ခံလာအောင် တင်ပြရပေသည်။ ဤသို့ထမ်းဆောင်ရန် တာဝန်ရပ်များရှိသော မြန်မာ့ရှေးဟောင်းသုတေသနပညာတွင် ထားရှိရမည့် ရည်ရွယ်ချက်တစ်ချက်သည် သိပ္ပံပညာရပ်များကို တိုးချဲ့အသုံးချရေးပင် ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာ့ရှေးဟောင်းသုတေသနပညာမှတစ်ဆင့် တိုင်းပြည်တွင် ထွန်းကားနေသော သိပ္ပံပညာရပ်များကို သမိုင်းလေ့လာမှုဘက်၌ အကျိုးရှိစွာ အသုံးချနိုင်အောင် ဆက်စပ်ညှိနှိုင်းပေးရန် ရည်ရွယ်ချက်များ ချမှတ်ပေးရကြောင်း တင်ပြအပ်ပါသည်။

# လူတိုင်းအဖို့ရှေးဟောင်းပစ္စည်း

ရှေးဟောင်းပစ္စည်းဟူသည် အခြားမဟုတ်ပေ။ ဘိုးဘွားမိဘများ အသက်ထင်ရှား ရှိစဉ်အခါများက နေ့စဉ်နှင့်အမျှ ကိုင်ဆောင်အသုံးပြုခဲ့သော ပစ္စည်းများပင် ဖြစ်ကြသည်။ အဘိုး၏ မြေဆေးတံအိုးသည် လည်းကောင်း၊ အဘွား၏ ကြေးကွမ်းဆုံကလေးသည်လည်းကောင်း နှစ်ကြာလာသည်နှင့်အမျှ ရှေးဟောင်းပစ္စည်းများ ဖြစ်လာကြပေသည်။ မြန်မာနိုင်ငံအဖို့ ရှေးဟောင်းပစ္စည်း တစ်ခုဖြစ်ရန် လိုအပ်သော အနည်းဆုံး အချိန်ကာလမှာ ၇၅ နှစ်သက်တမ်း ရှိရခြင်းပင်ဖြစ်ပေသည်။

ရှေးဟောင်းပစ္စည်းများသည် ရှေးခေတ်လူများအဖို့ နေ့စဉ်သုံးပစ္စည်းများ ဖြစ်ကြသည်သာမက ရှေးကတည်းကပင် ဘုရားကျောင်းကန်များသို့ ပေးလှူခဲ့သောပစ္စည်းများ၊ ကိုးကွယ်ခဲ့သော ရုပ်ပွားဆင်းတုတော်များ၊ အိမ်၌ အမြတ်တနိုး ထားခဲ့သောပစ္စည်းများ၊ စာပေဗဟုသုတအလို့ငှာ ဖတ်ရှုမှတ်သားခဲ့သော ပေစာ၊ ပုရပိုက်စာများ၊ ကောင်းမှု ကုသိုလ်ပြုရာ၌ မှတ်တမ်းအဖြစ် ထားရစ်ခဲ့သော ကျောက်စာ၊ ကြေးပြားစာ၊ အုတ်ခဲစာ၊ အုတ်ခွက်စာ၊ နံရံမင်စာကဲ့သို့ စာပေအရေးအသား မှတ်တမ်းများလည်း ဖြစ်ကြသည်။ သို့သော် မည်သည့် ရှေးဟောင်းပစ္စည်းပင်ဖြစ်စေ ရှေးခေတ်လူသားများ (ဝါ)ကျွန်ုပ်တို့၏ မိဘဘိုးဘေးများလက်ထက်က နေ့စဉ် လူမှုရေးဘဝ၊ စီးပွားရေးဘဝ၊ ဘာသာရေးဘဝ၊ ယဉ်ကျေးမှုဘဝနှင့် ကင်းလွတ်တည်ရှိခဲ့ခြင်းမျိုး မဟုတ်ချေ။ ထို့ကြောင့် မိဘဘိုးဘွားများကို မြတ်နိုးချစ်ခင်သူတိုင်း ရှေးဟောင်းပစ္စည်းများကို ခင်မင်တွယ်တာမှုရှိမည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။ အထူးသဖြင့် မိဘဘိုးဘွားတို့ကို မသိမီလိုက်ကြသူများအဖို့ ယင်းတို့ အသက်ရှင်စဉ်က အသုံးပြုခဲ့သော ပစ္စည်းပစ္စယကလေးများကိုသာ အလွမ်းပြေ အမှတ်တရကြည့်ရှုကြရသည်။ အောက်မေ့သတိရကြရသည်။

မိမိတို့ဘိုးဘွားတည်းဟူသော သွေးသားတော်စပ်သည့် အနေအထားမှတစ်ဆင့် ကျေးရွာရပ်ကွက်၊ မြို့နယ်နှင့် တိုင်းပြည်တစ်ဝန်းလုံးအထိ အတွေးနယ်ချဲ့ထွင် စဉ်းစားပါလျှင် ရှေးဟောင်းပစ္စည်းများမှာ မိမိတို့လူမျိုး၏အမွေ၊ သမိုင်းသက်သေများပင် ဖြစ်ကြောင်း သိမြင်လာနိုင်ပါသည်။ မိမိတို့လူမျိုး၏ အတိတ်ဘဝက



ကြီးပွားတိုးတက် ယဉ်ကျေးထည်ဝါခဲ့ပုံကို ရှေးဟောင်းပစ္စည်းများက ပြသတတ်သလို အနိုက်အတန့်အားဖြင့် တန်ခိုးမှေးမှိန်၊ ဂုဏ်ရှိန်နိမ့်ကျခဲ့ရသည့် ဘဝအခြေမျိုးကိုလည်း ရှေးဟောင်းပစ္စည်းများကပင် ဖော်ထုတ်တင်ပြတတ်ကြပါသည်။ ဤသို့ဖြင့် ရှေးဟောင်းပစ္စည်းများသည် သက်ဆိုင်ရာလူမျိုး၏ အတိတ်ဘဝဇာတ်ကြောင်းအတွက် ခိုင်လုံသော မှတ်တမ်းများပင် ဖြစ်ကြသည်။ ဤရှုထောင့်မှ သုံးသပ်အကဲဖြတ်လျှင် ရှေးဟောင်းပစ္စည်းတိုင်း၏တန်ဖိုးမှာ ဖြတ်နိုင်ကောင်းစရာ မရှိချေ။

ရှေးဟောင်းပစ္စည်းဟူသည် အရာဝတ္ထုအမျိုးမျိုးဖြင့် ပြုလုပ်ထား၏။ မင်းသုံး စိုးသုံး ရှေးဟောင်းပစ္စည်းများကို အဖိုးထိုက် အဖိုးတန် ရွှေငွေကျောက်သံပတ္တမြားများဖြင့် ပြုလုပ်ထားတတ်သော်လည်း လူသာမန်သုံး ပစ္စည်းများကိုကား အဖိုးအနည်းဆုံးဖြစ်သော မြေဖြင့် ပြုလုပ်ထားပေသည်။ ရှေးဟောင်းမြို့ပြများ၊ အရပ်ဒေသများသည် အကြောင်းအမျိုးမျိုးကြောင့် တိမ်ကောပျောက်ကွယ်ပြီး ဖြစ်ခဲ့ပေရာ သဘာဝအားဖြင့် လူနည်းစုကသာ သုံးစွဲနိုင်ခဲ့သော အဖိုးတန် ရွှေငွေဖြင့်ပြီးသော ရှေးဟောင်းပစ္စည်းများမှာလည်း ရှားပါးခဲ့ကြပြီး ဖြစ်ကြပေသည်။ ယင်းတို့နှင့် နှိုင်းစာလျှင် လူသာမန်တို့ အသုံးပြုခဲ့ကြသော ရှေးဟောင်းပစ္စည်းများမှာကား အတော်အတန် ပေါများကျန်ရစ်စရာ အကြောင်းရှိပေသည်။

ဤသို့ အတော်အတန်ကျန်ရစ်တတ်သော ရှေးဟောင်းပစ္စည်းများအနက် အများစုမှာ အိုးအင်ခွက်ယောက်များ (ဝါ) အိုးခြမ်းကွဲများပင် ဖြစ်ပေသည်။ ယင်းအိုးခြမ်းကွဲများနှင့်အတူ မြေဖြင့်ပြီးသော ပုတီးစေ့၊ ပုတီးလုံးများ၊ နားဋောင်းများ၊ မြေဆေးတံများ စသော မြေထည်ပစ္စည်းများကိုလည်း တွေ့ကြရသည်။ ယင်းအိုးအင်ခွက်ယောက်များထက် ရှေးကျသော ပစ္စည်းများကား ကျောက်မိုးကြိုးသွားခေါ် ကျောက်ခေတ်သစ် (ဝါ) သမိုင်းဦးဘုံမြေခေတ်သုံး ကျောက်လက်နက်များပင် ဖြစ်ကြသည်။ ယင်းတို့အကြောင်းလည်း ယခုအခါ ပညာရှင်အသီးသီးက တင်ပြလာကြပြီ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ရှေးဟောင်းပစ္စည်းများသည် အထက်ကတင်ပြပြီးသကဲ့သို့ လူမျိုး၏ အတိတ်ဘဝမှတ်တမ်းများဖြစ်ရာ ယင်းတို့ကို ရှုထောင့်အဖုံဖုံမှ လေ့လာခြင်းဖြင့် (ဝါ) ယင်းတို့က ဇာတ်လမ်းစုံကို ပြောပြလာအောင် ကြိုးဆောင်ခြင်းဖြင့် အတိတ်ဇာတ်ကြောင်းများကို ဖော်ထုတ်ရပေမည်။ ဤသို့ ဖော်ထုတ်ရာတွင် ရှေးဟောင်းပစ္စည်းများကို ကိုင်တွယ်လေ့လာကြရာ၌ ရုပ်ဝတ္ထုကိုသာ ကိုင်တွယ်လေ့လာသည့် သဘောမျိုးမဖြစ်စေဘဲ ဤရုပ်ဝတ္ထုက ကိုယ်စားပြုရပ်တည်ထားသော အတိတ်ခေတ် ဘိုးဘွားများ၏ ဘဝကြေးမုံပြင်ကို ပြက်ပြက်ထင်ထင် ပေါ်လွင်အောင် ကြိုးဆောင်ကြိုးပမ်းသည့် သဘောမျိုး

ဖြစ်သင့်ပေသည်။ ဥပမာ-ကျောက်ခေတ်ဦး (ဝါ) ကျောက်ကြမ်းခေတ်က ခုတ်စဉ်း၊ ခုတ်ထစ်နှင့် လက်သုံးပဲခွက်ကြီးများကို ကိုင်ဆောင် အသုံးပြုခြင်းသည် လည်းကောင်း၊ အနည်ကျ ကျောက်ဖြစ်ရပ်ကြွင်းဖြင့် လက်နက်ပြုလုပ်ခြင်းသည် လည်းကောင်း သဘာဝပတ်ဝန်းကျင်အနေအထားကြောင့် ဖြစ်သည်။ ထိုသဘာဝ ပတ်ဝန်းကျင်သည် ကျောက်ခေတ်သစ်တွင် ပြောင်းလဲသွား၏။ ထို့ကြောင့် လက်နက်ကြမ်းကြီးများ မလိုတော့သဖြင့် လက်နက်သေးသေးကို ထိရောက်စွာ အသုံးချနိုင်အောင် ကြံဆောင်လာကြပြန်သည်။ ဖွဲ့စည်းပုံသိပ်သည်းသော ကျောက်သားကောင်းသည့် မီးသင့်နှင့် အသွင်ပြောင်းကျောက်များကို ကြာရှည် အသုံးပြုရန် တီထွင်လာကြပြန်သည်။ ဤသို့သော လက်နက်ပြုလုပ်မှု၊ ခြားနားချက်ကို ဖော်ထုတ်နိုင်လျှင် ကျောက်ခေတ်လူသား၏ တွေးတောမြော်ခေါ်မှု တိုးတက်ပုံသဘောကို ဖော်ထုတ်နိုင်ပေသည်။

တစ်ဖန် ပျူခေတ်၌ မြေသရွတ်များကိုသာ အသုံးပြု၍ အဆောက်အဦများ ဆောက်လုပ်ပြီး ကြီးမားသောအုတ်များကို အသုံးချခဲ့ကြသည်။ အဆောက်အဦနံရံများကိုလည်း ထူထဲစွာ ဆောက်လုပ်ခဲ့ကြသည်။ သို့သော် ပုဂံခေတ် အခါသမယတွင် မြေသရွတ်အစား ထုံးသရွတ်ကို သုံးစွဲခဲ့၏။ အုတ်များလည်း သေးငယ်လာကြသည်။ ဤတွင် ပန်းရံအတတ်၌ ကျွမ်းကျင်တိုးတက်လာပြီး အတွေးအခေါ်များ ပြောင်းလဲလာပုံကို တွေ့ရှိရသည်။ ဤအချက်မျိုးကို ဖော်ထုတ်လိုပါသည်။

ထို့ကြောင့် ရှေးဟောင်းပစ္စည်းဟူသည် လူတိုင်းက ပြုလုပ်ထားသောပစ္စည်း၊ လူတိုင်း၏ဘဝနှင့် ဆက်စပ်နေသောပစ္စည်း၊ လူတို့အချင်းချင်း အစဉ်အဆက် လက်ခံခဲ့သော စိတ်ကူးစိတ်သန်း၊ လုပ်နည်းကိုင်နည်း ဓလေ့ထုံးစံများနှင့်အညီ ဖန်တီးထားအပ်သော ပစ္စည်းဖြစ်ရုံမျှမက တိကျသောလုပ်ငန်း စံသတ်မှတ်ချက်များ အရ ဖန်တီးထားသော ပစ္စည်းများလည်း ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ရှေးဟောင်းပစ္စည်းတိုင်းတွင် ယင်းကိုဖန်တီးသော လူမျိုး၏ဓလေ့ထုံးစံ၊ အတွေးအခေါ်၊ ယုံကြည်ချက်အယူဝါဒ၊ လုပ်အားနှင့် ခေတ်အလိုက် လက်ခံခဲ့ကြသော အလုပ်စံသတ်မှတ်ချက်များ စုပေါင်းပါဝင်နေကြရကား ရှေးဟောင်း ပစ္စည်းဟူသည် လူတိုင်းအဖို့ လူတိုင်းက ဖန်တီးရသော ပစ္စည်းသာဖြစ်ကြောင်း တင်ပြရပါသည်။



# တက္ကသိုလ်များတွင် သင်ကြားသင့်ပြီဖြစ်သော ဘာသာတစ်ရပ်

သမိုင်းနှင့် ရှေးဟောင်းသုတေသနပညာရပ်တို့သည် တစ်ခုနှင့်တစ်ခု မကင်းကွာစကောင်းပေ။ အမြဲဒွန်တွဲ ရှိနေသင့်၏။

မြန်မာ့သမိုင်း၏ လိုနေသောအကွက်များ၊ မပြည့်စုံသေးသော အချက်များကို မြန်မာ့ရှေးဟောင်း သုတေသနပညာရပ်က ဖြည့်စွမ်းခဲ့သည်မှာ ကြာမြင့်လှပေပြီ။ မြန်မာ့ဦးစွန်း မကွယ်ပျွန်းမီခေတ် ဘိုးတော်ဘုရားလက်ထက် ကျောက်စာများကို မူတည်၍ သမိုင်းပြုစုခဲ့သော တွင်းသင်းမင်းကြီး ဦးထွန်းညိုတို့ခေတ်လောက်ကပင် စတင်ခဲ့သည်။ လက်အောက်ခံ ကိုလိုနီဘဝတွင်လည်း ရှေးဟောင်းသုတေသန ပညာရှင်အပေါင်းတို့သည် ပျောက်ဆုံးနေသော သရေခေတ္တရာယဉ်ကျေးမှု၊ မပြည့်စုံဖြစ်နေသော ပုဂံခေတ်၏ဟာကွက်များ စသည်တို့ကို ပြည့်စုံစေရန် ကြိုးပမ်းကြဘိသကဲ့သို့ သမိုင်းပညာရှင်များကလည်း မိမိတို့ပြုစုကြသည့် သမိုင်းစာပေများတွင် ရှေးဟောင်းသုတေသနကြောင့် ပေါ်ပေါက်တွေ့ရှိလာသော သမိုင်းရေးအချက်အလက်များကို မလွဲမသွေ ထည့်သွင်းဖော်ပြလေ့ ရှိခဲ့ကြပေသည်။

ရှေးဟောင်းသုတေသနလုပ်ငန်းရပ်များ၌ နိုင်ငံသမိုင်းပညာရှင်များ ပါဝင်လာသင့်ကြသကဲ့သို့ နိုင်ငံသမိုင်း သင်ကြားပို့ချရေးတွင်လည်း ရှေးဟောင်းသုတေသန ပညာရှင်များက တစ်ဖက်တစ်လမ်းမှ တာဝန်ခွဲဝေယူသင့်ကြပြီဖြစ်သည်။

ဤသို့ဆိုလိုက်သဖြင့် ရှေးဟောင်းသုတေသန လုပ်ငန်းရပ်တွင် သမိုင်းပညာရှင်များ လုံးဝမပါဝင်ကြဟု အမှန်တရားကို မျက်ကွယ်ပြုလိုခြင်း မဟုတ်ပါ။ ပါသင့်သလောက် ပါသည်ကား မှန်ပါ၏။ သို့သော် နည်းပါးလှသေးသည်ကိုသာ အထူးပြု ပြောလိုခြင်းဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာနကို ၁၉၄၄ ခုနှစ် ဒုတိယကမ္ဘာစစ် အတွင်းက ပြန်လည်ပြုပြင် တိုးချဲ့ဖွဲ့စည်းရာတွင် ရှေးဦးစွာ တစ်နိုင်ငံလုံးရှိ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ကျောင်းသားများကို ကျယ်ပြန့်စွာ ဖိတ်ခေါ်လေ့ကျင့်ပညာပေးပြီး စည်းရုံးဆောင်ရွက်နိုင်ခဲ့ကြသည်။ ယခုအခါ အိန္ဒိယ ရှေးဟောင်းသုတေသန ကွင်းဆင်းလုပ်ငန်းများသည် များစွာ အရှိန်ရရှိလာပြီဖြစ်သည်။ တက္ကသိုလ်များကိုယ်တိုင် တာဝန်ယူ တူးဖော်လျက် ရှိကြပြီး တူးဖော်ရာမှ တွေ့ရှိချက်များကိုလည်း တက္ကသိုလ်သမိုင်းဘာသာရပ်

သင်တန်းများတွင် သင်ကြားပို့ချပေးနေကြသည်။ ဤသို့ သင်တန်းများ ပို့ချနိုင်အောင်လည်း တက္ကသိုလ်အသီးသီးတွင် သမိုင်း၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းသုတေသနဌာနများ ဖွင့်လှစ်ထားရှိကြ၏။ အင်္ဂလန်နိုင်ငံတွင်မူ ရှေးဟောင်းသုတေသန ကွင်းဆင်းလုပ်ငန်းများကို အစိုးရက ဦးစီးဆောင်ရွက်ခြင်းထက် တက္ကသိုလ်များရှိ ပညာရှင်များ၊ ကျောင်းသားများက အဓိကအခန်းမှ ပါဝင်လုပ်ဆောင်နေကြပေသည်။ ကျောင်းသားများထက် ကျောင်းသူများက ပိုမိုစိတ်အားထက်သန်စွာ ပါဝင်နေကြ၏။ ပြတိုက်များကလည်း လက်ပိုက်ကြည့်၍မနေကြချေ။ သိပ္ပံပညာရပ်အသီးသီးထံမှလည်း အကူအညီအပြည့်အဝ ယူလာကြ၏။ အလားတူပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တွင်လည်း ဒုတိယကမ္ဘာစစ်အတွင်းက ပျောက်ဆုံးသွားခဲ့သော ပီကင်းလူသား ကျောက်ဖြစ်အရိုးများကို အစားထိုးနိုင်အောင် တက္ကသိုလ်များနှင့် သိပ္ပံအကယ်ဒမီအဖွဲ့ကြီး၏ လက်အောက်ခံ ရှေးဟောင်းသုတေသန လေ့လာရေး ဗိမာန်တို့က ဦးစီးဖော်ထုတ်နေပေသည်။ ပျောက်ဆုံးသွားခဲ့သော ပီကင်းလူသား အရိုးများထက်ပင် ပိုမိုပြည့်စုံသော အရိုးများကို ရရှိပြီဟုသိရသည်။

အထက်တွင်တင်ပြခဲ့သော အခြားတိုင်းပြည်များကဲ့သို့ မဟုတ်စေကာမူ မြန်မာနိုင်ငံတွင်လည်း တက္ကသိုလ်ဘာသာရပ်ဆိုင်ရာ အချို့ဌာနများနှင့် မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနတို့ ပူးပေါင်းမှုများမရှိ၍ မဟုတ်ချေ။ ရှိပါသည်။ ဗြိတိသျှလင်းကျောက်ခေတ် စူးစမ်းရေးခရီးတွင် ပါတီဌာနချုပ်၏ ဦးဆောင်မှုဖြင့် ရှေးဟောင်းသုတေသန၊ တက္ကသိုလ်ဘူမိဗေဒဌာန၊ သတ္တဗေဒဌာနနှင့် မနုဿဗေဒဌာနများ ပါဝင်ကွင်းဆင်းခဲ့ကြသည်။ တက္ကသိုလ်သမိုင်းဌာန ပါဝင်သည်ကိုမူ မကြားခဲ့ရချေ။ မန္တလေးတက္ကသိုလ်ရှိ သမိုင်းဌာနကမူ ရှေးဟောင်းသုတေသန ကွင်းဆင်းမှုများ၌ တက်ကြွစွာ ဆောင်ရွက်နေကြောင်း သတင်းကောင်းများ ကြားသိရသည်။

နိုင်ငံနှင့်အဝှမ်း သုတေသနပြုလုပ်ရန် ဖွဲ့စည်းထားပြီးဖြစ်သော ဘာသာရပ်အလိုက် သုတေသနအဖွဲ့များတွင် ဘာသာစာပေနှင့် ယဉ်ကျေးမှုသိပ္ပံအဖွဲ့တွင်မူ ရှေးဟောင်းသုတေသန ဘာသာရပ်လည်း ပါဝင်ကြောင်း သိရှိရသည်။ ဤသို့ ပါဝင်ပြီးသည်နှင့်အညီ ရှေးဟောင်းသုတေသနအဖွဲ့တွင် တင်သွင်း ဖတ်ကြားကြသည်ကို နှစ်စဉ်လိုလိုတွေ့ရ၏။ အလားတူပင် တက္ကသိုလ်ပညာ ပဒေသာစာစောင်တွင်လည်း ရှေးဟောင်းသုတေသနကို အခန်းတစ်ခန်းပေးရုံမျှမက တစ်ခါတစ်ရံလည်း ဦးစားပေး၍ ဖော်ပြနေသည်ကို တွေ့ရသည်။ ပညာရေးတက္ကသိုလ်သမိုင်းဌာနကလည်း ရှေးဟောင်းသုတေသနဌာနမှ ပုဂ္ဂိုလ်အချို့ကို ဖိတ်ကြားဟောပြောစေခြင်းများလည်း ရှိတန်သလောက်ရှိသည်။



သို့သော် ဤမျှလောက် လက်တွဲလုပ်ဆောင်ရုံဖြင့် ရှေးဟောင်းသုတေသနရေး၊ သမိုင်းရေးကိစ္စရပ်များအတွက် လုံလောက်ပြီဟူ၍ နှစ်သိမ့်နေသင့်သည် မဟုတ်ချေ။ သမိုင်း၏ တိကျသောဖြစ်စဉ်များ ဖော်ထုတ်ရန်အတွက် သိပ္ပံနည်းကျ ရှေးဟောင်းသုတေသနပညာရပ်ကို ရှေးဟောင်းသုတေသနဌာနမှ ပုဂ္ဂိုလ်များသာမကဘဲ သမိုင်းပညာရှင်များကလည်း ပြည်တွင်းမှာရော နိုင်ငံခြားသို့ပါ သွားရောက် သင်ယူဆည်းပူးသင့်ကြပြီ ဖြစ်သည်။ ရှေးဟောင်းသုတေသန ပညာရှင်များ ကိုယ်တိုင်လည်း သိပ္ပံနည်းများကို အသုံးချသော အထက်တန်း သုတေသနပြုလုပ်နည်းများကို ယခုထက်ပိုမို၍ သင်ယူထားပါမှ နောင် ပြောင်းလဲလာမည့် နိုင်ငံအခြေအနေများနှင့် လိုအပ်ချက်များအတွက် အဆင်သင့် ပြင်ဆင်ပြီးသား ဖြစ်ပေမည်။

ဤလိုအပ်ချက်ကို တက္ကသိုလ်လောကမှ ပညာရှင်များ၊ ကျောင်းသားများ၏ အကူအညီဖြင့် ဖြည့်စွမ်းရမည်လည်း ဖြစ်ပေသည်။ သိပ္ပံနည်းကျသော ရှေးဟောင်းသုတေသနလုပ်ငန်းမျိုးအတွက် ကမ္ဘာက လက်ခံနိုင်သည့် အဆင့်ရောက်အောင် သက်နှောင်းကပ်ဘူမိဗေဒကို အထူးဂရုပြုလေ့လာသော ဘူမိဗေဒပညာရှင်များ၊ ဝတ်မှုံလေ့လာမှုမှ အတိတ်ခေတ်သဘာဝပတ်ဝန်းကျင် ဖော်ထုတ်နိုင်စေရန် ရှေးဟောင်း ရုက္ခဗေဒပညာရပ်ကို အထူးပြုလေ့လာသူ ပညာရှင်များ တူးဖော်မှုများမှ စုဆောင်းရရှိသော မြေဆီလွှာနမူနာများကို စမ်းသပ်ခွဲစိတ်ဆေး၍ ရှေးဟောင်းပထဝီဝင်နှင့် ရာသီဥတုအနေအထားများကို ဖော်ထုတ်နိုင်ရန် မြေဆီလွှာပညာရှင်များ စသည်ဖြင့် လိုအပ်လျက်ရှိပေသည်။ ဤသည်တို့ကို ဖြည့်စွက်ပေးရန်အလို့ငှာ သက်ဆိုင်ရာပညာရပ်တွင် ကျွမ်းကျင်သူများက ရှေးဟောင်းသုတေသနပညာအတွက် ရှေ့ဆောင်ကူညီကြရန် လိုအပ်သကဲ့သို့ လက်ရှိနည်းပါးလှသော ရှေးဟောင်းသုတေသီများ ကိုယ်တိုင်လည်း နည်းနည်းနှင့် ကျဲကျဲဝိုင်း၍ သက်လုံကောင်းနိုင်ကြရန်အတွက် အထက်ပါသိပ္ပံနည်း များကို လေ့လာယူကြရပေမည်။ ပြည်တွင်းတွင် မလေ့လာနိုင်သော ဘာသာရပ်များကို နိုင်ငံခြားတွင် စနစ်တကျ သင်တန်းတက် ယူကြရပေမည်။ မှတ်တမ်းတင်ပြီးသား နိုင်ငံသမိုင်းတွင် ကောင်းစွာတတ်ကျွမ်းကြသော သမိုင်းပညာရှင်များကလည်း သိပ္ပံနည်းကျ ရှေးဟောင်းသုတေသနပြုလုပ်နည်းကို တတ်ကျွမ်းထားအောင် ဆောင်ရွက်သင့်ကြပေသည်။ ဖြစ်နိုင်လျှင် နိုင်ငံတော်အစိုးရ ကမကထပြုလုပ်သော သိပ္ပံ၊ နိုင်ငံသမိုင်းနှင့် ရှေးဟောင်းသုတေသန ပညာရပ်များ၏ ဆက်စပ်ပုံအကြောင်း ဆွေးနွေးပွဲတစ်ခု ကျင်းပ၍ ပညာရှင်များပါဝင်ကြပြီး ဆွေးနွေးကာ ကျယ်ကျယ်ပြန့်ပြန့် နည်းလမ်းများ ရှာသင့်ကြပေသည်။

အညာသားခေါ် ကျောက်ခေတ်ဟောင်းလူသား၏ လူနေမှုဘဝနှင့် စီးပွားရေး

အဆင့်၊ ကျောက်ခေ[illegible]နေကြသော၊ အခြားယဉ်ကျေးမှုများနှင့် ဆက်စပ်ပုံသဘောတို့ကို မဖော်ထုတ်ရသေးသည့် ပြဿနာ၊ မြန်မာနိုင်ငံတွင် ကြေးခေတ်ဖြစ်ထွန်းမှု ရှိ မရှိ ပြဿနာ၊ သံသတ္တု စတင်ပေါ်ပေါက်လာရခြင်း၏ ပြဿနာ၊ ပျူမြို့ဟောင်းများ အဘယ်ကြောင့် မီးလောင်ပျက်စီးရသနည်းဆိုသည့် ပြဿနာစသော သမိုင်းရေးပြဿနာများ အမြောက်အမြားရှိနေကြသည်။ ဤပြဿနာအတွက် သင့်လျော်သော အဖြေများမှာ သိပ္ပံပညာနှင့် ရှေးဟောင်းသုတေသနပညာ ပေါင်းစပ်နိုင်မှု၊ ရှေးဟောင်း သုတေသနနှင့် သမိုင်းပညာရပ်တို့၏ လက်တွဲနိုင်မှုများအပေါ် လုံးဝ အခြေတည် ပေသည်။

သို့သော်ခြုံကြည့်လျှင်အထက်ပါပြဿနာများအတွက် အဖြေရှာသည့်အနေဖြင့် သမိုင်းနှင့် ရှေးဟောင်းသုတေသန ဘာသာရပ်အချင်းချင်း ပြည့်ပြည့်ဝဝ လက်တွဲဆောင်ရွက်မှု မရှိကြသေးသည်ကို တွေ့ရဦးမည်မှာ မလွဲချေ။ ယခုအခါ သမိုင်းဘာသာရပ်အပါအဝင် ဝိဇ္ဇာပညာရပ်များတွင် ပါရဂူဘွဲ့ချီး မြှင့်နိုင်အောင် စီစဉ်တော့မည်ဖြစ်ရာ ထိုပါရဂူဘွဲ့အတွက် သုတေသနပြုရာတွင် ကွင်းဆင်း သုတေသနမျိုး၊ ကွင်းဆင်းလေ့လာမှုမျိုးများမှ တွေ့ရှိချက်များကို သိပ္ပံနည်းကျ စိစစ်စိတ်ဖြာပြီး အဓိပ္ပာယ်ဖော်ယူမှု၊ သုံးသပ်ကောက်ချက်ချမှု၊ မြန်မာ့အတိတ်ခေတ် သမိုင်းကြောင်းကို တူးဖော်စူးစမ်းမှုမျိုးနှင့် ပြည့်စုံ သော ဘွဲ့ယူစာတမ်းများအပေါ် ဦးစားပေး သုံးသပ် အကဲဖြတ်ကာ ဘွဲ့များနှင်းအပ်သင့်ပေသည်။ ထိုသို့ မဟုတ်ပါက ‘စာအုပ်ပေါင်းများစွာဖတ်၍ စာအုပ်သစ်ဖြစ်အောင် ရေးသည့် သာမညစာအုပ်မျိုးမဟုတ်ကြောင်း၊ ဖတ်ကြည့်သူများလည်း လက်တွေ့ သိနိုင်ကြ ပါမည်။ ပေါင်းစပ်ဖော်ပြရုံမျှသာစွမ်းသော ကျမ်းမျိုးသည် တန်ဖိုးမရှိလှ။ စက္ကူနှင့် မင်ကုန်ရကျိုး မနပ်ဟု ထင်ပါသည်’ဟူ၍ နတ်မောက်ဘုန်းကျော်၏ အင်္ဂလိပ် မြန်မာစစ် သမိုင်းစာအုပ်တွင် ပြောဆိုမှာကြားဖူးသော ပါမောက္ခ ဒေါက်တာသန်းထွန်း၏ စကားကဲ့သို့ ဖြစ်မည်စိုးရပါသည်။



# ရှေးဟောင်းပစ္စည်း ခေတ်ခွဲနည်းနှင့် သိပ္ပံ

ရှေးဟောင်းပစ္စည်းတစ်စုံတစ်ရာကို တွေ့ရှိသူတိုင်း၏စိတ်ဝယ် ပေါ်လာ တတ်သော မေးခွန်းတစ်ခုမှာ ‘ဤပစ္စည်း မည်မျှရှေးကျ၍ မည်သည့်ခေတ်ကနည်း’ ဟူ၍ ဖြစ်ပေသည်။ ရှေးဟောင်းပစ္စည်းများနှင့် နှီးနွယ်သူများ၊ ရှေးဟောင်း သုတေသနကို လိုက်စားသူများအဖို့ မိမိတို့လေ့လာကြရသော ရှေးဟောင်း ပစ္စည်းများ၏ သက်တမ်းကို များစွာ သိလိုကြပေသည်။ ရှေးဟောင်းပစ္စည်းများ မည်မျှရှေးကျကြောင်း ဖော်ထုတ်နိုင်သည့် နည်းအဖုံဖုံ ရှိကြသည်တွင် ယင်းတို့ကို ပေါင်းစုလိုက်သောအခါ တိကျခေတ်ခွဲနည်းနှင့် နှိုင်းယှဉ်ခေတ်ခွဲနည်းဟူ၍ နှစ်မျိုးသာ ရရှိ၏။

ပထမဆုံး တိကျခေတ်ခွဲနည်းမှာ ညျူကလီယာရူပဗေဒ ပညာရပ်ကို အသုံးချသောနည်းဖြစ်၏။ ကမ္ဘာကြီးကို လွှမ်းခြုံထားသော လေထုအပေါ်ယံလွှာကို ဖြတ်သန်းလာသော ကော့စမစ်ရောင်ခြည်များသည် ကမ္ဘာ့လေထုနှင့် ထိတွေ့လိုက် ကြသောအခါ ညျူထရွန်များဖြစ်လာကြ၏။ ထိုညျူထရွန်တို့သည် လေထုတွင်းရှိ နိုက်ထရိုဂျင်အနုမြူများနှင့် တိုက်ခိုက်မိရာတွင် အနုမြူဓာတ်ကြွ အိုင်ဆိုတုပ် တစ်မျိုးဖြစ်သော ကာဗွန် ၁၄ ဖြစ်ပေါ်လာသည်။ ထိုကာဗွန် ၁၄ သည် အောက်စီ ဂျင်နှင့်ပေါင်း၍ ကာဗွန်ဒိုင်အောက်ဆိုက် ဖြစ်သွား၏။ ယင်းကာဗွန်ဒိုင် အောက်ဆိုက်သည် တစ်နည်းနည်းဖြင့် သက်ရှိတို့၏ ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိသွားသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် ရောက်ရှိသွားသော သက်ရှိတို့ သေဆုံးကြသော အခါ အနုမြူဓာတ်ကြွ ကာဗွန် ၁၄ အိုင်ဆိုတုပ်သည် သက်ရှိသေဆုံးသည့်အချိန်မှစ၍ သက်တမ်းဝက်နှုန်းဖြင့် စတင်ပြိုကွဲလျော့ပါးတော့သည်။ သက်ရှိသေဆုံးသည့် အချိန်မှ နှစ်ပေါင်း ၅၅၆၈ နှစ်ကြာသောအခါ သက်ရှိသေစ အခါက ခန္ဓာကိုယ် အတွင်း ရောက်ရှိနေသော ကာဗွန် ၁၄ သည် မူလအချိန်အဆ၏ တစ်ဝက်သို့ လျော့နည်းသွား၏။ နှစ်ပေါင်း ၁၁၁၃၆ နှစ်ကြာလျှင် အကျန်မှ နောက်ထပ် တစ်ဝက်လျော့ပြီး လေးပုံတစ်ပုံသာ ကျန်တော့၏။ ဤနှုန်းအတိုင်း လျော့သွား သည်မှာ နှစ်ပေါင်း ၄၀၀၀၀ ခန့် ကြာသွားသောအခါ ကြွင်းကျန်သော ကာဗွန် ၁၄ ၏ အချိန်အဆမှာ လွန်စွာနည်းပါးသွားရကား ယင်းကို တိုင်းထွာ၍ပင်




သေဆုံးချိန်အစ

နှစ်ပေါင်း ၅၅၆၈ နှစ်ကြာလွန်သောအခါ ကာဗွန် ၁၄ ဓါတ်သည် ၁/၂ ကျန်တော့သည်။

နှစ်ပေါင်း ၁၁၁၃၆ နှစ်ကြာမြင့်လျှင် ကာဗွန် ၁၄ ဓါတ်သည် ၁/၄ သာကျန်တော့သည်။



မရတတ်ချေ။ ထို့ကြောင့် တစ်ခါက သက်ရှိဖြစ်ကြဖူးသော မီးသွေးအရိုး၊ ခရုခွံ၊ သစ်သား၊ သစ်စေ့၊ ဆင်စွယ်၊ ပျားဖယောင်း၊ အမွေးအမှင် စသည့် ဝတ္ထုပစ္စည်းတို့အတွင်း ကြွင်းရစ်သော ကာဗွန် ၁၄ ကို တိုင်းထွာကြည့်ခြင်းအားဖြင့် ယင်းတို့သည် မည်မျှ ရှေးကျကြောင်း သိရှိနိုင်သည်။ ဤနည်းကို အသုံးချ၍ ဗိဿနိုးမြို့ဟောင်းမှ တူးဖော်ရရှိသော မီးသွေးများကို ခေတ်ခွဲစမ်းသပ်ကြည့်သောအခါ နှစ်ပေါင်း ၁၈၀၀ ကျော်၊ ၁၉၀၀ နီးပါး ကြာရှိခဲ့ပြီဖြစ်ကြောင်း သိရှိကြရသည်။

ဤနည်းမှာ ကောင်းပင် ကောင်းသော်လည်း စရိတ်စက ကြီးမားလှသည့်အပြင် ချို့ယွင်းချက်များနှင့်လည်း မကင်းသေးသောကြောင့် ကမ္ဘာ့သိပ္ပံပညာရှင်များက ဤနည်းကို ပိုမိုကောင်းမွန်တိကျအောင် လုပ်ဆောင်လျက်ရှိနေကြ၏။ ကာဗွန် ၁၄ နည်းဖြင့် နှစ်ပေါင်း ၄၀၀၀၀ အောက် ရှေးဟောင်းပစ္စည်းများကို ခေတ်ခွဲနိုင်စေကာမူ ထို့ထက်ရှေးကျသော ပစ္စည်းများအတွက် ခေတ်ခွဲရန်မှာ ခက်ခဲသောကြောင့် ပိုတက်စီယမ်အာဂွန်နည်းကို သိပ္ပံပညာရှင်တို့ အသုံးပြုကြ၏။ ပိုတက်စီယမ်သည် အနုမြူဓာတ်ကြွ အိုင်ဆိုတုပ်တစ်မျိုးဖြစ်၍ တစ်စတစ်စ ပြိုကွဲတတ်ပေရာ ယင်း၏တစ်ဝက်သော ပြိုကွဲသက်တမ်းမှာ နှစ်သန်းပေါင်း ၁၃၅၀ ကြာမြင့်၏။ ၎င်းသည် တဖြည်းဖြည်း ပြိုကွဲလျော့ပါးသွားပြီးနောက် ဓာတ်ငွေ့ ဖြစ်သော ကယ်လ်ဆီယမ် ၄၀ သို့မဟုတ် အာဂွန် ၄၀ ဖြစ်သွား၏။ ပိုတက်စီယမ်အနုမြူ ခုနစ်ခုအနက် တစ်ခုခန့်သည် အာဂွန်ဖြစ်သွားသည်။ ဤပြောင်းလဲချက်သည်ပင်လျှင် ခေတ်ခွဲခြားမှုအတွက် အရေးပါလျက်ရှိ၏။

← တစ်ဖက်ပုံမှအဆက်



နှစ်ပေါင်း ၁၆၇၀၄ နှစ်ကြာသောအခါ ကာဗွန် ၁၄ ဓာတ်သည် ၁/၈ သာကျန်တော့သည်။

နှစ်ပေါင်း ၇၀၀၀၀ ကြာလာလျှင် လုံးဝပင်မကျန်ရှိတော့ပေ။

**ထို့ကြောင့် မည်သည့်အဆင့်၌မဆို ကျန်ရှိသော ရေဒီယိုအက်တစ်ဓာတ်ကို မျက်မှောက်ခေတ် ကာဗွန်ဓာတ်၏ ရေဒီယိုအက်တစ်ဓာတ်ကြွပုံနှင့် ယှဉ်ကြည့်သောအခါ သေဆုံးသည့်အချိန်မှစ၍ အချိန်မည်မျှကြာညောင်းခဲ့ပြီဖြစ်ကြောင်း ပြဆိုပေသည်။**

သိပ္ပံပညာကိုသုံး၍ နောက်ထပ် ခေတ်ခွဲနည်းတစ်နည်းမှာ သာမိုလူမီနက်စင်နည်း ဖြစ်သည်။ မြေကြီးဖြင့်ပြီးသော အရာဝတ္ထုအားလုံးတွင် ယူရေနီယမ်၊ သိုရီယမ်နှင့် ပိုတက်စီယမ်ကဲ့သို့ အနုမြူဓာတ်ကြွ ဒြပ်စင်များ အနည်းအကျဉ်း ပါရှိသည်။ ယင်းဒြပ်စင်တို့၏ အနုမြူဓာတ်ကြွမှုသည် အယ်လ်ဖာ၊ ဘီတာနှင့် ဂါမာရောင်ခြည်များကို နှစ်ပရိစ္ဆေဒ ရာပေါင်းများစွာ ထုတ်၏။ ယင်းသို့ ရောင်ခြည်များထုတ်ခြင်းသည် အနုမြူအသီးသီးတွင် ညူကလီယတ်အမြဲတကို လှည့်ပတ်နေသော အီလက်ထရွန်များအား ၎င်းတို့ လှည့်ပတ်နေကျလမ်းမှ လမ်းလွှဲသွားစေ၏။ အီလက်ထရွန်များသည် လမ်းလွှဲသွားရာ၌ တစ်နေရာတွင် ပိတ်နေပြီး အပူကြောင့် လှုပ်ရှားလာသောအခါကျမှပင် ၎င်းတို့၏ မူလပတ်လမ်းသို့ ပြန်ရောက်သွားကြသည်။ အရာဝတ္ထုတစ်ခုထဲတွင် ပိတ်မိနေသော အီလက်ထရွန် အသီးသီးသည် ၎င်းတို့၏ မူလပတ်လမ်း သို့ ပြန်လည်ရောက်ရှိသွားကြသောအခါ 'ဖိုတွန်' ခေါ် အလင်းမှုန်များကို ထုတ်ကြ၏။ ဤသို့ အလင်းမှုန် သန်းပေါင်းများစွာ လွှတ်သောကြောင့် တောက်ပသည်ကို သာမိုလူမီနက်စင်ဟု ခေါ်သည်။ ထိုသို့ အလင်းမှုန်များလွှတ်ခြင်းသည် အလွန်နှေးကွေးရကား အီလက်ထရွန်များ ပိတ်မိနေရန်အတွက် နှစ် ရာပေါင်းများစွာ ကြာလေ့ရှိသည်။ သို့ဖြင့် ရှေးဟောင်း မြေအိုး၊ မြေခွက်များကို အပူပေး၍ ၎င်းတို့ထဲမှ အလင်းမှုန်များဖြာထွက်အောင် ပြုလုပ်တိုင်းတာခြင်းဖြင့် ယင်းမြေအိုးမြေခွက်များသည် မည်မျှရှေးကျကြောင်း တွက်ဆနိုင်၏။ မကြာမီကမှ ပြုလုပ်ပြီး၍ အေးသွားသော မြေအိုးမြေခွက်တို့ကိုမူ ဤသို့ အလင်းမှုန်များ လွှတ်အောင် မလုပ်နိုင်ချေ။

အနုမြူသိပ္ပံပညာရပ်ကို အသုံးချ၍ အထက်ပါအတိုင်း ခေတ်ခွဲကြသည့်အပြင် အခြားတိကျနည်းများကိုသုံးသော ခေတ်ခွဲမှုများလည်း ရှိပေသေးသည်။ မီးတောင်များပေါက်ကွဲ၍ ဖန်ချော်များ ဖြစ်ပေါ်လာကြသောအခါ ထိုဖန်ချော်သည် ရေခိုးရေငွေ့များကို စုပ်ယူခြင်းဖြင့် ယင်းအတွင်း ရေဝင်လာစပြုသည်။ ဤသို့ ရေဝင်ခြင်းသည် နှစ်ပေါင်းများစွာကြာ၏။ ဖန်ချော်၏ အပေါ်ယံလွှာသည် ရေပြည့်သွားသောအခါ နောက်ထပ် ရေကို မစုပ်ယူတော့ချေ။ ဖန်ချော်ပစ္စည်း တစ်ခုကို တိုင်းတာကြည့်သောအခါ ရေဝင်လွှာ ၁၄ မိုက်ကရွန်ရှိပြီး နှစ်ပေါင်း ၁၀၀၀ ကြာမြင့်ခဲ့ကြောင်း သိရသည်။ အထက်ပါနည်းအတိုင်း ဖန်ချော်အတွင်း ရေဝင်လွှာကို တိုင်းတာစစ်ဆေးခြင်းဖြင့် ယင်းဖန်ချော်ဖြင့် ပြုလုပ်ထားသော ရှေးဟောင်းပစ္စည်း၏ သက်တမ်းကို နှစ်ပေါင်း တစ်သိန်းခန့်အထိ တွက်ချက်ရယူနိုင်သည်။

အောက်တွင် ဆက်လက်ဖော်ပြထားသော ခေတ်ခွဲနည်းများမှာ နှိုင်းယှဉ် ခေတ်ခွဲနည်းများ ဖြစ်ကြ၍ ရက္ခဗေဒ၊ ဘူမိဗေဒ၊ ဓာတုဗေဒပညာရပ်များနှင့်



သက်ဆိုင်သည်။ ကန့်လန့်ဖြတ်တောက်ထားသော သစ်ပင်၊ ပင်စည်တွင် သစ်ရစ်များကို တွေ့နိုင်သည်။ တစ်နှစ်လျှင် တစ်ရစ်ကျနှုန်းဖြင့် သစ်ရစ်များဖြစ်ထွန်းလာသည်ကို ရေတွက်နိုင်ပေရာ သစ်ပင်ခုတ်လှဲလိုက်သော ခုနှစ်ကိုသိလျှင် ထိုသစ်ပင်၏ အသက်ကို သစ်ရစ်များအား ရေတွက်ခြင်းဖြင့် တွက်ယူနိုင်သည်။ ဤနည်းကို အသုံးပြုရန်မှာ သစ်ပင် ပင်စည်ရှိမှမဟုတ်ဘဲ ဆောက်လုပ်မှု သစ်သားများ ရှိလျှင်ပင် လုံလောက်၏။ ဤနည်းကို မြောက်အမေရိကတိုက်တွင် နှစ်ပေါင်း ၃၀၀၀ လောက်အထိ ခေတ်ခွဲခြားမှုကိစ္စရပ်များတွင် အကျိုးရှိစွာ အသုံးချကြ၏။

တူးဖော်မှုနှင့် မြေတွင်းမှ ပေါ်ပေါက်စုဆောင်းရရှိသော လူရိုးနှင့် တိရစ္ဆာန်ရိုးများအတွင်းရှိ ဖလူအိုရင်းဒြပ်စင်များ၏ ရာခိုင်နှုန်းများကို တွက်ချက်စစ်ဆေးခြင်းဖြင့်လည်း ထိုအရိုးတို့ကို ခေတ်ခွဲခြား သတ်မှတ်နိုင်သည်။ မြေတွင်းမြှုပ်နေကြသော လူရိုးနှင့် တိရစ္ဆာန်တို့သည် ယင်းတို့နှစ်မြုပ်ရာ သဲနှင့် ကျောက်လွှာများအတွင်းရှိ အစိုဓာတ်များမှ ဖလူအိုရင်းဒြပ်စင်ကို စုပ်ယူကြ၏။ ဤသို့ စုပ်ယူမှုနှုန်းတာသည် လွန်စွာ ကြာညောင်းသည့်အပြင် ယင်းတို့နှစ်မြုပ်ရာ မြေထု၏ အစိုဓာတ် အနည်းအများအပေါ်တွင်လည်း များစွာတည်ပေသည်။ ထို့အပြင် အရိုးနမူနာတစ်ခု၊ နှစ်ခုကို စမ်းသပ်ရုံဖြင့် မလုံလောက်ပေ။ တစ်နေရာတည်းမှ တွေ့ရှိသည့် အရိုးအများအပြားကို နှိုင်းယှဉ်စမ်းသပ် စီစဉ်ရန်လည်း များစွာလိုအပ်ပေသည်။ ဤနည်းကို အသုံးပြု၍ အင်္ဂလန်နိုင်ငံ ကင့်နယ်ဆွမ်း(စ)ကွမ်းဒေသ ကျောက်ခေတ်ဦးဆိုင်ရာအရပ်မှ တွေ့ရှိရသော လူဦးခေါင်းခွံနှင့် ယှဉ်တွဲတွေ့ရသည့် အရိုးများကို ခွဲခြား၍ ဖလူအိုရင်းဒြပ်စင်များအကြောင်း စမ်းသပ်ကြည့်ရှုသောအခါ ယင်းတို့တွင် ဖလူအိုရင်း ရာခိုင်နှုန်း ၂ မျှပါရှိနေကြောင်း တွေ့ကြရသည်။ ဤနည်းကိုသုံး၍ အင်္ဂလန်နိုင်ငံ တက်ဆတ်စ်ပြည်နယ် ပစ်လ်ဒေါင်းအရပ်မှ တွေ့ရှိရသော ရှေးဟောင်းလူသား၏ အရိုးမှာ လုံးဝရှေးမကျလှပဲ အချို့အစိတ်အပိုင်းများကို တစ်စုံတစ်ယောက်က တမင်အတုပြုလုပ်၍ ရှေးဟောင်းသုတေသီနှင့် သိပ္ပံပညာရှင်များအား လှည့်စားရန် ကြိုးပမ်းထားကြောင်း ဖော်ထုတ်နိုင်ခဲ့ကြသည်။

အထက်ပါတို့မှာ ရှေးဟောင်းပစ္စည်း ခေတ်ခွဲနည်း အမျိုးမျိုးတို့ ဖြစ်ကြပေသည်။

# ရောဂါသည်ရှေးဟောင်းပစ္စည်းနှင့် ကုသနည်းအချို့

ရှေးဟောင်းသုတေသနအရာတွင် ရှေးဟောင်းပစ္စည်းများကို ရှာဖွေစုဆောင်းသည့်အပိုင်း၊ လေ့လာ၍ သမိုင်းကွင်းဆက်များ ဖော်ထုတ်ပေးသည့်အပိုင်းနှင့် အမျိုးသားအမွေအဖြစ် အရှည်တည်တံ့အောင် ထိန်းသိမ်းသည့်အပိုင်းဟူ၍ သုံးပိုင်း ပိုင်းခြားနိုင်ပါသည်။ ရှေးဟောင်းပစ္စည်းများ ရေရှည်တည်တံ့ရေးဟူသည် အရာဝတ္ထုတိုင်း ပြောင်းလဲရမည်ဆိုသော ပြောင်းလဲရေးသဘာဝနိယာမတရားနှင့် အစဉ်ဆန့်ကျင်လျက် လုပ်ဆောင်နေရသည့် လုပ်ငန်းမျိုးပင်ဖြစ်ပေသည်။ အကြောင်းမူ ရှေးဟောင်းပစ္စည်းများကို ပြုလုပ်ထားသော အရာဝတ္ထုတို့၏ အတွင်းသဘောများကပင် သဘာဝနိယာမတရားများအတိုင်း ပြောင်းလဲပြိုယွင်းလျက် ရှိသောကြောင့်ဖြစ်၏။ တစ်နည်းအားဖြင့် ရှေးဟောင်းပစ္စည်းတိုင်းသည် ယင်းအားပြုလုပ်ထားသော ဝတ္ထုပစ္စည်း အမျိုးအစားအလိုက် အနေးနှင့်အမြန် ပြိုယွင်းပျက်ပြုန်းနေသောကြောင့် ယင်းပျက်ပြုန်းရမှုသဘောကပင်လျှင် ရောဂါတစ်ခုခု ဖိစီးသည့်အဓိပ္ပာယ်မျိုး သက်ရောက်နေပေ၏။ ထို့ကြောင့် ရှေးဟောင်းပစ္စည်းဟူသည် ရောဂါသည်တစ်မျိုးပင် ဖြစ်သည်။

သမိုင်းမတင်မီ ကျောက်ခေတ်အခါက လူသားများသည် မိမိတို့၏ အသက်မွေးမှုအတွက် တောရိုင်းတိရစ္ဆာန်ကြီးများကို နည်းမျိုးစုံဖြင့် ဖမ်းယူလေ့ရှိခဲ့ကြသည်။ ထိုသို့ ဖမ်းယူပြီးသော တိရစ္ဆာန်များကို ခုတ်ထစ်ဖြတ်တောက်ရာ၌ ကျောက်လက်နက်များ၊ အရိုးလက်နက်များနှင့် သစ်သားလက်နက်များကို အသုံးချခဲ့ကြသည်။ နှစ်ပရိစ္ဆေဒ ကြာညောင်းလှပြီဖြစ်သောကြောင့် သစ်သားနှင့် အရိုးလက်နက်များမှာ ပျက်စီးပျောက်ကွယ်ခဲ့ပြီ ဖြစ်သော်လည်း ကျောက်လက်နက်များကား ကျန်ရစ်လာသည်မှာ မျက်မှောက်ခေတ်အထိပင် ဖြစ်ပေသည်။ သို့သော် ယင်းကျောက်လက်နက်များပင်လျှင် တစ်နေ့သောအခါ ပျက်စီးပြုန်းတီးကြရဦးမည်ဖြစ်သည်။ ဤတွင် ထိုသို့မပျက်စီးမီ အတတ်နိုင်ဆုံး တည်တံ့ကြံ့ခိုင်အောင် ဆောင်ရွက်ရန်သည် ရှေးဟောင်းသုတေသီများအဖို့ ကြီးမားလှသော တာဝန်တစ်ရပ်ပင် ဖြစ်၏။ ဤနေရာ၌ ကျောက်ခေတ်များတွင် အသုံးပြုခဲ့သော လက်နက်ကိရိယာများမှ ကျောက်တို့၏သဘောကို စဉ်းစားရန် လိုအပ်လာပေသည်။ ကျောက်ဟူသည် ကျောက်ပြုတွင်းထွက်များ စုပေါင်းဖွဲ့စည်းထားသော အရာ



ဖြစ်သည်ဟု ဘူမိဗေဒပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုထား၏။ တွင်းထွက်ဟူသည်မှာလည်း သဘာဝအားဖြင့် သက်မဲ့ အင်အော်ဂင်နစ် အစိုင်အခဲဖြစ်၍ ယင်းတွင် တိကျသောဓာတုဖွဲ့စည်းမှုနှင့် စနစ်ကျသော အနုမြူဖွဲ့စည်းမှု ပါရှိသည်။

သို့သော် ကျောက်များတွင် ဖွဲ့စည်းပါဝင်နေသော တွင်းထွက်များမှာ တစ်ခုနှင့်တစ်ခု မတူညီကြချေ။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်တွင် အပြောင်းအလဲရှိသည့်အခါတိုင်း ကျောက်များအတွင်းရှိ မတူညီသောတွင်းထွက်များကလည်း မတူညီသော တုံ့ပြန်မှုများကို ပြုမူကြသည်။ တစ်နည်းအားဖြင့် ရာသီဥတု အပြောင်းတွင် တွင်းထွက်များသည် ကျုံ့ကျုံ့မှု၊ ပြန့်ကားမှုအမျိုးမျိုး ပြုလုပ်ကြခြင်း ဖြစ်သည်။ ဤသို့ ကျုံ့ကျုံ့၊ ပြန့်ကားမှုများ ပြုဖန်များလတ်သော် တွင်းထွက်များ ပေါင်းစုထားသော ကျောက်များသည် သိပ်သည်းမှုများ လျော့ပါးကာ ကွဲအက်လာကြလေတော့သည်။ ဤအက်ကွဲရာများ အတွင်းသို့ အရည်ပျော်ဓာတ်ဆားများ စိမ့်ဝင်ပြန်လျှင် ပျက်စီးမှုမှာ ပိုမိုလျှင်မြန်လာပေသည်။ ယင်းပျက်စီးမှု ရောဂါများကို ကုစားရန်မှာ ဓာတ်ဆားများကိုကုန်စင်အောင် စက္ကူပျော့ဖတ်များဖြင့် ကျောက်များ (ဝါ) ကျောက်လက်နက်များကို မံထားပြီး အတွင်းရှိ အန္တရာယ်ပြုဓာတ်ဆားများကို စုပ်ယူစေခြင်းဖြစ်သည်။ ယင်းနောက် သင့်လျော်သော ဓာတ်ဆေးများဖြင့် သုတ်လိမ်းပေး၍ အရှည်တည်တံ့အောင် ပြုလုပ်ရ၏။

ကျောက်ခေတ်လွန်မြောက်လျှင် ကြေးလက်နက်များကို ကုန်ထုတ်ကိရိယာအဖြစ် သုံးစွဲလာကြသော ကြေးခေတ်သို့ရောက်၏။ ကြေးလက်နက်များကို ကြေးနီသက်သက်ဖြင့်လည်းကောင်း၊ လောဟာလက်နက်အဖြစ် အခြားသတ္တုတစ်မျိုးမျိုးနှင့် ရောနှော၍လည်းကောင်း ပြုလုပ်ထား၏။ မြန်မာပြည်တွင် ယနေ့အထိ ကြေးလက်နက် ၁၄ ခု တွေ့ရှိခဲ့ဖူးရာ ယင်းတို့တွင် အများစုမှာ လောဟာသတ္တုများဖြင့် လုပ်ထားသည်ဟု သိရပါသည်။ သမိုင်းခေတ် ရှေးဟောင်းဒေသများ တူးဖော်ရာမှ ရရှိခဲ့သော ကြေး လက်နက်များတွင် အညိုစိမ်းများ တက်နေသည်ကို တွေ့ရှိရပေသည်။ ဤသို့တွေ့ရှိရသော လက်နက်များမှာ ရောဂါဝေဒနာ ခံစားနေရသည့် သဘောပင်ဖြစ်သည်။ ဤဝေဒနာများကို ကုစားရန်မှာ ဦးစွာပထမ အပေါ်ယံဖုံးလွှမ်းနေသော အညိုများကို သွပ်နှင့် ကော့စတစ်ဆော်ဒါ ငါးရာခိုင်နှုန်း ရောစပ်ထားသော အရည်နှင့် သုတ်သင်ပေးခြင်းပင် ဖြစ်ပါသည်။ အညိုများ ထူထပ်စွာ ဖုံးလွှမ်းနေလျှင် ကော့စတစ်ဆော်ဒါ တစ်ဆ၊ တာတရစ်အက်ဆစ် တစ်စတို့ကို ရေ ၁၀ ဆဖြင့်ရော၍ သုတ်သင်ပေးရပါသည်။ ပြီးလျှင် အရှည်တည်တံ့အောင် ဗီနိုင်းအက်ဆီးတိတ်ကဲ့သို့ သင့်လျော်သော ဓာတ်ဆေး

များဖြင့် သုတ်လိမ်း ထိန်းသိမ်းထားရ၏။

သံခေတ်တွင်တွေ့ရသောလူသုံးလက်နက်ကိရိယာတို့မှာ များပြားသည့်နှင့်အမျှ အမျိုးလည်း စုံလင်ကြပေသည်။ မြန်မာပြည်တွင် ပျူခေတ်မြို့ဟောင်းများဖြစ်ကြသော ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာမြို့များတွင် အသုံးပြုခဲ့သော လက်နက်ပစ္စည်းများ၌ ဓား၊ လှံ၊ မြားသွား၊ ရူးဆောက်၊ ပဲခွပ်၊ ပုဆိန်သွားစသည်များနှင့် အိမ်ရိုက်သံအမျိုးမျိုး၊ ဆုံလည်တံခါးမှ သံဆုံလည်ကြီးများ၊ ရာဇမတ်ကွက် ဖော်ရာတွင် အသုံးပြုသော စည်ပတ်သံပြားသဏ္ဌာန် သံပြားများစသည်ဖြင့် အမျိုးအစား စုံလင်လှပေသည်။ ယင်းသံထည်ပစ္စည်းများမှာ အားလုံးလိုလို သံချေးများ အထပ်ထပ်ဖုံးလွှမ်းထားခြင်း ခံနေရသည့်အပြင် မီးလောင်ကျွမ်းခြင်းကိုလည်း ခံထားကြရ၏။ တစ်နည်းအားဖြင့် ရောဂါကျွမ်းနေသည့် သဘောပင်ဖြစ်သည်။ ယင်းတို့ကို စစ်ဆေးကြည့်ရှုသူ ရှေးဟောင်းသုတေသန ဓာတုဗေဒပညာရှင်များ၏ အဆိုအရ ယင်းတို့အား သံချေးတက်နေသည်မှာ သံသတ္တုအနှစ်သားပင် မကျန်သလောက်ဖြစ်ကြောင်း သိကြရ၏။

ဤကဲ့သို့ ရောဂါကျွမ်းနေသည့် ရောဂါသည် သံထည်ပစ္စည်းတို့ကိုမူ ကျန်နေသေးသည့် အနှစ်သား သံသတ္တုပေါ်မှုတည်ကာ ကော့စတစ်ဆော်ဒါ ငါးရာခိုင်နှုန်းအထိ အသုံးပြု၍ သံချေးများကို ထိုက်သင့်သလို ဆေးကြောရပါသည်။ သံအနှစ်သား အတော်အတန်ကျန်သေးသော ပစ္စည်းများအတွက် ပိုတက်စီယမ်ဘိုင်နိုဆလ်ဖိတ်အရည် ၁၀ ရာခိုင်နှုန်းဖြင့် သုတ်သင်သန့်စင်လျှင် လုံလောက်ပါသည်။ ယင်းနောက် သုတ်သင်ပြီးပစ္စည်းများကို ပေါင်းဖိုအတွင်း ခြောက်သွေ့စေပြီး ရေရှည်တည်တံ့အောင် လိုအပ်သောဓာတ်ဆေးများ သုတ်လိမ်းထားရှိရပါသည်။

ကျောက်ခေတ်သစ် (ဝါ) သမိုင်းဦးဘုံမြေခေတ်မှစတင်၍ အများအပြားတွေ့ရှိရသော အိုးခြမ်းကွဲကဲ့သို့ မြေထည်ပစ္စည်းများမှာမူ မီးဖုတ်ထားသည့်အတွက် မပျက်မယွင်း ရေရှည်တည်တံ့လေ့ ရှိတတ်ကြ၏။

ယင်းတို့တွင် ကပ်ငြိနေသော အရည်ပျော်တတ်သည့် ဓာတ်ဆားများနှင့် အခြားအညစ်များအတွက် သာမန်အားဖြင့် ရေဆေးရုံနှင့် လုံလောက်ပေသည်။ အကယ်၍ ထုံးများကပ်ငြိနေပါက ဟိုက်ဒရိုကလိုရစ် အက်ဆစ် တစ် သို့မဟုတ် နှစ် ရာခိုင်နှုန်းဖြင့် သုတ်သင်ပြီးလျှင် ရေစင်အောင် ဆေးပစ်ရသည်။

သို့သော် နေလှမ်း နှံ့ထည်ပစ္စည်းများကိုမူ ရေဆေး၍ မဖြစ်ချေ။ ရေတွင်အရည်ပျော်သွားပေမည်။ ယင်းတို့အား ရှေးဦးစွာ လေဖြင့် ခြောက်သွေ့စေပြီး လျှပ်စစ်ပေါင်းဖိုအတွင်း ထည့်သွင်း၍ အပူဓာတ်ကို ၆၀၀ ဒီဂရီ စင်တီဂရိတ်အထိ တဖြည်းဖြည်း မြှင့်ပေးရမည်။ ယင်းနောက် အပူဓာတ်ကို လျှော့ချပစ်ပြီး



အအေးခံကာ ကြံ့ခိုင်မှုကို ဖြစ်စေရသည်။ ပြီးလျှင် ကပ်ငြိနေသော အညစ်အကြေးများကို ရေဖြင့် ဆေးပစ်ကာ နူးညံ့သော ဝက်မှင်ဘီးများဖြင့် ပွတ်တိုက်ဆေးကြောရပါသည်။

ရှေးဟောင်းပစ္စည်းများ ရေရှည်တည်တံ့အောင် သုတ်သင်ထိန်းသိမ်းနည်းများမှာ အများအပြားပင် ရှိပါသည်။ သို့သော် သိပ္ပံနည်းတကျ လုပ်ဆောင်ရသည့် လုပ်ငန်းများဖြစ်သောကြောင့် ယခုထက်ပို၍ ဖော်ပြလျှင် စာဖတ်သူများအဖို့ ရှုပ်ထွေးသွားနိုင်စရာ ရှိပါသည်။ သို့ဖြစ်သောကြောင့် အခြားရွှေထည်၊ ငွေထည်၊ သစ်သားထည်၊ အရိုး၊ ဆင်စွယ်နှင့် သားရေထည်များကို မည်သို့မည်ပုံ သုတ်သင်ထိန်းသိမ်းရကြောင်း ဖော်မပြတော့ပါ။

အချုပ်သဘောတွင် ရှေးဟောင်းပစ္စည်းများသည် သက်ရှိသတ္တဝါများကဲ့သို့ပင် သဘာဝပတ်ဝန်းကျင်၏ ဖောက်ဆော်မှုများကြောင့်လည်းကောင်း၊ ယင်းတို့အား ပြုလုပ်ထားသည့် ဝတ္ထုပစ္စည်းများ၏ သဘာဝဖွဲ့စည်းမှုများနှင့် အားနည်းချက်များကြောင့်လည်းကောင်း၊ နေ့စဉ်နှင့်အမျှ ပျက်စီးယိုယွင်းလျက် ရှိနေကြ၏။ ဤသည်တို့ကို အနာဂတ်မျိုးဆက် သားမြေးများအတွက် ဘိုးဘေးတို့ထားရစ်ခဲ့သော အမွေအနှစ်များအဖြစ် ကျန်ရစ်အောင် သိပ္ပံနည်းနာများကို အသုံးချပြီး မျက်မှောက်ခေတ် တာဝန်ရှိသော ကျွန်ုပ်တို့က ထိန်းသိမ်းပေးနေကြရခြင်းပင် ဖြစ်ပေသည်။ ဤသို့ ထိန်းသိမ်းရာတွင် အတိတ်က ကောင်းမွေများကို အနာဂတ်ကာလ၌ ဆတက်ထမ်းပိုး တိုးတက်အတုယူနိုင် တီထွင်ဖန်တီးနိုင်ကြစေရန် ရည်သန်ရင်းဖြစ်ကြောင်း တင်ပြရပါသည်။

## အခန်း ၂

# တူးဖော်မှု

# ရှေးဟောင်းသုတေသနကွင်းဆင်းလုပ်ငန်း

ရှေးဟောင်းသုတေသန လုပ်ငန်းရပ်များတွင် ကွင်းဆင်းစူးစမ်းရန်သည် အဓိကဖြစ်သည်။ ကွင်းဆင်းလုပ်ငန်းဟု ဆိုရာ၌ နှစ်မျိုးရှိသည်။ (၁) မြေပေါ် အထောက်အထားများကို နည်းအမျိုးမျိုးဖြင့် စူးစမ်းမှတ်တမ်းတင်ရန်နှင့် (၂) မြေအောက် အထောက်အထားများကို သိပ္ပံနည်းတကျ တူးဖော်သုတေသနပြုရန်ဟူ၍ ဖြစ်ကြပေသည်။ ဤသို့သော ကွင်းဆင်းသုတေသနကို မဆောင်ရွက်မီကပင် ပြင်ဆင်မှုများ ပြုလုပ်ရာ၌ မိမိတို့လေ့လာလိုသော အရပ်ဒေသအတွက် မှတ်တမ်းတင်ပြီးသားသမိုင်း၊ ကျောက်စာ၊ ပေစာ၊ ကြေးပြားစာ၊ ခေါင်းလောင်းစာ၊ အုတ်ခဲစာမှစ၍ ရှေးဟောင်းအထောက်အထားအမျိုးမျိုး၊ ယုတ်စွအဆုံး အိုးခြမ်းကွဲများအထိ စုဆောင်းထားရှိရန် လိုအပ်ပေသည်။ ရာဇဝင်၊ ပုံပြင်၊ ဒဏ္ဍာရီမှစ၍ သက်ကြီးစကားတိုင်အောင် ကြိုတင်လေ့လာထားရပါမည်။

ရှေးဟောင်းသုတေသန ပြုလုပ်မှုသည် စနစ်တကျ (ဝါ) သိပ္ပံနည်းတကျ ပြုလုပ်သည်ဟု ဆိုပြီး ယုံတမ်းဆန်သော ဒဏ္ဍာရီပုံပြင်များအထိ လေ့လာရမည်ဟု ရေးပြန်သောအခါ စာဖတ်သူများ နားရှုပ်ထွေးကောင်း ရှုပ်ထွေးပေလိမ့်မည်။ အမှန်အားဖြင့် ကွင်းဆင်းစူးစမ်းမှုဟူသည် အလင်းထဲမှ အမှောင်ထဲသို့ သိပြီး အခြေအနေမှ မသိရသေးသောအခြေအနေသို့ တိုးတက် စူးစမ်းခြင်းပင်ဖြစ်ရာ လိုအပ်က ဒဏ္ဍာရီပုံပြင်များကိုပင် လေ့လာ၍ အချက်အလက်များ ထုတ်နုတ် စုဆောင်းကာ ထိုရရှိသော အချက်အလက်များကို စိစစ်စိတ်ဖြာပြီး ယုတ္တိတန် မတန် ဝေဖန်ရန် လိုအပ်သောကြောင့်လည်းကောင်း နောင် အမှန်တကယ် မိမိ ဆောင်ရွက်သည့် ကွင်းဆင်းလုပ်ငန်းမှ လက်တွေ့လေ့လာရရှိသော အချက်အလက်များနှင့် ညှိနှိုင်းတိုက်ဆိုင်ရန် လိုအပ်သောကြောင့်လည်းကောင်း ဖြစ်သည်။

ဥပမာ- ဗိဿနိုးမြို့ဟောင်း၌ ကွင်းဆင်းလုပ်ငန်း မဆောင်ရွက်မီကပင် ဗိဿနိုးမြို့ဟောင်းနှင့် ပတ်သက်သည့် သမိုင်းအထောက်အထားများကို တောင်တွင်းကြီးသမိုင်းမှ ထုတ်ယူစုဆောင်းသကဲ့သို့ပင် ပြုလုပ်ရန် ဖြစ်သည်။ ဤနည်းနှင့် အချက်အလက်များကို မစုဆောင်းလျှင် လုပ်ငန်းစတင်ရန်ပင် ခက်ခဲလှသည်။ ထို့ကြောင့် ကွင်းဆင်းသုတေသီအဖို့ ရပ်တည်စရာသည် ရာဇဝင်၊ သမိုင်း၊ ပုံပြင်၊ နိပါတ်မှစ၍ သက်ကြီးစကားအဆုံးပင် ဖြစ်သည်။ အထူးသဖြင့်

ကျင်းစော်လှုတောင်အတွက် အဓိကနှင့် အခြေခံအကျဆုံး၊ အထောက်အထား ဖြစ်သော 'အိုးခြမ်းကွဲ'များ စုဆောင်းရန် လိုအပ်လှပေသည်။

ရှေးဟောင်းသုတေသီ လေ့လာရမည့်ကွင်းသို့ ရောက်သောအခါ မြေကိုပြီး ဦးစွာပထမ တစ်လက်မ တစ်မိုင်စကေး မြေပုံများကို အသုံးချပြီး ရှေးဟောင်း အမှတ်အသားများကို ရှာဖွေလေ့လာ မှတ်သားရပါမည်။ မြေပုံတွင်မပါရှိသော တိမ်မြုပ်နေသည့် မြို့ဟောင်းရာ၊ အဆောက်အဦနေရာများကိုမှ အထက်က ကြိုတင်လေ့လာထားခဲ့သော သမိုင်းဟောင်း၊ ပုံပြင်ဟောင်း၊ သက်ကြီးစကားများ ဖြင့် ညှိနှိုင်းရှာဖွေ ဖော်ထုတ်ရန်အတွက် သဘာဝရေစီးချောင်းများ၊ မိုးရေကြောင့် ဖွေးလုပ်ပေါ်ပေါက်လာတတ်သည့် ရေမြောင်းငယ်များကို သေချာစွာ စူးစမ်းပြီး ရေတိုက်စားမှုကြောင့် ပေါ်ပေါက်လာတတ်သည့် ရှေးဟောင်းပစ္စည်းများ၊ အိုးခြမ်းကွဲများ၊ လွန်ယက်စိုက်ပျိုးသော လယ်ပြင်ဖြစ်လျှင် လွန်ကြောင်းများမှ အလားလှပစ္စည်းများကို စုဆောင်းလေ့လာရပါမည်။ ယင်းသို့ပြုလုပ်စဉ်တွင်ပင် စိစစ်လေ့လာနေသည့် အရပ်ဒေသ၏ ပင်လယ်ရေမျက်နှာပြင်မှ မြင့်မှုအမြင့်ကို လည်းကောင်း၊ အနီးဆုံး စီးရေထားသွတ်ချ တည်ရှိရာကိုလည်းကောင်း၊ မြေ့ကြောင့်ပြီး မြည်လျှပ်ရှိသော အချက်များကိုလည်းကောင်း မှတ်သားထားရန် လိုသည်။ ယင်းနောက်တွင်မူ အထက်ကအသုံးပြုခဲ့သော မြေပုံများ၏ အလွန်သည့်ဖြင့် စိစစ်လေ့လာသော အရပ်ဒေသကို ထပ်မံမြေတိုင်းကာ မြေပုံသစ် ရေးဆွဲရပါမည်။ မြေပုံရေးဆွဲရာတွင် ရှေးဟောင်းအဆောက်အဦ အကြွင်း အကျန်များ၊ ရှေးဟောင်းပစ္စည်း အစအနများနှင့် အိုးခြမ်းကွဲများ တွေ့ရှိတတ်သည့် တောင်ကုန်းများ၊ မြို့ရိုးရာ၊ ကျုံးရာ၊ နန်းတော်ရာ စသည်တို့ကိုလည်း မြေပုံသစ်တွင် ထည့်သွင်းရန် သတိမူရပေမည်။

ဗဟုသုတရှိပုံပြင်များနှင့်လည်းကောင်း၊ သက်ကြီးစကားနှင့်လည်းကောင်း ဖော်ထုတ်ခြင်းမှာ မစွမ်းနိုင်လောက်အောင် လုံးဝ တိမ်မြုပ်ပျောက်ကွယ်နေသော ရှေးဟောင်းအဆောက်အဦများအတွက် သိပ္ပံနည်းများကို အသုံးပြု ဖော်ထုတ်ယူရ ပါမည်။

သိပ္ပံနည်းများတွင် အလွယ်ကူဆုံးသောနည်းမှာ ကောင်းကင်မြေတိုင်းလုပ်ငန်း အတွက် လေယာဉ်ပေါ်မှ ရိုက်ယူထားသော ဓာတ်ပုံများကို **(Stereoscope)** ခေါ် မှန်ဘီလူးငယ်ဖြင့် ကြည့်ရှုလေ့လာခြင်းပင် ဖြစ်သည်။ တစ်နေရာတည်းအတွက် ရိုက်ယူထားသော ဓာတ်ပုံနှစ်ပုံကို တစ်ခုပေါ်တစ်ခု တစ်ဝက်ခန့်ထပ်၍ အထက်ပါမှန်ဘီလူးငယ်ဖြင့် ကြည့်ရှုလေ့လာသောအခါ မြို့ရိုးများသည် နိမ့်ဝင်သွားပြီး တောင်ကုန်းများသည် ကြွတက်လာကြောင်း တွေ့ရပေမည်။ တစ်နည်းအားဖြင့် လုံးဝန်းဖြစ်ရသည့် သဘောဖြစ်သည်။ ဤနည်းကို သုံး၍



မြန်မာနိုင်ငံ ကောင်းကင်မြေတိုင်းဌာနမှ ရိုက်ယူထားသည့် ရှေးဟောင်း မြန်မာ့မြို့ဟောင်းများအကြောင်းကို ဖော်ထုတ်လေ့လာကြပြီး မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနတွင် တင်ပြထားကြသည်။ ဤနည်းကိုပင် ရှေးဟောင်း သုတေသနဌာနကလည်း အသုံးချနေကြ၏။


ဤနည်း၏ အခြေခံသဘောမှာ အောက်ပါအတိုင်းဖြစ်သည်။ နေရောင်ခြည် များသို့ ကမ်းပါးယံ၊ တောင်ကုန်း၊ မိုင်ဝှမ်းနှင့် လွင်ပြင်များကို ရိုက်ယူထားသော ပုံများတွင် မြေတွင်းသို့ တိမ်မြုပ်နေသည့် အဆောက်အဦသဏ္ဌာန်များ ပေါ်သော တတ်သည်။ ဤသို့ ပေါ်ရန်အတွက် အရိပ်နိမ့်ချိန်တွင် တောင်ပြင်ကြီးများ ရှိလွှမ်းမနေရန်လိုသည်။ လွင်ပြင်နှင့် အရောင်ပြောင်းလဲနေသော မြေမျက်နှာ ပြင်၏ အရိပ်ကိုလည်း အထိုပါဓာတ်ပုံများတွင် တွေ့ရှနိုင်သေးသည်။ မြေတွင်မြုပ်နေသော အဆောက်အဦရှိသည့်နေရာတွင် ကောက်ပဲသီးနှံ၏ အမြစ်များသည် မြေတွင်းသို့ ကောင်းစွာတိုးဝင်ခြင်း မရှိတတ်ချေ။ အပင်များ ဖြိုင်းရရှိုင်းမပေါက်ဘဲ ကြိုးကြိုးကျဲကျဲ ရှိတတ်သည်။ အဆောက်အဦမရှိသော နေရာ၌ကား ကောက်ပဲသီးနှံများ ပိုမိုပေါက်ရောက်တတ်သည်။ ဤခြားနား ချက်သည် ကောင်းကင်ရိုက်ဓာတ်ပုံတွင် ပေါ်လွင်နေတတ်သည်။

ဘူမိရူပ သိပ္ပံနည်းဖြင့်လည်း မြေတွင်းမြုပ် ရှေးဟောင်းဒေသများကို ဖော်ထုတ်နိုင်သည်။ ဤနည်း၏ အခြေခံသဘောမှာ မြေထုအပေါ်ယံလွှာများ၏ လျှပ်စစ်ဓာတ်ဆိုင်ရာ ပြုမူမှုသည် ယင်းအလွှာများ အတွင်းသို့ လှောင်ထားသော ရေနှင့် အရေပျော်ဓာတ်ဆားများ အနည်းအများပေါ် အခြေတည်သည်။ ရေသည် ကျောက်ဖြင့်ပြီးသည့် ရှေးဟောင်းအဆောက်အဦများ နစ်မြုပ်ရာ မြေမှာထက် စိုက်ပျိုးနိုင်သောမြေတွင် ပိုမိုကိန်းဝပ်နိုင်သည်။ ရှေးအခါက ကျုံးဟောင်းချိုင့်ဝှမ်း များဖြစ်ခဲ့သော နေရာများမှာလည်း ရေကို ပိုမိုစုပ်ယူနိုင်သဖြင့် အစိုဓာတ် ပိုလေ့ ရှိသည်။ ဤသို့သော ရေဝပ်မှုအနည်းအများကို အခြေတည်၍ မတူသော လျှပ်စစ်ဓာတ် ပြုမူပုံကို သေချာစွာ တိုင်းထွာမှတ်သားခြင်းဖြင့် အရပ်ဒေသ တစ်ခုတွင် ရှေးဟောင်းအဆောက်အဦ အကြွင်းအကျန်များ ရှိမရှိ၊ ကျုံးဟောင်း ချိုင့်ဟောင်းများ ရှိမရှိ ဖော်ထုတ်နိုင်ပေသည်။

ဒေသတစ်ခုမှ မြေကြီးကို ဓာတုဗေဒနည်းအရ ဓာတ်ခွဲခြင်းဖြင့်လည်း ထိုဒေသသည် ရှေးဟောင်းဒေသဟုတ်မဟုတ် ဖော်ထုတ်နိုင်သည်။ လူအနေ ကြာသော ရှေးဟောင်းဒေသတွင် လူစွန့်ပစ်သည့် အညစ်အကြေး အမှိုက်သရိုက် များကြောင့် ဒေသခံမြေကြီး ဓာတ်သဘာဝများ ပြောင်းလဲသည်။ ဤသို့ ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော ဖော့စဖိတ် **(Phosphate)** များမှာ ရေတွင် အရေပျော်ဝင်မှု မရှိသဖြင့် အရပ်ဒေသတစ်ခုတွင် ကြွင်းရစ်သော

ဖော့စဖိတ်အနည်းအများကို ခန့်တွက်ခြင်းဖြင့်လည်း ထိုအရပ်သည် ရှေးဟောင်းဒေသဟုတ်မဟုတ် မှန်းဆနိုင်သည်။

ဤသည်တို့မှာ သိပ္ပံပညာရပ်အချို့ကို အသုံးချ၍ ရှေးဟောင်းဒေသများ ဖော်ထုတ်လေ့လာခြင်းပင် ဖြစ်သည်။ မြန်မာပြည်တွင်မူ ကွင်းဆင်းသုတေသန ဆောင်ရွက်ရာ၌ ကောင်းကင်မြေတိုင်း ဓာတ်ပုံများကိုသာ အသုံးချရသေးသည်။ သို့သော် အိုးခြမ်းကွဲများကို အပတ်တကုတ်စုဆောင်းကာ အိုးတို့၏မူလ ပုံပန်း အဆင်တန်ဆာ ပြုလုပ်ထားသည့် ရွှံ့တွင်ပါဝင်သော ဓာတုဗေဒဆိုင်ရာ အချက်အလက်များကို စနစ်ဖယားချ၍ အရပ်ဒေသအလိုက် ညှိနှိုင်းတိုက်ဆိုင် လေ့လာခြင်းဖြင့် ရှေးဟောင်းဒေသများ (ဝါ) ရှေးဟောင်းယဉ်ကျေးမှုများကို အတော်အတန် သေချာစွာ ဖော်ထုတ်နိုင်ပေသည်။ ဤနည်းကို မြန်မာနိုင်ငံအပါအဝင် သိပ္ပံပညာတိုးတက်သည့် နိုင်ငံများကပင်လျှင် လက်မလွှတ်နိုင်ကြချေ။ ဥပမာ- ဗိဿနိုးမြို့ဟောင်းမှ ရေတည်အိုးသည် ကိုယ်ထည်လုံးဝန်း၍ နှုတ်ခမ်းမှာ မြေပါးပျဉ်းသဖွယ် အတွင်းသို့ကုပ်သည်။ ဟန်လင်းမှ အိုးခွက်များတွင် အများဆုံးတွေ့ရသော ထမင်းထည့်စားဟန်တူသည့် မြေပန်းကန်ဓာက်များ ပါဝင်သည်။ ဤပုံစံများနှင့် အခြားအလှယ်များ တွေ့ရှိရာအရပ်များသည် ဗိဿနိုးယဉ်ကျေးမှု၊ ဟန်လင်းယဉ်ကျေးမှု ပျံ့နှံ့လိမ့်မည်ဟု ယေဘုယျဆိုနိုင်ရာသည်။ ဤခန့်မှန်းချက်ကို ထောက်ကူနိုင်ရန်တွက် ပုံစံတူ အဆောက်အဦများ ပုံစံတူ ရှေးဟောင်းပစ္စည်း အသေးအဖွဲများ စသည့် အထောက်အထားများဖြင့် ညှိနှိုင်းတိုက်ဆိုင်နိုင်လျှင် ဗိဿနိုး၊ ဟန်လင်း ယဉ်ကျေးမှုများ ပျံ့နှံ့ရာဒေသ ဟုတ်မဟုတ် ဆုံးဖြတ်နိုင်ပေသည်။ ဤနည်းမှာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှ ရှေးဟောင်းသုတေသီများ တွင်ကျယ်စွာ အသုံးချကြသော နည်းဖြစ်၏။ ဤနည်းကို ပုံစံတူ ညှိနှိုင်းလေ့လာနည်း **(Typology)**ဟု ခေါ်သည်။



ပုံ (၂)။ ရှေးဟောင်းနေရာဒေသများသို့ ကွင်းဆင်း သုတေသနလုပ်ငန်း ဆောင်ရွက်နေစဉ်



# တူးဖော်မှုလုပ်ငန်း

တူးဖော်မှု၏ အဓိကရည်ရွယ်ချက်သည် မြေပေါ်၌တွေ့ရှိရသော အထောက်အထားများနှင့် မလုံလောက်သောကြောင့်လည်းကောင်း၊ သို့မဟုတ် မြေပေါ်အထောက်အထားများကို မြေအောက် အထောက်အထားများဖြင့် ဖြည့်စွက်ပြင်ဆင် အတည်ပြုနိုင်ရန်အတွက်ကြောင့်လည်းကောင်း၊ တူးဖော်ရခြင်းပင် ဖြစ်သည်။ ဤတွင် တူးဖော်ခြင်းဟု ဆိုလိုက်ရုံဖြင့် မြေလွှာများဆင့်ထပ်နေပုံကို ဖျက်ဆီး၍ ရှေးဟောင်းအထောက်အထားများ ရှာဖွေရခြင်းဖြစ်သည်ကို သဘောပေါက်ထားရပါမည်။ တစ်ခါတူးဆွ ဖျက်ဆီးပစ်လိုက်သော မြေလွှာသည် နောက်တစ်ကြိမ်ထပ်မံ၍ အကောင်းပကတိအတိုင်း ဖြစ်မလာနိုင်တော့ချေ။ ထို့ကြောင့် မြေလွှာများကို တူးဆွဖျက်ဆီးရသည်နှင့် ကာမိစေရန် တူးဖော်ရာမှ တွေ့သမျှ အထောက်အထားများကို စနစ်တကျ မှတ်တမ်းတင်ရန်မှာ လွန်စွာအရေးကြီးလှသည်။

မည်သည့်နေရာ ကျင်းအနက်မည်မျှ၊ မည်သည့်ပစ္စည်းများနှင့် ယှဉ်တွဲတွေ့ရှိရသည် စသော အချက်များကို စနစ်တကျ မှတ်တမ်းတင်ရန် လိုအပ်သကဲ့သို့ ဤသို့ မှတ်တမ်းတင်နိုင်ရန်လည်း နည်းစနစ်များ သတ်မှတ်ပြဌာန်းထားသည်။ ဤနည်းစနစ်များနှင့် လုပ်နည်းလုပ်ဟန်များ၏ အဓိကရည်ရွယ်ချက်မှာ နောင်အခါ မိမိတူးသောဒေသ၏ ရှေးဟောင်းသမိုင်းကို စီစဉ်တကျ ဖော်ထုတ်လေ့လာနိုင်ရန်အတွက်ပင် ဖြစ်သည်။ သို့သော် မည်သည့်တူးဖော်မှုမျိုးမဆို၊ မိမိစိတ်အထင်ဖြင့် မမြင်မျက်ရမ်း မှန်းဆဆောင်ရွက်ခြင်းမျိုး မဟုတ်ချေ။ တူးဖော်ရှာဖွေရမည့် မပြေလည်သော သမိုင်းရေး ပြဿနာရပ်ကို ကြိုတင်စဉ်းစားချမှတ်ပြီးမှ ယင်းပြဿနာအတွက် အချိန်အနည်းဆုံး လူအသက်သာဆုံးနှင့် ငွေကုန်အနည်းဆုံးနည်းဖြင့် အဖြေအမြန်ရနိုင်မည့် ဒေသမျိုးကို တူးဖော်ရန် ရွေးချယ်ရပေသည်။

ဤသို့ ရွေးချယ်သောနည်းမျိုးကို ရှေးဟောင်းသုတေသန မဟာဗျူဟာချမှတ်ခြင်းဟု ကမ္ဘာကျော် ရှေးဟောင်းသုတေသနပညာရှင် ဆာမော်တီမာဝီးလားက ဝေါ်ခေါ် ရေးသားခဲ့ဖူးသည်။ ရှေးဟောင်းသုတေသန မဟာဗျူဟာ ချမှတ်ရာတွင် မိမိဆောင်ရွက်ရန် သတ်မှတ်သော ဦးတည်ချက်ရှိခြင်း၊ ယင်း ဦးတည်ချက်မှာ မိမိဖြေရှင်းလိုသည့် သမိုင်းရေးပြဿနာနှင့် ဆက်စပ်ခြင်း၊ ထိုပြဿနာကို

အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းမှု သက်သာစွာဖြင့် ဖြေရှင်းပေးနိုင်မည့် အဓိက ရှေးဟောင်းဒေသကို ရွေးချယ်နိုင်ခြင်း စသောအချက်များ ပါဝင်ပေသည်။

မဟာဗျူဟာ ချမှတ်ပြီးသောအခါ နည်းဗျူဟာ ချမှတ်ရပေသည်။ ဤတွင် နည်းဗျူဟာဆိုရာ၌ မိမိဖြေရှင်းလိုသော သမိုင်းပြဿနာအတွက် ရွေးချယ်ထားသည့် ရှေးဟောင်းဒေသကို အသေးစိတ် တူးဖော်စူးစမ်းမှု နည်းစနစ်များကို ဆိုလိုရင်းဖြစ်သည်။ ရှေးဟောင်းသုတေသန ကွင်းဆင်းလုပ်ငန်းတွင် မဟာဗျူဟာနှင့် နည်းဗျူဟာများကို စနစ်တကျ မချမှတ် မကျင့်သုံးနိုင်ပါက ပြည်သူတို့ ထမ်းဆောင်သော အခွန်ဘဏ္ဍာများမှ တူးဖော်မှုအတွက် ထောက်ပံ့သည့် ရန်ပုံငွေများကို စနစ်တကျ သုံးစွဲရာမရောက်ချေ။ နည်းစနစ်ဖြင့် ဆောင်ရွက်ခြင်းလည်း မမည်သောကြောင့် သိပ္ပံနည်းကျသော ရှေးဟောင်းသုတေသန ကွင်းဆင်းတူးဖော်မှုမျိုးဟု မခေါ်ဆိုနိုင်ချေ။

ဆာမော်တီမာဝှီးလားသည် ရှေးဟောင်းသုတေသန ကွင်းဆင်းလုပ်ငန်းတွင် မဟာဗျူဟာနှင့် နည်းဗျူဟာများကို စနစ်တကျ အသုံးချခဲ့သော ရှေးဟောင်းသုတေသနပညာရှင်တစ်ဦး ဖြစ်ပေသည်။ မဟာဗျူဟာနှင့် နည်းဗျူဟာဆိုသော စကားလုံးများကို ရဲရဲဝံ့ဝံ့ သုံးစွဲနိုင်ခဲ့သည်မှာလည်း ဝှီးလားကိုယ်တိုင်က ဒုတိယကမ္ဘာစစ်ကြီးအတွင်း အာဖရိကတိုက်တွင် ဗိုလ်မှူးချုပ်ဘဝဖြင့် စစ်မှုထမ်းခဲ့ဖူးသောကြောင့် ဖြစ်သည်။ ဝှီးလားကို အိန္ဒိယသို့ ရှေးဟောင်းသုတေသန ညွှန်ကြားရေးမှူးချုပ်တာဝန်ဖြင့် ခန့်ထားစေ လွှတ်လိုက်သောအခါ အိန္ဒိယ ရှေးဟောင်းသုတေသနလုပ်ငန်းများ၌ မဟာဗျူဟာနှင့် နည်းဗျူဟာများကို စနစ်တကျ ချမှတ် ကျင့်သုံးဆောင်ရွက်ကာ အိန္ဒိယရှေးဟောင်းသုတေသန လုပ်ငန်းများကို သမိုင်းတွင်အောင် ဆောင်ရွက်မှုပေးခဲ့သည်။

အိန္ဒိယတွင် ၁၉၄၄-၄၇ ခုနှစ်အထိ ဝှီးလား ချမှတ်ဆောင်ရွက်ခဲ့သော ရှေးဟောင်းသုတေသန မဟာဗျူဟာတွင် အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု၊ ဆိတ်သုဉ်းသွားပြီးသည့် အချိန်ပိုင်းဖြစ်သော မက်ဆိုပိုတေးမီးယားနှင့် အဆက်အသွယ်ရှိခဲ့သည့် ဘီစီ ၃၀၀၀ ခန့်ကာလနှင့် အာခီမင်နစ် လက်နက်နိုင်ငံတော် ပေါ်ထွန်းသည့် ဘီစီ ၆၀၀ ခန့်ကာလတွင် အိန္ဒိယမြောက်ပိုင်းတွင် ထွန်းကားခဲ့သော အင်ဒိုအရိယာတို့၏ ယဉ်ကျေးမှုများအကြောင်းကို လေ့လာရန်သည် အဓိက ဦးတည်ချက်ဖြစ်၏။ ယင်းဦးတည်ချက်နှင့် ပြဿနာရပ်များအတွက် အမြန်ဆုံး အဖြေပေးနိုင်မည့် ရှေးဟောင်းဒေသမှာ တက်ဆီလာခေါ် တက္ကသိုလ်ဒေသ ဖြစ်သည်။ ထို့ကြောင့် ယင်းကို စတင်တူးဖော်ခဲ့သည်။ တက္ကသိုလ်ဒေသပြီးလျှင် ဟာရပ္ပကို ပြန်လည်တူးဖော်ကာ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု ဆိတ်သုဉ်းရပုံ အကြောင်းရင်းကို အဖြေရှာပေးရန် ကြိုးစားခဲ့သည်။ ယင်းဆောင်ရွက်ချက်မှ



ထွက်ပေါ်ခဲ့သော သမိုင်းပေးရလာဒ်မှာ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု ဆိတ်သုဉ်းသည့် အချိန်သည် ဘီစီ ၃၀၀၀ ပတ်ဝန်းကျင်မဟုတ်ဘဲ ဘီစီ ၂၀၀၀ ပတ်ဝန်းကျင်က ဖြစ်သည်ဆိုသော အချက်ပင်ဖြစ်၏။

ဤသို့လျှင် မြောက်ပိုင်းအိန္ဒိယ ယဉ်ကျေးမှုပြဿနာ၏ အခြေခံ ခုနှစ်သက္ကရာဇ်ကို ဖော်ထုတ်ချမှတ် ပေးနိုင်ပြီးသည့်နောက် တောင်ပိုင်းအိန္ဒိယ ယဉ်ကျေးမှုအတွက်လည်း တိကျသောခုနှစ် ဖော်ထုတ်ပေးရန် မဟာဗျူဟာတစ်ရပ် ချမှတ်ပေးပြန်သည်။ တောင်ပိုင်းအိန္ဒိယအတွက် ချမှတ်ပေးသော မဟာဗျူဟာတွင် တောင်ပိုင်းအိန္ဒိယနှင့် ခရစ်နှစ်ဦးပိုင်း ခေါမရောမနိုင်ငံများ ကုန်သွယ်ဆက်ဆံမှု အပိုင်းအပေါ် အခြေခံသည်။ ဤကုန်သွယ်ဆက်ဆံမှုကို ရောမသုံး ကိုင်းတစ် အရက်အိုးများ၊ ငွေဒင်္ဂါးများ၊ ဘီးလိုမ့်ရာပါ အိုးခြမ်းကွဲများပေါ် အခြေပြုစဉ်းစား တွေးခေါ်ရလေသည်။ ဤဆက်ဆံမှုပြဿနာကို အမြန်ဆုံး အဖြေပေးနိုင်သည့် မဒရပ်အနီးရှိ အရိကမေဒုအရပ် ယင်းမှတစ်ဆင့် ဒက္ခိဏကုန်းမြေမြင့်ရှိ မာစ္ကီ၊ ချန္ဒရာဝလ္လီ စသည့် ရှေးဟောင်းဒေသများကို တိုးချဲ့စူးစမ်းကာ တောင်ပိုင်းအိန္ဒိယ တိုင်းရင်းသားယဉ်ကျေးမှုများအတွက် ခုနှစ် သက္ကရာဇ်ကို အေဒီ ၁ ရာစုမှ စတင်၍ သတ်မှတ်ပေးနိုင်အောင် ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် တောင်ပိုင်း မြောက်ပိုင်းယဉ်ကျေးမှုတို့ ဆက်သွယ်ပုံများကို ဘုံဘေပြည်နယ်ဘက်မှ လည်းကောင်း၊ ဩရိဿအနီးရှိ သိသုပါလဂရ်မြို့ဟောင်းဘက်မှလည်းကောင်း တူးဖော်ဆက်သွယ်ပေးရန် ကြိုးပမ်းခဲ့သည်။ တစ်ချိန်တည်းမှာပင် ဂင်္ဂါမြစ်ဝှမ်းတွင်လည်း အလ္လာဟာဘတ်မြို့တစ်ဝိုက်မှစ၍ ကွင်းဆင်းလုပ်ငန်းများကို ဆောင်ရွက်ကြရန် သတ်မှတ်ပေးခဲ့သည်။ ဤသို့ဖြင့် အိန္ဒိယ ရှေးဟောင်းသုတေသနလုပ်ငန်းများသည် ဝှီးလားလက်ထက် အရှိန်အဟုန် ကြီးမားစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာလေတော့သည်။

မြန်မာ့ရှေးဟောင်း သုတေသနလုပ်ငန်းရပ်များတွင်လည်း မဟာဗျူဟာနှင့် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရန် လိုအပ်ခဲ့ပေသည်။ အိန္ဒိယတွင် ထိုမဟာဗျူဟာ နည်းဗျူဟာ ချမှတ်ခဲ့ရာ၌ တိုင်းပြည်ကြီး ကျယ်ဝန်းသည်နှင့်အမျှ ယဉ်ကျေးမှုများလည်း ထွေပြားဆန်းကျယ်လှသဖြင့် အချိန်တိုတိုနှင့် လိုရင်း ပြဿနာတို့၏ အဖြေများရရှိရန်အတွက် ရည်ရွယ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာပြည်အနေနှင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သောကြောင့် ခေတ်အဆက်ဆက်တွင် စီးပွားရေးစီမံကိန်းများကို ဦးစားပေးရမည်ဖြစ်ရာ အချိန်တိုတို ငွေကုန်ကြေးကျ မများလှဘဲနှင့် မြန်မာ့ရှေးဟောင်းသုတေသန ပြဿနာရပ်များ၏ အဖြေမှန်ကို ရှာဖွေဖော်ထုတ်ပေးရန် တာဝန်ရှိနေပေသည်။ ဤတာဝန်ရှိမှုကြောင့် ရှေးဟောင်း သုတေသနလုပ်ငန်းရပ်များတွင် မဟာဗျူဟာနှင့် နည်းဗျူဟာရပ်များ ချမှတ်

ဆောင်ရွက်ရန် လိုအပ်လာခြင်းပင် ဖြစ်သည်။

ဤလိုအပ်ချက်နှင့်လျော်ညီစွာ ပျူယဉ်ကျေးမှုဖော်ထုတ်ရန်ကို မဟာဗျူဟာအဖြစ် ၁၉၅၈ ခု ပတ်ဝန်းကျင်က ချမှတ်ခဲ့သည်။ ဤသို့ ချမှတ်ရခြင်းသည် သရေခေတ္တရာမြို့ဟောင်း မှော်ဇာပတ်ဝန်းကျင်၌ တွေ့ရှိရသော ပျူယဉ်ကျေးမှုလက်ရာများ၊ ဗိသုကာလက်ရာများ၊ အရိုးအိုးနှင့် ကမ္ပည်းစာပေများ၊ ဒင်္ဂါးများ၊ သမိုင်းအဆိုအမိန့်များနှင့် ဗိဿနိုးမြို့ဟောင်းတွင် တွေ့ရှိရသည့် မြို့ရိုးများ၊ အရိုးအိုးများ၊ ဒင်္ဂါးများ၊ သမိုင်းရေးရာ ရေးသားချက်များ ဆက်စပ်မှုရှိတန်သလောက် ရှိသောကြောင့်ပင် ဖြစ်သည်။ ထို့အတူ ဟန်လင်းမြို့ဟောင်းတွင် တွေ့ရှိရသော သမိုင်းအထောက်အထားများမှာလည်း ဗိဿနိုး အထောက်အထားများနှင့် မကွာခြားလှချေ။ ဟန်လင်းမှ ပျူကျောက်စာများသည် သရေခေတ္တရာ ပျူစာပေများနှင့် ဆက်စပ်မှုရှိကြောင်း ယူဆရန် ကောင်းစွာ ထောက်ကူနေကြသည်။

ဤသို့ဖြင့် ပျူယဉ်ကျေးမှုဆိုင်ရာ မြို့ပြများဆက်သွယ်ပုံကို ဖော်ထုတ်ပေးရန် တူးဖော်မှုနည်းဗျူဟာများ ချမှတ်ဆောင်ရွက်ခဲ့ကြသည်။ ဆောင်ရွက်သမျှလည်း အောင်မြင်မှုများ ရရှိခဲ့ကြသည်။ အောင်မြင်မှုများတွင် ပဓာနကျသော ရလာဒ်မှာ ဗိဿနိုး၌ ပျူယဉ်ကျေးမှု၏အစကို အေဒီ ၁ရာစုသို့ တိုးရွှေ့ သတ်မှတ်နိုင်၍ ယင်းသတ်မှတ်ချက်ကို ဟန်လင်းယဉ်ကျေးမှုက ထောက်ခံမှုပေးခဲ့သည်။ သရေခေတ္တရာအတွက် ကာဗွန် ၁၄ ခေတ်ခွဲမှု အဖြေလွှာများမရှိသေးသဖြင့် ခုနှစ်အတိအကျ မသိရသေးသည့်တိုင်အောင် ဟန်လင်းအတွက် ရရှိသော ကာဗွန် ၁၄ ၊ ခုနှစ်သတ်မှတ်ချက်က အေဒီ ၆ ရာစု ရှေးဟောင်းအရေးအသားက အေဒီ ၉ ရာစုသို့တိုင်အောင် ခုနှစ် ပိုင်းခြားပေးထားသည်။ ဤသတ်မှတ်ပေးချက်သည် သရေခေတ္တရာအတွက် ယေဘုယျ ခုနှစ်သတ်မှတ်ချက်ဖြစ်သော အေဒီ ၅ ရာစုမှ ၈ ရာစုသို့ သတ်မှတ်ထားချက်နှင့် မကွာခြားလှကြောင်း တွေ့ရ၏။

ပျူယဉ်ကျေးမှုကို ဤသို့ ပုံကြမ်းသဘော ဖော်ထုတ်ပြီးလျှင် နောက်ထပ်ချမှတ်ရမည့် မဟာဗျူဟာမှာ မွန်ယဉ်ကျေးမှု ဖော်ထုတ်ရေးပင် ဖြစ်လိမ့်မည်ဟု သဘောရပေသည်။ ဤအတွက် အဓိကကျသော ရှေးဟောင်းဒေသမှာ သထုံမြို့နှင့် သုဝဏ္ဏဘူမိမြို့ဟောင်း နေရာတို့ပင်ဖြစ်မည်။ သို့သော် သထုံနှင့် သုဝဏ္ဏဘူမိမြို့ဟောင်းနေရာတို့ကို အကြောင်းကြောင်းကြောင့် မစီစဉ်နိုင်ဘဲ စပ်ကြားဟံသာဝတီ ခရိုင်ဟောင်းအတွင်းရှိ မွန်ယဉ်ကျေးမှု ပျံ့နှံ့ရာ ကော့မှူး၊ ထွံတေးတစ်ဝိုက်ကို တူးဖော်ရန် ချမှတ်ခဲ့ကြသည်။

ပျူနှင့် မွန်ယဉ်ကျေးမှုများ ပေါ်လာအောင် ဖော်ထုတ်တင်ပြနိုင်ခဲ့လျှင် ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းယဉ်ကျေးမှုများကို ဖော်ထုတ်ရန်နှင့် ဝေသာလီမြို့ဟောင်းကို သိလိုသော ပြဿနာ၏အဖြေအတွက် ရွေးချယ်တူးဖော်ရန်



မဟာဗျူဟာ ချမှတ်ပြဌာန်းရပေမည်။ မွန်နှင့် ရခိုင်ယဉ်ကျေးမှုများပေါ်အောင် ဖော်နိုင်လျှင် တိုင်းပြည်၏ရှေးကျသော သမိုင်းကြိုနှင့် သမိုင်းဝင်ယဉ်ကျေးမှု အင်္ဂါရပ်များ အတော်စုံလင်အောင် ဖော်ထုတ်နိုင်ပြီဟု ဆိုရချိမ့်မည်။

ဤယဉ်ကျေးမှုများနှင့် ကျောက်ခေတ်ယဉ်ကျေးမှုများကို ဆက်စပ်ပေးရန်အတွက် ကျောက်ခေတ် သုတေသနကို ယခုကပင် စတင်ပြုလုပ်နေပြီ ဖြစ်သည်။ ကျောက်ခေတ်ယဉ်ကျေးမှုသုတေသနကို စနစ်တကျဆောင်ရွက်ရန် စီမံကိန်းများလည်း ရေးဆွဲထားပြီး ဖြစ်သည်နှင့်အညီ တစ်ဖက်တွင် ကျောက်ခေတ်ယဉ်ကျေးမှု အထောက်အထားများတွေ့ရှိရာ ဧရာဝတီမြစ်ဝှမ်းမှ လုပ်ငန်းစ၍ဆောင်ရွက်လက်စဖြစ်သော ပြဒါးလင်း ကျောက်ခေတ်နှင့်လည်းကောင်း၊ အခြားဂူအောင်းလူသား၏ ယဉ်ကျေးမှုများနှင့် လည်းကောင်း ဆက်စပ်ပေးရန် ရည်ရွယ်ချက် ချမှတ်ထားပေသည်။

ကျောက်ခေတ်လေ့လာမှုများသည် သမိုင်းကို စာပေအကူအရာဖြင့် မှတ်တမ်းတင်ထားသော သမိုင်းဝင်ခေတ် လေ့လာမှုများထက် ဆေးသော ခေတ်ကာလအပိုင်းအခြားနှင့် သက်ဆိုင်ပေသည်။ တစ်နည်းအားဖြင့် သမိုင်းကို စာပေဖြင့် မှတ်တမ်းမတင်ရသေးသောခေတ် (ဝါ) သမိုင်းမတင်မီခေတ်ကို လေ့လာခြင်းဖြစ်သောကြောင့် ယင်းခေတ်အတွက် စာပေအထောက်အထားများ မရရှိနိုင်ချေ။ ထိုသို့ မရရှိနိုင်လျှင် ထိုခေတ်လူသားအကြောင်း မည်သို့ ပြည့်စုံစွာ သိနိုင်မည်နည်းဟု မေးခွန်းထုတ်ဖွယ်ရှိပေသည်။ ယခုအခါ လူသတ္တဝါများအနေဖြင့် ပတ်ဝန်းကျင်ကို နှီးနှောအားထား အသက်ရှင်သန်ကြရဘိသကဲ့သို့ ကျောက်ခေတ်အခါများကလည်း ပတ်ဝန်းကျင် အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ကို လုံးဝဥဿုံ မှီခိုအားထားခဲ့ကြရသည်။ ထို့ကြောင့် လူနှင့်ပတ်ဝန်းကျင် ဆက်စပ်မှုကို အဓိကထား လေ့လာဖော်ထုတ်ရန် ရည်ရွယ်လုပ်ဆောင်ရပေမည်။

ပတ်ဝန်းကျင်၊ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ကို ဖော်ဆောင်ရာ၌ သဘာဝသိပ္ပံပညာရပ်များကို အားကိုးမှီခိုသမှုပြုရန် လိုပေသည်။ ကျောက်ခေတ်သည် ရှေးလွန်ခဲ့သော နှစ်ပေါင်း သိန်းသောင်းချီ၍ ကြာညောင်းခဲ့ပြီ ဖြစ်သဖြင့် ထိုစဉ်က သဘာဝပတ်ဝန်းကျင်ဖြစ်သော ရေမြေတောတောင် ရာသီဥတု အခြေအနေအရပ်ရပ်မှာ ယခုမြင်တွေ့ရသည့် အခြေအနေမျိုး မဟုတ်ကြချေ။ ထို့ကြောင့် ကျောက်ခေတ်၏ ကွဲလွဲသော ရာသီဥတု တောတောင်ရေမြေ အခြေအနေအရပ်ရပ်ကို သိရှိနိုင်ရန်အတွက် မြေဆီလွှာပညာ၊ ရှေးခေတ်ဆိုင်ရာ မိုးလေဝသပညာ၊ ဘူမိဗေဒပညာ၊ ရုက္ခဗေဒပညာ၊ သတ္တဗေဒပညာ စသည်တို့၏ အကူအညီများ ရယူနိုင်ရန် နည်းဗျူဟာချမှတ်ရာတွင် အထူးသတိပြုကြရပေမည်။ အထက်ပါ သိပ္ပံပညာရပ်များအနက် ဘူမိဗေဒပညာမှာ အရေးအကြီးဆုံးဖြစ်၏။

ဤပညာရပ်၏ ဆင့်ထပ်ဥပဒေသ **(Law of Superpostion)** အရ၊ ရှေးဟောင်းတူးဖော်မှုနှင့် ကျောက်ခေတ်လေ့လာမှုများကို ပြုလုပ်ဆောင်ရွက်ရပေမည်။

ဆင့်ထပ်ဥပဒေသဆိုသည်မှာ သဘာဝအားဖြင့် မြစ်ချောင်းများက တိုက်စားလာသော အနည်အနှစ်များနှင့် လေကြောင့်ပြန့်လွင့်လာသော မြူမှုန်သဲမှုန်များမှာ ရေစီးလျော့ပါး ရပ်တန့်သွားသည့်အခါနှင့် လေရှိန်ကျဆင်းသွားသည့်အခါများတွင် မြစ်ကြမ်းပြင်၌လည်းကောင်း၊ ကုန်းမြေနေရာအနှံ့၌လည်းကောင်း စုပုံပို့ချ ကျန်ရစ်တတ်ကြသည်။ နောက်ထပ် သယ်ဆောင်လာသမျှလည်း ဤနည်းနှင်နှင် စုပုံကျရောက်တတ်၏။ ဆင့်ကဲဆင့်ကဲ စုပုံဖန်များလတ်သော် နုန်းတွင်လည်း နုန်းအလိုက်၊ မြူမှုန် သဲမှုန်များတွင်လည်း မြူမှုန် သဲမှုန်များအလိုက် အလွှာများဖြစ်လာကြသည်။ ယင်းအလွှာများအနက် အောက်ဆုံးမှ အလွှာသည် ဦးဆုံးပို့ချသော အလွှာဖြစ်သောကြောင့် အချိန်ကာလအားဖြင့် အစောဆုံးဖြစ်၏။ အလယ်မှ အလွှာသည် အချိန်ကာလတွင် အလယ်ပိုင်းကျ၍ အပေါ်ဆုံးမှ အလွှာသည် နောက်အကျဆုံး အချိန်ကာလနှင့် သက်ဆိုင်၏။

ဤသည်မှာ ယင်းအလွှာများကို လူသူတိရစ္ဆာန်နှင့် သဘာဝက ထပ်မံဖျက်ဆီးသမှု မပြုလျှင် ရှိရမည့်အခြေအနေမျိုးပင် ဖြစ်သည်။ တစ်ဖန် လူက တူးပစ်လိုက်၍ အဆိုပါ နုန်းလွှာသဲလွှာနှင့် မြေလွှာများ ပျက်ပြားသွားရလျှင်လည်း ပျက်သွားရသည့်အလျောက် ရေတိုက်စားမှုကြောင့်လည်းကောင်း မြေသားမြင့်တက် နိမ့်ကျမှုကြောင့်လည်းကောင်း၊ ယင်းလွှာထပ်စဉ်များ ပျက်ပြားရလျှင် အဘယ်ကြောင့် ပျက်ရကြောင်းကိုလည်းကောင်း မှတ်သားရသည်။ ဤသို့ မှတ်သားလေ့လာခြင်းမျိုးကို မြေဆီလွှာလေ့လာမှုပညာ **(Stratigraphy)** ဟု ခေါ်သည်။ ယင်းကိုပင် ဘူမိဗေဒက ထရဗေဒဟု အမည်ပေး မှည့်ခေါ်ထား၏။

ဤမြေဆီလွှာ လေ့လာမှု (ခေါ်) ထရဗေဒကို ရှေးဟောင်းတူးဖော်မှုတိုင်း၌ ကျောရိုးသဖွယ် မှီခိုအားထားရပေသည်။ မြေဆီလွှာလေ့လာမှုကို ပိုင်ပိုင်နိုင်နိုင် မတတ်ကျွမ်းလျှင် ရှေးဟောင်းတူးဖော်မှုကို မပြုသင့်ဟုပင် ရှေးဟောင်းသုတေသနပညာရှင်ကြီးများက မိန့်မှာဖူးကြသည်။

ဤမြေဆီလွှာ လေ့လာမှုကိုလည်း ဤသို့မှတ်ထားလျှင် ခက်ခဲစရာမရှိကြောင်း တွေ့ရပါမည်။ ဥပမာ-လူနေကျေးရွာ ရပ်ကွက်တစ်ခုတွင် အောက်ခံမြေသားသည် ထာဝစဉ်အနေအထားပြောင်းလဲနေ၏။ အိမ်ဆောက်မည်၊ အိမ်သာကျင်းတူးမည်ဟူ၍ တူးယူတတ်ကြသကဲ့သို့၊ လမ်းဖို့မည်၊ မြစ်ရေမလွှမ်း မိုးအောင် တာတမံဖို့မည်ဟူ၍ မြေဖို့တတ်ကြသည့် သာဓကများကိုလည်း တွေ့ကြရပေသည်။ တစ်ဖန် အညစ်အကြေး စားကြွင်းစားကျန်များ စွန့်ပစ်လိုက်ခြင်း၊ ပြိုပျက်သော အိမ်များကို ဤအတိုင်း ပစ်ထားသဖြင့် နှစ်အနည်းငယ်ကြာသော် ချုံနွယ်ပိတ်ပေါင်းများ




ဖုံးလွှမ်းလာပြီး မြေသားတက်လာခြင်းများ ရှိတတ်သည်။ ဤသို့သော အကြောင်းများကြောင့် လူနေရပ်ကွက်များ၏ မျက်နှာပြင်သည် ထာဝစဉ် ပြောင်းလဲနေတတ်၏။ အလားတူပင် ရှေးခေတ် လူ့အဖွဲ့အစည်းများနှင့် သက်ဆိုင်သော ခေတ်ကာလများကလည်း ဤသို့ပင် မြေအနေအထားများ ပြောင်းလဲ ပို့လျှမ်းလာတတ်ပေရာ ကြာသော် ရှေးဟောင်း ကျေးရွာ၊ ရပ်ကွက်၊ မြို့ကြီးများမှာ မြေအောက်တွင် နစ်မြုပ်ပျောက်ကွယ်သွားလေ့ ရှိတတ်ပေသည်။ ဤသို့ ပျောက်ကွယ်ခဲ့သော ရှေးဟောင်းမြို့ပြကြီးအား ဖုံးလွှမ်းထားသည့် တောင်ကုန်း တောင်ကမူများကို အာရှအရှေ့အလယ်ပိုင်းဒေသတွင် အများဆုံး တွေ့ရှိကြရသည်။

အထက်ပါအတိုင်း ပျောက်ကွယ်သွားခဲ့သော ရှေးဟောင်းမြို့ပြကြီးများကို ဖော်ထုတ်လေ့လာခြင်းသည် ရှေးဟောင်းတူးဖော်မှုပင်ဖြစ်၏။ ယင်းသို့ တူးဖော်ရာတွင် ထိုမြို့ဟောင်းကြီးများသည် အဘယ်အချိန်ကစ၍ တည်ထားကာ စည်ကားတိုးတက်ခဲ့သည်။ အဘယ်ကဲ့သို့ နစ်မြုပ်ပျောက်ကွယ်သွားသည် စသောအချက်များကို ထိုမြို့ဟောင်းကြီးများအား ဖုံးလွှမ်းထားသည့် မြေဆီ အထပ်ထပ် ဖုံးလွှမ်းကွယ်ဝှက်ထားသော မြေလွှာများကို တစ်လွှာချင်း တစ်လွှာချင်း စနစ်တကျ တူးဖော်ပစ်လိုက်လျှင် ထိုမြို့ဟောင်းကြီးသည် မျက်မှောက်ခေတ်မြင်ကွင်းသို့ တစ်ဖန် ပြန်လည်ရောက်ရှိလာမည့်အပြင် ယင်းအား ဖုံးလွှမ်းထားသော မြေလွှာများကလည်း သူတို့သည် မီးလောင်ခံရသည့် အလွှာများ၊ ရေကြီး၍ ပို့လျှမ်းလာသော အလွှာများ၊ လူတို့ကြောင့် ဖြစ်ပေါ်ခဲ့ရသောအလွှာများ စသည်ဖြင့် ဖြစ်ကြောင်းကုန်စင်ကို နေ့နေ့စပ်စပ် လေ့လာသည်နှင့်အမျှ ဖော်ထုတ်ဝန်ခံကြမည်သာတည်း။ ဤနည်းဖြင့် အဆိုပါမြို့ဟောင်းကြီးသည် မီးလောင်၍ တိမ်ကောသွားကြောင်း အဖြေမှန်ကို ဖော်ထုတ်ပေးပေမည်။ ဤသို့ ဖော်ထုတ် တွေ့ရှိချက်သည် သမိုင်းအတွက် အရေးကြီးသော တွေ့ရှိချက်ပင် ဖြစ်သည်။ ထို့ကြောင့် မြေဆီလွှာ လေ့လာမှု (ဝါ) ထရဗေဒသည် ရှေးဟောင်းသုတေသန ကွင်းဆင်းတူးဖော်မှု လုပ်ငန်းအတွက် အရေးအကြီးဆုံး ကျောရိုးဖြစ်ကြောင်း တင်ပြရပေသည်။

ထိုသို့လျှင် ရှေးဟောင်းတူးဖော်မှုများ ဆောင်ရွက်ရာ၌ မြေဆီလွှာလေ့လာမှုကို အထူးဂရုပြုရသည့် နည်းတူ တွေ့သမျှ ရှေးဟောင်းပစ္စည်းများ၊ အိုးခြမ်းကွဲများ၊ အရိုးအစအနများ၊ မီးသွေးခဲများ စသည့် အထောက်အထားများကို စနစ်တကျ မပျက်စီးရအောင် တူးယူနိုင်ရန်လည်း အရေးကြီးပေသည်။ ယင်းသို့ မပျက်စီးရန် တူးယူနိုင်ရုံမျှဖြင့် မပြီးသေး။ စနစ်တကျ မှတ်တမ်းတင်ထားရန်လည်း လိုအပ်ပေ၏။ မှတ်တမ်းတင်သည်ဆိုရာ၌ ရှေးဟောင်းဒေသတစ်ခုကို မတူးဖော်မီ တိုင်းတာပန္နက်ချမှတ် အကွက်ရိုက်ထားမှုအပေါ်တွင် အခြေတည်ပြန်၏။ မြန်မာနိုင်ငံ

ရှေးဟောင်းတူးဖော်မှုများတွင် ချမှတ်သောပန္နက်စနစ်မှာ လေးထောင့်ကွက်များနှင့် ကျင်းရှည်ပန္နက်မျိုး ဖြစ်သည်။ ဤသို့ ချမှတ်ပြီး၍ တူးဖော်မှု စတင်သောအခါ၊ တူးဖော်မှု ကျင်းတစ်ကျင်းစီ၌ တွေ့ရှိရသမျှ ရှေးဟောင်းအဆောက်အဦ အကြွင်းအကျန်များနှင့် ပစ္စည်းများကို ယင်းပန္နက်တိုင်အပေါ် အခြေပြု၍ မှတ်တမ်းတင်ခြင်း၊ အတိအကျတိုင်းတာခြင်း၊ ကျင်း၏ မည်သည့်အနက်မှ တွေ့ရှိကြောင်း၊ တိုင်းတာမှတ်သားခြင်း မည်သည့်မြေလွှာက ဖော်ထုတ်ပေးကြောင်း ရေးမှတ်ခြင်း စသည့် စနစ်တကျ မှတ်တမ်းတင်မှုများ ကိုလည်း ပြုလုပ်ရပေသည်။

သို့မှသာ မည်သည့်ရှေးဟောင်းပစ္စည်းကို မည်သို့ ရရှိကြောင်းနှင့် ရှေးဟောင်းပစ္စည်း တစ်ခုနှင့် တစ်ခု ရရှိပုံချင်းတူလျှင် တူသည့်အကြောင်း၊ မတူလျှင် မတူသည့်အကြောင်း ခွဲခြားမှတ်သားနိုင်ပေမည်။ ဤသို့ ခွဲခြားမှတ်သားမှုကို မြေဆီလွှာခွဲခြားမှုနှင့် ယှဉ်တွဲ လေ့လာနိုင်လျှင် ရှေးဟောင်းယဉ်ကျေးမှုများကို တစ်ခုနှင့်တစ်ခု တိကျစွာ ခွဲခြားရာရောက်ပေသည်။ ဤသို့ စနစ်တကျ မှတ်တမ်းတင်ခြင်း ရှေးဟောင်းဒေသတစ်ရပ်တွင် ပေါ်ထွန်းခဲ့ဖူးသော ရှေးဟောင်း



ပုံ ၃(က)။ ၁၉၆၉ ခုနှစ်က သရေခေတ္တရာ (မှော်ဇာ) ၌ တူးဖော်နေကြပုံ။



ယဉ်ကျေးမှုတို့၏ ပေါ်ထွန်းရသည့် အကြောင်းရင်း၊ ဖွံ့ဖြိုးလာသည့် လမ်းကြောင်းများနှင့် ပျက်သုဉ်းသွားရသည့် အကြောင်းရပ်အားလုံးကို လေ့လာ တွေ့ရှိရပေသည်။

ဤသည်တို့မှာ ဒေသတစ်ရပ် ယဉ်ကျေးမှုတစ်ခုကို လေ့လာသည့် ရှေးဟောင်းသုတေသန တူးဖော်မှုနည်းတစ်နည်းပင် ဖြစ်သည်။ ဒေသတစ်ခုမှ နောက်တစ်ခုသို့ တိုးချဲ့လေ့လာစရာ ကြုံလာသောအခါ ဒေသတစ်ခုတွင် တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများကို ပစ္စည်းအလိုက်၊ ပြုလုပ်ထားရာ လက်ရာအလိုက် အကန့်အကန့် ခွဲခြားထားနိုင်မှုနှင့် မြေလွှာဆက်စပ်မှုအပေါ် အခြေတည်ပြန်သည်။ ဤပစ္စည်း ဤလက်ရာမျိုး၊ ဤမြေလွှာမျိုး အခြား ရှေးဟောင်းဒေသတွင် တွေ့ရှိလျှင် ယင်းတွေ့ရှိချက်ပေါ် မူတည်၍ အခြားဒေသသို့ တိုးချဲ့လေ့လာရပေသည်။ အထက်ပါနည်းများဖြင့် ယဉ်ကျေးမှုတစ်ခု၏ အင်္ဂါရပ်အဖုံဖုံကို ကုံလုံပြည့်စုံအောင် ဖော်ထုတ် တင်ပြနိုင်လာပေတော့သည်။



ပုံ ၃(ခ)။ ၂၀၁၂ ခုနှစ်က သရေခေတ္တရာမြို့ဟောင်း တူးဖော်မှုလုပ်ငန်း။

# အတိတ်ကိုဆက်စပ်ကြည့်သောအခါ

ရှေးဟောင်းသုတေသနလုပ်ငန်း၏ ပဓာနကျသော ရည်ရွယ်ချက်မှာ ရှေးခေတ်အသီးသီးတွင် ပေါ်ပေါက်ထွန်းကားသွားခဲ့သော ယဉ်ကျေးမှုများကို ထိုခေတ်များမှ ကျန်ရစ် ကြွင်းရစ်ခဲ့သမျှ အထောက်အထား ပစ္စည်းများအား သိပ္ပံနည်းတကျ လေ့လာခြင်းဖြင့် ဖော်ထုတ်ပေးရန် ရှေးဟောင်း တစ်နည်းအားဖြင့် ထိုခေတ်များဆိုင်ရာ လုပ်သားပြည်သူများ၏ ဘဝအတွေ့အကြုံ ဖြစ်သည်။ ဖော်ထုတ်ပေးရန်ပင် ဖြစ်သည်။ သို့သော် ကုန်ဆုံးပျက်သုဉ်းခဲ့ပြီးသော ခေတ်စနစ် များ၏ ရှေးဟောင်းအထောက်အထားများမှာ သဘာဝအားဖြင့် ပြီးပြည့်စုံတတ်သည် မဟုတ်ချေ။ ဆက်စပ်မှုမရှိသော အစအနများလောက် ကျန်ရှိတတ်သည်သာ များသည်။ ဤသည်ကို စိတ်မပျက် အားမလျှော့ဘဲ ထောင့်စုံအောင် ဖော်ထုတ် ဆက်စပ် လေ့လာနိုင်သည်နှင့်အမျှ မမျှော်လင့်သော သမိုင်းရေး အချက်အလက်များ ပေါ်ထွက်လာနိုင်ကြောင်း အောက်ပါသာဓကများကို ထောက်ထားရာသည်။

ဗိဿနိုးမြို့ဟောင်းကို တူးဖော်ခဲ့စဉ်အခါက တွေ့ရှိစုဆောင်းရခဲ့သော အိုးခြမ်းကွဲများတွင် အချို့၌ အဝတ်ရာကလေးများ တင်ကျန်ရစ်သည်ကို အနုစိတ် လေ့လာသောအခါ တွေ့ကြရ၏။ အိုးအင်များ ပြုလုပ်ရာတွင် မြေသားသိပ်သည်း စေရန် အိုးအတွင်းဘက်မှ လက်ခုဖြင့် ခံထားပြီး အပြင်ဘက်မှ လက်ခတ်ဖြင့် ရိုက်ခတ်ပေးရပေသည်။ ဤသို့ အတွင်းဘက်မှ လက်ခုဖြင့် ခံရာတွင် လက်ခုသက်သက်ချည်း မခံဘဲ အဝတ်ဖြင့် ရစ်ပတ်ထားသော လက်ခုကို အသုံးပြုသောအခါ ထိုအဝတ်ရာများသည် အိုး၏ အတွင်းပိုင်းနေရာအနှံ့ ထင်ကျန်ရစ်ကြသည်။ ဤအထောက်အထားမျိုးကို ဗိဿနိုးအိုးခြမ်းကွဲအချို့၌ တွေ့ရှိရခြင်းဖြစ်၏။

ယင်းသို့ တွေ့ရှိရခြင်း၏ အနက်အဓိပ္ပာယ်မှာ ဗိဿနိုးခေတ် (အေဒီ ၁ ရာစုမှ ၄ ရာစုအတွင်း) တစ်နည်းအားဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၁၇၀၀- ၁၈၀၀ လောက်က မြန်မာပြည်တွင် အဝတ်အထည် ယက်လုပ်မှုရှိနေပြီဟု သွယ်ဝိုက်ဖော်ပြခြင်းပင် ဖြစ်သောကြောင့် စီးပွားရေးအခြေခံ စားဝတ်နေရေးတွင် 'ဝတ်ရေး'ကို မမျှော်လင့်ဘဲ တွေ့ရှိရခြင်းပင် ဖြစ်တော့သည်။ ဤအထောက်အထား မျိုးကို ဟန်လင်းခေတ် (အေဒီ ၂ ရာစုမှ ၉ ရာစုအတွင်း) ဆက်လက်တွေ့ရှိကြရသည်။



ဟန်လင်းတွင် တွေ့ရသည်မှာ အိုးခြမ်းကွဲများမှ မဟုတ်ချေ။ လူရိုးစုတစ်ခု၏ နံဘေး၌ မြုပ်နှံထားသော ကြေးဓားသွားတွင် ကပ်ငြိနေသည့် အဝတ်စပင် ဖြစ်၏။ ပုဂံခေတ် (အေဒီ ၁၀ ရာစုမှ ၁၃ ရာစု)တွင် တွေ့ရသော အထောက် အထားသည် အပြည့်ဝဆုံး ဖြစ်သည်။ ပုဂံမြို့ နဂါးရုံဘုရားအတွင်း၌ တွေ့ရှိရသော မံဆင်းတုတော်တစ်ဆူမှ အဝတ်စကို ဗဟိုသုတေသနလုပ်ငန်းအဖွဲ့ (ယခင် လက်တွေ့ သုတေသနဌာန)၏ အကူအညီဖြင့် ဓာတ်ခွဲလေ့လာသောအခါ ရာနှုန်းပြည့် ဝါဂွမ်းကို ရက်လုပ်ထားကြောင်း သိရှိကြရသည်။ ပုဂံခေတ် ကျောက်စာများတွင် ဖျင်ထည်အကြောင်း ဖော်ပြကြသော်လည်း ယခုကဲ့သို့ အထောက်အထားကိုမူ ဤအကြိမ်သာ ပထမဆုံး တွေ့ရခြင်းဖြစ်သည်။

ယဉ်ကျေးမှုဟူသည် လူတို့၏ စားဝတ်နေရေးကိစ္စရပ်များနှင့် ဆက်စပ်လျက် ရှိပေ၏။ စားဝတ်နေမှုတွင် စားမှုသည် အရေးကြီးဆုံး ဖြစ်၏။ ဗိဿနိုးခေတ်အစ သရေခေတ္တရာခေတ်အဆုံး (ဝါ) အေဒီ ၁ ရာစု၊ ၉ ရာစုအထိ မြန်မာနိုင်ငံ၏ အစားအသောက်တွင် ဆန်စပါးသည် မျက်မှောက်ခေတ်မှာကဲ့သို့ပင် အဓိက ဖြစ်ခဲ့၏။ ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာတူးဖော်မှုများတွင် တွေ့ရှိရသော အုတ်ခဲများ၌ စပါးခွံရာများ ပါရှိနေကြသည်။ ရွှံ့ကို စပါးခွံများနှင့် နယ်ဖတ်ပြီးမှ အခြောက်လှန်း ဖုတ်လုပ်ထားသောကြောင့် စပါးခွံများ မီးသင့်လောင်ကျွမ်းသွား သည့်တိုင်အောင် ယင်းတို့၏ အရာများ ဤသို့ ထင်ကျန်ရစ်နေကြခြင်း ဖြစ်သည်။ ကပ်ငြိနေသော စပါးခွံရာများကို တိုင်းတာကြည့်သောအခါ မျက်မှောက်ခေတ် စားသုံးကြသော စပါးအရွယ်အစားနှင့် မကွာခြားလှကြောင်း တွေ့ကြရ၏။

ရှေးဟောင်းသုတေသန ပညာရပ်သည် ရှေးခေတ်လူသားများအကြောင်းကို တတ်နိုင်သမျှ ဖော်ထုတ်လေ့လာသော ပညာရပ်ဖြစ်ကြောင်း အထက်တစ်နေရာတွင် တင်ပြခဲ့ပေသည်။ တူးဖော်ရာများတွင် ရှေးခေတ်လူသားများ၏ ခန္ဓာကိုယ် အပြည့်အစုံများကို ဖော်ယူတွေ့ရှိနိုင်လျှင် တူးဖော်သူတို့အဖို့ အတိုင်း မသိရရှိသော လာဘ်ကြီးပင်ဖြစ်၏။ ဤအဖြစ်မျိုးကို ဗိဿနိုးတူးဖော်မှု၌ တစ်ကြိမ် ကြုံတွေ့ခဲ့ကြရသည်။ ဗိဿနိုးတွင် တူးဖော်တွေ့ရှိရသော လူရိုးစုကို ဆေးတက္ကသိုလ် ၁၊ ခန္ဓာဗေဒဌာနသို့ ပေးပို့လေ့လာစေသောအခါ ယင်းမှာ အသက် ၂၅ နှစ်အရွယ် အမျိုးသား လူငယ်တစ်ဦး၏ အရိုးဖြစ်ကြောင်း၊ ထိုလူငယ်သည် အရပ်အမောင်း ၅ ပေ၊ ၅ လက်မရှိကြောင်း၊ ဦးခေါင်းတွင် ရရှိသောဒဏ်ရာကြောင့် သေဆုံးသွားရကြောင်း၊ မသေမီက မျှတသော အာဟာရဓာတ်များ ပါဝင်သည့် အစားအသောက်များဖြင့် အသက်ရှင်ခဲ့သော ကျန်းမာသန်စွမ်းသူတစ်ဦး ဖြစ်ခဲ့ကြောင်း စသည်ဖြင့် သိရှိကြရသည်။ ဤ အချက်အလက်များသည် ယခုအခါ လုံးဝ ပျောက်ကွယ်သွားပြီဖြစ်သော

ရှေးခေတ် မြန်မာနိုင်ငံသား ပျူလူမျိုးတို့၏အကြောင်း လေ့လာရေးတွင် လွန်စွာ အရေးကြီးသည့် သမိုင်းရေးအချက်အလက်များပင် ဖြစ်ကြ၏။

ဟန်လင်းတူးဖော်မှုမှ ဖော်ယူရရှိသည့် အရိုးစုများမှာမူ အရေအတွက်အားဖြင့် အတော်များပေသည်။ သို့သော် ယင်းတို့ကို အပြည့်အစုံ မလေ့လာရသေးချေ။ ပဏာမ လေ့လာမှုများကိုကား ပြုလုပ်ပြီးဖြစ်သည်။ ဤသို့ ပဏာမလေ့လာချက်များ အရ သိရှိရသမျှတွင် ဟန်လင်းမှ ပျူလူမျိုးများမှာလည်း အရပ်အမောင်း ၅ ပေ၊ ၄ လက်မမှ ၅ ပေ၊ ၆ လက်မအကြား ရှိကြကြောင်း သိရှိရသည်။ ဗိသနိုး ပျူတို့နှင့် မကွာခြားလှချေ။ အရိုးတီဘီရောဂါနှင့် အဆစ်အမြစ်ရောဂါများမှ ကင်းဝေးကြကြောင်းလည်း သိရှိရသည်။

**ဒယာဒါန်ံ**ဟု ကမ္ဗည်းရေးထိုး ထုလုပ်ထားသည့် လက်စွပ်ကွင်းဝတ်နိုင်သော ကျောက်တံဆိပ်တုံး ကလေးတစ်ခုကို ဟန်လင်းတူးဖော်မှုမှ တွေ့ရှိ စုဆောင်း ခဲ့ရ၏။ ယင်းတွင် ပါရှိသည့် စာပေအရေးအသားကို ထောက်ရှုသော် အေဒီ ၅ ရာစုထက် နောက်မကျဟု ပညာရှင်များ အဆုံးအဖြတ်ပြုထားကြသည်။ ဤ တံဆိပ်တုံးမျိုးကို ခမာ သမ္မတနိုင်ငံ(ယခင် ကမ္ဘောဒီယားပြည်) ရှေးဟောင်း အောက်အီယိုမြို့ဟောင်းနှင့် မလေးကျွန်းဆွယ်ဘက်တွင်လည်း တူးဖော်တွေ့ရှိ ရကြောင်းသိကြရ၏။ ဤအချက်က ဟန်လင်းနှင့် အောက်အီယိုမြို့ဟောင်းတို့သည် အေဒီ ၅ ရာစုခေတ် အခါလောက်ကပင် အဆက်အဆံရှိကြကြောင်း ပြသသည်။ ယင်းကို အတည်ပြုသောအချက်မှာ ဟန်လင်း ဒင်္ဂါးမျိုးကို အောက်အီယို၌ တွေ့ရခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဟန်လင်းနှင့် အောက်အီယိုမြို့ဟောင်းတို့၏ ဆက်ဆံမှုသည် အပြန်အလှန်သဘောဆောင်သည်။ သို့သော် အသေးစိတ် အခြင်းအရာများကိုကား ဆက်လက်ဖော်ထုတ်ရပေဦးမည်။

ဗိသနိုးတွင်တွေ့ရသော သင်္ချိုင်းဂူပုံစံမျိုး၊ စေတီ၏ ရှေ့ပြေးပုံစံမျိုးနှင့် ခွေးသွားစိပ် ပြုလုပ်ထားသော ဘီးကို အိုးပေါ်၌ လိုမ့်ထားသဖြင့် ညီညာနေသော ချိုင့်ရာကလေးများ ထင်ရစ်နေသည့် အခြယ်အလှယ်မျိုးကို ဟန်လင်းတွင် တွေ့ကြရသည်။ အထက်ပါ အဆောက်အဦ ပန္နက်ပုံစံမျိုး၏ အရင်းခံဒေသသည် အိန္ဒိယပြည် အရှေ့ဘက်ကမ်း နာဂဇုနကုဏ္ဍာ ဖြစ်သည်။ ဘီးလိုမ့်အဆင်တန်ဆာကိုမူ အိန္ဒိယပြည် အရှေ့ဘက်ကမ်း ပွန်ဒီချယ်ရီမြို့အနီးရှိ အရိကာမေဒု အရပ်တွင် များကို ရောမခေတ်ဆိုင်ရာ အိုးအင်များနှင့်အတူ ယှဉ်တွဲတွေ့ရှိရခြင်း ဖြစ်သည်။ တွေ့ကြရ၏။ ဘီးလိုမ့်ရာပုံစံ ခြယ်လှယ်ထားသော အိန္ဒိယ ပန်းကန်ခွက်ယောက် ယင်းအခြယ်အလှယ်မှာ စင်စစ် ရောမအိုးခြယ်လှယ်မှု ပုံစံတစ်မျိုးပင် ဖြစ်၍ အေဒီ ၁ ရာစုနှင့် သက်ဆိုင်ကြောင်းလည်း သိရသည်။ ထို့ကြောင့် သာမန်အားဖြင့် ဘာမဟုတ်သည့် ဘီးလိုမ့်ရာကလေးမျှသာ ဖြစ်သော်လည်း သမိုင်းနှင့် ထင်ဟပ်



ဆက်စပ်ကြည့်သောအခါ ဗိသနိုးနှင့် ဟန်လင်းခေတ်များ၌ ပျူတို့သည် အိန္ဒိယ သို့မဟုတ် ရောမနှင့်ပင် အဆက်အဆံရှိခဲ့ကြကြောင်း ခန့်မှန်းနိုင်စရာ သဲလွန်စ ကောင်းတစ်ရပ် တွေ့ရှိလာရခြင်းပင် ဖြစ်တော့သည်။

အတိတ်ကို ဆက်စပ်ကြည့်၍ အထက်ပါအတိုင်း ပေါ်ထွက်လာသော သမိုင်းအချက်အလက်ကလေးများသည် စိတ်ဝင်စားဖွယ်အတိ ဖြစ်သည်နှင့်အမျှ တန်ဖိုးလည်း မနည်းလှဟု ဆိုချင်ပါသည်။ သာမန် သဲလွန်စကလေးက ကြီးမားသော မှုခင်းများကို ဖော်ထုတ်ပေးနိုင်သကဲ့သို့ အမြင်အားဖြင့် သိမ်ငယ် သေးနုပ်သော ရှေးဟောင်းပစ္စည်းကလေးများကလည်း မြန်မာ့သမိုင်းကို ပြည့်စုံအောင် ဖြည့်စွက်ပေးနိုင်ကြောင်း တင်ပြလိုက်ရပေသတည်း။



ပုံ ၄။ အတိတ်ကို ဆက်စပ်ကြည့်ရန်အတွက် အထောက်အထား လူရိုးစုများ (ဟန်လင်း)

# သမိုင်းအဆိုအချို့နှင့် လက်တွေ့ ရှေးဟောင်းသုတေသန

ကွင်းဆင်း ရှေးဟောင်းသုတေသနဆောင်ရွက်ရာတွင် ရာဇဝင်၊ ပုံပြင်၊ ဒဏ္ဍာရီ၊ သမိုင်းနှင့် သက်ကြီးစကားများကို ကြိုတင်လေ့လာထားရပေသည်။ ဤသို့ကြိုတင်လေ့လာထားရသော သမိုင်း အဆိုအမိန့်များကို လက်တွေ့ဆောင်ရွက်တွေ့ရှိရသော ရှေးဟောင်းသုတေသန အချက်အလက်များနှင့် မည်မျှ တိုက်ဆိုင်ကြောင်း၊ သို့မဟုတ် ကွာခြားကြောင်း ဤဆောင်းပါးတွင် တင်ပြပါမည်။ ဤတွင် သက်တမ်းနုရင့်အလိုက် တူးဖော်တွေ့ရှိခဲ့ရသော ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာနှင့် တကောင်းမြို့ဟောင်းများအတွက် ရေးသား မှတ်တမ်းတင်ထားသော သမိုင်းအဆိုအမိန့်အချို့နှင့် လက်တွေ့တူးဖော်မှု သာဓကများကို နှိုင်းယှဉ်ပြသရန် ရည်ရွယ်ပါသည်။

မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဗိဿနိုးမြို့ဟောင်းသမိုင်းကို မင်းတုန်းမင်းလက်ထက် နေမျိုးမင်းလှသီရိသင်္ခယာဘွဲ့ခံ မြေလတ်စစ်ကဲကြီး ရေးသားပြုစုသော တောင်တွင်းကြီးသမိုင်းတွင် ပါရှိသည်ကို တွေ့ရသည်။ သမိုင်းတွင် ဗိဿနိုးမြို့ဟောင်း (ဝါ) ပန်ထွာမြို့ဟောင်းအကြောင်းကို မြတ်စွာဘုရား ပွင့်တော်မမူမီ နှစ်ပေါင်း ၁၅၀ ခန့်က အစချီထားပေသည်။ ထို့နောက် သာသနာသက္ကရာဇ် ၁၀၁ ခုတွင် ပန်ထွာမင်းသမီးသည် ဗိဿနိုးမြို့ကို တည်ထောင်ကြောင်း၊ ဗိဿနိုးမြို့ဟောင်း ပျက်ပြီး နှစ်ပေါင်း ၁၀၀၀ ကျော်ကြာမှ တောင်တွင်းကြီးမြို့ကို ဒုတိယအကြိမ် တည်ထောင်ကြောင်း၊ သရေခေတ္တရာမှ ဒွတ္တဘောင်မင်းကြီးသည် ပန်ထွာပြည်ကို တိုက်ခိုက်၍ ပန်ထွာမင်းသမီးကိုပါ မိဖုရားအဖြစ် သိမ်းပိုက်ကြောင်းများ ပါရှိပေသည်။ ဦးကုလား မဟာရာဇဝင်ကြီးတွင် ဒွတ္တဘောင်မင်းကြီးသည် ပန်ထွာပြည်သို့ ရောက်ရှိကြောင်း ရေးသားဖော်ပြထားသည်။

အထက်ပါအဆိုများနှင့် လက်တွေ့တူးဖော် သုတေသနပြုလိုက်သဖြင့် သိရှိရသော ရှေးဟောင်းသုတေသန အထောက်အထားများကို တိုက်ဆိုင်လေ့လာလိုက်သောအခါ သမိုင်းက ဆိုထားသကဲ့သို့ မြတ်စွာဘုရား ပွင့်တော်မမူမီကာလထိ ဗိဿနိုးမြို့သည် ရှေးမကျလှကြောင်း တွေ့ရသည်။ ဗိဿနိုးမြို့တူးဖော်မှုမှ စုဆောင်းရရှိခဲ့သော မီးသွေးများကို ကာဗွန် ၁၄ ခေတ်ခွဲနည်းဖြင့်



ခုနှစ် ပိုင်းခြားကြရာတွင် ယင်းတို့သည် အေဒီ ၁ ရာစုမှ ၄ ရာစုလောက်က မီးသွေးများဖြစ်ကြောင်း ပြဆိုကြ၏။ တစ်နည်းအားဖြင့် ဗိဿနိုးမြို့ဟောင်းသည် အေဒီ ၁ ရာစုမှ ၄ ရာစု သို့မဟုတ် ၅ ရာစုအထိ သက်တမ်းရှိခဲ့သော ပျူမြို့ဟောင်းတစ်ခု ဖြစ်ခဲ့သည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။ သို့သော် တူးဖော်သူတို့က "၅ ရာစုခန့်တွင် ထိုနှစ်ပြည် (ဗိဿနိုးနှင့် သရေခေတ္တရာ)သည် ခေတ်ပြိုင်ထွန်းကားလျက်ရှိ၍ သရေခေတ္တရာနှင့် စစ်မက်ဖြစ်ပွားခဲ့သောကြောင့် ဗိဿနိုးမြို့ ပျက်စီးရခြင်း ဖြစ်သည်ဟူ၍လည်း ကာလအပိုင်းအခြားအားဖြင့် ဆက်စပ်ယူဆနိုင်ဖွယ်ရာ ရှိပေသည်"ဟု ဆိုထားသောကြောင့် ဤအဆိုအတိုင်း မှန်ကန်ပါက အထက်က သမိုင်းအဆိုတစ်ရပ်ဖြစ်သော ဗိဿနိုးမြို့ဟောင်းကို ဒွတ္တဘောင် တိုက်ခိုက်ခြင်းသည် မှန်ကန်သည်ဟု လက်ခံရန် ဖြစ်ပေသည်။

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ဟန်လင်းမြို့ဟောင်း သမိုင်းအကြောင်းကို ဘိုးတော်ဘုရားလက်ထက် ဟန်လင်းရွာစားဖြစ်ခဲ့သူ စည်သူကျော်ထင်ဘွဲ့ခံ သာချင်းဆရာဦးအောင်ဖြိုး စီကုံးသော **ဟန်လင်းသမိုင်းလင်္ကာတွင်**ဖတ်ရှုရပေသည်။ သမိုင်းတွင် ဟန်လင်းမြို့ဟောင်းကို ဟံသာနဂရဟုခေါ်ကြောင်း၊ အိန္ဒိယပြည် မဟာသမ္မတမင်း၏ သားတော်လတ်ဖြစ်သော ကရဘော်မင်းသားသည် ဗိုလ်ပါများနှင့်အတူ မြန်မာနိုင်ငံအတွင်း ဝင်လာရောက်ရှိ၍ ယခု ဟန်လင်းတည်နေရာတွင် ဟံသာနဂရမြို့ကို တည်ထောင်ကြောင်း၊ ရေမိုး ရှားပါးသဖြင့် ဧရာဝတီမြစ်မှ တူးမြောင်းဖောက်လုပ်ရန် ကြိုးဆောင်ရာ မအောင်မြင်ကြောင်း၊ ထိုကြောင့် မြို့၏ အရှေ့ဘက်မျက်နှာတွင် ကန်ဆည်ဖို့ကြောင်း၊ ကရဘော်မင်းနောက်တွင် မင်းပေါင်း ၇၉၉ ပါး ဆက်လက် အုပ်စိုးခဲ့ကြ၍ နောက်ဆုံး ပျူမင်း၊ ပြိုးမင်းညီနောင် လက်ထက်တွင် ပြာပူမိုးရွာ၍ ဟံသာနဂရမြို့ ပျက်စီးကြောင်းများ ပါရှိသည်။

အထက်ပါ သမိုင်းအဆိုအမိန့်များကို လက်တွေ့တူးဖော် ဆန်းစစ်ကြရာတွင် ဟန်လင်းယဉ်ကျေးမှုသည် ယေဘုယျအားဖြင့် ဗိဿနိုးယဉ်ကျေးမှုနှင့် အတော်ပင် တူညီမှုရှိသည်ဟု တူးဖော်သူများက ဆိုကြပေသည်။ သမိုင်း၏ အဆိုတစ်ရပ်ဖြစ်သော မြို့အရှေ့ဘက်တွင် ကန်ဆည်ဖို့၍ မြို့အတွက် ရေရရှိရန် ကြိုးပမ်းခဲ့သည်ဆိုသော အချက်ကို လက်ရှိ နဂါးရုံကန်ဘောင်ရိုး၌ တူးဖော်စူးစမ်းခြင်းဖြင့် မှန်ကန်ကြောင်း ထောက်ခံကြပေသည်။ သမိုင်း၏ အခြားအဆိုတစ်ရပ်ဖြစ်သော ဟန်လင်း၌ ပြာပူမိုးရွာသောကြောင့် မြို့ပျက်ခဲ့ရသည်ဟု ဆိုသောအဆိုကိုမူ သွယ်ဝိုက်ထောက်ခံသောအနေဖြင့် တူးဖော်မှု ကုန်းသီးသီး၌ မီးလောင်မှု ဖြစ်ပွားခဲ့ရသည့် သာဓကများရှိသည်ဟု တူးဖော်သူများက ဖော်ထုတ်ခဲ့ကြသည်။ ဗိဿနိုးမြို့ကဲ့သို့ပင် ဟန်လင်းပျူမြို့ဟောင်းမှာလည်း သမိုင်းအဆိုနှင့်အညီ

ရှေးကျလှသော မြို့တစ်မြို့မဟုတ်ဘဲ ခရစ်နှစ် ပထမ ၁၀ ရာစုအတွင်း ထင်ရှားခဲ့သော မြို့တစ်မြို့ဖြစ်ကြောင်း တင်ပြထားကြသည်။

သရေခေတ္တရာမြို့ဟောင်းနှင့် ပတ်သက်သော ရေးသားချက်များကို **ဦးကုလား မဟာရာဇဝင်တော်ကြီး** ၌လည်းကောင်း၊ **မှန်နန်းရာဇဝင်တော်ကြီး** ၌လည်းကောင်း လေ့လာတွေ့ရှိရသည်။ သရေခေတ္တရာပြည်ကို သာသနာသက္ကရာဇ် ၁၀၁ နှစ်၌ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်၊ စန္ဒီ၊ ပရမေသွရာ တည်းဟူသော သူမြတ် ခုနစ်ယောက်တို့သည် ဘုရားသခင် ဗျာဒိတ်တော်နှင့်အညီ သာယာညီညွတ်လှသော မြေအပြင်ဝယ် သိကြားမင်းက စက်တိုင်၌ရပ်ပြီး နဂါးကို စက်ကြိုးပြု၍ လှည့်သည်အကြောင်း၊ စက်ဝန်း သုံး ယူဇနာနှင့် အချင်း တစ်ယူဇနာရှိသောမြို့ကို မြို့ကြီး အင်္ဂါ ၃၂ ပါးနှင့်အညီ တည်ကြောင်း စသည်ဖြင့် တွေ့ရပေသည်။ ပျူမြို့တော် သရေခေတ္တရာ သို့မဟုတ် ဟန်လင်းနှင့်ပတ်သက်သော မှတ်သားထားချက်အချို့ကို တရုတ် ထန်ရာဇဝင်ဟောင်း၊ ထန်ရာဇဝင်သစ် စသည်တို့၌လည်း ပါရှိသည်ဟု သမိုင်းသုတေသီအချို့က တင်ပြထားကြသည်။ အဆိုပါ တရုတ်မှတ်တမ်းများအလိုအရ ပျူတို့၏ မြို့တော် တံတိုင်းဝန်းကျင်ကို စဉ့်သုတ်အုတ်ဖြင့် စီထားကြောင်း၊ ကျုံးကမ်းပါးကိုလည်း အုတ်စီထားကြောင်း စသောအချက်များ ပါရှိသည်ကို တွေ့ရပေသည်။

ကောင်းကင်ရိုက် မြေတိုင်းဓာတ်ပုံများမှလည်းကောင်း၊ လက်တွေ့ကွင်းဆင်း လေ့လာမှုဖြင့်လည်းကောင်း။ သိရသမျှတွင် သရေခေတ္တရာမြို့ဟောင်းသည် ခပ်ပြေပြေဝန်းသည့် ဘဲဥပုံသဏ္ဍာန်ရှိသည်ကို တွေ့ရပေသည်။ မြန်မာရာဇဝင်ကျမ်းများ အဆိုအတိုင်း နဂါးကို စက်ကြိုးပြုလုပ်သည်မှာ မသေချာသော်လည်း တစ်နည်းနည်းဖြင့် မြို့ကို ဝန်းဝိုင်းအောင် ပုံဖော်ဆောက်လုပ်သည့်အချက်မှာ မှန်နေကြောင်း တွေ့ရသည်။ တရုတ်မှတ်တမ်းများတွင် ဖော်ပြထားသကဲ့သို့ မြို့တံတိုင်းဝန်းကျင်ကို စဉ့်သုတ်အုတ်များဖြင့် မဆောက်လုပ်ကြောင်းကား တူးဖော်မှုဖြင့် ထင်ရှားခဲ့ပြီ ဖြစ်ပေသည်။ သို့သော် ကျုံးကမ်းပါးကို အုတ်စီထားသည့် အချက်ကိုကား ရန်ကုန်-ပြည် ရထားလမ်း ဖြတ်သန်းဖောက်လုပ်ထားသော သရေခေတ္တရာမြို့ဟောင်း၊ အနောက်ဘက်ခြမ်းရှိ ကျုံးကမ်းပါးတွင် တွေ့ကြရသည်။

တကောင်းမြို့ဟောင်းနှင့်ပတ်သက်၍ တကောင်းပြည်ကြီးကို ပထမ တည်ထောင်ခဲ့သည်ဆိုသော အဘိရာဇာအကြောင်းကို **ဦးကုလား ရာဇဝင်ကြီး** နှင့် **တွင်းသင်း ရာဇဝင်** တို့တွင် မတွေ့ရဘဲ **မှန်နန်း ရာဇဝင်** တွင် တွေ့ရပေသည်။ ထိုထက်စောသော မြန်မာစာပေ ကဗျာများတွင်လည်း တကောင်းမြို့၊ တကောင်းမင်းဆက်နှင့် မဇ္ဈိမဒေသတို့ ဆက်သွယ်မှုရှိပုံများ ပါရှိသည်ကို



လမ်းစဉ်ပါတီထုတ် **အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း** တွင် တွေ့ရပေသည်။ မြန်မာရာဇဝင်များ အလိုအရ အဘိရာဇာ တည်ထောင်ခဲ့သော တကောင်းမြို့ဟောင်းမှာ မင်းပေါင်း ၃၃ ပါး စိုးစံခဲ့ပြီးနောက် နောက်ဆုံးမင်း ဘိန္နကရာဇာ လက်ထက်တွင် တရုတ်တရက်တို့ တိုက်ခိုက်ကြသဖြင့် တကောင်းမြို့နှင့် မင်းဆက်ပျက်ရကြောင်း၊ ယင်းနောက် မြန်မာပြည်အတွင်းသို့ အသစ်ထပ်မံဝင်ရောက်လာသော ဓဇရာဇာသည် တကောင်း တောင်ဘက်အနီး၌ အညာပုဂံမြို့ကို ပထမတည်ထောင်ပြီးသည့်နောက် ဒုတိယအကြိမ် တကောင်းမြို့ကို ထပ်မံတည်ထောင်ကြောင်းများကို တွေ့ရသည်။

အထက်ပါ ရာဇဝင်ကျမ်းများ၏ အဆိုအမိန့်များကို လက်တွေ့တူးဖော် စိစစ်ရှုစမ်းကြသော ရှေးဟောင်းသုတေသီတို့ကမူ တကောင်းမြို့ရိုးကို နှစ်ဆင့်ပြုလုပ်တည်ထားသည်ဟု ဆိုကြပေသည်။ အောက်ဆင့်မြို့ရိုးကို အုတ်ကြီးများဖြင့် တည်ဆောက်၍ အထက်ဆင့်အုတ်ရိုးကို အုတ်ငယ်များဖြင့် ဆောက်လုပ်သည်ဟု ဆိုကြသည်။ ထို့ကြောင့် သမိုင်းအဆိုအရ တကောင်းမြို့ကို နှစ်ကြိမ်တည်သည်ဆိုသောအချက်မှာ မှန်ကန်သည်ဟု ဆိုရပေမည်။ တရုတ်တရက်တိုက်၍ တကောင်းပျက်သည် မပျက်သည်မှာ မသေချာသော်လည်း တကောင်းမြို့ရိုး ပတ်ဝန်းကျင်မှ သံမြားသွား အမြောက်အမြား ရရှိခဲ့ကြောင်းကိုမူ တွေ့ရှိကြရ၏။ ဤသံမြားသွားများမှာ တရုတ်စစ်ကို ရည်ညွှန်းသည်ဟု တူးဖော်သူများက အတိအကျ မဆိုကြသေးချေ။ သို့သော် လက်တွေ့တူးဖော်မှုအရ ပေါ်ပေါက်လာသော အိုးအင်ခွက်ယောက်များ၊ ရှေးဟောင်းပစ္စည်းများမှာမူ ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာမြို့ဟောင်းများမှ တူးဖော်တွေ့ရှိသော ရှေးဟောင်းပစ္စည်းများနှင့် မတူဘဲ ခေတ်ကာလအားဖြင့် အနည်းငယ် နောက်ကျသည်ဟု သိကြရသည်။

အထက်တွင် တင်ပြခဲ့သမျှသည် သမိုင်းအဆိုအမိန့်နှင့် လက်တွေ့တူးဖော်တွေ့ရှိချက်များပင် ဖြစ်ကြသည်။ ယင်းတို့ကိုထောက်ရှုလျှင် ဗိဿနိုးမှ ပန်ထွာမင်းသမီးနှင့် ဒွတ္တဘောင်တို့၏ ဇာတ်လမ်းကိုလည်းကောင်း၊ သရေခေတ္တရာမှ ဒွတ္တဘောင်နှင့် အခြားမင်းများကိုလည်းကောင်း၊ တကောင်းမှ အဘိရာဇာနှင့် ဓဇရာဇာတို့အကြောင်းကိုလည်းကောင်း စိုးစဉ်းမျှ သိရခြင်းမရှိချေ။ သိရန်လည်း ကြိုးပမ်းနေဖွယ်ရာ လိုမည်မထင်ချေ။ လက်တွေ့တူးဖော်မှုက ဖော်ထုတ်နိုင်ခဲ့သည်မှာ သက်ဆိုင်ရာခေတ် လုပ်သားပြည်သူတို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဘဝ ရှုထောင့်များပင် ဖြစ်ကြပေသည်။ ဤဖော်ထုတ်တွေ့ရှိချက်များမှာ သမိုင်းအဆိုများနှင့် တိုက်ဆိုင်သည်လည်းရှိ၍ မတိုက်ဆိုင်သည်လည်း ရှိသည်။ သို့သော် မည်သို့ပင်ဖြစ်စေ သမိုင်းအဆိုအမိန့်

များကြောင့် သက်ဆိုင်ရာခေတ် လုပ်သားပြည်သူများအကြောင်း စနစ်တကျ ထောက်လှမ်းစုံစမ်းရန် သဲလွန်စများ ရရှိခြင်းကား ထင်ရှားသော လက်တွေ့ အကျိုးထူးတစ်ရပ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် ရှေးဟောင်းသမိုင်းတိုင်း၊ ဒဏ္ဍာရီပုံပြင်တိုင်း ပစ်ပယ်စရာမဟုတ်ပါချေ။



အခန်း ၃

# ကျောက်ခေတ်သုတေသန

# မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှုများ

လူ့ဘဝတွင် အရေးကြီးဆုံး ကိစ္စရပ်များမှာ စားဝတ်နေရေးတို့ ဖြစ်ကြ၏။ ဤကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် ကိရိယာတန်ဆာပလာများ လိုအပ်ပေသည်။ အစားအစာ ရှာဖွေရန်အတွက် လှံ၊ ဓား၊ မြား စသော လက်နက်များ လိုအပ်သည်။ အဝတ်အထည် ရက်လုပ်ရန်အတွက် ဖူးတား၊ ယက်ဖောက် စသည်တို့လိုသည်။ နေအိမ်ဆောက်လုပ်ရန်အတွက် ရွှး၊ ဆောက် စသော တန်ဆာပလာများလို၏။ ဤစားဝတ်နေမှု အစုစုအတွက် ရှာဖွေလုပ်ကိုင်ရမှုများတွင် ကိုင်တွယ်အသုံးချရသော လက်နက်ပစ္စည်းများကို ယခုအခါ သံ၊ သံမဏိတို့ဖြင့် လုပ်ကြရသည်။ သို့သော် လွန်ခဲ့သော နှစ်ပေါင်း ငါးသိန်း၊ ခြောက်သိန်းအခါကမူ သံနှင့် ကြေးသတ္တုများ မပေါ်ပေါက်ကြသေးချေ။ ထို့ကြောင့် ကျောက် အမျိုးမျိုးမှ လူသုံးလက်နက်ကိရိယာများ ဖန်တီးယူကြရသည်။ ယင်းတို့ ကျောက်လက်နက်များ အသုံးချသော ခေတ်ကို **ကျောက်ခေတ်ဟု**ခေါ်ဝေါ်သည်။ ဤကျောက်ခေတ်မျိုး မြန်မာနိုင်ငံတွင်လည်း ထွန်းကားသွားခဲ့၏။

ထို့ကြောင့် ကျောက်ခေတ်ဖြစ်ထွန်းချိန်က အသက်ရှင်နေထိုင်ခဲ့သော ကျောက်ခေတ်လူသားများနှင့် သူတို့၏ အသက်မွေးပုံ၊ အချင်းချင်း ပေါင်းသင်းဆက်ဆံကြပုံ၊ သဘာဝပတ်ဝန်းကျင်အတွင်းရှိ သတ္တဝါအမျိုးမျိုးနှင့်ဆက်ဆံကြပုံ စသောအချက်များကို လေ့လာခြင်းသည် ကျောက်ခေတ်ယဉ်ကျေးမှုများကို လေ့လာခြင်း ဖြစ်သည်။ ဤသို့ လေ့လာမှုသည် လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့၏ အညမည ဖြစ်စဉ်များကို လေ့လာခြင်းလည်း ဖြစ်ပေသည်။

## မြန်မာ့ကျောက်ခေတ်

ကျောက်ခေတ်လူသားများ ပြုလုပ်ထားရှိခဲ့သော ကျောက်လက်နက်များကို ဤသို့ လေ့လာနိုင်ပေသည်။ ရှေးဦးစွာ ကျောက်ခေတ်လူသား ကိုင်ဆောင်အသုံးပြုခဲ့သော လက်နက်များ၏ ပုံပန်းသဏ္ဌာန်နှင့် ထူးခြားချက်များကို လေ့လာမှတ်သားရသည်။ ယင်းနောက် ထိုလက်နက်များကို ပုဆိန်အဖြစ် အသုံးပြုခဲ့သလော၊ ပဲခွပ်အဖြစ် သုံးသလော စသည်ဖြင့် စောကြောရသည်။ လက်နက်၏

ပုံပန်းနှင့် အသုံးပြုရန် အသွားဖော်ထားပုံများမှတစ်ဆင့် မည်သည့်လက်နက် ဖြစ်ကြောင်း ဖော်ပြနိုင်ရသည်။ မြန်မာ့ကျောက်ခေတ်များတွင် အများအားဖြင့် ဝဲခွပ်လက်နက်ကို အခြားလက်နက်များထက် ပိုမိုအသုံးပြုကြောင်း တွေ့ရသည်။

ကျောက်ခေတ်ယဉ်ကျေးမှုများသည် ရှေးလွန်ခဲ့သော နှစ်ပေါင်း ၅ သိန်း၊ ၆ သိန်းခန့်ကာလမှ တစ်သောင်းအောက် ကာလအထိအောင် ထွန်းကားခဲ့ကြသည်။ ထို့ကြောင့် အချိန်ကာလ ကြာညောင်းသည်နှင့်အမျှ ကျောက်လက်နက် ပစ္စည်းကိရိယာများမှာလည်း ဟောင်းမြင်းလှပြီ ဖြစ်သည်။ ဤဟောင်းမြင်းသော ကျောက်လက်နက်များမှာ အခြေအနေအမျိုးမျိုးကြောင့် အညှိများပင် တက်လျက် ရှိတတ်ကြ၏။ ဤအညှိများက ကျောက်ခေတ်လက်နက်များ မျက်မှောက်ခေတ် ရောက်အောင် မည်သို့မည်ပုံ ဖြတ်သန်းလာခဲ့ရသည့် သဘောကို ဖော်ပြတတ်ကြသည်။ ထို့ကြောင့် ယင်းကျောက်လက်နက်များရှိ အညှိများတို့ကိုလည်း ဓာတုဗေဒနည်းများဖြင့် ဖော်ထုတ်လေ့လာကြရပေသည်။ မြန်မာ့ကျောက်ခေတ်ဟောင်း လက်နက်များအနက် အများအပြားမှာ မီးတောင်ပြာမှ ဖြစ်ပေါ်ခဲ့သော ကျောက်များမှ ပြုလုပ်ထားပြီး သံဓာတ်ကြွယ်ဝသည့်မြေများတွင် နှစ်ပေါင်းများစွာ နှစ်မြုပ်ခဲ့သောကြောင့် အနီရင့်ရောင် အညှိများ တက်နေသည်ကို တွေ့ရလေ့ရှိ၏။ ထို့အတူ အင်ကြင်းကျောက်လက်နက်များတွင် အဝါဖျော့၊ မီးခိုးဖျော့ရောင် အညှိများ ကပ်ငြိနေသည်ကို တွေ့ရသည်။

ကျောက်လက်နက်တို့တွင် တွေ့ရတတ်သော အနားစွန်းများတွင် ပြွန်းတီးမှု ရှိမရှိကိုလည်း စိစစ်ရပေသည်။ အနားများ ပြွန်းတီး၍ အလွန်ချောမွတ်နေသော ကျောက်လက်နက်များမှာ ဝေးလံသောအရပ်များမှ မြစ်ချောင်းများ၏ သယ်ဆောင်မှုကြောင့် ရောက်ရှိလာနိုင်စရာ အကြောင်းရှိပေသည်။ ယင်းတို့ကို မြစ်ချောင်းများ အနီးတွင် တွေ့ရတတ်၏။ တစ်ဖန် ကျောက်လက်နက်များနှင့် ယှဉ်တွဲတွေ့ရသော ကျောက်ဖြစ်ရုပ်ကြွင်း အရိုးများ၊ မီးသွေးပြာများ မီးကျွမ်းနေသော သစ်စေ့များ အချဉ်ဓာတ်ဖြင့် ထိန်းသိမ်းခြင်းခံရသော ဝတ်မှုန်များ၊ အိုးအင်ခွက်ယောက်များ လူနေအိမ်တိုင်ရာများ စသော အထောက်အထားများကို ဂရုပြု မှတ်သားရပေသည်။ ယင်းတို့မှ ကျောက်ခေတ်လက်နက်များ၏ ခုနှစ်ပိုင်းခြားမှု၊ သဘာဝ ပတ်ဝန်းကျင်အနေအထားနှင့် ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ထုတ်နိုင်ပေသည်။ ပြဒါးလင်းဂူ (ရှမ်းပြည်တောင်ပိုင်း)တွင် တွေ့ရသော မီးသွေးများကို ဓာတ်ခွဲ လေ့လာနိုင်သဖြင့် ပြဒါးလင်းကျောက်ခေတ်၏ ခုနှစ် သိရပေသည်။ လက်ပံခြေပေါ်မှာ တွေ့သော ကျောက်ဖြစ် အံသွားကြီးမှလည်း လက်ပံခြေပေါ်၏ သဘာဝပတ်ဝန်းကျင်ကို တစ်စိတ်တစ်ပိုင်း ဖော်ထုတ်ပေးသည်။



**ကျောက်ခေတ်ဟောင်းနှင့် ကျောက်ခေတ်သစ်**

မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှုများကို ဖော်ထုတ်လေ့လာကြရာတွင် ကျောက်ခေတ်ဟောင်းယဉ်ကျေးမှုနှင့် ကျောက်ခေတ်သစ် ယဉ်ကျေးမှုဟူ၍ နှစ်ပိုင်း ပိုင်းခြား လေ့လာထားကြပေသည်။ အစီအစဉ် အတိုင်းဆိုရပါမူ ကျောက်ခေတ်ဟောင်းကုန်ဆုံးလျှင် ကျောက်ခေတ်လယ် ယဉ်ကျေးမှုများ ထွန်းကားသင့်ပေသည်။ သို့သော် မြန်မာပြည်အတွင်းတွင် ကျောက်ခေတ်လယ် ယဉ်ကျေးမှုများ ရှိမရှိ သေချာစွာ မသိရှိသေးချေ။ ဤအတွက် သုတေသန လုပ်ငန်းများ လုပ်ဆောင်ရန် များစွာကျန်ရှိနေသေးသည်။

**ဧရာဝတီ၏အတိတ်**

အထက်တွင် တင်ပြခဲ့ပြီးသည့်အတိုင်း မြန်မာ့ကျောက်ခေတ်ဟောင်း ယဉ်ကျေးမှုများမှာ ဧရာဝတီ မြစ်အလယ်ပိုင်း မကွေးနှင့် ညောင်ဦးအကြား မြစ် အရှေ့ဘက်ကမ်းတွင် အဓိက တွေ့ရှိကြရသည်။ တွေ့ရှိပုံများမှာ လေ့ကားထစ်များ သဖွယ် ဖြစ်ပေါ်နေကြသော မြစ်ကမ်းဆင့်ကြီးများမှ ဖြစ်ကြသည်။ ဤမြစ်ကမ်းဆင့်ကြီးများ ဖြစ်ပေါ်လာအောင် လူတို့၏ စွမ်းပကားဖြင့် ဖန်တီး ရယူခြင်းမျိုး မဟုတ်ချေ။ ရှေးလွန်ခဲ့သော နှစ်ပေါင်း တစ်သန်းနှင့် ငါးသိန်းကြား ကာလက ဧရာဝတီမြစ်ကြီး၏ တိုက်စားမှု၊ ကျောက်နည် ကျောက်သားများ ပို့ချမှုများကြောင့် မြစ်ကမ်းဆင့်ကြီးများ ဖြစ်ပေါ်ရကြောင်း ဘူမိသိပ္ပံပညာရပ်က ဖော်ထုတ်ဖွင့်ဆိုထားလေသည်။ ဤတွင် မှတ်သားစရာ အချက်တစ်ချက်မှာ မြန်မာပြည်၏ ကူးသန်းသွားလာရေးတွင် အသက်သွေးကြောဖြစ်ခဲ့သော ဧရာဝတီမြစ်ကြီးမှာ အထက်ဖော်ပြပါ ကာလများကမူ ယခုလို တိမ်ကောလု အနေအထားမျိုး မဟုတ်ဘဲ မြစ်ပျို မြစ်လွင်ဘဝဖြင့် ယခုထက် အဆပေါင်းများစွာ ရေစီးနှုန်းထား ကြီးမားခဲ့သည့် အချက်ပင်ဖြစ်သည်။ ရေစီးနှုန်းအား ကြီးမား ခဲ့သည့် အားလျော်စွာ တိုက်စားမှုလည်း ကြီးမားခဲ့သည်။ သယ်ဆောင်အားလည်း ကြီးထွားလှ၏။ မြစ်ညာမှ တိုက်စားသယ်ဆောင်ခဲ့သော ကျောက်တုံး ကျောက်ခဲ၊ ကျောက်အနည်အနှစ်များကို မြစ်ကြမ်းပြင်၌ ပို့ချမှုတွင်လည်း သူမတူအောင် ဖြစ်ခဲ့သည်။ ဤသို့ ပို့ချခဲ့သော ကျောက်နည် ကျောက်သားများကို သယ်ဆောင်အား လျော့လာသည်နှင့်အမျှ ဧရာဝတီမြစ်ကြီးကပင်လျှင် ပြန်လည် တိုက်စားပစ်ပြန်သည်။ ဤနည်းဖြင့် မြစ်ကမ်းဆင့်ကြီးများ ဖြစ်ပေါ်လာကြသည်။

မြစ်ကမ်းဆင့် စုစုပေါင်းမှာ ငါးခုရှိကြ၏။ ချောက်မြို့အနီး ဆီးချိုပင်ရွာ

ပတ်ဝန်းကျင်မှ ချင်တောင်မ တောင်ကုန်းအကြားတွင် မြစ်ကမ်းဆင့် ငါးခုလုံးကို စုံစေအောင် တွေ့ရှိနိုင်သည်။ ရေမိုးရရှိမှ အသက်ရှင်နိုင်သော ကျောက်ခေတ်ဟောင်း တိရစ္ဆာန်ကြီးများသည် မြစ်နား ချောင်းနား၌ ကျက်စားကြ၏။ တစ်နည်းအားဖြင့် မြစ်ကမ်းဆင့်များအပေါ်၌ ကျက်စားကြရသည်။ ဤတိရစ္ဆာန်ကြီးများကို အစားအစာ ရှာဖွေရယူသော အမဲလိုက်မုဆိုးအဆင့်သာ ရှိသေးသည့် ကျောက်ခေတ်ဟောင်း လူသားက နည်းမျိုးစုံဖြင့် ဖမ်းဆီးရယူ စားသောက်သည်။ ဤသို့ ဖမ်းဆီးရန်အတွက် လက်နက်များ တီထွင်ရလေသည်။ တီထွင်ပုံမှာ သဘာဝအလျောက် ဖြစ်ပေါ်နေသော ကျောက်တုံး ကျောက်ခဲများကို ထုဖွဲ့၍ အသွားဖော်ပြီး လက်သုံး ပဲခွပ်နှင့် ခုတ်စဉ်း ခုတ်ထစ် လက်နက်များအဖြစ် ပြုလုပ်ရယူခြင်းပင် ဖြစ်သည်။ ဤလက်နက်များကို အသုံးပြု၍ ကျောက်ခေတ်ဟောင်း သတ္တဝါကြီးများကို ဖမ်းဆီးသတ်ဖြတ် စားသောက်ရသည်။ အဝတ်အထည်အလို့ငှာ အရေပြားဆုတ်ခွာပြီး ဝတ်ဆင်ရသည်။

ထို့ကြောင့် ကျောက်ခေတ်ဟောင်းလူသား၏ လက်မှ မတော်တဆ ကျကျန်ရစ်သော လက်နက်များ၊ သို့မဟုတ် တမင်ပစ်ပယ်လိုက်သော လက်နက်များသည် မူလနေရာမှာလည်း ကျန်ရှိတတ်သည်။ မြစ်၏ သယ်ဆောင်မှုကြောင့် အခြားတစ်နေရာသို့လည်း ရောက်ရှိသွားတတ်သည်။ အလားတူပင် ကျောက်ခေတ်ဟောင်းလူသား လက်နက်ဖြင့်လည်းကောင်း၊ သဘာဝအလျောက်လည်းကောင်း သေဆုံးရကုန်သော သတ္တဝါကြီးများ၏ အရိုးများမှာ မြစ်ကမ်းဆင့်များပေါ်တွင် ကျန်ရစ်တတ်ကြသည်။ အချို့မှာ အပေါ်မှ ထပ်ဖို့လာသော ကျောက်နည် ကျောက်သားများကြောင့် သဘာဝဓာတ်များ ပြောင်းလဲပြီး ကျောက်ဖြစ် သွားသည်လည်း ရှိသည်။ ယင်းကျောက်ဖြစ်အရိုးစုတို့ကို ကျောက်ဖြစ်ရုပ်ကြွင်းများဟု ခေါ်ဝေါ်၏။

ကျောက်ခေတ်ဟောင်းလူသားလက်ထက်မှ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရစ်ခဲ့သည့် ကျောက်လက်နက်မျိုးစုံတို့သည် ကျောက်ခေတ်ဟောင်း ယဉ်ကျေးမှု၏ လက္ခဏာအင်္ဂါရပ်များပင် ဖြစ်ကြသည်။ ယင်းတို့ကို လေ့လာခြင်းသည် ကျောက်ခေတ်ဟောင်းယဉ်ကျေးမှုကို လေ့လာခြင်းမည်၏။ ဤတွင် အနုစိတ်စရာကား ဤဆောင်းပါးအစပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း မည်သည့်လက်နက်ကို မည်သို့ ထုဖွဲ့ သရုပ်ပေါ်အောင် ဖော်ဆောင်ထားသနည်း ဆိုသော ပညာရပ်ပိုင်းဆိုင်ရာ အချက်များပင်ဖြစ်သည်။ ဤပညာရပ်ပိုင်းဆိုင်ရာများကို လေ့လာခြင်းဖြင့် ယဉ်ကျေးမှုအဆင့်အတန်းကို ရှာဖွေဖော်ထုတ်ရပေသည်။ ထိုနည်းတူစွာ မြစ်ချောင်းတို့၏ ပို့ချမှု၊ တိုက်စားမှုသမိုင်းကို ဘူမိသိပ္ပံနည်းများ၊ ဇလဗေဒနည်းများဖြင့် ဖော်ထုတ်ခြင်းသည် သဘာဝ



ပတ်ဝန်းကျင်ကို ဖော်ထုတ်သမှု အစပြုခြင်း ဖြစ်ပေသည်။ ရှေးဟောင်း သတ္တဝါကြီးများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဖော်ဆောင်လေ့လာခြင်းဖြင့် သဘာဝပတ်ဝန်းကျင် လေ့လာမှုကို ထောက်ကူသမှု ပြုရပေသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ကျောက်လက်နက်တို့၏ ဆက်နွယ်မှုကို ရှာဖွေပေးခြင်းဖြင့် ကျောက်ခေတ်ဟောင်းယဉ်ကျေးမှု၏ စီးပွားရေးအဆင့်ကို ခန့်ချင့်တွက်ရပေသည်။

## အုတ်မြစ်နှင့် ဗိမာန်

အထက်ဖော်ပြပါ ကျောက်ခေတ်ဟောင်း ယဉ်ကျေးမှု အထောက်အထားများအဖြစ် ကျန်ရစ်သော လက်နက်များစွာတို့အနက်မှ အများစုမှာ အင်ကြင်းကျောက်ခေါ် သစ်သားမှ ကျောက်ဖြစ်သွားသော ရုပ်ကြွင်းကျောက်ဖြင့် ပြုလုပ်ထားတတ်သည်။ ယင်းတို့မှာ အရွယ်အစားကြီးမား၏။ စတုဂံပုံသဏ္ဍာန် ဆောင်လေ့ရှိသည်။ ထိပ်တစ်ဖက်ကို ဆောက်သွားသဖွယ် တစ်သမတ်တည်း ဆစ်ဖွဲ့၍ အသွားဖော်ကာ လက်သုံးပဲခွပ်အဖြစ် ခုတ်ထစ်ရာတွင် အသုံးပြုသည်။ ဖြတ်တောက်ရာ၌ အသုံးပြုသည်။ မီးတောင်ချော်ပြာဖြစ်သော ကျောက်တစ်မျိုးဖြင့်လည်း အလားတူလက်နက်မျိုး ပြုလုပ်ခဲ့ကြသေးသည်။ ယင်းတို့ အားလုံးမှာ လက်နက်ပြုလုပ်ရေး အစဉ်အလာ သဘောတရားတစ်ရပ်၏ ရှေ့ဆောင်မှုဖြင့် ပြုလုပ်ထားသဖြင့် ယင်းတို့အချင်းချင်း အရွယ်အစား အနည်းငယ် ကွဲပြားသည်မှတစ်ပါး ပုံသဏ္ဍာန်ချင်းရော၊ ပြုလုပ်ပုံများပါ တူညီလေ့ရှိကြသည်။ ဤလက်နက်မျိုးကို မြန်မာပြည်အပြင် တရုတ်ပြည်၊ အိန္ဒိယအရှေ့မြောက်ပိုင်းနှင့် အရှေ့တောင်အာရှ နိုင်ငံများတွင်လည်း တွေ့ရှိကြရသည်။ ဤသို့ တွေ့ရှိခြင်းသည် တူညီသော ရေမြေအနေအထားနှင့် တူညီသော ယဉ်ကျေးမှု အစဉ်အလာများကြောင့်ဖြစ်ကြောင်း ပညာရှင်များ မိန့်မှာထားကြ၏။

ထို့ကြောင့် မြန်မာကျောက်ခေတ် ယဉ်ကျေးမှုများ ဖော်ထုတ်လေ့လာရေးသည် မြန်မာ့လူဘောင်၏ အခြေခံအုတ်မြစ်များကို ဖော်ထုတ်ခြင်းပင်ဖြစ်သည်။ ကျောက်ခေတ်ဟောင်းမှစ၍ ဖော်ထုတ်ခြင်းသည် မြန်မာ့လူ့ဘောင်၏ ကျောက်ခေတ်ဟောင်းတိုင်အောင် ရှေးကျမှုကို ပြသရာရောက်၏။ အရှေ့တောင် အာရှ တရုတ်ပြည်၊ အိန္ဒိယပြည်တို့မှ ကျောက်ခေတ်ဟောင်း ယဉ်ကျေးမှု လက်နက်များနှင့် ယှဉ်နိူင်းခြင်းသည် ထိုပြည်များ၌ ထွန်းကားသွားသော ကျောက်ခေတ်ဟောင်းယဉ်ကျေးမှုထက် အဆင့်အတန်း မနိမ့်ကျမှုကို သက်သေပြရာ ရောက်၏။

# ကျောက်လက်နက်ပြုလုပ်မှုအနုပညာ

မြန်မာနိုင်ငံတွင် ပေါ်ပေါက်ဖြစ်ထွန်းခဲ့သော ကျောက်ခေတ်ယဉ်ကျေးမှုများကို အကြမ်းအားဖြင့် ကျောက်ခေတ်ဟောင်းနှင့် ကျောက်ခေတ်သစ်ဟူ၍ နှစ်မျိုး ပိုင်းခြားလေ့လာနိုင်ပေသည်။ အစီအစဉ်အတိုင်းဆိုပါမူ ကျောက်ခေတ်လယ်လည်း ရှိသေးသည်။ သို့ရာတွင် ကျောက်ခေတ်လယ်အဆင့်ကိုမူ မြန်မာ့သမိုင်းတွင် တိတိကျကျ ပိုင်းခြားသတ်မှတ်ရန် အထောက်အထားများ မတွေ့ရသေးဟု သုတေသီပညာရှင်များက အဆိုရှိခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ ကျောက်ခေတ်ဟောင်း အခါသမယသည် လူပေါ်ဦးစ အချိန်အခါပင် ဖြစ်သည်။ ကမ္ဘာ့ရာသီဥတုမှာလည်း ယခုကဲ့သို့ မဟုတ်ချေ။ မြောက်ဘက်စွန်း ရေခဲပြင်၊ ရေခဲမြစ်ကြီးများကြောင့် အိန္ဒိယ၊ မြန်မာ၊ တရုတ်ပြည်များနှင့် အရှေ့တောင်အာရှ ဒေသတစ်ဝှမ်းလုံးတွင် မိုးကြီးများ ရွာသွန်းခဲ့ခြင်း၊ သစ်ပင်ကြီးများ ပေါက်ပွားခဲ့ခြင်း၊ ရှေးဟောင်းဆင်၊ ကြံ့၊ တောဝက်စသောတိရစ္ဆာန်ကြီးများကျက်စားနေထိုင်ခဲ့ခြင်းစသည့်အနေအထားများ ဖြစ်ပေါ်ခဲ့ရသည်။ ယင်းတိရစ္ဆာန်ကြီးများမှာလည်း မြစ်နီး၊ ချောင်းနီး၊ အင်းအိုင်အနီး ဒေသများတွင် ကျက်စားလေ့ရှိခဲ့ကြသည်။ တိရစ္ဆာန်များကို ဖမ်းယူ စားသုံးရန်အတွက် တိရစ္ဆာန်များနည်းတူ အသက်ရှင်နေထိုင်ခဲ့သော ကျောက်ခေတ်ဟောင်း လူသားများမှာလည်း တိရစ္ဆာန်များကို ဖမ်းဆီးရယူနိုင်သည့် လက်နက်များကို တီထွင်ဖန်တီးခဲ့ကြရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ‘လက်နက်များကို တီထွင်ပုံကတော့ သဘာဝအလျောက် မြစ်ချောင်းတွေက တိုက်စားသယ်ယူခဲ့တဲ့ ကျောက်တုံး၊ ကျောက်ခဲများကို ထုဖွဲ့ပြီး အသွားဖော်ယူရတာဖြစ်ပါတယ်။ အသွားဖော်တာကို အနုစိတ်လေ့လာရင် ကျောက်ခဲတစ်လုံးကို အခြားကျောက်ခဲတစ်လုံးနဲ့ တိုက်ရိုက်ထုဖွဲ့ယူတာဟာ ပဓာနအကျဆုံး ဖြစ်ပါတယ်။ ထုဖွဲ့ရာမှာလည်း ထုတဲ့ကျောက်တုံးကို ကျောက်တူလို့ခေါ်ပြီး အထုခံကျောက်တုံးကတော့ ကျောက်ခေတ်လူသားတွေ အသုံးချလိုတဲ့ ကျောက်လက်နက်ပဲ ဖြစ်ပါတယ်’ဟု ရှေးဟောင်းယဉ်ကျေးမှုကို လေ့လာလိုက်စားသူ ပုဂ္ဂိုလ်ကြီးတစ်ဦးက ထုတ်ဖော်ပြဆိုသည်။

အလားတူ ပုဂ္ဂိုလ်ကြီးတစ်ဦးကလည်း ‘ထုဖွဲ့ရာက ပေါ်လာတဲ့ ကျောက်



လက်နက်ဟာ ကြမ်းတမ်းပြီး အသွားထက်မြက်တယ်။ ကျောက်ဖွဲ့ရာများဟာလည်း နက်ရှိုင်းနေလေ့ရှိတတ်ပါတယ်။ ဒီလက်နက်မျိုးကို ကျောက်ခေတ်ဟောင်း လူသားများအနေနဲ့ မြန်မာနိုင်ငံမှာ အစောဆုံး အသုံးချသွားတယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်’ဟု ပြောဆိုလေသည်။

ဤသို့ ထုယူဖွဲ့ထုတ်ရာမှ ရရှိသော လက်နက်များတွင် အသွား၏ မျက်နှာဘက်ရော၊ ကျောဘက်ပါ ညီညီညာညာဖွဲ့ထားလျှင် ကျောက်ပုဆိန်ဟူ၍လည်းကောင်း၊ မျက်နှာတစ်ဖက်တည်း တစ်သမတ်တည်း ဖွဲ့ထားလျှင် ကျောက်ပဲခွပ်ဟူ၍လည်းကောင်း ပညာရှင်များက ယင်းတို့ကိုယ်တိုင် လက်တွေ့စမ်းသပ်လုပ်ဆောင်ကြပြီးနောက် အမည်သညာ မှည့်ထားကြသည်။ မြန်မာနိုင်ငံ၊ တရုတ်ပြည်၊ အရှေ့တောင်အာရှနှင့် အိန္ဒိယပြည် အနောက်မြောက်ပိုင်းတွင် ပဲခွပ်သွားများ ထွန်းကား၍ အာဖရိကတိုက်၊ ဥရောပတိုက်နှင့် အင်္ဂလန်နိုင်ငံတွင် ကျောက်ပုဆိန်များ ထွန်းကားကြောင်း တွေ့ရှိရသည်။ စင်စစ်အားဖြင့် ကျောက်ပဲခွပ်ရော၊ ကျောက်ပုဆိန်ပါ အစုံသုံးကိရိယာများဖြစ်၍ သစ်မြစ်တူးရာ၊ တိရစ္ဆာန်များကို ဖြတ်တောက်လှီးချတ်ရာ စသည့်လုပ်ငန်းတို့၌ အသုံးချလေ့ရှိခဲ့ကြသည်။

‘တိုက်ရိုက်ထုဖွဲ့ဆစ်ယူတဲ့ လက်နက်က တစ်ဆင့်ခြား ထုဖွဲ့ယူတဲ့စနစ်ကို ပြောင်းလဲလာတဲ့ အချို့လက်နက်များကို တွေ့လာရပြန်ပါတယ်။ တစ်ဆင့်ခြား ထုဖွဲ့ယူမှုဆိုတာကတော့ ကျောက်တုံးရဲ့ မျက်နှာဘက်ကို တစ်ချက်ဖွဲ့လိုက်၊ ကျောဘက်ကို တစ်ချက်ဖွဲ့လိုက်တာမျိုး ဖြစ်ပါတယ်။ အရှင်းဆုံးကတော့ တစ်လှည့်စီ ဖွဲ့ထုတ်ယူမှုကို ခေါ်တာပါပဲ။ ဒီလက်နက်မျိုးကိုလည်း မြန်မာ့ကျောက်ခေတ်ဟောင်း တတိယကဏ္ဍနဲ့ဆိုင်တဲ့ ရေနံချောင်းက ရရှိတဲ့ လက်နက်များမှာ တွေ့ရပါတယ်။ ဒီလိုလက်နက်မျိုးနဲ့ပဲ မြန်မာ့ကျောက်ခေတ်ဟောင်း လူသားများဟာ မိမိတို့ရဲ့ အသက်မွေးမှုအတွက် တောရိုင်းတိရစ္ဆာန်ကြီးတွေကို ရင်ဆိုင်ဖမ်းယူခဲ့ကြတယ်ဆိုတာ သိရပါတယ်’ဟု ရှေးဟောင်းသုတေသနဌာနမှ ပုဂ္ဂိုလ်တစ်ဦးက လမ်းစဉ်သတင်းနှင့် တွေ့ဆုံရာတွင် ပြောဆိုသည်။ ယင်းပုဂ္ဂိုလ်ကပင် ‘တိုက်ရိုက်ထုယူဖွဲ့ထားတဲ့ လက်နက်များကို အခု တစ်ဆင့်ခြားဖွဲ့ယူလက်နက်များနဲ့ နှိုင်းယှဉ်ကြည့်ရင် တစ်ဆင့်ခြားဖွဲ့ယူတဲ့ လက်နက်က တိုးတက်လာကြောင်း တွေ့ရပါတယ်’ဟု ဆက်လက်ပြောဆိုသေးသည်။

ကျောက်ခေတ်ဟောင်း လူသားတို့သည် ယင်းတို့၏ စားမှုပြဿနာကို လက်နက်အမျိုးမျိုးဖြင့် အထက်ပါအတိုင်း တီထွင်ဖြေရှင်းကြပြီးနောက် ဝတ်မှုအတွက်ကိုလည်း ကြိုးပမ်းခဲ့ကြပြန်သည်။ သဘာဝအလျောက် ဖြစ်ပေါ်နေသော အတန်အသင့် အရွယ်ရှိသည့် ကျောက်တုံးတစ်တုံးကို ဘေးပတ်ပတ်လည်မှ

အလယ်ဗဟိုချက်မဆီသို့ ကျောက်များကို တဖြည်းဖြည်း ဖွဲ့ထုတ်လိုက်သည်။ ယင်းသို့ စိတ်ကြိုက် ဖွဲ့ထုတ်ယူပြီးနောက် နောက်မှ တစ်နေရာတွင် ထုစရာ နေရာကလေးများကို ပြုလုပ်သည်။ ထုစရာနေရာ ကလေးကို 'ထုပြင်ရာ'ဟု ခေါ်သည်။ ယင်းထုပြင်ရာမှ ပိုင်ပိုင်နိုင်နိုင် တစ်ချက်တည်း ထုချလိုက်သော အခါ ကျောက်လွှာချပ်ကြီးတစ်ခုကို ရရှိသည်။ ကျောက်လွှာချပ်၏ ဘေးစွန်းအနား များသည် သူမတူအောင် ထက်မြက်ကြောင်း တွေ့ရမည်ဖြစ်လေသည်။

ကျောက်ခေတ်ဟောင်းလူသားတို့၏ ဝတ်မှုနှင့်ပတ်သက်၍ လက်တွေ့ သုတေသနပြုနေသူ ပုဂ္ဂိုလ်တစ်ဦးက လမ်းစဉ်သတင်းနှင့် တွေ့ဆုံရာတွင် 'ကျောက်လွှာချပ်ကြီးမျိုးကို ပြဒါးလင်း ကျောက်ခေတ်လက်နက်များမှာ တွေ့မြင်ရပါတယ်။ အဲဒီကျောက်လွှာချပ်တွေကိုလည်း ဓားသဖွယ် အသုံးပြုပြီး တိရစ္ဆာန်တွေကို ဖမ်းဆီးသတ်ဖြတ်ပါတယ်။ အဲဒီလို တိရစ္ဆာန်တွေကို ဖမ်းဆီးသတ်ဖြတ်ပြီးတော့ တိရစ္ဆာန်ကိုယ်က အရေခွံကို ခွာယူပြီး အဝတ်အထည်များကို ချုပ်ဝတ်လေ့ ရှိခဲ့ပါတယ်'ဟု ပြောဆိုသည်။

ပညာရှင်များ သတ်မှတ်ချက်အရဆိုပါမူ ထုပြင်ရာနှင့် ကျောက်လွှာချပ် မျက်နှာပြင်ကို တိုင်းတာကြည့်၍ ၉၀ ဒီဂရီ သို့မဟုတ် ၉၀ ဒီဂရီထက် နည်းလျှင် ဆစ်လွှာမှု အလွန်တော်သည်။ ထို့ကြောင့် ယဉ်ကျေးမှုအဆင့် မြင့်မားသည်။ ၉၀ ဒီဂရီထက် ကျော်လွန်လျှင် ဆစ်လွှာမှု၌ သိပ်မကျွမ်းကျင် ယဉ်ကျေးမှုအဆင့်အတန်း သိပ်မမြင့်။ မြန်မာ့ကျောက်ခေတ်လက်နက်များအနက် ဆားလင်းကြီးမြို့နယ်ပိုင် တောင်ကြီးရွာ ထောက်မကုန်းမှရသော ကျောက်လွှာချပ်အချို့တို့ကို တိုင်းတာ ကြည့်ရာ ဒီဂရီ ၁၀၀ ကျော်ရှိကြောင်း တွေ့ရသည်ဟူ၍လည်း ယင်းက ဆက်လက်ပြောဆိုသည်။

စင်စစ်အားဖြင့် ကျောက်လက်နက်ပြုလုပ်မှုကို ဖော်ပြပါအဆင့်မှ တစ်ဆင့် တက်ပြန်သော် အလောတော်ရှိသော ကျောက်စရစ်တုံးကို ကျောက်တူ အနုစားဖြင့် အသာအယာ ဖွဲ့ထုတ်သည့်နည်းပင် ဖြစ်သည်။ ယင်းနည်းဖြင့် အသုံးချ ဖွဲ့ယူလျှင် ကျောက်ဖွဲ့ရာများမှာ တိမ်နေလေ့ရှိသည်။ 'ကျောက်စရစ်တုံးကို ကျောက်တူ အနုစားနဲ့ ဆစ်ယူ ဖွဲ့ထုတ်တဲ့နည်းမျိုးကို ကျောက်ခေတ်သစ်တွင် အသုံးချလေ့ရှိပါ တယ်။ မြန်မာ့ကျောက်ခေတ်သစ် လက်နက်အများအပြားမှာ ယင်းကို တွေ့ရှိနိုင် ပါတယ်။ ကျောက်တူ အနုစားကို လက်ဝယ်ကိုင်ပြီး လိုအပ်သလောက် အားစိုက်ကာ လိုသလောက် ကျောက်စကလေးတွေသာ ဖွဲ့ထုတ်နိုင်တာဟာ လက်နက်ပြုလုပ်ရေးမှာ လွန်စွာတိုးတက်တဲ့ တီထွင်ကြံဆချက်တစ်ရပ် ဖြစ်ပါ တယ်'ဟု ရှေးဟောင်းယဉ်ကျေးမှုကို အလေးထား လေ့လာလျက်ရှိသူ ပုဂ္ဂိုလ်ကြီး တစ်ဦးက ဖွင့်ဟ ပြောဆိုလေသည်။



မည်သို့ဆိုစေ မြန်မာ့ကျောက်ခေတ်သစ် လက်နက်များကို လေ့လာရာတွင် အသွားဖော်ရာ၌ တစ်ဖက်မှ တစ်သတ်မတ်တည်းဖော်ထားသော ပဲခွပ်များကို အများဆုံး တွေ့ရလေ့ရှိပေသည်။ ဤသည်မှာ သစ်တောကြီးများ ရှင်းလင်း ခုတ်တွင်၍ အခြေတကျ နေထိုင်ရန်အတွက် သစ်လုပ်ငန်းတွင် အသုံးချရန် ပဲခွပ်များ တီထွင်ရခြင်းကြောင့်သာ ဖြစ်သည်ဟု ပညာရှင်များက အဆိုပြုထား ကြသည်။ သစ်သားဖြင့် အိုးအိမ်ဆောက်လုပ်ပြီး နှစ်ပရိစ္ဆေဒ ကြာညောင်းလာ၍ သစ်သားများ ဆွေးမြေ့ကုန်သောအခါ သစ်ဝါးတိုင်များ စိုက်ထူရာကျင်းများသာ ကျန်ရှိတတ်သည်။ ယင်းသစ်ဝါးတိုင်ရာမျိုးကို တောင်သမန်အင်း တူးဖော်မှုတွင် တွေ့ရှိနိုင်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ 'ကျောက်ခေတ်ဟောင်း လက်နက်ဟာ အစားအစာကို ရှာဖွေဖို့ သဘာဝပတ်ဝန်းကျင်က လှူလုပ်အားနဲ့ တီထွင်ထုတ်လုပ် ယူရတာ ဖြစ်ပါတယ်။ အဲဒီသဘာဝပတ်ဝန်းကျင်က ရယူခဲ့တဲ့ လက်နက်နဲ့ပဲ တိရစ္ဆာန်များကို ဖမ်းဆီးရာမှာရော၊ သတ်ဖြတ်၍ အရေဆုတ်ခွာကာ အဝတ် အထည် ချုပ်လုပ်ရာမှာရော အသုံးချခဲ့ကြရပါတယ်။ ဒီအဆင့်ထိ အသုံးချခဲ့တဲ့ လက်နက်များကို အစားအစာ ရှာဖွေရေးကိရိယာအဖြစ် သတ်မှတ်နိုင်ပါတယ်။ ဒီကတစ်ဆင့်တိုးတက်ပြီး နေရာတကျ နေနိုင်ဖို့ တောခုတ်ရာမှာ အသုံးချခဲ့တဲ့ ပဲခွပ်လက်နက်များ၊ အိုးအိမ်ထူထောင်ရာမှာ အသုံးချခဲ့တဲ့ ကျောက်ရူး၊ တံစဉ်များ စတဲ့ လက်နက်များကိုတော့ ကုန်ထုတ်ကိရိယာများအဖြစ် သတ်မှတ်နိုင်ပါတယ်။ ဒါကြောင့်လည်း ကျောက်လက်နက်များကို အနုစိတ် လေ့လာနိုင်တာနဲ့အမျှ ကျောက်ခေတ်လူသားတွေရဲ့ ဘဝနဲ့ အတွေးအခေါ်များ သိမြင်လာနိုင်ပါတယ်။ ပြီးတော့လည်း လူသားနဲ့ သဘာဝပတ်ဝန်းကျင် ဆက်စပ်ပုံ၊ ကျောက်ခေတ်လူသားနဲ့ တိရစ္ဆာန်များ နှီးနွယ်ပုံ၊ တိရစ္ဆာန်ကြီးများနဲ့ ကျောက်လက်နက်များ ပတ်သက်ပုံ စတဲ့ အချက်များကိုလည်း တိုးချဲ့ လေ့လာနိုင်ပါတယ်။ ဒီလိုလေ့လာရင်းနဲ့လည်း ကျောက်ခေတ်ရဲ့ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုရေးရာများကို ဖော်ထုတ်ရမှာပဲ ဖြစ်ပါတယ်'ဟု ရှေးဟောင်းသုတေသနဌာနမှ တာဝန်ရှိပုဂ္ဂိုလ်ကြီးတစ်ဦးက လမ်းစဉ်သတင်းနှင့် တွေ့ဆုံရာတွင် ပွင့်လင်းစွာ ပြောဆိုလိုက်လေသည်။

# ယောဒေသကျောက်ခေတ်တွင်းဆင်းသုတေသန

ကမ္ဘာ့နိုင်ငံအများအပြားတွင် ရေကြည်ရာမြက်နုရာ မြစ်ဝှမ်းဒေသများကို အခြေပြု၍ ရှေးအကျဆုံးသော ယဉ်ကျေးမှုကြီးများ ရှင်သန်ဖြစ်ထွန်းလေ့ရှိခဲ့ကြသည်။ အီဂျစ်ပြည်တွင် နိုင်းမြစ်ဝှမ်း၊ မက်ဆိုပိုတေးမီးယားတွင် ယူဖရေးတီးနှင့် တိုက်ဂရစ်မြစ်ဝှမ်း၊ ပြင်သစ်တွင် ဆိုမေမြစ်ဝှမ်း၊ အိန္ဒိယတွင် အိန္ဒုမြစ်ဝှမ်း၊ တရုတ်ပြည်တွင် မြစ်ဝါမြစ်ဝှမ်းနှင့် မြန်မာပြည်တွင် ဧရာဝတီမြစ်ဝှမ်းတို့တွင် ရှေးဟောင်းယဉ်ကျေးမှုများကို တွေ့ရှိကြရသည်။ ပင်မမြစ်ကြီးများ ဖြတ်သန်းစီးဆင်းရာ ဒေသများကို လေ့လာပြီးစီးလျှင် မြစ်လက်တက်များအားလည်း ဂရုပြုလေ့လာရန် လိုအပ်ပေသည်။ ဤလိုအပ်ချက်နှင့်အညီ မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှုများ ပြန်လည်ထုတ်ဖော်ရေးတွင် ဧရာဝတီမြစ်ကြီးသို့ စီးဝင်သော မြစ်လက်တက်တို့၏ မြစ်ဝှမ်းများကိုလည်း အထူးဂရုပြုလေ့လာရန် စီမံကိန်းများ ရေးဆွဲထားရှိပြီး ဖြစ်သည်။

## ယောမြစ်ဝှမ်းလေ့လာ

ယင်းသို့ စီမံလျာထားသည့်အတိုင်း ဧရာဝတီမြစ်၏ လက်တက်တစ်ခုဖြစ်သော ယောမြစ်ဝှမ်းတစ်လျှောက်၌ ကျောက်ခေတ်ယဉ်ကျေးမှုများ ဖြစ်ထွန်းခြင်း ရှိမရှိ စူးစမ်းရန် ရှေးဟောင်းသုတေသနဦးစီးဌာနသည် ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ရှိ ဘူမိဗေဒနှင့်လည်းကောင်း၊ သမိုင်းသုတေသန ဦးစီးဌာနနှင့်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း မြေအသုံးချရေး ဌာနနှင့်လည်းကောင်း၊ လိုအပ်သော ဆွေးနွေးညှိနှိုင်းမှုများကို ၁၉၇၂ ခုနှစ် နိုဝင်ဘာလ အတွင်းကပင် စတင်ပြုလုပ်ခဲ့သည်။

ယင်းသို့ ညှိနှိုင်းဆွေးနွေးမှုများအရ ဧရာဝတီမြစ်ဝှမ်းတွင် တွေ့ရှိရသော ကျောက်ခေတ်ဟောင်း၊ ကျောက်ခေတ်သစ် ယဉ်ကျေးမှုများနှင့် ယောမြစ်ဝှမ်းတွင် တွေ့ရှိရမည့် ကျောက်ခေတ်ယဉ်ကျေးမှု ပစ္စည်းများကို ဆက်စပ်လေ့လာရန်၊ ယောမြစ် ကျောက်ခေတ်ဟောင်းယဉ်ကျေးမှု၏ သဘာဝပတ်ဝန်းကျင် အနေအထားကို ဖော်ထုတ်ရန်နှင့် ယောနယ်တွင် စတင်တွေ့ရှိရသော ကျောက်



ခေတ်သစ် လက်နက်များ တွေ့ရှိရာဒေသများကို ဖော်ထုတ် မှတ်တမ်းတင်ရန် ဟူသော လုပ်ငန်းစဉ်သုံးရပ်ကို ချမှတ်ခဲ့သည်။

အထက်ပါ လုပ်ငန်းသုံးရပ်ကို ဆောင်ရွက်ရန်အတွက် ကျောက်ခေတ်တွင်းဆင်း သုတေသနအဖွဲ့ကို သုတေသနမှူး ဦးမြင့်အောင် ခေါင်းဆောင်စေပြီး အဖွဲ့ဝင်များ အဖြစ် ရှေးဟောင်းသုတေသနမှ ဦးပေါ်ငြိမ်း (ဓာတ်ပုံ)၊ ဦးမြမောင် (ပုံဆွဲ)၊ ဦးချစ်ထွန်း (တူးဖော်မှု)၊ ပါဠိဌာနချုပ်မှ ဦးတင်မြတ်သိန်း၊ ဒေါ်လှလှနှင့် မူမူအုန်း၊ သမိုင်းသုတေသနမှ ဦးခင်မောင်၊ ဘူမိဗေဒဌာနမှ ကိုချစ်တင်နှင့် ကိုချစ်ဝင်းတို့ ပါဝင်စေပြီး ဖွဲ့စည်းပေးခဲ့သည်။

## ပေါက်မြို့နယ်မှ တွေ့ရှိချက်

ယင်းအဖွဲ့သည် ၁၆-၁-၇၃ နေ့တွင် စတင်ခရီးထွက်ခွာပြီး ၁၉-၁-၇၃ နေ့တွင် ပေါက်မြို့သို့ ဆိုက်ရောက်ကြသည်။ ပေါက်မြို့မှ ပါတီကောင်စီနှင့် နလကများ၏ အကူအညီဖြင့် တွင်းဆင်းလုပ်ငန်းကို ပေါက်မြို့နယ်အတွင်းရှိ အိုင့်ကိုင်း၊ ယာကြီးပြင်၊ သမ္မာရာအိုင့်၊ စွန်ဆိတ်ကုန်းနှင့် ထန်းငယ်တော ကျေးရွာ ပတ်ဝန်းကျင်များတွင် စတင်ဆောင်ရွက်ကြသည်။ ဤရွာများတွင် သုတေသန လုပ်ငန်း စတင်ရသည်မှာ ယင်းဒေသသို့ ၁၉၃၇-၃၈ ခုနှစ်က အမေရိကန် ကျောက်ခေတ်သုတေသီများ တွင်းဆင်းလေ့လာသွားခဲ့ကြသဖြင့် ယင်းတို့၏ တွေ့ရှိချက်များကို စိစစ်ရန်အတွက်ပင် ဖြစ်သည်။

အမေရိကန်အဖွဲ့ တွေ့ရှိသွားသော ကျောက်ခေတ်ဟောင်း လက်နက်များကို ယခု တွင်းဆင်းအဖွဲ့က ထပ်မံမတွေ့ရှိသဖြင့် အမေရိကန်တို့၏ ဆောင်ရွက်ချက်များ မှားသည်မှန်သည်ကို ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း မပြုလုပ်နိုင်သေးချေ။ သို့သော် ကျောက်ခေတ်ဟောင်း ယဉ်ကျေးမှုဖြစ်ထွန်းတတ်သော မြစ်ကမ်းဆင့် နှစ်ခုကို အိုင့်ကိုင်းကျေးရွာပတ်ဝန်းကျင်တွင် တွေ့ရှိကြရသည်။ ယင်းမြစ်ကမ်းဆင့်များအကြောင်း အသေးစိတ် မြေတိုင်းမှတ်တမ်းတင်ကြပြီးနောက် ကျောက်ခေတ်သစ် လက်နက်များတွေ့ရှိရာ စွန်ဆိတ်ကုန်းကျေးရွာအနီးရှိ ရွာဆိုးကုန်းကို တိုင်းတာလေ့လာကြသည်။ ဤကုန်းသည် ယောမြစ်ကမ်းတွင် တည်ရှိ၍ အောက်ခံကျောက်ဖြစ်ဆဲ သဲများ၏အထက် မီးခိုးရောင်မြေသားတွင် ဆေးခင်းများ စိုက်ထားသည်ကို တွေ့ရှိကြရသည်။ ယင်းသည် မြစ်ရေမျက်နှာပြင်မှ အထက်ပေ ၉၀ ခန့်မြင့်၏။ ဤကုန်း၏ ပတ်ဝန်းကျင်မှ ကျောက်ခေတ်သစ် သို့မဟုတ် ကျောက်ချောလက်နက် ၁၄ ခုနှင့် ကျောက်ပြားတွင်းတစ်ခုကို စုဆောင်းရရှိခဲ့ကြပါသည်။ ဤ စွန်ဆိတ်ကုန်းကျေးရွာ ပတ်ဝန်းကျင်သည် ကျောက်ခေတ်သစ်

လူသားများ အခြေချရန် ရေမိုးပြည့်စုံသည့်အပြင် မြေဩဇာလည်းကောင်းပေသည်။ ခွန်ဆိတ်ကုန်းအပါအဝင် ပေါက်နယ်အခြားကျေးရွာများမှ စုဆောင်းရရှိသော ကျောက်မိုးကြိုးသွားခေါ် ကျောက်ချောလက်နက်မျိုးစုံမှာ ၂၁ ခု ဖြစ်လေသည်။

**ထီးလင်းမြို့နယ်သို့ ခရီးဆက်ခြင်း**

ပေါက်မြို့နယ်အတွင်း ကျောက်ခေတ်ဆိုင်ရာ လေ့လာမှုများ ပြီးစီးကြသောအခါ ကွင်းဆင်းအဖွဲ့သည် အစီအစဉ်အတိုင်း ထီးလင်းမြို့နယ် ပြင်ပကျေးရွာသို့ ခရီးဆက်ခဲ့ကြသည်။ ပြင်ပရွာသို့ ရောက်ရန် ပုံတောင်ပုံညာတောင်ကြီးများကို ဖြတ်ကျော်ခဲ့ကြသည်။ ပြင်ပရွာတည်ရှိရာ ထီးလင်းမြို့နယ်၏ မြေမျက်နှာပြင်သည် တောင်တန်းတောင်စွယ်နှင့် လျှိုမြောင်များ ပေါလှသည်။ လက်ရှိကျေးရွာများသည် မြေဩဇာကောင်းသော ချိုင့်ဝှမ်းများတွင် တည်ရှိကြ၏။ တောင်များမှ တောင်ကျရေဖြင့် သယ်ဆောင်လာသော မြေနုများမှာ တောင်ကြားချိုင့်ဝှမ်းများတွင် စုပုံပို့ချလိုက်ပေသည်။ ယင်းမြေများမှာ အနက်ရောင်ရှိ၍ ဩဇာဓာတ်ကြွယ်ဝသည့်အပြင် ရနိုင်ရိုးမနှင့် ချင်းတောင်များကို ဖြတ်သန်း သယ်ဆောင်လာသော မုတ်သုန်လေသည်လည်း ယောနယ်တွင် မိုးလုံလောက်အောင် ရွာသွန်းပေးပေသည်။ ထို့ကြောင့် ပြင်ပရွာအပါအဝင် ကွင်းဆင်းအဖွဲ့ လေ့လာခဲ့သော ခပေါင်းတောရွာ၊ အကြည်ဘန်းရွာ၊ ဖူးတောင်းရွာနှင့် သာရခါရွာများတွင် ရှေးအထက်ကျော်ကာရီကျောက်ခေတ်သစ်သမယမှ စတင်၍ ရှေးဟောင်းလူသားများသည် သဘာဝအလျောက် ပေါက်ရောက်နေကြသော သစ်တောကြီးများကို ခုတ်ထွင်ကာ အခြေချခဲ့ကြ၏။ ဤအချက်ကို အများအပြားတွေ့ရှိရသော ကျောက်ခေတ်သစ် (ဝါ) ကျောက်ချောလက်နက်များက ထောက်ပြနေကြ၏။ ကျောက်ခေတ် ကုန်ဆုံးလျှင် ကြေးခေတ် ထွန်းကားကြောင်း တွေးဆစရာလည်း ဖူးတောင်းရွာမှ ကြေးမိုးကြိုးသွားကလေးတစ်ခုကို လယ်ယာဦးကြီး ဦးသာပြည့်က ကျေးဇူးပြုလိုက်ပေသေးသည်။ ထီးလင်းမြို့နယ် အထက်ပါကျေးရွာများမှ ရရှိသော ကျောက်ခေတ်သစ် လက်နက်များမှာ စုစုပေါင်း ၇၀ ခု ဖြစ်ပေသည်။

ထီးလင်းမြို့နယ်အတွင်းရှိ ရွှေဂုံတိုင်နှင့် အုန်းတောကျေးရွာ အကြားတွင် ကျောက်ခေတ်ဟောင်းလူသား အသက်ရှင် နေထိုင်သွားသော အထောက်အထားများကို ကျောက်ခေတ်ဟောင်း လက်နက်(ဝါ) ကျောက်ကြမ်းလက်နက်ကြီးများ မမျှော်လင့်ဘဲ တွေ့ရှိရခြင်းက ပြသနေကြ၏။ ယခု ကွင်းဆင်းအဖွဲ့က စုဆောင်းခဲ့သော ကျောက်ခေတ်ဟောင်း လက်နက်များမှာ ရွှေဂုံတိုင် အုန်းတောကျေးရွာ



အကြားမှ ဖြစ်လေသည်။ ဤနေရာတွင် ဘူမိဗေဒလေ့လာမှုနှင့် မြေတိုင်းပုံဆွဲလုပ်ငန်းများကို အသေးစိတ် ဆောင်ရွက်ခဲ့ကြသည်။ မြေအနေအထားအရ အောက်ခံသဲကျောက်များအထက်တွင် ကျောက်စရစ် အနည်းငယ်နှင့်အတူ ကျောက်ခေတ်ဟောင်းလက်နက်များကို တွေ့ရှိကြရသည်။ အောက်ခံ သဲကျောက်များမှ စုဆောင်းရရှိသော ကျောက်ဖြစ်ဆင်အံသွားကြီးများနှင့် အခြား အရိုးကြီးများမှ ကျောက်ခေတ်ဟောင်း လူသား၏ အသက်မွေးမှု ဘဝအခြေကို ညွှန်ပြနိုင်မည်ဖြစ်သည်။

**ဂန့်ဂေါမြို့နယ်တွင်**

ထီးလင်းမြို့နယ်အတွင်း ကျောက်ခေတ်လေ့လာမှုများကို ပြုလုပ်ပြီးစီးသောအခါ ဂန့်ဂေါမြို့နယ်သို့ ခရီးဆက်ခဲ့ကြပါသည်။ ဂန့်ဂေါမြို့နယ်အတွင်းရှိ တောင်ပြင်ရွာတွင် ကျောက်ဖြစ်ရုပ်ကြွင်းများကို ဆက်လက်တွေ့ရှိ စုဆောင်းနိုင်ခဲ့ကြသည်။ ယင်းမြို့နယ်အတွင်း ပုလဲနှင့် ဂန့်ဂေါလမ်းမှ မြောက်ဘက် ၁၂ မိုင်အကွာတွင်ရှိသော ကန့်သတ်ရွာတွင် ရှေးဟောင်းကျောက်တုံးများဖြင့် ပတ်လည်ဝိုင်းရံထားသော သင်္ချိုင်းရာများရှိသည်ဟု ကြားသိရပါသော်လည်း သွားရောက်ရန်အဆင်မပြေခဲ့သဖြင့် နောက်တစ်ကြိမ်သို့ ရွှေ့ဆိုင်းလိုက်ကြရသည်။ ယင်းကျောက်ဝိုင်းသင်္ချိုင်းများသည် သံခေတ်၏အစကို ညွှန်ပြနိုင်မည်လောဟု တွေးတောရသည်။

**ကျောက်ခေတ်ဟောင်းလက်နက်များ**

အထက်ပါ ယောဒေသ ကျောက်ခေတ်ကွင်းဆင်းလေ့လာမှုတွင် စုဆောင်းရရှိခဲ့သော ကျောက်ခေတ်ဟောင်း ကျောက်ကြမ်းလက်နက်ကြီးများမှာ အင်ကြင်းကျောက်ဖြင့် ပြီးကြသည်။ ထိပ်တစ်ဖက်ကို တစ်သမတ်တည်း ဆစ်ဖဲ့ထား၍ လက်သုံးပဲခွပ်သွားနှင့် ခုတ်ထစ်လက်နက်များအဖြစ် ပြုလုပ်ထားပေသည်။ ဧရာဝတီမြစ်ဝှမ်းတွင် တွေ့ရသော လက်နက်များလောက် ပီပြင်ခြင်းမရှိချေ။ ယင်းတို့ကို မြစ်ချောင်းများက တရွတ်တိုက် သယ်ဆောင်ခဲ့ကြသောကြောင့်လည်း အသွားများ ချောမွတ်လျက်ရှိနေချေပြီ။ ယင်းတို့နှင့်မတူသော ကျောက်ခေတ်သစ်လက်နက်များတွင် ထူးခြားသောအချက်များမှာ လက်နက်ကြီးအချို့ ပါဝင်နေခြင်း၊ ပဲခွပ်၊ ပုဆိန်၊ ဆောက်နှင့် ကျောက်ပြားကွင်း စသည်ဖြင့် မျိုးခွဲနိုင်ခြင်း၊ အချိုးကျလှသော အမင်းများပါရှိခြင်း၊ သဲကျောက်များ ထွန်းကားရာဒေသမှ

တွေ့ရှိရစေကာမူ ကျောက်ချောလက်နက်အားလုံးလိုလိုမှာ မီးသင့်မှု အသွင်ပြောင်းကျောက်ခေါ် ကျောက်မာများဖြင့် ပြုလုပ်ထားခြင်း၊ သက်ဆိုင်ရာ ခေတ်က အသုံးပြုခဲ့သော အထောက်အထားဖြစ်သည့် အသွားများ အနည်းငယ်စီ ပြန့်ကျဲနေခြင်း၊ အမင်းပါလက်နက်များကို ဧရာဝတီမြစ်ဝှမ်းမှာထက် ပိုမို တွေ့ရှိရခြင်းတည်းဟူသော အချက်များပင်ဖြစ်သည်။

ထို့ကြောင့် ယောဒေသသည် ကျောက်ခေတ်ဟောင်းမှစတင်၍ ကျောက်ခေတ်သစ်၊ ကြေးခေတ်နှင့် အခြားသမိုင်းဝင်ခေတ်များတိုင်အောင် ရှေးဟောင်း လူသားများ အခြေချနေထိုင်ခဲ့ကြကြောင်း ထင်ရှားသည်။ ယင်းတို့၏ အသက် မွေးမှုနှင့် အခြားသိကောင်းစရာအချက်အလက်များကို ယင်းတို့ အသုံးပြုခဲ့သော လက်နက်များ၊ ဖမ်းဆီးစားသောက်ခဲ့သော တိရစ္ဆာန်ကြီးများအားလည်းကောင်း၊ သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ကို ဖော်ထုတ်နိုင်ခြင်းဖြင့်လည်းကောင်း ဆက်လက်ဖော်ထုတ်ရဦးမည် ဖြစ်ပေသည်။



# တောင်သူဦးကြီးတို့ပေးပို့သော ကျောက်ခေတ်သစ်လက်နက်ပစ္စည်းများ

မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသနပညာကို ဌာနဆိုင်ရာပုဂ္ဂိုလ်များမှအပ စိတ်ဝင်စား လိုက်စားသူဦးရေမှာ မများပြားလှသေးချေ။ ဤသို့ မများလှသော ဦးရေတွင် သဘော်ကျင်း အင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာ၊ ဆရာဝန်၊ တပ်မတော်အရာရှိ၊ ပြည်သူ့ရဲအရာရှိ၊ ကျောင်းဆရာ၊ တက္ကသိုလ်ကထိကဟောင်း၊ ဘဏ်အရာရှိ၊ ကိုယ်ပိုင်လုပ်ငန်းရှင် စသော ပုဂ္ဂိုလ်များ ပါဝင်နေသည်ကို အားတက်ဖွယ် တွေ့ရပါသည်။ ယင်းပုဂ္ဂိုလ်များသည် တာဝန်ထမ်းဆောင်ရင်းဖြင့် လည်းကောင်း၊ ကိစ္စရပ်အမျိုးမျိုးဖြင့် လည်းကောင်း၊ အနယ်နယ်အရပ်ရပ်သို့ ခရီးထွက်ကြရာ၌ ရှေးဟောင်းပစ္စည်းများကို ရှာဖွေစုဆောင်း လေ့လာတတ်ကြ၏။ ဤပုဂ္ဂိုလ်များတွင် ကမ္ဘာ့မြို့မှ ပြည်သူ့ဘဏ်အရာရှိ ဦးမြင့်လွင်လည်း တစ်ဦးအပါ အဝင်ဖြစ်သည်။

ဦးမြင့်လွင်သည် ကမ္ဘာ့မြို့၌ တာဝန်မထမ်းဆောင်မီ စစ်ကိုင်းတိုင်း မင်းကင်း မြို့၌ ရှိခဲ့စဉ်အခါက မင်းကင်းမြို့နယ် ကျေးရွာအသီးသီးသို့ ကွင်းဆင်းလေ့လာရင်း ရှေးဟောင်းပစ္စည်းများ စုဆောင်းခဲ့ဖူးသည်။ ဤသို့ ဦးမြင့်လွင် စုဆောင်းရာ၌ မင်းကင်းမြို့နယ် တောင်သူဦးကြီး အများအပြားက မိမိတို့ ရှာဖွေတွေ့ရှိခဲ့သော ကျောက်မိုးကြိုးသွားများကို ပေးအပ်၍လည်းကောင်း၊ ဦးမြင့်လွင်နှင့်အတူ ကွင်း ဆင်း၍လည်းကောင်း လိုက်ပါကူညီခဲ့ကြသည်။ ဤသို့ စုဆောင်းရရှိခဲ့သော ရှေးဟောင်းကျောက်မိုးကြိုးသွား ခြောက်ခုနှင့်အတူ ကျောက်ဖြစ်အရိုးများကို ဦးမြင့်လွင်က ရှေးဟောင်းသုတေသနဦးစီးဌာန သို့ ၁၉၇၂ ခု၊ ဩဂုတ်လ ၂၅ ရက်နေ့က လွှဲအပ်ခဲ့သည်။ ယခု ဤဆောင်းပါးတွင် အဆိုပါကျောက်မိုးကြိုးသွား များအကြောင်း လေ့လာရေးသား ဖော်ပြခြင်းဖြစ်ပါသည်။

## စစ်လျှဉ်ချောင်းမှ လက်နက်

မင်းကင်းမြို့နယ်မှ ရရှိသော ကျောက်မိုးကြိုးသွားခေါ် ကျောက်ခေတ်သစ် လက်နက်ပစ္စည်းများတွင် အတော်ရှားပါးသည့် အမင်းပါ မိုးကြိုးသွားလေးခုနှင့် အခြား ပဲခွပ်နှစ်ခုတို့ ပါဝင်ကြသည်။ ယင်းတို့ အားလုံးလိုလို သိပ်သည်း

ကျစ်လျစ်သော ကျောက်သားအမျိုးအစားများဖြင့် ပြုလုပ်ထားကြောင်း တွေ့ရ၏။

ခတ်ပုံ ၅ အပေါ်တန်း လက်ဝဲစွန်းမှ လက်နက်သည် အမင်းပါ ပဲခွပ်သွားဖြစ်၍ ယင်းကို စစ်လျဉ်ချောင်းကျေးရွာ တောင်သူဦးကြီး ဦးသန်းအေးက ရွာ၏ တောင်ဘက် ရွာဆိုးကုန်းခေါ် ယခင် ရွာဟောင်းနေရာမှ ၁၉၇၁ ခု၊ နိုဝင်ဘာလ ၁၂ ရက်နေ့က ရရှိခဲ့သည်ဟု ဆိုပါသည်။ ဦးသန်းအေးတွေ့ရှိသော နေရာနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာသူ ဦးမြင့်လွင်က "ဒီနေရာဟာ တူးဖော်ရှာစမ်းဖို့ တော်တော်ကောင်းတယ်ဗျ။ ရှေးဦးလူများဟာ ပင်လယ်ရေကြောင့် တောင်ကုန်းများပေါ်မှာ နေထိုင်ကြပြီး ရေကျချိန်မှ ချောင်းအတိုင်း တဖြည်းဖြည်း ရွာတည်လာပုံရပါတယ်"ဟု ရှေးဟောင်းသုတေသန တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအား ထုတ်ဖော်ပြောဆိုကြောင်း သိရသည်။ ဦးသန်းအေးနှင့် ဦးမြင့်လွင်တို့ စိတ်ဝင်စားကြသော စစ်လျဉ်ချောင်း ရွာဆိုးကုန်းကို ရှေးဟောင်းသုတေသနဦးစီးဌာနမှ တူးဖော်ရှာစမ်းရန် မှတ်သားထားသည်။

### ထန်းပင်ချောင်းမှ ဆောက်သွား

ခတ်ပုံ ၅ အပေါ်တန်းအလယ်မှ လက်နက်မှာ တစ်ဖက်ထစ်၍ အမင်းဖော်ထားသော ဆောက်သွားဖြစ်သည်။ ယင်းကို အင်ပင်လှအုပ်စု၊ ထန်းပင်ချောင်းကျေးရွာမှ တောင်သူကြီး ဦးမောင်တင်က ၁၉၇၂ ခု၊ မတ်လ ၂၅ ရက်နေ့က တွေ့ရှိစုဆောင်းခဲ့သည်။ အမင်းတစ်ဖက် ထစ်ထားသော ဆောက်သွားမျိုးမှာလည်း ရှားပါးသော ကိရိယာမျိုးဖြစ်၏။ ခတ်ပုံ ၅ အပေါ်တန်း လက်ယာစွန်းမှ လက်နက်ကို မဟူရွာအနီး ယာခင်းထဲမှ တောင်သူဦးကြီး ဦးဘခင် ၁၉၇၀ ပြည့်၊ ဇွန်လ ၆ ရက်နေ့က ရရှိခဲ့ခြင်းဖြစ်သည်။ ထိုလက်နက်နှင့်ပတ်သက်၍ ဦးဘခင်က ပြောပြသည်မှာ "ကျုပ်လည်း အဲဒီနေ့က ယာခင်းဆင်းရင်း အဲဒီကျောက်မိုးကြိုးသွားလေး တွေ့တာပါပဲဗျ။ ကျုပ်တွေ့တဲ့ နေရာပတ်ဝန်းကျင်မှာဆိုရင် မြေပန်းကန်ကွဲတွေရော၊ အိုးကွဲတွေရော အနှံ့ရှိကြတယ်ဗျ။ ကျုပ်ကတော့ ဒီပစ္စည်းကလေးကိုသာ စိတ်ဝင်စားတာနဲ့ ကောက်ယူခဲ့ပြီး ဆရာဦးမြင့်လွင်ကို ပေးအပ်လိုက်တာပါပဲ"

### ဖက်ထုပ်ရွာရိုးတွင်းမှ ပဲခွပ်သွား

ခတ်ပုံ ၅ အောက်တန်းမှ လက်နက်များကို ဖက်ထုပ်ကျေးရွာ တောင်သူဦးကြီး ဦးဖြားအောင်နှင့် ဦးသာချစ်တို့က ၁၉၇၀ ပြည့် ဇွန်လ ၁၇



ရက်နေ့တွင် တွေ့ရှိစုဆောင်းခဲ့ကြကြောင်း သိရှိမှတ်သားရပါသည်။ ယင်းလက်နက် သုံးခုအနက် ဝဲစွန်းမှ လက်နက်နှင့် အလယ်မှ လက်နက်တို့ကို ပဲခွပ်သွားဟု ခေါ်သည်။ ယာစွန်းမှ လက်နက်မှာ အမင်းရှည် ပဲခွပ်တစ်မျိုးပင် ဖြစ်သည်။ အလယ်မှ လက်နက်ကို ဖက်ထုပ်ရွာ ရိုးအတွင်း ကျောက်ခဲများနှင့်အတူ တွေ့ရကြောင်း ဦးသာချစ်က ပြောပြသည်။ လက်ဝဲစွန်းနှင့် လက်ယာစွန်းမှ လက်နက်တို့ကိုမူ "ကျုပ် ယာထွန်ရင်း ယာခင်းထဲကတွေ့လို့ ကောက်ထားတာပါ" ဟု ဦးဖြားအောင်က ရှင်းပြ၏။

တာဝန်သိသော ဦးကြီးတို့က အထက်ပါအတိုင်း ကောက်ယူ စုဆောင်းခဲ့ကြသည်။ ရှေးဟောင်းကျောက်ခေတ်သစ် လက်နက်ကလေးများကို ဦးမြင့်လွင်မှတစ်ဆင့် ရှေးဟောင်းသုတေသနဦးစီးဌာနသို့ ပေးအပ်ကြရုံမကသေးဘဲ ကျောက်ခေတ်၏ စီးပွားရေးဖော်ထုတ်မှုတွင် အရေးပါသော ကျောက်ဖြစ် ရှေးဟောင်းသတ္တဝါကြီးများ၏ အရိုးများကိုလည်း စိတ်ရောကိုယ်ပါ ပေးအပ်ကြပြန်သေးသည်။

### ကျောက်ဖြစ် ရှေးဟောင်းသတ္တဝါကြီးအရိုး

ကျောက်ဖြစ်အံသွားများကို မြောက်ချွန်းရွာနေ တောင်သူဦးကြီးဦးတင်မောင်က မဟာမြိုင်တောအတွင်း ပလ္လင်ခေါ် ကုန်းမြင့်ပေါ်သို့ ဝါးခုတ်သွားရင်း ၁၉၇၂ ခု၊ ဇွန်လ ၁၀ ရက်နေ့က ရရှိခဲ့သည်။ ကျောက်ဖြစ် အရိုးကိုမူ မဟူရွာနှင့် တစ်ဖာလုံခန့် အကွာ မဟူချောင်းအတွင်းမှ တောင်သူဦးကြီး ဦးဘခင်က တွေ့ရှိစုဆောင်းခဲ့ခြင်း ဖြစ်၏။

ထို့အပြင် ထပ်မံတွေ့ရှိသည့် ကျောက်ဖြစ်အရိုးများကိုကား ရှေးဟောင်းလိပ်သတ္တဝါ၏ ကျောက်ဖြစ်အရိုးများ ဖြစ်သည်ဟု ဦးမြင့်လွင် မှတ်သားခဲ့သည်။ ယင်းတို့ကို ၁၉၇၀ ပြည့်နှစ် ဇွန်လ ၁၇ ရက်နေ့က ရရှိခဲ့ခြင်းဖြစ်၏။ ရရှိပုံနှင့်ပတ်သက်၍ ဦးမြင့်လွင်က "မဟူရွာကို ဖြတ်စီးလျက်ရှိတဲ့ မဟူချောင်းအတွင်း ရေတိုက်စားလို့ ကမ်းပါးကြီး ပေါ်လာတယ်ဗျ။ အဲဒီကမ်းပါးကြီး မြေမျက်နှာပြင်အောက် ပေ ၅၀ လောက်က ဒီအရိုးတွေကို ရလာခဲ့တာပါပဲ။ မဟူရွာနဲ့ တစ်ဖာလုံလောက်ကွာတဲ့ နေရာမှာ အရိုးတချို့ ကျန်နေကြသေးတယ်။ ဒီနေရာတစ်ဝိုက်မှာ ဝိုက်စိပ်တိုက် ရှာရင် ကျောက်ဖြစ်နေတဲ့ သတ္တဝါရိုးတွေ တော်တော်များများ တွေ့လိမ့်ဦးမယ် ထင်တယ်"ဟု ပြောပြပါသည်။

အလားတူ ကျောက်ဖြစ်ရုပ်ကြွင်းများကို မုံရွာမြို့အရှေ့ဘက် အရာတော်မြို့နယ်၊ မကွေးမြို့နယ်နှင့် ယောဒေသတို့တွင်လည်း တွေ့ဖူးသည်။ ယင်းကျောက်ဖြစ်ရိုးများနှင့် ပတ်သက်ပြီး ဆေးမြီးလာသော လမ်းစဉ်သတင်းနှင့်

ရှေးဟောင်းသုတေသနမှ ပုဂ္ဂိုလ်တစ်ဦးတို့ တွေ့ကြရာတွင် ရှေးဟောင်းသုတေသနဌာနမှ ပုဂ္ဂိုလ်က 'ဒီကျောက်ဖြစ်နေတဲ့ အရိုးတွေဟာ သိပ်စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဘူမိဗေဒ ပညာရပ်မှာဆိုရင် တချို့ အနည်ကျကျောက်စိုင်၊ ကျောက်လွှာကြီးများရဲ့ ခုနှစ်ကို သိချင်ရင် အဲဒီ ကျောက်လွှာတွေထဲက ရတတ်တဲ့ ကျောက်ဖြစ်အရိုးတွေ (ဝါ) ရုပ်ကြွင်းတွေကို အနုစိတ် လေ့လာရပါတယ်။ လေ့လာဖော်ထုတ်နည်းကတော့ အကြမ်းအားဖြင့် သတ္တဗေဒပညာရပ်ရဲ့ ဆင့်ကဲဖြစ်စဉ် နိယာမ တရားအရ သတ္တလောကကြီးမှာ ဖြစ်ပေါ်ခဲ့တဲ့ သတ္တဝါအမျိုးမျိုးတို့ရဲ့ ဖြစ်စဉ်နဲ့ ဖြစ်ပေါ်ခဲ့တဲ့ အချိန်ပိုင်းများကို ဆက်စပ် တွက်ချက်ယူရတာ ဖြစ်ပါတယ်'ဟု ပြောပြသည်။


## ရှေးဟောင်းသုတေသနပညာအရ

'ကျွန်တော်တို့ ရှေးဟောင်းသုတေသနပညာအရဆိုရင်လည်း ကျောက်ဖြစ်အရိုးများကို လေ့လာပြီး ဘယ်လိုသတ္တဝါတွေ ဖြစ်မယ်ဆိုတာရယ်၊ လူသားနဲ့အတူ ယှဉ်တွဲ ပေါ်ပေါက်လာသလားဆိုတာရယ်ကို လေ့လာဖော်ထုတ်ရပါတယ်။ ရှေးဟောင်း ဆင်၊ မြင်း၊ ကျွဲ၊ နွားလို သတ္တဝါအရိုးများနဲ့အတူ ယှဉ်တွဲ တွေ့ရှိရတဲ့ ကျောက်လက်နက်တွေဆိုရင် ရှေးလွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သန်းမှ ငါးသိန်းအထိ ရှေးကျနိုင်တယ်လို့ ပညာရှင်များ သတ်မှတ်ထားကြပါတယ်။ ကျောက်ဖြစ်တိရစ္ဆာန်အရိုးတွေအနက် တချို့ဟာဆိုရင် သဘာဝအရိုင်းအစိုင်းအဆင့်ပဲ ရှိနေသေးတဲ့ သတ္တဝါတွေရဲ့ အရိုးတွေဖြစ်တယ်။ အရိုင်းအစိုင်း သတ္တဝါ အရိုးတွေနဲ့ချည်း ယှဉ်တွဲတွေ့ရတဲ့ ကျောက်လက်နက်တွေရဲ့ ယဉ်ကျေးမှုဟာ အစားအစာရှာဖွေနေရတဲ့အဆင့်၊ မဖွံ့ဖြိုးသေးတဲ့အဆင့်ကို ပြပါတယ်။ ယဉ်ပါးနေတဲ့ သတ္တဝါတွေရဲ့ ကျောက်မဖြစ်သေးတဲ့အရိုးနဲ့ ကျောက်လက်နက်တွေကို ယှဉ်တွဲတွေ့ရရင် အစားအစာထုတ်လုပ်တဲ့ အဆင့်ကို ရောက်ပြီလို့ ယေဘုယျအားဖြင့် ခန့်မှန်းနိုင်ပါတယ်။ စိုက်ပျိုးမွေးမြူတယ်၊ ဒါမှမဟုတ် စားသုံးဖို့အတွက် မွေးမြူတယ်လို့ သိရအောင် အထောက်အထားတွေ့ရရင် အထက်က ခန့်မှန်းချက်ဟာ အတော်တိကျတယ်လို့ ဆိုနိုင်ပြီပေါ့'ဟု ရှေးဟောင်းသုတေသနဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ဆက်လက်၍-

'ဒီတော့ မေးစရာရှိတာက ကျောက်ဖြစ် တိရစ္ဆာန်ရိုးတစ်ခုဟာ အယဉ်အရိုင်း သတ္တဝါအရိုးလို့ ဘယ်ပုံခွဲခြား သိနိုင်ပါသလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါကတော့ရှေးဟောင်းသတ္တဝါများကိုလေ့လာတဲ့ကျောက်ဖြစ်ရုပ်ကြွင်းပညာနဲ့ရော ခန္ဓာဗေဒပညာနဲ့ပါ သက်ဆိုင်ပါတယ်။ ယေဘုယျအားဖြင့် ဖြေရမယ်ဆိုရင်



အရိုင်းသတ္တဝါဟာ တောတောင်အတွင်း သဘာဝအလျောက် လွတ်လပ်စွာ နေရလို့ ယင်းရဲ့ကြွက်သားနဲ့ အရိုးအဆစ်တွေဟာ ပိုမိုဖွံ့ဖြိုး ထွားကျိုင်းတတ်ပြီး အယဉ်သတ္တဝါ (ဝါ) လူက မွေးမြူတဲ့ တိရစ္ဆာန်တွေကျတော့ အနည်းငယ်ကြုံလှီတတ်ပါတယ်။ ဒါလည်း နှိုင်းယှဉ်လေ့လာမှ ဒီလိုသိရတာပါ။ ခုလို ခွဲခြားလေ့လာခြင်းဟာ ကျောက်ခေတ်ယဉ်ကျေးမှုများရဲ့ စီးပွားရေးအခြေခံများကို ရှာဖွေဖော်ထုတ်ခြင်းပဲ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ကျောက်ဖြစ်အရိုးတွေက တစ်ဆင့် သက်ဆိုင်ရာ လူ့ယဉ်ကျေးမှုဆိုတာ အစားအစာကို ရှာဖွေရသေးတဲ့ စီးပွားရေးအုတ်မြစ်ပေါ်မှာ တည်ဆောက်ထားတာလား၊ ဒါမှမဟုတ် အစားအစာကို ထုတ်လုပ်နိုင်တဲ့ စီးပွားရေးအုတ်မြစ်ပေါ်မှာ ဆောက်တည်ထားတာလားလို့ ခွဲခြားလေ့လာနိုင်တဲ့အတွက် ဖြစ်ပါတယ်'ဟု ရှင်းပြလိုက်ပါသည်။



ပုံ ၅။ တောင်သူဦးကြီးတို့ပေးပို့သော ကျောက်လက်နက်ပစ္စည်းကိရိယာအချို့

## အခန်း ၄

# ကြေးခေတ်သုတေသန

# မြန်မာ့ကြေးခေတ်မိုးကြိုးသွားများ

ကျောက်ခေတ်ဟောင်းမှ စတင်၍ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် အစီအစဉ်အတိုင်း တိုးတက်ခဲ့ကြသော ကျွန်ုပ်တို့လူမျိုးသည် ကြေးခေတ်ယဉ်ကျေးမှုအဆင့်ကိုလည်း ဖြတ်သန်းခဲ့ကြသည်။ ကျောက်ကြမ်းခေတ်တွင် အစားအစာကို ရှာဖွေစားသောက်ကြရပြီး ခြေသလုံးအိမ်တိုင်ဘဝဖြင့် ရေကြည်ရာမြက်နုရာကို ရွေးချယ်သွားလာ အသက်မွေးခဲ့ရသော်လည်း ကျောက်ချောခေတ်တွင်မှ အခြေတကျ နေထိုင်လာကြသည့် အထောက်အထားများကို တစ်စတစ်စ တွေ့ရှိခဲ့ကြရ၏။ ဤကျောက်ချောခေတ် (ဝါ) အခြေတကျ နေထိုင်လာကြသည့်ခေတ်မှတစ်ဆင့် တိုးတက်ခဲ့သော ယဉ်ကျေးမှုအဆင့်တွင် ကြေးခေတ်ကို သွတ်သွင်းနိုင်လေသည်။

ယနေ့ထိ မြန်မာနိုင်ငံတွင် ကြေးခေတ်လက်နက် အများအပြား တွေ့ရပြီး ဖြစ်သော်လည်း ၁၉ ခုကိုသာ မှတ်တမ်းတင် လေ့လာပြီးဖြစ်သည်။ ယင်းတို့အနက် ၁၄ ခုမှာ စစ်ကြိုခေတ်အခါက နိုင်ငံခြားသားများ တွေ့ရှိခဲ့ကြ၍ ယခုအခါ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်ပြတိုက်၊ ဗြိတိသျှပြတိုက်၊ စတော့ဟုမ်း ပြတိုက်များသို့ ရှားပါးပစ္စည်းများအဖြစ် ရောက်ရှိနေကြသည်။ သို့သော် ရှေးဟောင်းသုတေသနလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ဆောင်ရွက် လာနိုင်သော ၁၉၆၃ ခုနှစ်နောက်ပိုင်းတွင် ရှေးဟောင်းသုတေသနဌာနအနေဖြင့် နောက်ထပ် ကြေးမိုးကြိုးသွားသုံးခု ထပ်မံစုဆောင်းရရှိနေပြီ ဖြစ်သည်။ ယင်းတို့ အနက် နှစ်ခုကို သိပ္ပံနည်းတကျ ဓာတ်ခွဲလေ့လာပြီးဖြစ်သည့်အပြင် နိုင်ငံခြား ကြေးမိုးကြိုးသွားများနှင့်လည်း နှိုင်းယှဉ်လေ့လာထားသည်။ ဤလေ့လာချက်ကို အကျဉ်းချုပ်၍ တင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

ပုံဆွဲပါနောက်တွေ့ မြန်မာ့ကြေးခေတ် ပုဆိန်သွားနှစ်ခုအနက်မှ လက်ယာဘက်မှ ကြေးမိုးကြိုးသွားကို ဆင်ပေါင်ဝဲမြို့နယ် ရေဝတီမြစ် အနောက်ဘက်ကမ်း လက်ပံရွာ ဦးသာအိထံမှ ဝယ်ယူရရှိခဲ့သည်။ ချိန်တွယ်ကြည့်ရာတွင် အလေးချိန် ၉၇ ဒသမ ၅၀၂ ဂရမ်ရှိကြောင်း တွေ့ရသည်။ ယင်းမှာ အရိုးစွပ်ရန် ထိပ်တွင် အခေါင်းပါရှိ၍ ကြေးနီ ၁၀ ရာခိုင်နှုန်းကျော်၊ ငွေ၊ အလူမီနီယံနီကယ်၊ ခဲ၊ ခနောက်စိမ်း၊ သွပ် စသော သတ္တုများဖြင့် ရောပြွမ်းစပ်လုပ်ထားသော လက်နက်တစ်ခုဖြစ်နေကြောင်း ဓာတ်ခွဲတွေ့ ရှိရသည်။ ယင်း၏ ပုံသဏ္ဌာန်မှာ

ပညာရှင်များအလိုအားဖြင့် အမင်းပါ တစ်ဆစ်ချိုးသဏ္ဍာန်ရှိသည်ဟု သိရှိရသည်။ အသွားမှာ ယခုထက်တိုင် ထက်မြက်၍ အသုံးပြုနိုင်သေးသည်။ ကြေးကို အခြားသတ္တုများနှင့် ရောစပ် အသုံးပြုနိုင်ခြင်းသည် ထူးခြားသော တိုးတက်မှု တစ်ရပ်ပင် ဖြစ်သည်။

နောက်တစ်ခုဖြစ်သော ပုံဆွဲလက်ဝဲဘက်မှ မိုးကြိုးသွားကို စစ်ကိုင်းမြို့နယ် မြင်းမွေးရွာ တောင်သူကြီး ဦးချမ်းမြက သမိုင်းသုတေသနဦးစီးဌာနသို့ ပေးအပ်လိုက်ပြီး ယင်းမှတစ်ဆင့် အမျိုးသားပြတိုက်သို့ ရောက်ရှိခဲ့သည်။ ယခု ရှေးဟောင်းသုတေသနဌာနမှ ယင်းမိုးကြိုးသွားကို လေ့လာနေပေသည်။ ယင်းမှာ ပထမမိုးကြိုးသွားထက် အတန်ငယ်ကြီးပြီး အရိုးစွပ်စရာ အခေါင်းမှာလည်း ဘေးသို့ အနည်းငယ် ကားသည်။ အလေးချိန်မှာ ၁၄၂ ဒသမ ၈၅၂၈ ဂရမ် ရှိကြောင်း ချိန်တွယ်တွေ့ရှိရပြီး ကြေးသတ္တု ၁၀ ရာခိုင်နှုန်းကျော်၊ သံ၊ နီကယ်၊ ခဲ၊ သွပ်နှင့် ခဲမဖြူတို့ဖြင့် ရောစပ်ပြုလုပ်ထားကြောင်း ဓာတ်ခွဲတွေ့ရှိရသည်။ ဤတွေ့ရှိချက်သည် လောဟာသတ္တု ပြုလုပ်မှုတွင် မြန်မာတို့ ကြေးခေတ်ကတည်းက ကျွမ်းကျင်ခဲ့ကြောင်း ထင်ရှားစေ၏။ နောက်ထပ် ယောဒေသ ထီးလင်းမြို့နယ်မှ စုဆောင်းရရှိခဲ့သော ကြေးမိုးကြိုးသွားတွင်မူ ကြေးဝါ ၉၇.၄၉ ရာခိုင်နှုန်း၊ ခဲ ၀.၁၂ ရာခိုင်နှုန်း၊ သွပ် ၁.၆၄ ရာခိုင်နှုန်း၊ သံ ၀.၀၈ ရာခိုင်နှုန်း၊ ဆီလီကွန် ၀.၆၇ ရာခိုင်နှုန်း အသီးသီးပါဝင်ကြောင်း တွေ့ရသည်။

မြန်မာပြည်တွင် ကြေးမိုးကြိုးသွားများ တစ်စတစ်စ တွေ့ရှိလာရခြင်းသည် မြန်မာ့ယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးရေး လမ်းကြောင်းတွင် ပြည့်စုံကြောင်းပြသရန် သာဓကကောင်းများ ရရှိလာခြင်းပင် ဖြစ်သည်။ ကြေးလက်နက်များကို လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ လောက်ကစ၍ အာရှ အရှေ့အလယ်ပိုင်းတွင် သုံးစွဲခဲ့ပြီး အီဂျစ်ပြည်တွင် ကမ္ဘာကျော် ကျောက်တုံးသင်္ချိုင်းကြီးများဖြစ်ကြသော ပိရမစ်ကြီးများ ဆောက်လုပ်ရာတွင် ကြေးလက်နက်များဖြင့် ကျောက်တုံးများကို ဖြတ်တောက်ခဲ့သည်ဟု အဆိုရှိခဲ့ကြသည်။

အိန္ဒိယပြည် ဂင်္ဂါမြစ်ဝှမ်းတွင် တွေ့ရှိရသော ကြေးပုဆိန်သွားများမှာ အများအပြားသာဖြစ်ကြသည်။ ယင်းတို့ကို လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ထက် မနည်း ရှေးကျသည်ဟု ပညာရှင်များ သတ်မှတ်ထားကြ၏။ အိန္ဒိယ ကြေးခေတ် လက်နက်များနှင့် မြန်မာ့ကြေးခေတ်လက်နက်များမှာ ပုံသဏ္ဍာန်ချင်း မတူညီကြပါ။ အိန္ဒိယလက်နက်များက အသွားပိုဝိုင်းကြ၍ မြန်မာ့လက်နက်များက ဝိုက်ရုံ ဝိုက်ကြသည်။

တရုတ်ပြည်တွင် ကြေးလက်နက်များ ထွန်းကားခဲ့သောအချိန်မှာ လွန်ခဲ့သော နှစ်ပေါင်း ၃၅၀၀ ခန့်ကဖြစ်ကြောင်း သိရှိရသည်။ တရုတ်ပြည်မှ ကြေးပုဆိန်သွား




များတွင် ထောင့်မှန်ကျ အမင်းများပါရှိသည်ကို တွေ့ရှိရသဖြင့် မြန်မာ့ကြေးမိုးကြိုးသွားများနှင့် ပုံစံချင်း နီးစပ်သယောင်ရှိသည်ကို ထင်မှတ်ရသည်။ သို့သော် အသေးစိတ်တွင် မြန်မာ့ကြေးမိုးကြိုးသွားများက ပုံစံ ပိုမိုအချိုးကျ၍ အသုံးပြုရာတွင်လည်း လက်ဆကောင်းခဲ့ဟန်ရှိသည်။

အရှေ့တောင်အာရှ နိုင်ငံများတွင် တွေ့ရှိရသော ကြေးလက်နက်များကို လွန်ခဲ့သော နှစ် ၂၀၀၀ ကျော်ခန့်အထိ ရှေးကျနိုင်ကြောင်း ပညာရှင်များ အမှတ်အသားပြုထားကြသည်။ အရှေ့တောင်အာရှမှ တွေ့ရှိရသော ကြေးလက်နက်များ၊ အထူးသဖြင့် ပုဆိန်သွားများမှာ မြန်မာ့ကြေးမိုးကြိုးသွားများနှင့် ပုံသဏ္ဍာန်ချင်း မနီးစပ်ကြချေ။ သို့သော် ကြေးခေတ်မှ စတင်ထွန်းကားခဲ့သည်ဟု ဆိုနိုင်သော တိုင်းရင်းသား ကရင်နှင့် ကယားအမျိုးသားများ၏ မိုးခေါင်းစည်မျိုးကိုမူ အရှေ့တောင်အာရှနိုင်ငံများ အနှံ့အပြား တွေ့ရှိကြရပေသည်။


မည်သို့ပင်ဖြစ်စေ မြန်မာ့ကြေးမိုးကြိုးသွားများကို ပြည့်စုံအောင် ဆက်လက် စုဆောင်းပြီး ဓာတ်ခွဲလေ့လာရဦးမည် ဖြစ်သည်။ နိုင်ငံခြားယဉ်ကျေးမှုများမှ ကြေးမိုးကြိုးသွားများနှင့်လည်း ယှဉ်တွဲလေ့လာရန် လိုအပ်နေပေသည်။ ယခု အဆင့်တွင် ကျောက်လက်နက်ပစ္စည်းထက် အညီတက်၍ ပျက်စီးလွယ်သော ကြေးလက်နက်များကို အပတ်တကုတ် စုဆောင်းပြီးမှ ခုနှစ် ခွဲခြားရန် ကြိုးပမ်း၍ မြန်မာ့သမိုင်းတွင် ကြေးခေတ်၏ အခန်းကဏ္ဍကို ပြည့်စွက် ထည့်သွင်းပေးရမည် ဖြစ်ပေသည်။

မြန်မာ့ကြေးခေတ်ကို ဖော်ထုတ်နိုင်ခြင်းအားဖြင့် မြန်မာ့ကုန်ထုတ်ကိရိယာများ တိုးတက်ပြောင်းလဲလာပုံ၊ ထိုပြောင်းလဲချက်နှင့်အညီ မြန်မာ့လူမှုအဖွဲ့အစည်း အခြေခံအုတ်မြစ် ကြွံ့ခိုင်လာပုံသဘောများကို ဖော်ထုတ်ရန် မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဦးစီးဌာနက ကြိုးပမ်းလျက်ရှိပေသည်။



ပုံ ၆။ (က) မြန်မာ့ကြေးမိုးကြိုးသွားများ (အမှတ် ၁ သာ တရုတ်ပြည် ယူနန်နယ်မှ ရရှိသည်။)






ပုံ ၆။ (ခ) မြန်မာနောက်တွေ့ ကြေးမိုးကြိုးသွားအချို့ပုံဆွဲ

အခန်း ၅

# ကျောက်စာသုတေသန

# အဖိုးမဖြတ်နိုင်သည့်သမိုင်းအထောက်အထား

မြန်မာနိုင်ငံတွင် ကျောက်စာရေးထိုးသည့် အလေ့အထကို အေဒီ လေးရာစု တစ်နည်းအားဖြင့် ရှေးလွန်ခဲ့သော နှစ်ပေါင်း ၁၆၀၀ လောက်ကစ၍ ပျူလူမျိုးများ စတင်ကျင့်သုံးခဲ့ကြသည်။ တွေ့ရှိရသမျှ ကျောက်စာများတွင် သရေခေတ္တရာ မြို့ဟောင်း လက်ရှိ ပြည်မြို့အနီး မှော်ဇာရွာတစ်ဝိုက်တွင် တွေ့ရသော ကျောက်စာများ၊ အရိုးအိုးစာများနှင့် အထက်မြန်မာပြည် ဝက်လက်မြို့နယ်အတွင်းရှိ ဟန်လင်းရွာတွင် တွေ့ရှိရသော ပျူကျောက်စာတို့မှာ အစောဆုံးကျောက်စာများပင် ဖြစ်ကြသည်။ အထက်အောက်မြန်မာပြည်နှင့် ရခိုင်ပြည်နယ်အပါအဝင်အနှံ့အပြား တွေ့ရသော ကျောက်စာများမှာ စုစုပေါင်း ချပ်ရေ ၃၀၀၀ ခန့် ရှိလိမ့်မည်ဟု ရေတွက်မှတ်တမ်းပြုထား၏။

ကျောက်စာတို့ကို အများဆုံးတွေ့ရှိရသော ဒေသများမှာ အလယ်ပိုင်း မြန်မာပြည် မိုးခေါင်ရေရှား ရပ်ဝန်းဒေသ၊ ယခင် မြို့တော်ဟောင်းများဖြစ်ခဲ့ကြသည့် အရပ်များပင် ဖြစ်ကြသည်။ အထူးသဖြင့် ပုဂံမြို့ပတ်ဝန်းကျင်၊ စလေ၊ ပုခန်း စသော ဒေသများတွင် ကျောက်စာအများစုကို တွေ့ရပေသည်။ ယင်းကျောက်စာများမှာလည်း အရေအတွက် များရုံသာမက ရှေးလည်းကျကြ၏။ ကျောက်စာများ ရေးထိုးအသုံးပြုခဲ့သော ကျောက်တုံးများမှာ အများအားဖြင့် ဝေဘူခေါ် အသွင်ပြောင်းကျောက်၊ သဲကျောက်ခေါ် အနည်ကျကျောက်နှင့် စကျင်ခေါ် အသွင်ပြောင်းကျောက်များ ဖြစ်ကြသည်။

## ပျူကျောက်စာများ

သရေခေတ္တရာ၊ ဟန်လင်း စသော ရှေးပျူမြို့တော်ဟောင်းများတွင် ကျောက်စာ၊ အရိုးအိုးစာများနှင့်ယှဉ်တွဲ၍ ရွှေပြားစာ၊ ငွေပြားစာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ စသည်ဖြင့် စာပေအရေးအသား အမျိုးမျိုးတို့ကိုလည်း တွေ့ကြရသည်။ သို့သော် ပျူစာများနှင့်ပတ်သက်၍ ရှေးဦးစွာ ပုဂံတွင်တွေ့ရသော **မြစေတီ** ခေါ် **ရာဇကုမာကျောက်စာ** ပါ ပျူဘာသာ အရေးအသားနှင့် မှော်ဇာ ဝိကြမကျောက် **အရိုးအိုးစာ** တို့ကိုသာ ဖတ်ရှု အဓိပ္ပာယ်ပြန်ဆိုနိုင်သေးပြီး

အခြားပျူဘာသာ ကျောက်စာအများစုကို မဖတ်ရှုနိုင်ကြသေးချေ။ ရာဇကုမာ ကျောက်စာတွင် ကျန်စစ်သားမင်းကြီး၏ သားတော် ရာဇကုမာမင်းသားသည် မိမိအပေါ် ကျေးဇူးသိတတ်ပုံ၊ ကျန်စစ်သားမင်းကြီး နတ်ရွာစံခါနီး နာဖျားမကျန်း ဖြစ်ပုံ စသည့်အချက်များအပြင် ကျန်စစ်သားမင်း နန်းစံသည့်နှစ်ပေါင်း၊ နာဖျား မကျန်းဖြစ်နေသည့်နှစ်စသော အဖိုးတန် ခေတ်ပြိုင်အဖြစ်အပျက်များကို မှတ်တမ်း တင်ထားခဲ့ပေသည်။ အလားတူပင် ပိကြမ အရိုးအိုးစာများမှာလည်း ခရစ်နှစ် အစောပိုင်းက သရေခေတ္တရာတွင် ဝိကြမမင်းဆက်များ အုပ်စိုးသွားခဲ့ဖူးကြောင်း သိကြရသည်။

**ရခိုင်ကျောက်စာများ**

ရခိုင်တွင် တွေ့ရသမျှ ကျောက်စာများအနက် မြို့ဟောင်းမြို့အနီး ဝေသာလီ တွင် တွေ့ရသော ရှေးအကျဆုံး ခေါင်းလောင်းစာကို ခရစ်နှစ် ၅၅၀ လောက်က ရေးထိုးခဲ့ခြင်း ဖြစ်သည်ဟု ပညာရှင်အချို့က ဆိုထားကြသည်။ ယင်းနောက် ခရစ်နှစ် ၇ ရာစု၊ ၈ ရာစုဆိုင်ရာ ကျောက်စာများကိုလည်း သံတွဲမြို့နှင့် မြို့ဟောင်းမြို့အနီးတွင် တွေ့ကြရ၏။ ရခိုင်တွင် တွေ့ရသမျှ ကျောက်စာများအနက် အထင်ရှားဆုံးသော ကျောက်စာမှာ မြို့ဟောင်းမြို့ ရှစ်သောင်းဘုရားရှိ **စန္ဒြမင်းဆက်ကျောက်စာ** ပင်ဖြစ်သည်။ ယင်းတွင် ဖော်ပြပါရှိသော မင်းဆက်များ၊ သမိုင်းဖြစ်ရပ်များအရ ယင်းကျောက်စာကို ရှေးဦးစွာဖတ်ရှုခဲ့သူ လန်ဒန် တက္ကသိုလ်မှ ကွယ်လွန်သူပါမောက္ခ ဩန်စတင်က စန္ဒြမင်းဆက် အကြောင်းနှင့် စပ်လျဉ်း၍ ထိုမင်းဆက် အုပ်စိုးစဉ်တွင် ခပ်နှိပ်ခဲ့သော ရခိုင်ဒင်္ဂါး အများအပြား ကလည်း အရုံအထောက်အထား ရှေးဟောင်းပစ္စည်းများ အဖြစ် သမိုင်းရေးတွင် အရေးပါလျက်ရှိနေကြပေ၏။ သက္ကတဘာသာဖြင့် ရေးဖွဲ့ထားသော စန္ဒြ ကျောက်စာ လင်္ကာအပိုဒ် ၁၉ မှ ၂၁ တွင် စန္ဒြမင်းဆက်ကို တည်ထောင်သော ဒေဝစန္ဒြမင်းသည် ၁၀၁ ပါးသော မင်းတို့ကို အောင်နိုင်ခဲ့ကြောင်း၊ မြို့ရိုးနှင့် ကျုံးများအပါအဝင် မင်းနေပြည်တော်ကြီးတစ်ခု တည်ထားခဲ့ကြောင်းများ ရေးထိုးကမ္ပည်းတင်ထားပေသည်။ ယင်းအချက်များသည် လက်ရှိ ဝေသာလီ မြို့ဟောင်းတည်ရာအရပ်နှင့် တိုက်ဆိုင် ညီညွတ်လျက်ရှိပေ၏။ ရှေးဟောင်း သုတေသန တူးဖော်မှုလုပ်ငန်းအတွက် ဝေသာလီသို့ ကွင်းဆင်းလျှင် စန္ဒြ ကျောက်စာပါ အညွှန်းများအတိုင်း ရှာဖွေစူးစမ်းရမည် ဖြစ်သည်။ ဤသို့ဖြင့် ကျောက်စာဟူသည် ခေတ်ကြေးမုံက ရှေးဟောင်းသုတေသနများကို ကွင်းဆင်း ကြရန် ဖိတ်မန္တကပြုလျက် ရှိပေသည်။



**မွန်ကျောက်စာများ**

ရာမညဒေသ မွန်ပြည်နယ်တွင် တွေ့ရသော ကျောက်စာများတွင် အစောဆုံး ကျောက်စာနှစ်ချပ်မှာ သထုံရွှေစာရံ ဘုရားဝင်းအတွင်း ကျောက်စာတိုက်ရှိ **တြာပ် နှင့် ပဏ္ဍိတ်** ဟု အမည်မှည့်ခေါ်ထားသည့် ကျောက်စာနှစ်ချပ်ပင် ဖြစ်သည်။ ယင်းကျောက်စာများတွင် သထုံ၌ အုပ်စိုးသွားခဲ့သော အနည်းဆုံး ပုဂံ အနော်ရထာမင်းနှင့် ခေတ်ပြိုင်မင်းများ၊ အနော်ရထာထက် ရှေးကျသော မင်းများ အကြောင်း ရေးထိုးပါရှိကြသည်ဟု ယုံကြည်ယူဆထားကြ၏။ ယင်း ကျောက်စာ တို့၏ စာသားများ၌ အသုံးပြုထားသော ဗျည်းသရများမှာ ပုဂံ အနော်ရထာခေတ် အုတ်ခွက်များ၌ ရေးသားထားသည့် ဗျည်းသရများနှင့် ဆင်တူကြသည်ဟု ပညာရှင်တစ်ဦးက ဆိုထားပေသည်။

မွန်ကျောက်စာအများစုတွင် ကျန်စစ်သားမင်းလက်ထက် ရေးထိုးသော ရှေးဦးကျောက်စာများနှင့် ခေတ်လယ် မွန်ဘာသာဖြင့် ရေးထိုးသည့် ပဲခူး ဓမ္မစေတီမင်းလက်ထက် ကျောက်စာများ ပါဝင်ကြသည်။ ရှေးဦး မွန်ကျောက်စာ များတွင် ကျောက်စာထိုးသည့် သက္ကရာဇ် အတိအကျ မပါရှိသော်လည်း ရေးထိုးသော အကြောင်းအရာများမှာမူ ရေးထိုးသူ ကျန်စစ်မင်းအကြောင်း ဖြစ်ကြသဖြင့် သမိုင်း၌ မှတ်တမ်းတင်ထားသော အချက်အလက်များကို ဖြည့်စွက်ခြင်း ကောင်းစွာပြုကြသည်။ ပုဂံရွှေစည်းခုံ ဘုရားအနီးရှိ **ကျန်စစ်မင်း အဗ္ဗုပ္ပတ္တိကျောက်စာကြီး** မှာမူ သက်ဆိုင်ရာ ပုဂံခေတ်အတွက် ထင်ရှားသော ကြေးမုံပြင်ကြီးတစ်ချပ်ပင် ဖြစ်ပေသည်။

ပုဂံပြည်သူများအတွင်း ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ မကောင်းမှု ဒုစရိုက်မှ ပယ်ခွာနိုင်ရေး၊ ရန်အန္တရာယ်အသွယ်သွယ်တို့မှ ကင်းစေရေး၊ ပြည်သူအများ နှလုံးစိတ်ဝမ်း ရွှင်လန်းစေရေး၊ ပြည်ရွာတိုင်းကား စည်ပင် ဝပြောရေး စသော ခေတ်အခြေအနေ၊ ခေတ်အကြောင်းအရာ၊ ကြေးမုံရိပ်များကို ယင်း ကျန်စစ်သား အဗ္ဗုပ္ပတ္တိကျောက်စာတွင် တခမ်းတနား ရေးထိုးထားရှိသည်။

ခေတ်လယ် ဓမ္မစေတီမင်းလက်ထက် ရေးထိုးသော ကျောက်စာများတွင်မူ နိုင်ငံရေးထက် ဘာသာရေးအကြောင်းရပ်များက ပိုမိုပါဝင်လျက်ရှိကြ၏။ ဗုဒ္ဓဝင် အကြောင်းခြင်းရာများ၊ မြန်မာနိုင်ငံအောက်ပိုင်း ရာမညဒေသသို့ ဗုဒ္ဓဘာသာ ရောက်ရှိလာပုံများ၊ ဘုရားကျောင်းကန် သိမ်ဇရပ် စသည်များ ဆောက်လုပ်လှူဒါန်း ကြပုံ အစုံစုံကို ကုံလုံပြည့်စုံအောင် ယင်း ကျောက်စာများတွင် ရေးထိုးထားရှိကြ ၏။ သုဝဏ္ဏဘူမိဒေသသည် လက်ရှိ မွန်ပြည်နယ်တွင်ရှိကြောင်းနှင့် သုဝဏ္ဏဘူမိ ဒေသ၏မြို့တော်မှာ လက်ရှိ အရက်သည်မရွာ (တိုက်ကုလား) ဖြစ်ကြောင်း

ရှေးဟောင်းသုတေသန ကွင်းဆင်းလေ့လာဖွယ်များကိုလည်း **ဓမ္မစေတီမင်း၏ ကလျာဏီသိမ်ကျောက်စာ** က ဖော်ထုတ်တင်ပြနေ၏။

## မြန်မာကျောက်စာများ

ပုဂံခေတ် ရှေးဦးပိုင်းတွင် ကျန်စစ်သားမင်းလက်ထက် ရေးထိုးသော **ရာဇကုမာကျောက်စာ** ထက် ရှေးကျသည့်ကျောက်စာကို မတွေ့ရသေးဟု ပညာရှင်အများက မှတ်ယူထားကြသည်။ ရှေးဟောင်းသုတေသနဦးစီးဌာနက ထုတ်ဝေသော **သက္ကရာဇ် ၄၇၄ မှ ၆၀၀ အထိ ဆိုင်ရာ မြန်မာကျောက်စာများ** စာအုပ်တွင်လည်း မြစေတီခေါ် ရာဇကုမာကျောက်စာကို အစောဆုံး ကျောက်စာအဖြစ် သတ်မှတ်ဖော်ပြထားသည်။ ပါမောက္ခဟောင်း ဆရာကြီး ဦးဧမောင် အလိုအားဖြင့် ပေါ်တော်မူနှင့် တောင်ခစည်သဘင် ကျောက်စာနှစ်ချပ်မှာ အစောဆုံး ကျောက်စာများဖြစ်သည်ဟု ဖတ်ရှုသိရသည်။ သမိုင်း ပါမောက္ခ ဒေါက်တာသန်းထွန်းကမူ ပုဂံမြို့အရှေ့ တောင်ဘက်ရှိ ဦးချစ်စကုန်းမှ ရရှိခဲ့ပြီး မြန်မာဘာသာဖြင့် သစ်သီးသစ်ပင်အမည်များ ရေးထိုးပါရှိသည့် အုတ်ခွက် ၃၅ ခုကို ရှေးအကျဆုံး ပုဂံခေတ်စာပေဆိုင်ရာ အထောက်အထားများ ဖြစ်ကြသည်ဟု တင်ပြထားပေသည်။ မည်သို့ပင်ဖြစ်စေ ကျောက်စာအနေဖြင့် ရာဇကုမာကျောက်စာကိုသာ ရှေးအကျဆုံးဟု ပညာရှင်အများနှင့် ရှေးဟောင်း သုတေသနဦးစီးဌာနတို့က ယနေ့ထိ အညီအညွတ် မှတ်ယူထားကြသေးသည်။

ပုဂံခေတ်ကျောက်စာအများစုမှာ အလှူမှတ်တမ်းများ ဖြစ်ကြသည်။ သို့သော် ယင်းအလှူမှတ်တမ်းများမှပင် ပုဂံခေတ်ဆိုင်ရာ အုပ်ချုပ်ရေး ကိုးကွယ်သည့် ဘာသာ၊ ပညာရေး၊ ယဉ်ကျေးမှု၊ လူမှုဆက်ဆံရေး၊ ဓလေ့ထုံးစံ၊ ကုန်သွယ်မှု စီးပွားရေး၊ လယ်ယာမြေပြဿနာနှင့် တရားစီရင်ရေးများကို အထိုက်အလျောက် သိရှိနိုင်ပေသည်။ ယင်းတို့အနက် တရားဥပဒေ စိုးမိုးရေးနှင့်ပတ်သက်၍ **ကျစွာမင်းအမိန့်တော် ပြန်တမ်း** ခေါ် သက္ကရာဇ် ၆၁၁ ခုနှစ်ထိုး ကျောက်စာသည် ထင်ရှားသော သာဓကဖြစ်၏။ ယင်းတွင် ခိုးမှုကျူးလွန်သူကို မမိဘဲမရှိပုံ၊ မိလျှင် မည်သို့မည်ပုံ အပြစ်ဒဏ်စီရင်ပုံ၊ ခိုးသူသည် လက်ရှိဘဝတွင်ရော၊ နောင်ဘဝတွင်ပါ စိတ်ဆင်းရဲရပုံ စသည်ဖြင့် ပြည်သူအများ ခိုးမှုကျူးလွန်ခြင်း မရှိကြအောင် ဖော်ထုတ်ရေးထိုးထားသည်။ ယင်းကျောက်စာ မိတ္တူတစ်တိုင်စီကို ယုတ်စွအဆုံး အိမ်ခြေ ၅၀ ရှိသည့် ကျေးရွာတိုင်း၌ စိုက်ထူထားရှိရမည် ဟူ၍လည်းကောင်း၊ လပြည့်သတင်းနေ့တိုင်း၌ ရွာလူကြီးများ ကြီးမှူး၍ ယင်းကျောက်စာကို ဖတ်ရှုလိုက်နာကြရမည် ဟူ၍လည်းကောင်း အသေအချာ



ညွှန်ကြားထားပေသည်။

နောက်ကျောက်စာတစ်ချပ်မှာ သက္ကရာဇ် ၆၄၇ ခုနှစ် ထိုးသည့် **ဒီသာပါမောက္ခ ကျောက်စာ** ဖြစ်သည်။ ယင်းတွင်ပါရှိသော အကြောင်းအရာသည် ထိုစဉ်က တိုက်ခိုက်ခဲ့ရသော မွန်ဂို မြန်မာ စစ်ပွဲဖြစ်ပွားပြီးနောက် ဆရာတော် ဒီသာပါမောက္ခမထေရ်သည် မြန်မာမင်း၏ သံကိုယ်စားလှယ်အနေဖြင့် တရုတ်ပြည် မွန်ဂိုမင်း ကူဗလိုင်ခန်ရှိရာ ပီကင်းမြို့သို့ မည်သို့မည်ပုံ သွားရောက်ရပုံ၊ စစ်ပြီးပြေအောင် သံတမန်ပရိယာယ်ဖြင့် အချေအတင် စကားဆိုရပုံ၊ စစ်တိုက်သည်ကိုပင် ရာဇပရိယာယ်ဖြင့် သာသနာပြုသည်ဟု တင်စားကြပုံမှစ၍ စိတ်ဝင်စားဖွယ် သမိုင်းရေးအချက်အလက်များကို မှတ်တမ်းတင်ထားလေသည်။ အထက်ပါကျောက်စာနှစ်ချပ်ကို လေ့လာရုံမျှနှင့် ပုဂံခေတ်ကျောက်စာများ၏ သမိုင်းရေး အရေးပါပုံသဘောကို ကောင်းစွာ စောကြောမိနိုင်ပေသည်။

စစ်ကိုင်း၊ ပင်းယနှင့် အင်းဝခေတ်များတွင်မူ ကမ္မည်းကျောက်စာများ ရေးထိုးကြရာ၌ အကြောင်းအရာအားဖြင့် အလှူမှတ်တမ်းများပင် ဖြစ်ကြသည့် တိုင်အောင် ဝါကျများ ရှည်လျားလာခြင်း၊ အဖွဲ့အနွဲ့များ ဆန်းကြယ်လာခြင်း၊ အထူးသဖြင့် အလှူရှင်မင်း မိဖုရားတို့၏ ဂုဏ်ထူးဝိသေသများကို ရှည်လျားစွာ ဖွဲ့နွဲ့ထည့်သွင်းလာခြင်း စသော အရိုးကို အရွက်ဖုံးသည့် သဘောများ ပိုကဲလာကြသည်။ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်တွင်မူ အထက်ပါ ဂုဏ်ထူးဝိသေသများသည် အလွန်အမင်း ရှည်လျားလာကြ၏။ မင်းတုန်းမင်းလက်ထက်တွင် ရတနာပုံနေပြည်တော်၏ နယ်နိမိတ်သတ်မှတ်ချက် ကျောက်စာတိုင်များနှင့် ပဥ္စမသင်္ဂါယနာတင် ပိဋကတ်တော်ကျောက်စာများ ရေးထိုးခဲ့ခြင်းအထိကို မထွေးကြည့်ပြသည်မှာ ပုဂံခေတ်ကအတိုင်းပင် ဖြစ်သော်လည်း နယ်မြေအုပ်ချုပ်ရေးနှင့် ဆည်မြောင်း၊ ကန်ချောင်းတူး ဖော်ရေး စသည်တို့ ပါဝင်လာသဖြင့် အတော်ပင် ပြည့်စုံလာသည်ဟု ဆိုနိုင်ပါသည်။

အချုပ်သဘောတွင် မြန်မာနိုင်ငံ၌ တွေ့ရသမျှ ကျောက်စာများသည် အကြောင်းအရာအားဖြင့် ဘာသာရေးဆိုင်ရာသာ များသော်လည်း ယင်းတို့မှ သမိုင်းရေးအချက်အလက်၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံခြားဆက်ဆံရေး၊ လယ်ယာမြေပြဿနာများ၊ နယ်နိမိတ်အပိုင်းအခြား၊ အမျိုးသားတည်ဆောက်ရေး များဖြစ်ကြသော ကန်ချောင်း၊ ဆည်မြောင်း၊ ဆောက်လုပ်ရေးတည်း ဟူသော အချက်များကို ထုတ်နုတ်လေ့လာနိုင်သောကြောင့် ယင်းကျောက်စာများမှာ ယဉ်ကျေးမှုတန်ဖိုးအားဖြင့် အကဲဖြတ်ကောင်းစရာ မရှိပေ။ ထို့ကြောင့် ယင်းတို့ကို ရှေးဟောင်းသုတေသနဦးစီးဌာနက ရုံဆောက်တန်ဆောက် ဝူတည်တန်တည် လုံခြုံရာဒေသသို့ ပြောင်းရွှေ့သိုမှီး ထားရှိတန် ထားရှိနေရခြင်းပင် ဖြစ်တော့သည်။

ထိုထက်ပို၍လည်း ယင်းတို့ ရေရှည်တည်တံ့အောင် ဓာတုဗေဒနည်းများဖြင့် အပတ်တကုတ် ကြိုးစားအားထုတ်၍ ထိန်းသိမ်းပေးနေရခြင်းပင် ဖြစ်ပေသတည်း။



# စလေတစ်ခွင်သုတေသန

စလေမြို့အမည်ပါရှိသော ရာဇဝင်ဆိုင်ရာ အရေးအသားမှာ **မှန်နန်းရာဇဝင်** အလိုအရ သက္ကရာဇ် ၂၆၈ ခုနှစ်က နန်းတက်ခဲ့သော စလေမင်းခွေးအကြောင်းပင် ဖြစ်သည်။ မှန်နန်းရာဇဝင်တွင် စာမျက်နှာ ၂၄၃ မှ ၂၄၅ အထိ စလေမင်းခွေး အကြောင်းကို ရေးသားဖော်ပြထားရှိစေကာမူ၊ စလေမင်းခွေးနှင့် ပတ်သက်သော ရှေးဟောင်းဝတ္ထုပစ္စည်း အထောက်အထားများကိုလည်း တစ်စုံတစ်ရာ မတွေ့ရှိရ သေးသောကြောင့် စလေမင်းခွေးနှင့် စလေမြို့အကြောင်းကို လက်ခံခြင်း၊ ငြင်းပယ်ခြင်း မပြုလုပ်သာသေးချေ။

သို့သော် သက္ကရာဇ် ၆၁၁ ခု၊ ကဆုန်လဆန်း ၉ ရက်၊ ပုဂံမင်းဆက် ကျစွာမင်း မင်းကြီး ရေးထိုးတော်မူခဲ့သော **ကျစွာမင်း အမိန့်တော် ပြန်တမ်း** ကျောက်စာတစ်ချပ်ကိုကား ယခုအခါ စလေမိုလာ ကားလမ်းမြောက်၊ အရှေ့ ဘက်မှ စလေမြို့အဝင် ဆင်ခေါင်းဘုရား၏ နောက်မြောက်ခပ်ယွန်းယွန်းရှိ သိမ်အတွင်း စိုက်ထူထားလျက်ရှိသည်ကို တွေ့ရှိရပေသည်။ ယင်းကျောက်စာတွင် စလေမြို့၏အကြောင်း တစ်စုံတစ်ရာမပါရှိချေ။ ကျစွာမင်းလက်ထက် နိုင်ငံတော် အုပ်ချုပ်စီရင်ရေးနှင့် စပ်လျဉ်းသည့် ရာဇဝတ်ရေးကိစ္စများကိုသာ ဖော်ပြထားရှိ သည်။ ထို့အပြင် ယင်းကျောက်စာ၏ မူလတည်နေရာမှာထက် ဖော်ပြပါနေရာ ဖြစ်ချင်မှ ဖြစ်ပေမည်။ သို့သော် ယခုလက်ရှိ တည်နေရာနှင့် မလှမ်းမကမ်း ပတ်ဝန်းကျင် တစ်ဝိုက်တွင် ပုဂံခေတ်နောက်ပိုင်းလက်ရာ ရှေးဘုရားငယ်များ ရှိကြသောကြောင့် ယင်းကျောက်စာ၏ မူလတည်နေရာ ယခုလက်ရှိနေရာ မဟုတ်သည့်တိုင် အနီးအပါးတွင်ပင် ဖြစ်ဟန်တူသည်။ ထို့ကြောင့် စလေမြို့သို့ ပုဂံခေတ် သက္ကရာဇ် ၅၀၀ ကျော် ၆၀၀ အခါကပင် ပုဂံယဉ်ကျေးမှု ဩဇာ ပျံ့နှံ့ခဲ့ဟန် တူပေသည်။ ယင်းအချက်ကို ပိုမိုခိုင်လုံစေသော အထောက်အထားများ မှာလည်း စလေမြို့ပေါ်တစ်ဝိုက်ရှိ မိုးကောင်းဘုရားရင်ပြင်တော်မှ **သကရာဇ် ၅၇၀ ခုနှစ်** ဟု ရေးထိုးပါရှိသော ကျောက်စာကလည်းကောင်း၊ တပဲတိုးဘုရား ရင်ပြင်တော်ရှိ **သကရာဇ် ၅၇၉** (?) ခုနှစ်ဟုပါရှိသော ကျောက်စာကလည်းကောင်း၊ အခြားသက္ကရာဇ် ဖတ်မရသေးသော်လည်း အက္ခရာရေးသားပုံ ပုဂံခေတ်လယ်နှင့် နောက်ပိုင်း အရေးအသားများပါရှိကြသည့် စလေမြို့ပေါ် အခြားနေရာများမှ

ကျောက်စာလေးချပ်ကလည်းကောင်းသက်သေထူနေကြ၏။ အထောက်အထားရှိမှ ရာဇဝင်မည်၏ ဆိုသော စကားရပ်နှင့်အညီ စလေမြို့ပေါ်၌ပင် ရှေးပုဂံခေတ်ထိုး ကျောက်စာများနှင့် ပုဂံခေတ်လက်ရာများ အပြည့်အဝပါရှိသော ကုလားကျောင်း၌ အထက် ကွမ်းတောင်တက်သည့် ရှေးဘုရားငယ်များ ရှိကြသဖြင့် စလေမြို့၏ ရာဇဝင်မှာလည်း ပုဂံခေတ်လယ် သို့မဟုတ် ခေတ်နှောင်းပိုင်းများနှင့်အပြိုင် ထွန်းကားခဲ့ကြောင်း ထင်ရှားပေသည်။

ယင်းနောက် စလေမြို့ အရှေ့မြောက် အေးစေတီကုန်း မျှော်တော်စွန်းဘုရား လိုဏ်မုခ်အတွင်းရှိ **သကရာဇ် ၇၅၃ ခုနှစ် ထိုး လက်ျာဖရစ် ကျောက်စာ**တွင်လည်း စလေမြို့အကြောင်း အတန်အသင့်ပါရှိပေရာ စလေမြို့ကို အင်းဝခေတ် သက္ကရာဇ် ၇၀၀ ကျော်အခါက လက်ျာဖရစ်မည်သော မြို့စားအမတ်ကြီး အုပ်ချုပ်စီရင်လျက် ရှိကြောင်း သိရသည်။

## လက်ျာဖရစ်ကျောက်စာအက္ခရာပြန် (က) မျက်နှာ

၁။ ။ ။ (န) မောတဿတိ။ ။ရတ္တနတ္တယ်။ သကရာဇ် ၇၃၅ ခု၊ စယ်နှစ်နံ မျှက်လွှန်း ၅ ၇၂က် ၆ နေအာ သတ္တစ္စာ

၂။ သောလက်ျာ ဖရစ်မည်သော အမတ်ကြီး စ(ဇ)လ(ပု) ကုံကိုဝ် အစိုဝ်ရသော အခါနှိုက်သ(သံ)ရာ ဆင်ငြယ်မှု

၃။ ထွက် လောက်ခယ်ရယ်သဗ္ဗသတ္တဝါလူနတ်တကာခပ်သိမ်း သော ကိုဝ် သသံရာဆင်ငြယ်မှတ

၄။ သောလတ်စွာသော ဖုရာ မွန် ဆု ကိုဝ် လိုဝ် လင်စွာသော ကြောင်၊ စလေရွာအရှေ့ ဖုမ္မထက်သန် လတ်သောလေ

၅။ အရပ်နှိုက် … လေလျ၏ ကုလာ လောင် ကြီဦထွတ် လေလျ တုံ၏။

၆။ မြန်မာပြည် အလုံအလျ စုကိုဝ်စိုဝ်ရသော (။) ငြိတြိ ဘဝနာ (ဒိ) တ္တ၂ဗဝရစမ္မရာဇာမည်သော တျာဖျာ



၇။ မင်ကြသည် လေထဲကိုဝ်တိုဝ်ရှယ်လန်(င်)မူသော အခါနှိုက်မှ ရှေးတောင် လေထက် နေရှယ်ကွံ နတ်ဥ

၈။ ထွတ်တ်မှ သောအခါနှိုက် အရှေ့သိန်နိုဝ်ပြည်တွင် ပြည်ပမဟာထိ-အ-စသော သယ်ာများအပေါင်

၉။ သယ်ာတိုင်ထိသည်ကိုဝ် ရှျဝ် ရှယ်လွှတ္တမှ (သော)အခါ နှိုက် သတ္တာခြင်(ရာ)နှင်လည် စုံသွာသော လက်ျာဖရစ်

၁၀။ မည်သော အမတ်ကြီသည် တန် ညောင် အဝန် မိဖု(ရာ) — စုပြတ်အထက်မုရျတန် — သန်လဲ ရှာ

၁၁။ ခင်ကြည် တောင်မ ကွင်အိုင်ရှည် (က)န် ပေါက်ခပင်ကိုဝ် လူ(အံ)ဟု (လေ်)နံ … စင်ကပေရကာ ငြိတြိ

၁၂။ ဘဝနာဒိတ္တ၂ ဗဝရစမ္မာရာဇာမည်သော တျာဖျာမင်ကိသည် ဝလူ၏ဟု-စင်တ်မွန်၏။ လူတ်မှ —

၁၃။ လေ၏ အပိုင်အခြာတာ အရှေကာမန်လောင်တော။ လစ်ညြတ္တာ သိရျတ္တန်၊ အနောကာနေ —မည်သပေါ

၁၄။ င်(ဝ)မျက်ငစိရျက် (။) တောင်ကာ(စက်)တောင် လောင်လောင်(င်)လျှင်(အ)ခြာတော။ လ…ကာလက်

၁၅။ ပံစောက်တလောင်တော။ ဤလေ၏အပိုင်အခြာကိုဝ်နင်ပေသော သုကာ — သုကြီအ —ဖ(တြာ) (ပျင်)မြ

၁၆။ င် — ဖုမ္မရာဇာ နင်ရှယ်တိုင် ဧ(ဆ)ာက်သတော။ ဤ ငါလူသော အလူ — အကြင်မျှလောက် ဖုရာ

သိ
၁၇။ ခင်သာ (သနာ)တည်၏ ထိုဝ်တည် သအခာန္တိက် - သင်
ပုတ်ဆိမိဝတ် (မ) ပြတ်စိ(မ်)သောငှာ သတင် သမ္မာ

ပ
၁၈။ မိန္ခင့် လည်စုံစွာအရ ၂၁ ပုဏ္ဏိုဝ်တို့ဝ်ကိုဝ်စာ (ပေ) သင်
စိမ်သောငှာပစ္စ(ည်)လေပါဆေဝါအထောက်

၁၉။ အပင်အလိုဝ်ရစိမ် သောငှာ (လှျု)သ တော။ ဤသိုဝ်
လှုံပြီသကရစ် ၇၇၁ ခု (နိုက်) စလေကိုဝ် ရလတ်သော

ပ
၂၀။ မင်သည် ပျက်လျှင် စိမ်ဟုသဏ္ဍာခြင် (ရ) လျှင် လည်စုံ
စွာသော — လက်(ထ)က် မဟုတ်ဖျက်၏

၂၁။ — လေ တံခမ္ဗ (ဖိ) (တာ) — လဝ — သကရစ်

က
၂၂။ ၇၇၁ ခု နှုတ် ပြသိုဝ်လ္လန် - ၇၂က် ဆင်လမ် ထွက်
— သောအခဍ္ဍခေပ

၂၃။ ည်မင်ကြီလှုတ် (မူ)သော မြေကာမပျက်ပေ ၇၂၁ သော မြေ
— လှ

၂၄။ င်တလှုံတုံ၏ကြိတြိဘဝနာ ဒိဏ္ဍ ၂၀၀၇ ခမ္မရာဇာမည် — မ
— (ကြိ) မည် (ရေ) စင်တ်

မ
၂၅။ သွန်၏။ ဤသိုဝ်မင်ကြီနှစ်ဆက်ဖြင်သောလေ၏ အ(ဝိုင်)

ခ မ
(အ) ခြာကာ — (မ)န် လောင်(။) လစ်ညြက်
၂၆။ ကာ (သိ၇၂ဏ္ဍန်) (၊) အနေဏ္ဍာနေ — = မည်
(သပေါင်တမျက်ငတ် ၇၂က်)ထောင်ကာ (စက်တောင်)လော

ခ
၂၇။ င်လော (င်) လျှင်အခြာတော။ ဏ္ဍဆိ (ဖိ) ကာ = —
လောင်တော။ ဤ (သိုဝ်) —ပြ

၂၈။ (ယ်) ကိုဝ်ဆင်ငြယ်ဥစ္စာ၏ — စွာရယ်တြ(စင်)— —လှုဝ်
၂၉။ (ေ) စကြောင်-၇၂င်ခဲ၏တ-ဆိုင်ကာ — — မင်တေ
၃၀။ — — —



(ခ) မျက်နှာ

(ကျောက်စာတွင် ကျောဘက် (ခ) မျက်နှာ ရှိသေးသော်လည်း လိုဏ်မုခ်နံရံနှင့် ထိလုဘနန်း စိုက်ထားရကား မင်ကူးယူရာ၌ များစွာခက်ခဲပြီး ကောင်းစွာ မကူးယူနိုင်ခဲ့ချေ။ သို့ဖြစ်သောကြောင့် ယခုအခါ ဖြစ်သလိုကြိုးစား ကူးယူခဲ့ရသော မင်ကူးမှုကို ကြိုးစားဖတ်ရှုနေသည်။)

ကျောက်စာတွင် ရေးသားပါရှိသည့် အက္ခရာပုံပန်းသဏ္ဌာန်တို့မှာ ပုဂံခေတ် လက်ရေးနှင့် မတိမ်းမယိမ်းရှိသည်ဟု ထင်သည်။ အကြောင်းမူကား စာလုံးတိုင်း လိုလို လေးထောင့်ကျလျက်ရှိပြီး အသတ်၊ အစပ်၊ အတင်စီးတို့မှာလည်း ပုဂံခေတ်လယ်မှ အရေးအသားများ အတိုင်းပင်ရှိသည်။ ကျောက်စာပါ အကြောင်း အရာကား လက်ျာဖရစ်သည် စလေမြို့အရှေ့၌ ကုလားကျောင်းကြီးတည်၍ ပြည့်ရှင်မင်းကြီးက မြေလှူသောအကြောင်းပင်ဖြစ်၏။ သို့သော် ကျောက်စာတွင် ပါရှိသည့် **ဂြိတြိဘဝနာဒိဏ္ဍ ၂ ၀၀ ၇ ခမ္မရာဇာမည်သော တျဖျာမင်** ကား မည်သူဖြစ်သနည်းဟူသော ပြဿနာပေါ်ထွက်လျက်ရှိပေသည်။

မြန်မာရာဇဝင် စစ်ကိုင်းမင်းဆက် ကောင်းစားစဉ်အခါက **တရဖျားကြီး** ဘွဲ့ခံ မင်းတစ်ပါးကို **သကရာဇ် ၆၉၂ ခုမှ ၆၉၈ ခုအတွင်း (ဘုတာတော်ပုံ ရာဇဝင်** စာမျက်နှာ ၄၃ နှင့် ၁၁၀) စကိုင်း၌ နန်းစံလျက်ရှိသည်ဟူ၍လည်းကောင်း၊ **တရဖျားငယ်** ဘွဲ့ခံ မင်းတစ်ပါးကို သကရာဇ် ၇၁၄ မှ ၇၁၇ အတွင်း စကိုင်း၌ နန်းစံလျက်ရှိသည်ဟူ၍လည်းကောင်း (**ဘုတာတော်ပုံ ရာဇဝင်** ၄င်းစာမျက်နှာများ) အင်းဝကောင်းစားစဉ်အခါက **တရဖျား** ဘွဲ့အမည်အရည်ဖြင့် သကရာဇ် ၇၆၃ ခုတွင် အင်းဝ၌ နန်းစံခဲ့သည်ဟူ၍လည်းကောင်း (**ဘုတာတော်ပုံရာဇဝင်** စာမျက်နှာ ၁၄၄ နှင့် ၄၆ နှင့် ၁၁၀) တွေ့ရှိပေသည်။ သို့သော် ကျောက်စာတွင် ပါရှိသော ဂြိတြိ **ဘဝနာ** ဒိဏ္ဍ **၀၀ ၇ ခမ္မရာဇာမည်**သော တရဖျားမင်းကား ကျောက်စာထွက် စကားရပ်များအတိုင်း မြန်မာပြည်အလုံးကို အစိုးရသော (ကျောက်စာကြောင်းရေ -၆) မင်းဖြစ်ရကား အထက်တွင်တွေ့ရှိရသော တရဖျားမင်းတို့ထက် အင်းဝခေတ်ဦး သတိုးမင်းဖျားနောက် အင်းဝကို စိုးစံသော မင်းကြီးစွာစော်ကဲ (သက္ကရာဇ် ၇၃၀-၇၆၃ နှစ်အထိ)ကို ရည်ညွှန်းလိုဟန် တူပေသည်။ အဘယ်ကြောင့်ဆိုသော် မင်းကြီးစွာစော်ကဲ လက်ထက်ဖြစ်သော သကရာဇ် ၇၃၅ ခုနှစ်၌ လက်ျာဖရစ်သည် စလေပုဂံကို အစိုးရသောအချိန်အခါနှင့် ကိုက်ညီ သောကြောင့် ဖြစ်၏။ သို့သော် **မှန်နန်းရာဇဝင်** ပထမတွဲ စာမျက်နှာ (၄၄၆)တွင် စလေမြို့ကိုစားရသော အမတ်ကြီး၏ အမည်ကို မဖော်ပြချေ။ **ပုဂံကိုကား စည်သူစား၏** ဟု ဖော်ပြထား၏။

## စလေမြို့တောင်ဘက်ဥယျာဉ်ရွာ ဒိုင်နယ်အတွင်း ရှင်ပင်စာကြိုနှင့် ရှေးဘုရားများ

စလေမြို့၏ တောင်ဘက် လေးမိုင်ခန့်အကွာတွင် ရှေးဘုရားငယ်ပေါင်း ဆူရေ ၃၀ နီးပါးမျှ ဖူးမြင်တွေ့ရှိကြရသည်။ ယင်းဘုရားတို့မှာ အရွယ်အစား အမျိုးမျိုးဖြစ်ကြ၍ ပုဂံမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိုင် တွေ့ရှိဖူးမြင်ကြရသည့် ရှေးပုဂံခေတ်လက်ရာ ဘုရားများကဲ့သို့ အောက်ကုလားကျောင်းခံ အထက်ပစ္စယာ တက်၍ ကွမ်းတောင်ပေါက်သော ဘုရားများနှင့် စေတီပေါက်သော ဘုရားငယ်များ ဖြစ်ကြသည်။ အချို့တို့မှာ သီဟိုဠ်ဗိသုကာဟန် စေတီများပါရှိကြ၏။ ယင်းသို့ ကုလားကျောင်းများခံ၍ တည်ထားသောကြောင့် ယင်းဘုရားတို့ကို ပုဂံကျောက်စာ များတွင် ပါရှိသော ဗိသုကာ အခေါ်အဝေါ်အတိုင်း ဂူပုထိုးများဟု ခေါ်ဝေါ် သတ်မှတ်နိုင်ပေသည်။

ဤသို့ရှိကြသော ရှေးဘုရားငယ်များအနက် ရှင်ပင်စာကြိုကြီး၊ စာကြိုလှုဘွဲ့ အမည်ရှိသော ဘုရားနှစ်ဆူမှာ ဥယျာဉ်ရွာ ဒိုင်နယ်အတွင်းရှိ၍ ယခုထက်တိုင် အများပြည်သူတို့ အလေးအမြတ် ဖူးမျှော်နေကြဆဲ ရှေးဟောင်းဘုရားများ ဖြစ်ကြ သည်။ ဘုရားနှစ်ဆူကိုပင် စာကြိုဘုရားစု တစ်ပေါင်းတစ်စည်းတည်း မှည့်ခေါ်ပြီး ၄င်းတို့၏အကြောင်းကို **မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းအဆောက်အဦများ ဆိုင်ရာ ပြုပြင်ထားသောစာရင်း (Amended list of Ancient Monuments in Burma)** ခေါ်စာအုပ် မိတ္ထီလာတိုင်း မြင်းခြံခရိုင် (ယခု မကွေးတိုင်း၊ မကွေးခရိုင် တွင် ရှိသည်ဟု စာအုပ်၏ မိတ္ထီလာတိုင်း ဆိုင်ရာအခန်း စာမျက်နှာ ၃၂ တွင် ဖော်ပြပါရှိသည်။ ယင်းစာကြိုဘုရားမှာ ခရစ်သက္ကရာဇ် ၁၁၀၂ ခုနှစ် (မြန်မာ ဝေါဟာရ ကောဇာနှစ် ၅၅၄ ခုနှစ်)တွင် ပုဂံနန်းဆက် **နရပတိစည်သူ** မင်း တည်ထားကိုးကွယ်တော်မူခဲ့၍ ဘုရားတည်ပုံနှင့် ပတ်သက်သော ကျောက်စာ တစ်ချပ်ရှိသည်ဟု မှတ်ချက်ရေးသားထားသည်ကို တွေ့ရှိရသည်။

ရှင်ပင်စာကြိုကြီးဘုရားတည်ပုံနှင့်ပတ်သက်၍ စလေမြို့ ဦးပုညစာပေနှင့် ရှေးဟောင်းစာပေများ ရှာဖွေရေးအဖွဲ့မှ ပုံနှိပ်ထုတ်ဝေထားသော **စာကြိုသမိုင်း** စာအုပ်စာမျက်နှာ ၃၂ တွင် ပုဂံအနော်ရထာမင်းစော လက်ထက်တော် သက္ကရာဇ် ၄၂၁ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက် ကြာသပတေးနေ့၌ ခပ်သိမ်းသော သတ္တဝါ တို့၏ စီးပွား၊ သာသနာငါးထောင် မြင့်ရှည်ကြာအောင် တည်စိမ့်ခြင်းအကျိုးကို မျှော်ကိုး၍ သထုံမှ ပင့်ဆောင်လာသော ပိဋကတ်တော်များကို ကြိုရာဌာနဖြစ်သော သီရိဓေယနံ့ကုန်းတော်၌ မဟာသမာန်းစခင် ကြံတိုင်းမြို့စားကြီးကို ရပ်မှူးတော်၊ ဆင်းတုစေတီတော် တည်ထားခဲ့သည်ဟု ဖော်ပြထားသည်။ သို့သော် ယင်းအချက်မှာ မည်သည့်ရာဇဝင်တို့၌ ပါရှိသည်ဆိုသည့်အကြောင်း ရည်ညွှန်း



ထားချက်ကို အဆိုပါ **စာကြိုသမိုင်း** ၌ ဖော်ပြမထားချေ။ သထုံမှ အနော်ရထာမင်း ပိဋကတ်တော်များ ပင့်ဆောင်လာသည်ကို စလေမြို့အောက်နား လေးမိုင်ခန့်အကွာမှ ဆီးကြိုပင့်ဆောင်ရာမှစ၍ **စာကြိုရပ်** ဟု မှည့်ခေါ် အမည်ပေးထားခဲ့သည်ဟု ဆိုထုံးပြုကြရာ၌ ယင်းအဆိုကို ယုတ္တိမတန်ဟု မယူသာချေ။

ဒဏ္ဍာရီပုံပြင်သဖွယ်ဖြစ်နေသော စလေမင်းခွေး လက်ထက်လောက်မှပင် စလေနှင့် ပုဂံသည် အိမ်ဦးနှင့်ကြမ်းပြင်သဖွယ် ဖြစ်နေခဲ့သည့်အချိန်ကို ဒဏ္ဍာရီ ဖြစ်၍ သဘောမတန်ဟု ယူဆလိုပါမူ ယူဆနိုင်သည်။ သို့သော် သက္ကရာဇ် ၇၃၅ ခုနှစ်ထိုး အထက်တစ်နေရာတွင် ပါရှိသော လက်ျာဖရစ် ကျောက်စာရေးထိုးစဉ် ကာလအခါက **စလေ-ပုဂံ** ဆိုသော စကားကိုသုံး၍ စလေနှင့် ပုဂံ အဆက်မပြတ် ကူးလူးနေကြကြောင်း ဖော်ပြထားရှိခဲ့သည်ကို ဂရုပြုရပေမည်။ ထို့ကြောင့် အနော်ရထာမင်းစောလက်ထက် ပိဋကတ်တော်တို့ကို သထုံမှ ပင့်ဆောင်လာရာ၌ စလေ၏ အောက် လေးမိုင်ခန့်အကွာမှ မကြိုဆိုဟု မဆိုနိုင်ချေ။ သို့သော် ပိဋကတ်စာပေကို ကြိုဆိုယူသည့် အထိမ်းအမှတ်အဖြစ် စာကြိုကြီးဘုရား တည် ထားသည်ဟု ဆိုရာ၌ ဤမျှအရေးကြီးသော သမိုင်းလာ အဖြစ်အပျက်တစ်ရပ်ကို **မှန်နန်းရာဇဝင်** ပထမတွဲ၊ အနော်ရထာမင်း ကောင်းမှုတော်များ ပြုစုခြင်းဆိုင်ရာ အခန်း စာမျက်နှာ ၂၉၅-၃၀၁ တွင် လည်းကောင်း၊ **ဦးကုလား မဟာရာဇဝင်ကြီး ပဌမတွဲ**၊ အနော်ရထာမင်း ကောင်းမှုတော်များ ပြုစုခြင်းဆိုင်ရာ အခန်းစာမျက်နှာ ၁၈၉၊ ၁၉၆ တွင်လည်းကောင်း ဖော်ပြထားရှိခြင်း မပြုချေ။ ဤအချက်မှာ များစွာ စဉ်းစားဖွယ်ရှိပေသည်။ အနော်ရထာမင်းစော လက်ထက်တော်ကို ရည်ညွှန်းပြသသော အထောက်အထားများကို မတွေ့ရသေးမီစပ်ကြား စာကြိုကြီး ဘုရား တည်ထားကိုးကွယ်ပုံအကြောင်းကို လက်ခံခြင်း၊ ငြင်းပယ်ခြင်း မပြုလုပ် သာသေးချေ။

သို့တစေ စာကြိုလှုဘုရားနှင့်ပတ်သက်သော အထောက်အထားအချို့မှာကား **မှန်နန်းရာဇဝင်တော်ကြီး ပဌမတွဲ** စာမျက်နှာ ၃၅၆ မှ ၃၅၈ အထိ ပုဂံနန်းဆက် နရပတိစည်သူမင်းကြီး၏ ကောင်းမှုတော် ပုဂံမြို့ရှိ စူဠာမဏိစေတီတော်နှင့် စပ်လျဉ်း၍ ဖော်ပြပါရှိသည်ကို တွေ့ရှိလေ့လာရပေသည်။ အလားတူအချက် ကိုပင် **ဦးကုလား ရာဇဝင် ပဌမတွဲ** စာမျက်နှာ ၂၅၈ မှ ၂၆၀ အထိလည်းကောင်း၊ **သာသနာ လင်္ကာရစာတမ်း** စာမျက်နှာ ၁၀၈ မှ ၁၁၂ အထိလည်းကောင်း တွေ့မြင် ဖတ်ရှုရပေသေးသည်။ ဤသို့ ပါရှိခြင်း၏ အတိုချုပ်မှာ ပုဂံမြို့ စူဠာမဏိဘုရားကြီး တည်ဆောက်ခြင်းနှင့်ပတ်သက်၍ နရပတိစည်သူမင်းကြီးနှင့် မင်းဆရာတော် ပံ့သကူထွက် ရှင်မဟာထေရ်တို့သည် အချင်းများကြရသည်။ သဃ်ာ့ကံသင့်အောင် ပြောဆိုမိန့်ကြားသော မင်း၏ စကားကြောင့် မဟာထေရ်

မြတ်မှာ သီဟိုဠ်ကျွန်းသို့ ထွက်ကြလေရာ ဘုရင်မင်းမြတ်၏ စေခိုင်းချက်အရ အမတ်ကြီး တုရက်ပစ္စည်း လျှောက်ထားတောင်းပန်သဖြင့် သီဟိုဠ်ကျွန်းသို့ မကြွဖြစ်ဘဲရှိသည်။ မဟာထေရ်အား ဝစီကံမြောက် ကျူးလွန်မိသည့် အပြစ်ကို ဝန်ချသည့်သဘောဖြင့် ဘုရင်မင်းမြတ်သည် မိမိ၏ သားငါးပါးကို မင်းဆရာတော် မဟာထေရ်အား ပေးလှူလေ၏။ ထိုအခါ ငစွယ်ရှင်မဟာထေရ်၏ နောက်တော်ပါး သို့ မင်းသားငါးပါး လိုက်ကြကုန်သည်။ လမ်းတွင် မဟာထေရ်သည် မြေပြင်၌ အဝန်းငါးကွက်တား၍ မင်းသားတို့ကို ပြန်လွှတ်လိုက်၏။ မင်းသားတို့လည်း ခမည်းတော် နရပတိစည်သူမင်းကြီးအား အဝန်းငါးဝန်း၏ အခြင်းအရာကို လျှောက်ထားကြရာ ငါ့သားတို့ကို ကောင်းမှုပြုစေလိုသဖြင့် ဤသို့ မြေ၌ ဝန်းပြ သည်ဟု မိန့်ဆို၍ သားတော်တို့၏ ကိုယ်အလေးချိန်ပမာဏနှင့်အညီ ရွှေကို ချိန်ဆက်စေပြီး ပသေနဒီ ကောသလမင်းကြီး၏ စန္ဒကူး သရက္ခန် ကောင်းမှုနှင့် အမျှ ဆင်းတုတော်နှင့်တကွ **စာကြီးဘုရားလှ၊** မြေပုံသာ ဘုရားလှ၊ ကန်စွန်းအိုး ဘုရားလှ၊ သီကြားတောင် ဘုရားလှ၊ ချောက်ဘုရားလှတို့ကို တည်ထားကိုးကွယ် တော်မူခဲ့၏ဟု ပါရှိသည်။ သို့သော် စာကြီးဘုရားလှ အပါအဝင် ဘုရားငါးဆူတို့ တည်ရှိရာ အရပ်တို့ကို မဖော်ပြကြချေ။

အထက်ပါ ဘုရားများ၏ တည်ရှိရာကို လေ့လာစိစစ်ကြည့်သောအခါ ချောက်ဘုရားလှ နရပတိစည်သူမင်း ကောင်းမှုဆိုသည့် ဘုရားမှာ ယခုအခါ ညောင်ဦးမြို့ သဘော်ဆိပ်အရှေ့ဘက် ချောက်ကမ်းပါးကြီးတစ်ခု၏ အရှေ့တောင် မလှမ်းမကမ်းတွင် ရှိသည်။ မြေပုံသာဘုရားလှ (နရပတိစည်သူမင်း ကောင်းမှု) ကိုလည်း ယခုအခါ ပုဂံမြို့ အာနန္ဒာဘုရားကြီး၏ တောင်ဘက် လောကထိပ်ပန် ဘုရားအနီးတွင် တွေ့ရှိဖူးမြော်ရသည်။ သက္ကရာဇ် ၆၂၄ ခု၊ စောမင်းနှင့် ဖနီး ကြာသဝတ်တို့ ကောင်းမှု ကန်စွန်းအိုးဘုရားမှာမူကား ယခုအခါ အနောက်ဖွားစော ရွာ၏ အရှေ့တောင် ဓေယျပွတ်ဘုရား၏ တောင်စူးစူးတွင် တည်ရှိသည်။ သကြားတောင်ဘုရား၏ တည်နေရာနှင့် **စာကြီးဘုရားလှ** ၏ တည်နေရာကိုကား ရှာဖွေမတွေ့ရှိသေးချေ။ သို့သော် အထက်ပါဘုရားများ တည်ရှိရာအရပ်တို့မှာ ပုဂံမြို့ပတ်ဝန်းကျင်တွင် ဖြစ်ကြသည်ကတစ်ကြောင်း၊ ယင်းတို့ကို နရပတိစည်သူ မင်းကြီး မတည်ခဲ့သည့်တိုင်အောင် နှစ်များစွာ ကွာခြားလှမည် မဟုတ်သည်က တစ်ကြောင်း၊ ယင်းတို့ကို တည်ထားရခြင်းသည် ပုဂံ ရှင်ဥာမဏိဘုရားကြီးကို တောင်ဘက် ဥယျာဉ်ရွာ ဒိုင်နယ်မှာလည်း ပုဂံနှင့် အလှမ်းများစွာ မဝေးလှသည်က တစ်ကြောင်းကြောင့် ယင်း ရှင်ပင်စာကြီးဘုရားမှာ နရပတိစည်သူမင်း ကိုယ်တော်တိုင် မတည်ထားခဲ့စေကာမူ ထိုမင်းလက်ထက်မှ လက်ရာတစ်ဆူ



ဖြစ်ကြောင်း ယူဆနိုင်ပါသည်။ ဤယူဆချက်ကို အောက်တွင် ဆက်လက် ရှင်းပါမည်။

အထက်ပါယူဆချက်ကို သက္ကရာဇ် ၅၀၀ ကျော် ၆၀၀ ကျော်အတွင်း နရပတိစည်သူ လက်ထက်ထိုး ပုဂံခေတ် အရေးအသားများအတိုင်းရှိသည့် ကျောက်စာများနှင့် ရှေးဟောင်းလက်ရာများကို ဥယျာဉ်ရွာ ဒိုင်နယ်တစ်ဝိုက်၌ မြင်တွေ့ရခြင်းက သက်သေခံနေကြ၏။ မည်သို့ပင်ဖြစ်စေ စာကြီးဘုရားအတွင်းရှိ ကျောက်စာတစ်ချပ်တွင်လည်း စာကြီးဘုရားသမိုင်း ပါရှိမြန်ရာ ၄င်းကျောက်စာ အကြောင်းကို အောက်ပါအတိုင်း ဆက်လက်ဆွေးနွေးရပါသည်။

စာကြီးဘုရား၏ အတွင်းအာရုံခံ၌ စိုက်ထူထားသော ကျောက်စာများ (ရှေးအကြောင်းကို နှောင်းခေတ်မှ အက္ခရာရေးထိုးသော ကျောက်စာများ)နှင့် ၄င်းဘုရား ပရဝုဏ်အတွင်း ဓာတ်စက်ရုံကျောင်း နောက်ဖေး၌ရှိသော မူလထိုး ကျောက်စာသစ်များ **(တစ်ချပ်တွင် သကရာဇ် ၅၈၇ ခုနှစ်ဟု ဖတ်ရသည်)** ကို ထောက်သော် သက္ကရာဇ် ၅၀၀ ကျော် ၆၀၀ အကူး ပုဂံ နရပတိစည်သူမင်း (၅၃၅-၅၇၂ ဓာတာတော်ပုံ ရာဇဝင်အလို) လက်ထက်အခါကာလက ရေလယ်ရွာ၊ ငြီးစုရွာ စသော ဥယျာဉ်ရွာ ဒိုင်နယ်အတွင်း ပုဂံယဉ်ကျေးမှုနှင့် အသွင်တူ ယဉ်ကျေးမှုများ ထွန်းကားလာကြကြောင်း သိသာနိုင်ပေသည်။

နရပတိစည်သူမင်းသည် ရှင်ပင်စာကြီးဘုရားကို တည်ထားကိုးကွယ်တော် မူသော အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ စလေမြို့ ဦးပုညစာပေများ ရှာဖွေရေး သုတေသနအဖွဲ့မှ ထုတ်ဝေသော ရှင်ပင်စာကြီးဘုရားသမိုင်းစာအုပ် စာမျက်နှာ ၈၂ တွင်ပါရှိသော ကျောက်စာမှာ မူလထိုးမဟုတ်နိုင်ချေ။ အကြောင်းမူကား အက္ခရာရေးသားပုံ ရှုထောင့်မှကြည့်ရှုသောအခါ အဆိုပါကျောက်စာတွင် ရေးသားထားသော အက္ခရာပုံပန်းသဏ္ဌာန်တို့မှာ အတော်ပင် ဝိုင်းဝန်းလာပြီ ဖြစ်သောကြောင့်ပင်တည်း။ ယင်းကျောက်စာမှာ အင်းဝခေတ်ထက် စော၍ ထိုးခဲ့ဟန်မတူချေ။ ဤအချက်ကို အထက်တွင် ရေးသားခဲ့သည့် ငါးမာရ်အောင် ဘုရားကုန်းမှ ကျောက်စာနှင့် ဓာတ်စက်ရုံအတွင်းမှ ကျောက်စာများတွင် ရေးသားထားသော အက္ခရာအရေးအသားများနှင့် ယှဉ်ကြည့်သောအခါ ပိုမို သိရှိရပေသည်။ ထို့ပြင် အဆိုပါကျောက်စာ၏ အက္ခရာမြန်ကို အထက်ပါ ရှင်ပင်စာကြီးသမိုင်းစာအုပ်တွင် ပြည့်ပြည့်စုံစုံပါရှိခြင်းလည်း မရှိချေ။

ရှင်ပင်စာကြီးသမိုင်းစာအုပ်တွင် ပါရှိသော ကျောက်စာမှာ ရှင်ပင်စာကြီးဘုရား အာရုံခံ၏ တောင်ဘက်တွင် စိုက်ထူထားသော ကျောက်စာဖြစ်ကြောင်း တွေ့ရ သည်။ ဖတ်ရသမျှ စကားအသွားအလာကို ထောက်သော် ကျောက်စာတွင် သက္ကရာဇ် ၅၅၄ ခုနှစ်ဟု ပါရှိလင့်ကစား ယင်းကျောက်စာမှာ နောက်ထိုး

ကျောက်စာသာဖြစ်ကြောင်း သိသာသည်။ သို့သော် ရှေးကဖြစ်ရပ်များကို နောက်ခေတ်၌ မှတ်တမ်းတင်ခြင်း မည်ရကား ကျောက်စာ၏ တစ်နေရာ (ကျောာက် စာကြောင်းရေ ၁၂)တွင်ပါရှိသော **စည်သူမင်း** ဆိုသူမှာ နရပတိစည်သူမင်းကိုပင် ဆိုလိုဟန်တူပေသည်။ ကျောက်စာကြောင်းရေ (၁)မှ (၁၀) အထိတွင်လည်း ကျိန်စာများပါရှိ၏။ **သူ၏ ကောင်းမှုတော်ကို ဖျက်ဆီးသော သူအား အမွေးတစ်ထောင် အမွေးတစ်ထွာရှိသော ပြိတ္တာဖြစ်ပါစေ ဟူသည့် ကျိန်စာ**ကို ယခုထက်တိုင် စာကြိုဘုရားတည်ရှိရာ အနီးအပါးမှ လူကြီးသူမများ ပြောဆိုကြောက်ရွံ့နေကြဆဲပင် ဖြစ်ကြသည်။

သို့သော် ပုဂံခေတ် နရပတိစည်သူမင်း လက်ထက်တော်ကပင် စလေနှင့် ပုဂံ ဆက်သွယ်ကူးလူးခဲ့ပုံကို တစ်ခေတ်ထဲထိုး ကျောက်စာများဖြစ်သော ရှင်ပင် စာကြိုဘုရား ဓာတ်စက်ရုံကျောင်းဝင်းအတွင်းရှိ **သကရာဇ် ၅၈၇ ခုနှစ်ဟု ပါရှိသော တေသင် ကျောက်စာ**ကလည်းကောင်း၊ ငါးမာရ်အောင်ဘုရားကုန်းရှိ **သကရာဇ် ၅၇၉ ခုနှစ်ဟု ပါရှိသော မိဖွားအိုင်ဝ်တန်လိုင်သင်** ကျောက်စာကလည်းကောင်း ထင်ရှားစေခဲ့ရာ အဆိုပါကျောက်စာများ၏ အက္ခရာပြန်ကို ဖတ်ရသမျှ အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

**တေသင်ကျောက်စာအက္ခရာပြန်**

၁။ ။ သကရစ် ၅၈၇ ခု (။) မြ ါကသိုလ်သံဝိတ် ဆိုလ်။

၂။ နှစ်။ တံပိုင်တွ(ယ်)လဆုတ် ၄၇၂ က်။ ပုတ္တာဟူနိယ်။

၃။ ဘတသင်မိန်ခသော။ ဘသံတယောက်။ ဘတ

၄။ ပါ ၁ ယောက်၊ ဍျယ် ၂ ယောက်သောကာ။ ဘမိ

က
၅။ ယ်ယာ (မ) သိယ် သောကြာကာ။ တမိယ်ယာလွ။

၆။ ညိစိယ်သ တေ။ ဘမိယ်ယာသိယ်မုကာ။ ပု

၇။ ရှာကြီစိယ်သ တေ(။) ကြာပါသေသူကာ။ ဘဖု



၈။ (န်)ကောင်သင် ၁။ မင်ကလသိန် ၁။ အိုဝ်ကန္တ (။) ဖိယ်။

၉။ ၁။ အိုဝ်ပွန်ဖိုယ် ၁။ မင်ကလသိန်မိ။ ။ဦကာ

၁၀။ ၁(။)အိုဝ်ကန်တူမိ ၁။ အိုဝ်မိမိ ၁။ ဍျယ် ၈ ယောက်

၁၁။ သောမောက်(အ)ရိယာထံမ-မောက်ရိယ်သော

၁၂။ တေ။ ထိုဝမြီကြာပါ(တုံ)သောရှာသာကာ။ တဖုန်

၁၃။ ကောင်သင်ကြီ ၁။ ဘပင်သင် ၁။ အိုဝ်ပေါင်သင် ၁။

၁၄။ ဘကြာသင် ၁။ ----။ ဘပင်သင် ၁။ အိုပေါသင် ၁။

၁၅။ ဘဝံလိညီသင် ၁။ -----။ ဘဝံ-သင် ၁။ ဘ ----

၁၆။ ကောင် ၁။ ဘပျိုင်သင်(။) ဘဖု(န်)ရသင် ၁။ ဘရ

၁၇။ သင်သာ ၁။ ဘကျာသင်။ ဘလိ(စ်)မွန်။ ဍျသူ ၁၅။

၁၈။ ယောက် -သက်(က်)သိယ်ဟုတ်(အာ)။ ဍျ - ပ

၁၉။ -- သ(သူ)ကာ၊ ဘ(ရ)သင်တေ။

အထက်ပါကျောက်စာ၏ အတိုချုပ် ဆိုလိုချက်မှာ တေသင်ဆိုသော ပုဂ္ဂိုလ် တစ်ဦးက မိမိမယား မကွယ်လွန်မီ မိမိကျွန်များက မိမိမယားကို လုပ်ကျွေးကြရ မည်။ မိမိမယား သေလွန်သောအခါ ဘုရားလှူ၍ ဘုရား ဝေယျာဝစ္စကို ဆောင်ရွက်ကြရမည်ဟု ဆိုလိုပေသည်။ သို့သော် မှတ်သားသင့်သည့် အချက်မှာ မည်သည့်ဘုရားကို လှူသည်ဟူသော တိကျစွာ ဖော်ပြထားသည့်အချက် မပါရှိခြင်းပေတည်း။

## မိဖွားအိုတန်လိုင်သင်ကျောက်စာအက္ခရာပြန်

မ

၁။ ။ သရစ် ၅၈၇ ခု(။)ပုသသနှစ် --။ လွယ်တ

၂။ လဆုတ် ၈၇၂ က်စနိယ်နိယ်။ (။)မိဖွာအိုဝ်တ

၃။ န်လိုင်သင်။ ပုရှာလွတ်သောကျွန်။ အိုဝ်ညို့ဝ် ၁ ၆

၄။ ယာက်သမိအို - ၁ ယောက်အိုမ ၁ ယောက်။

၅။ ဤကွာပုရှာနိယရပန်လှူသော ကျွန်တေ။ သက်

က

၆။ သိယ်ကာ တောင်သင်ကြိ တတုံလသင် ၁ ယောက်၊ တ

၇။ ကြယ်သင် ၁ ယောက်၊ တမျောက်သင် ၁ ယောက်၊ တ

၈။ (ဘ်)မူသင် ၁ ယောက်၊ တဆုသင် ၁ ယောက်။ တပ

ဖ

၉။ ယာသင် ၁ ယောက်။ တဖုန်လန်သင် ၁ ယောက်

၁၀။ တထ်သင် ၁ ယောက်၊ တထက်ပည်သင် ၁ ၆

၁၁။ ယာက်။ တဖုန်ပါ -- သင် ၁ ယောက်တ(က်)

၁၂။ မနာသင် ၁ ယောက် တလှောက်သင် ၁ ၆

၁၃။ ယာက်အိုမှိယ်သင် ၁ ယောက်။ တလှောက်သ

၁၄။ င် -- နိနိုတ် ၁ ယောက်။ သမ(၁)တပတုန်

၁၅။ ဖ(၁) (၆)ယာက် (အ)ယ်ပြ ၁ ယောက်—



မိဖွားအိုတန်လိုင်သင် ကျောက်စာမှာလည်း ဘုရားကို ကျွန်လှူသော အကြောင်းကို ရေးထိုးသည့် ကျောက်စာပင် ဖြစ်ပေသည်။ သတိပြုသင့်သော အချက်မှာကား အထက်ပါ ငတသင်ကျောက်စာနှင့် တစ်နှစ်တည်း ရေးထိုးသည့် အချက်ပင်တည်း။

အထက်ဖော်ပြပါ အချက်အလက် ရာဇဝင်အထောက်အထားများအပြင် ဥယျာဉ်ရွာဒိုင်နယ်အတွင်း အနှံ့အပြားတည်ရှိနေဆဲဖြစ်ကြသော ရှေးဘုရားများ၏ ဗိသုကာပညာ အဆင်တန်ဆာ၊ ယင်းဘုရားများ လိုဏ်အတွင်းနံရံများပေါ်၌ ရေးထိုးထားသော ငါးရာ့ငါးဆယ်ဇာတ်တော် ဆေးရေးများ၏ အောက်ခြေများမှ မင်စာများနှင့် လည်တော်မပေါ်လွင်ဘဲ နှုတ်ခမ်းတော်နှစ်စုံမှာ ပြိုင်းရရိုင်းရှိပြီး မျက်နှာတော်ဝန်းသော ရှင်ပင်စာကြိုဘုရား ဂန္ဓကုဋီအတွင်းမှ ဆင်းတုတော်ကဲ့သို့ ဘုရားများကို ထောက်ရှုပါသော် စလေမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရှေးပုဂံခေတ် လွန်ခဲ့သောနှစ်ပေါင်း ၈၀၀ ခန့်ကပင် ပုဂံပြည်ကြီးနှင့် ခေတ်ပြိုင် ထွန်းကားခဲ့ကြောင်း သိသာနိုင်ပါသည်။ ယခုအခါ အဆိုပါဒေသရှိ ဘုရားပုထိုးတို့ကား ပျက်စီးယိုယွင်းလုပြီဖြစ်ရကား အဆောတလျင် ပြုပြင်မှုကို ငံ့လင့်လျက် ရှိကြပေသတည်း။



ပုံ ၇။ အဖိုးအဖြတ်နိုင်သော ကျောက်စာများကို ဤသို့ ကူးယူလေ့လာကြသည်။



အခန်း ၆

# ရှေးဒဂါး

# သမိုင်းအထောက်အထားရှေးဒင်္ဂါး

ရှေးမြန်မာဒင်္ဂါးများအကြောင်း စာရေးဆရာနှင့် သုတေသီ အတော်များများ ရေးသားခဲ့ဖူးကြသည်။ သို့သော် သိပ္ပံနည်းတကျ လေ့လာမှုမျိုးကို လုပ်ဆောင်သူ နည်းပါးလှသည်။ ဤဆောင်းပါးသည်ပင်လျှင် မြန်မာ့ရှေးဒင်္ဂါးများအကြောင်း သိပ္ပံနည်းတကျ တင်ပြသည့် ဆောင်းပါးမဟုတ်သေးပေ။ သိပ္ပံနည်းတကျ မည်သို့မည်ပုံ လေ့လာရသည်ဆိုသော အချက်များနှင့် ရှေးဒင်္ဂါးများသည် သမိုင်း အထောက်အထားအဖြစ် အဘယ်ကဲ့သို့ တန်ဖိုးရှိသည့်အကြောင်းများကိုသာ ဖော်ပြသည့်ဆောင်းပါး ဖြစ်သည်။

**ပျူဒင်္ဂါးများ**

မြန်မာနိုင်ငံတွင် ရှေးအကျဆုံးသော ဒင်္ဂါးများကို ပြည်မ၌လည်းကောင်း၊ ရခိုင်ပြည်နယ်၌လည်းကောင်း တွေ့ကြရသည်။ ပြည်မတွင် တွေ့ရသော ရှေးဒင်္ဂါးများမှာ ပျူယဉ်ကျေးမှုထွန်းကားရာ ဗိဿနိုး (အေဒီ-၁ ရာစုမှ ၄ ရာစု)ဟန်လင်း (အေဒီ - ၂ ရာစုမှ ၉ ရာစု)နှင့် သရေခေတ္တရာ (အေဒီ- ၅ ရာစုမှ ၈ ရာစု) တို့တွင် တွေ့ရှိရခြင်းဖြစ်သောကြောင့် ယင်းတို့ကို ပျူဒင်္ဂါးများဟု ယဉ်ကျေးမှု အစွဲပြု အမည်များ ပေးအပ်ထားကြသည်။ ပျူယဉ်ကျေးမှုထွန်းကားသည့် ဒေသ အပြင်ပ၌လည်း ယင်းတို့ကို နေရာအနှံ့ တွေ့ကြရသေးသည်။ ကွယ်လွန်သူ ကျောက်စာဝန်ဟောင်း ဦးမြ၏ 'ဒင်္ဂါးစာတမ်း'တွင် ပျူဒင်္ဂါးတစ်ပြားကို ရှမ်း ပြည်တောင်ပိုင်း ညောင်ရွှေအနီး ဖောရိသတ်မြို့ဟောင်း၌လည်းကောင်း၊ ရှမ်းပြည် တောင်ပိုင်း၊ ဟဲဟိုးမြို့အနောက်မြောက်ဘက် ဘော်နင်းတလုပ်ဘုရား၌ လည်း ကောင်း တွေ့ရဖူးသည်ဟု ဖော်ပြထားသည်။ ထို့အပြင် ကရင်နီ (ယခု ကယား ပြည်နယ်)စောလုံရွာတွင် ပျူဒင်္ဂါးများ တွေ့ဖူးကြောင်း၊ ၁၈၉၈ ခုနှစ် မီလန်မြို့တွင် ပုံနှိပ်ထုတ်ဝေသော နိုင်ငံခြားသား မှတ်တမ်းတစ်စောင်တွင် တွေ့ရဖူးကြောင်း ကိုလည်း ရေးသားဖော်ပြထားသည်။ ဆာရစ်ချဒ်တင်ပယ်၏ မြန်မာဒင်္ဂါးစာတမ်း တွင် ရခိုင်ဘက်၌ ပျူဒင်္ဂါးများတွေ့ရဖူးကြောင်း ဖော်ပြထား၍ ယင်းတို့ကို ဘိုးတော်ဘုရားက သွန်းခတ်ပြုလုပ်သည်ဟု မှားယွင်းစွာ တင်ပြထားလေသည်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက္ကသာရွာ၌ ရှေးဟောင်းသုတေသန ဦးစီးဌာနက တွေ့ရှိစုဆောင်းခဲ့သော ပျူဒင်္ဂါးများမှာ တွေ့ရသမျှတွင် အရေအတွက် အများဆုံး ဖြစ်ပေသည်။ မြန်မာပြည်နယ်နိမိတ်ကို ကျော်လွန်လျှင် ယိုးဒယား ဘက်၌လည်းကောင်း၊ ကမ္ဘောဒီးယားရှိ ရှေးဟောင်းဖူနန်နိုင်ငံတော် အောက်အိယို မြို့ဟောင်း တူးဖော်မှုတွင်လည်းကောင်း ပျူဒင်္ဂါးများကို တွေ့ရှိကြရသည်။ ဤသို့ မြန်မာပြည်နယ်နိမိတ်ကို ကျော်လွန်၍ အရှေ့တောင်အာရှ နိုင်ငံအချို့၌ပင် တွေ့ရသော ပျူဒင်္ဂါးများသည် မြန်မာတစ်နိုင်ငံတည်းနှင့်သာ သက်ဆိုင်သလော၊ အရှေ့တောင်အာရှနိုင်ငံများနှင့်ရော သမိုင်းရေးအရ ဆက်သွယ်မှုရှိနေသလောဟု တွေးတောဖွယ်ရှိသည်။ ဤအချက်ကို ဆန်းစစ်ရန် တာဝန်သည် ရှေးဟောင်း သုတေသီများအပေါ်ဝယ် ကျရောက်လျက်ရှိသည်။

ပျူဒင်္ဂါးများတွင် ယေဘုယျအားဖြင့် ပါရှိသော မျက်နှာဘက် သီရိဝစ္ဆ ကျောဘက် ဘဒ္ဒပီဌ သို့မဟုတ် တက်နေဝန်းပုံ အမှတ်အသားကို အကြောင်းပြု၍ ယင်းတို့ကို အမှတ်လက္ခဏာများပါရှိသည့် ရှေးဟောင်းပျူဒင်္ဂါးများဟု အသိ အမှတ်ပြုထားကြသည်။ မျက်နှာနှင့် ကျောဘက်တို့တွင် အကြွထုလုပ် ဖော်ပြထား သော သီရိဝစ္ဆနှင့် ယင်းအတွင်း ထည့်သွင်းထုလုပ်ထားသည့် ခရုသင်းပုံ၊ ဘောဘောကြီး စေတီကဲ့သို့ စေတီလုံးသဏ္ဌာန်ပုံ၊ နေလစကြာပုံ၊ ဝရဇိန် စသော အမှတ်အသားများနှင့် ယင်းတို့အကြောင်း ဆက်စပ်တွေးဆချက်များကို အဓိက ထားစဉ်းစား၍ အမျိုးအစား ခွဲခြားထားကြသည်။ ဤနည်းဖြင့် ဗိဿနိုးတွင် နှစ်မျိုး၊ ဟန်လင်းတွင် သုံးမျိုး၊ သရေခေတ္တရာတွင် လေးမျိုးရှိကြောင်း သိရ၏။ ဗိဿနိုးမှ နှစ်မျိုးမှာ ဟန်လင်းနှင့် သရေခေတ္တရာ အမျိုးအစားအချို့နှင့် ဆင်တူ သည်။

ပျူဒင်္ဂါးများနှင့်ပတ်သက်၍ သိပ္ပံနည်းကျလေ့လာမှုများဖြစ်သော ချိန်တွယ် တိုင်းတာ လေ့လာမှုမျိုး၊ သွန်းလုပ်ထားသည့် ဓာတ်သတ္တုအမျိုးအစား ဓာတ်ခွဲ လေ့လာမှုမျိုးတို့ကိုမူ မပြုလုပ်ရသေးချေ။ ဤတွင် ရှေးပျူဒင်္ဂါးအချို့၌ ပါဝင်သော ဓာတ်သတ္တုများကို စပက်ထရိုဂရပ်ဖြင့် ပဏာမ ဓာတ်ခွဲစမ်းသပ်မှုတစ်ရပ်ကို ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ရူပဗေဒဌာနမှ သုတေသီ ဆရာအချို့က ဆောင်ရွက် ဖူးသည်။

စနစ်တကျ ချိန်တွယ်တိုင်းတာ၍ အရွယ်အစားခွဲခြင်းဖြင့် ပျူဒင်္ဂါးများကို သက်ဆိုင်ရာ ပျူခေတ်က ဘာသာရေးအခြေပြု အဆောင်အယောင်အဖြစ်သုံးသည်။ သို့မဟုတ် ငွေကြေးအဖြစ် သုံးသည်ဆိုခြင်းကို ဖော်ထုတ်ပေးရန်လည်း လိုအပ် လျက်ရှိပေသည်။

ပျူဒင်္ဂါးတို့တွင် သာမန်အားဖြင့်တွေ့ရသော ကျပ်ပြားအရွယ် ငါးမူးပြား



အရွယ်နှင့် မတ်စေ့အရွယ် သုံးမျိုးကို ထောက်ထား၍ သုတေသီအချို့က အဆောင် အယောင် အမှတ်သင်္ကေတများဖြင့် အသုံးပြုခဲ့ခြင်းမဟုတ်ဘဲ ငွေကြေးအဖြစ် သုံးစွဲခဲ့ကြောင်း တွေးဆကြသော်လည်း အတိအလင်း တင်ပြခြင်းကိုမူ မပြုကြ သေးချေ။

သမိုင်းဆိုင်ရာ အရေးပါပုံနှင့်ပတ်သက်၍ ပျူဒင်္ဂါးများကို လုံးဝဥဿုံ အဓိပ္ပာယ်ပြုနိုင်ရန် အထက်တွင် ဖော်ပြခဲ့သည့် သိပ္ပံနည်းများဖြင့် ထောင့်စုံအောင် ပဏာမ လေ့လာဆန်းစစ်ရဦးမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တွေ့ရသမျှ ပျူဒင်္ဂါးများတွင် ယင်းတို့ကို သွန်းလုပ်သော ခုနှစ်သက္ကရာဇ်ကို လည်းကောင်း၊ တစ်စုံတစ်ရာသော ကမ္ဗည်းစာတမ်းကိုသော်လည်းကောင်း ထုလုပ်ဖော်ပြထားခြင်း မတွေ့ရသောကြောင့်ပင် ဖြစ်သည်။

## ဝေသာလီခေတ် ရခိုင်ဒင်္ဂါးများ

ပျူဒင်္ဂါးများတွင် မတွေ့ရှိရသော ကမ္ဗည်းစာတမ်းနှင့် ခုနှစ် သက္ကရာဇ်များကို ရခိုင်ဒင်္ဂါးများတွင် တွေ့ရှိလေ့လာကြရသည်။ ရခိုင်ပြည်နယ် မြို့ဟောင်းမြို့နယ် အတွင်း တည်ရှိသော ဝေသာလီမြို့ဟောင်းတွင် တွေ့ရှိရသည့် ဒင်္ဂါးများမှာ ယေဘုယျအားဖြင့် မျက်နှာဘက်၌ ဝပ်နေသော နွားရုပ်နှင့် နာဂရီ အက္ခရာစာတမ်း၊ ကျောဘက်တွင် ခက်ရင်းခွပုံ ပါလေ့ရှိသည်။ အရွယ်အစား သုံးမျိုး၊ လေးမျိုး ပြုလုပ်၍ အလေးချိန်ကိုလည်း သတ်မှတ်စံနှုန်းအတိုင်း သွန်းလုပ်ထားကြောင်း တွေ့ရှိရသဖြင့် ဘာသာရေးရာ လက်ဖွဲ့ကဲ့သို့ အဆောင်အယောင် သဘောမျိုးထက် ငွေကြေးသဘောမျိုး သွန်းလုပ် သုံးစွဲခြင်းဖြစ်ကြောင်း စီ၊ အေ၊ ရပ်စတန်ဆိုသူ သုတေသီ အမျိုးသမီးတစ်ဦးက "ရခိုင်ဒင်္ဂါးအချို့"စာတမ်းတွင် တင်ပြထား သည်။

ရခိုင်ဝေသာလီဒင်္ဂါးများ၏ သမိုင်းတန်ဖိုးကို မြှင့်တင်ပေးနေသော အချက် တစ်ချက်မှာ ရှစ်သောင်းဘုရားရှိ ခရစ်နှစ် ၈ ရာစုက ထိုးထားခဲ့သော **အာနန္ဒ စန္ဒြကျောက်စာ** ကြီးပင်ဖြစ်ပေသည်။ ကျောက်စာတွင် ထည့်သွင်းဖော်ပြထားသော မင်းအမည်များနှင့် ဝေသာလီဒင်္ဂါး မျက်နှာဘက်တွင် ထုလုပ်ထားသည့် သက္ကတ ဘာသာမင်းမည် အချို့တို့ တိုက်ဆိုင်ညီညွတ်နေသဖြင့် ဝေသာလီဒင်္ဂါးများ၏ သမိုင်းတန်ဖိုးမှာ တိုးတက်မြင့်မားခဲ့ကြရသည်။ အာနန္ဒစန္ဒြကျောက်စာနှင့် ဝေသာလီဒင်္ဂါးများကို တိုက်ဆိုင်လေ့လာရာမှ ပေါ်ထွက်လာသော သမိုင်းရေး အချက်အလက်များတွင် ဝေသာလီ၌ စိုးစံသွားကြသည့် စန္ဒြမင်းဆက် စတုတ္ထ မြောက် **ဒေဝစန္ဒြ**မင်းလက်ထက်မှစ၍ ဒင်္ဂါးသွန်းလုပ်ဟန်တူကြောင်း တွေ့ရသမျှ

သော ဒင်္ဂါးများကို ထောက်ရှု၍ သိကြရသည်။ ထို့အပြင် စန္ဒြမင်းဆက် သတ္တမမြောက် **ဘူမိစန္ဒြနှင့် ဘူတိစန္ဒြ** မင်းများ၊ နဝမမြောက် **နိတိစန္ဒြမင်း**၊ ဒသမမြောက် **ဝီရစန္ဒြမင်း**၊ ဧကဒသမမြောက် **တိရစန္ဒြမင်းနှင့်** ဒွါဒသမနှင့် နောက်ဆုံးမင်း **စန္ဒြစန္ဒြ**မင်းများ လက်ထက်တို့၌ ဝေသာလီဒင်္ဂါးများကို သွန်းလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိကြရသည်။ ရခိုင်ဒင်္ဂါးများ စတင်သွန်းလုပ်သည့် ခုနှစ်သက္ကရာဇ်တို့ တွက်ဆနည်းသည် ဒင်္ဂါးများပေါ်တွင် ရေးထိုးပါရှိသော သက္ကတဘာသာမင်းအမည်နာမများနှင့် နာဂရီ အက္ခရာအရေးအသားများကို အာနန္ဒာကျောက်စာ လက်ရေးလက်သားများဖြင့် နှိုင်းယှဉ်ခေတ်ခွဲသည့်နည်းပင်ဖြစ်သည်။ ဤသို့ နှိုင်းယှဉ်လေ့လာချက်အရ ဝေသာလီဒင်္ဂါးများကို ခရစ်နှစ် လေးရာစုနှင့် ခြောက်ရာစုအတွင်း စတင်သွန်းလုပ်ကြောင်း သိရှိရသည်။

ဤတွင် ယေဘုယျအားဖြင့် ရခိုင်ပြည်နယ် ဝေသာလီမြို့ဟောင်းတွင် ထွန်းကားသွားခဲ့သော စန္ဒြမင်းဆက်သည် မြန်မာပြည်မတွင် ထွန်းကားသွားခဲ့သည့် ပျူမင်းဆက်များနှင့် ခေတ်ပြိုင်ဖြစ်ကြောင်း သိရှိနိုင်ပေသည်။



ပုံ ၈။ ပျူဒင်္ဂါးများ



# ဟံသာဝတီနှင့်ကုန်းဘောင်ခေတ်သုံးဒင်္ဂါးများ

## ဟံသာဝတီခေတ် ဒင်္ဂါးများ

အောက်မြန်မာနိုင်ငံ ဟံသာဝတီကောင်းစားစဉ် ခရစ်နှစ် ၁၅၆၉ ခုနှစ်က ဟံသာဝတီ ပဲခူးမြို့တော်သို့ ရောက်ရှိခဲ့သော အီတလီပြည် ဗင်းနစ်မြို့သား ဆီဇာဖရက်ဒရစ်၏ မှတ်တမ်းတွင် ဟံသာဝတီနိုင်ငံတစ်ဝန်း၌ ဂန်ဓာခေါ် ကြေးနှင့် ခဲ ရောထားသည့် ဒင်္ဂါးတစ်မျိုး သွန်းလုပ်သုံးစွဲကြောင်း ယင်းဒင်္ဂါးကို ပြည့်ရှင်မင်းကြီးက ကြီးကြပ်သွန်းလုပ်ခြင်းမဟုတ်ဘဲ လူသာမန်များက သွန်းလုပ်ခြင်းဖြစ်ကြောင်း၊ ယင်းဒင်္ဂါးများဖြင့် ရွှေ၊ ငွေ၊ ပတ္တမြားနှင့် အခြားပစ္စည်းများ ဝယ်ခြမ်းနိုင်ကြောင်း ရေးသားထားသည်။

ဦးမြ၏ ဒင်္ဂါးစာတမ်းတွင် ပဲခူးမြို့မြောက်ဘက် ငါးမိုင်ခန့်အကွာ ကဝိချောင်းမှရသော ဟင်္သာရုပ်ပါ ဒင်္ဂါးငါးပြားကို တွေ့ရှိလေ့လာရသည်။ ယင်းဒင်္ဂါးမျိုးသည် ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားလက်ထက်နှင့် သက်ဆိုင်ကြောင်း သုတေသီ ရွှေကိုင်းသားက သူ၏ "မြန်မာဒင်္ဂါး ရာဇဝင်"စာတမ်းတွင် တင်ပြထား၏။ ရွှေကိုင်းသား၏ အကြောင်းပြချက်မှာ ဟံသာဝတီ ဆင်ဖြူရှင် အရေးတော်ပုံ၌ ပြည်သူရဟန်းတို့၏ အစီးအပွား အလို့ငှာတောင်း၊ တင်း၊ ပြည်၊ မူး၊ ပဲ၊ ချိန်၊ ကျပ် စသည်များကို မှန်ကန်စွာစီရင်၍ ဟင်္သာရုပ်ချည်း သွန်းလုပ်စေသည်ဟု ဆိုထားသောကြောင့် ဟင်္သာတံဆိပ် ခတ်နှိပ်သောဒင်္ဂါးဟောင်းသည် ဘုရင့်နောင်ဒင်္ဂါးဖြစ်သည်ဟု ယုံကြည်ရကြောင်း ဆိုထားခြင်းပင်ဖြစ်၏။

တနင်္သာရီတိုင်းတွင်လည်း မည်သည့်ခေတ်ကဟု မခန့်မှန်းနိုင်သေးသော ဒင်္ဂါးအချို့ကို တွေ့ရှိရသည်။ ယင်းတို့တွင် တိုးရုပ်ပါရှိ၍ ကျောဘက်၌ **မဟာသုခံ ဏဂရံ** ဟု ဖတ်ရသော ပါဠိဘာသာ စာတမ်းရေးထိုးထားရှိသည်။

တနင်္သာရီတိုင်း၌ပင် တွေ့ရသော ကမ္ဘောဒီယားတံဆိပ်တစ်ခုကို ဖယ်ရာ၏ စာအုပ်တွင် ရုပ်ပုံနှင့်တကွ တွေ့ရှိရ၏။ ယင်း၏ မျက်နှာဘက်၌ ဟင်္သာရုပ် ရှေးဟောင်းကမ္ဘောဒီးယား ဘုရင့်နန်းတော်ပုံနှင့် ဤနှာသိကြားစံရာ နတ်ပြည်ဖြစ်သော ကမ္ဘောဒီးယားနိုင်ငံတော်ဟု အဓိပ္ပာယ်ထွက်သည့် စာတမ်းရေးထိုးထားသည့် တံဆိပ်တွင် မဟာသက္ကရာဇ်၊ သာသနာသက္ကရာဇ်နှင့် စူဠသက္ကရာဇ်

သုံးမျိုးဖော်ပြထား၍ ခရစ်နှစ်နှင့်တွက်လျှင် ၁၈၄၈ ခုနှစ်နှင့် ညီမျှသည်။ ယင်းသို့ ကမ္ဘောဒီးယားတံဆိပ်တုံးကို မြန်မာပြည်ဘက်၌ တွေ့ရခြင်းသည် အံ့သြဖွယ်မရှိချေ။ ပျူဒင်္ဂါးများကိုလည်း ကမ္ဘောဒီးယားဘက်၌ တွေ့ရသည်ဟု အထက်တွင် ဆိုခဲ့ပါသည်။ ခေတ်အဆက်ဆက်က ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ အပြန်အလှန် ဆက်ဆံခဲ့သည့် သမိုင်းအထောက်အထားများကို ယင်းဒင်္ဂါးနှင့် တံဆိပ်များက ပြသနေကြခြင်းပင် ဖြစ်ပေသည်။

## ကုန်းဘောင်ခေတ်သုံး ငွေကြေးများ

ကုန်းဘောင်ခေတ်သုံး ငွေကြေးများတွင် ငွေဖူး၊ ငွေခွက်များကို ချိန်တွယ်ဖြတ်တောက် ငွေကဲဖြတ်၍ သုံးစွဲကြောင်း ရွှေကိုင်းသားက သူ၏စာတမ်းတွင် ရှာဖွေထုတ်ဖော်တင်ပြထားသည်။ ယခု မန္တလေးမြို့အနီး မြို့ဟောင်းဘူတာတွင် စံကိုင်းအရပ်ဟူ၍ ရှိခဲ့ပြီး ရွှေပွဲ၊ ဘော်ပွဲရုံကြီးများဖွင့်လှစ်ကာ ရှမ်းပြည် တရုတ်ပြည်တို့မှ ယူဆောင်လာသော ရွှေများ၊ ဘော်များကို ဘုရင့်စံတော်ဖြင့် နှိုင်းယှဉ် ဈေးဖြတ်ကြရသည်။ တရုတ်ပြည်မှလာသော ငွေစင်ကောင်းကို **ကျူ** ဟူ၍လည်းကောင်း၊ **သာခွာ**ဟူ၍လည်း ကောင်း ခေါ်ကြ၏။ ငွေသားသက်သက်ကို **ဘော်**၊ အနားပတ်လည်တွင် ချော်အနည်းငယ်ပါလျှင် **ဒိုင်ခွက်**၊ ဘော်အနည်းငယ်တွင် ကြေးချိန် ၅၀ ကျပ်သားကဲလျှင် **ရွက်နီ**၊ ၂၅ ကျပ်သားကဲလျှင် **အစိတ်ကဲ** ဟု ခေါ်ဝေါ်ကြသည်။

ယင်းအသုံးအနှုန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ကျူရအစိတ်ကဲနှင့် ရွက်နီများအကြောင်းနှင့် ပတ်သက်၍လည်းကောင်း အတော်ပြည့်စုံသော တင်ပြချက်များကို ဆာရစ်ဒ်တင်ပယ်က သူ၏ 'မြန်မာလူမျိုးတို့တွင် ငွေသုံးနှင့်ဒင်္ဂါးသုံး' စာတမ်း၌ အတော်ပင် စေ့ငုသုတေသနပြုထားသည်ကို ဖတ်ရှုရပါသည်။

မြန်မာအခေါ် ကျူ၊ တရုတ်အခေါ် ဆိုက်ဆီသည် နန်းဆွဲနိုင်အောင် ပျော့ပျောင်း ကောင်းမွန်သော ငွေသားဖြစ်ကြောင်း၊ ယင်းကို အတုံးအခဲများအဖြစ် ဖြတ်တောက် သုံးစွဲကြောင်း၊ ထုတ်လုပ်သုံးစွဲသူ၏ အမှတ်တံဆိပ်များ ရိုက်နှိပ်ပါရှိကြောင်း သိရသည်။ ခရစ်နှစ် ၁၈၇၆ ခုလောက်က ဗန်းမော်နှင့် ကချင်ပြည်နယ်ဘက်သို့ ရောက်ရှိသွားကြသော ဗြိတိသျှလူမျိုးများသည် မိမိတို့တွင် ပါလာသော ရူပီငွေများကို ရူပီ ၁၀၀ လျှင် အကောင်းဆုံး ဆိုက်ဆီ ၇၀၊ သို့မဟုတ် ၇၃ ကျပ်သားနှင့် တန်ဖိုးညီ လဲလှယ်ရကြောင်း သိရှိရသည်။

အစိတ်အကဲအသုံးနှင့် ပတ်သက်၍ ခရစ်နှစ် ၁၈၉၄ ခုနှစ်ခန့်က ဝန်းသိုနယ်ဘက်တွင် သုံးစွဲသေးကြောင်း တင်ပယ်က သူ၏စာတမ်း ဓာတ်ပုံ ၁၊ ရုပ်ပုံ



၁၁ တွင် သရုပ်ဖော် တင်ပြထားသည်။ ထို့အပြင် ရှမ်းပြည်ဘက်၌ သုံးစွဲခဲ့သော ခြူးလုံးခေါ် ငွေကြေးများကိုလည်း တင်ပယ်က သူ၏စာတမ်း ဓာတ်ပုံ ၂၊ ရုပ်ပုံ ၁၆ တွင် ဖော်ထုတ် တင်ပြထားသည်။

ရွက်နီနှင့်ပတ်သက်၍ အဆင့်ဆင့်ပြုလုပ်ပုံကို မေဂျာဘားနေးက သူ၏ မှတ်တမ်းတစ်စောင်တွင် အတော်ပင် အသေးစိတ်ဖော်ပြထား၏။ ရှေးဦးစွာ ငွေကို ကိရိယာတန်ဆာပလာများနှင့် ပွတ်တိုက်၍ ဘော်ဖြစ်အောင် ပြုလုပ်ရကြောင်း၊ နောက် လုံတွင်ထည့်၍ ကျိုရကြောင်း၊ အချိုးအစားညီ ကြေးကို ထည့်ရကြောင်း၊ ယင်းနောက် မီးရှိန်ကိုမြှင့်၍ လုံအတွင်း မီးတောက်ဝင်အောင် ပြုလုပ်ပေးရကြောင်း၊ ခဲအနည်းငယ်လည်း ရောစွက်ပေးရကြောင်း၊ မီးပြောင်းဖြင့် အသာအယာမှုတ်ပေးပြီး မျက်နှာပြင်တင်းလာအောင် အအေးခံရကြောင်း စသည်ဖြင့် အဆင့်ဆင့် ဆောင်ရွက်ယူရသည်ဟု သိရသည်။

## ဘိုးတော်လက်ထက် ဒင်္ဂါးများ

ဘိုးတော်ဘုရားလက်ထက်တွင် အင်္ဂလန်မှ ရောက်ရှိလာသော စက်ဖြင့် ဒင်္ဂါးများကို သွန်းလုပ်သည်။ ကျားတံဆိပ်နှင့် ငါးတံဆိပ်များကို ဒင်္ဂါးများတွင် ခတ်နှိပ်ထား၏။ ကျားဒင်္ဂါးတွင် တစ်ဖက်က ကျားရုပ်နှင့် အခြားတစ်ဖက်က **၁၁၄၆ ခု၊ အမရပူရ** ဆင်ဖြူရှင်နိုင်ငံဟု စာတန်းရေးထိုးထားသည်။ ကျပ်သုံး၊ ငါးမူးသုံး၊ မတ်သုံးနှင့် မူးသုံးဟူ၍ လေးမျိုးရှိသည်။

ငါးတံဆိပ် ဒင်္ဂါးတွင် တစ်ဖက်၌ **ငါးနှစ်ကောင်ရုပ်**၊ အခြားတစ်ဖက်၌ **၁၁၄၃ ခု၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်** (ခရစ် ၁၁-၂-၁၇၈၂)ဟု နန်းတက်ရက်စွဲ ပါရှိသည်။

ဘိုးတော်နောက် ရွှေဘိုမင်းလက်ထက် လဝန်း ယုန်ရုပ်နှင့် တစ်ဖက်က ပဒုမ္မာကြာပွင့်ပါသော ဒင်္ဂါးကို အသုံးပြု၍ ပုဂံမင်းလက်ထက်တွင် ရွှေပြည်စိုးတံဆိပ် ဒင်္ဂါးများ အသုံးပြုကြောင်း ရွှေကိုင်းသားက သုတေသနပြုလုပ် ဖော်ပြသည်။ သို့သော် ယင်း ဒင်္ဂါးများနှင့်ပတ်သက်သော မှတ်ချက်တစ်စုံတစ်ရာကိုမျှ ခေတ်ပြိုင် နိုင်ငံခြားသား မှတ်တမ်းများတွင် မတွေ့ရှိရချေ။

မင်းတုန်းမင်းလက်ထက် စက်မှုနိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းချက်များအနက် မန္တလေးနန်းတွင်း ဗဟိုရ်စင်မြောက်ဘက် ဒင်္ဂါးစက်ရုံတည်ဆောက်ခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။ ယင်းစက်ရုံတွင် ငွေရည်ကျိုရာတိုက်ခန်း၊ ငွေပြားကြိတ်ရာ တိုက်ခန်း၊ ငွေပြားကို ပျော့ပျောင်းအောင် ဓာတ်ဆေးရည်စိမ်ရာ တိုက်ခန်း၊ ကျပ်သုံး၊ ငါးမူးသုံး၊ ဒင်္ဂါးများပုံသွင်းရာတိုက်ခန်း

စသည်ဖြင့် အဆောင်ဆောင်၊ အခန်းခန်းပါရှိကြောင်း **ရွှေနန်းသုံး** ဝေါဟာရ အဘိဓာန်တွင် ဝန်ထောက်မင်း ဦးမောင်မောင်တင်က ဖော်ပြထားသည်။

သွန်းလုပ်ထားသော ငွေဒင်္ဂါးများတွင် ကျပ်သုံး၊ ငါးမူးသုံး၊ မတ်သုံး၊ မူးသုံး၊ ပဲသုံးအားဖြင့် ငါးမျိုးရှိသည်။ ယင်းတို့တွင် မျက်နှာဘက်၌ **ကဒေါင်းရုပ်**၊ ကျောဘက်၌ **ပန်းခက်၊ ၁၂၂၇ ခု၊ ဒင်္ဂါး၏ တန်ဖိုး**တို့ကို ပုံနှိပ်ဖော်ပြထား၏။ တင်ပယ်၏ စာတမ်းအရ ခြင်္သေ့တံဆိပ် ရွှေဒင်္ဂါးမတ်စေ့၊ မူးစေ့နှင့် ပဲစေ့များကိုလည်း သွန်းလုပ်သေးကြောင်း သိရသည်။ ကြေးဒင်္ဂါး၊ သံဒင်္ဂါးနှင့် ခဲဒင်္ဂါးများ သွန်းလုပ်သေးသည်ဟု တင်ပယ်က ဆက်လက်ဖော်ပြသည်။

သားတော် သီပေါမင်းလက်ထက်တွင် မျက်နှာဘက် **တိုးရုပ်နှင့် တိုးတံဆိပ်တော်၊ ၁၂၄၀ ခု၊** ဟု လည်းကောင်း၊ ကျောဘက်တွင် **ရတနာပုံနေပြည်တော် ၅ မူးသုံးဒင်္ဂါး** ဟုလည်းကောင်း ပုံနှိပ်စာတန်းပါရှိသည့် ရွှေဒင်္ဂါးများကို သွန်းလုပ်သေးကြောင်း သိရသည်။ ရွှေဒင်္ဂါးအပြင် ကြေးဝါဒင်္ဂါးများကိုလည်း သွန်းလုပ်သေး၏။

ဒင်္ဂါးသွန်းစက်မှ ထုတ်လုပ်သော ဒင်္ဂါးများ၏ ၇၅ ရာခိုင်နှုန်းမျှ အသုံးတွင်ခဲ့ကြသော တောင်ပန်နီဒင်္ဂါးတစ်မျိုးကိုလည်း မန္တလေးခေတ်တွင် သုံးစွဲခဲ့သည်ဟု ဆာရစ်ချဒ်တင်ပယ်က သူ၏စာတမ်းတွင် ဆက်လက်တင်ပြထားသည်။ ယင်းဒင်္ဂါးများအကြောင်း စုံစမ်းကြည့်ရာတွင် သိသူမရှိသလောက် ရှားသည်ဟု သူက ဆက်လက်ဖော်ပြ၏။ ယင်းဒင်္ဂါးများသည် ငွေ၊ ကြေးနီနှင့် ကြေးဝါသတ္တုများဖြင့် ပြီးကြ၏။ တစ်မူးသုံးဒင်္ဂါးပါရှိသော စာတန်းအတိုင်း ပုံနှိပ်ထားသည်ဟု တင်ပယ်က ဆိုထားပြီး ယင်း ဒင်္ဂါးနမူနာတစ်ပြားကို သူ၏ စာတမ်းခတ်ပုံ ၂၊ ရုပ်ပုံ ၄၀ တွင် တင်ပြထားလေသည်။



## အခန်း ၇

# ရှေးဟောင်းအဆောက်အဦ

# စေတီ

သက္ကတဘာသာဖြင့် စဲတျ၊ ပါဠိဘာသာဖြင့် စေတိယဟု ခေါ်တွင်ကြသော လုံးလုံးမို့မို့ မြေစိုက် ဘုရား ပုထိုးတို့ကို ရှေးအစဉ်အဆက်ပင် ဗုဒ္ဓဘာသာဝင်များ သူတော်စင်အပေါင်းတို့က ကြည်ညိုဖူးမျှော်ခဲ့ကြလေသည်။ ဤသို့ အဘယ်ကြောင့် ပူဇော်ဆည်းကပ်ကြသနည်းဆိုသော် ဓာတုစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီတည်းဟူသော ကိုးကွယ်ရာ လှဲလျောင်းရာများအနက် ဓာတုစေတီခေါ် ဘုရားရဟန္တာတို့၏ ကိုယ်မှဖြစ်သော ဓာတ်တော်များ ကိန်းအောင်းရာဌာန၊ (ဝါ) မြေပုံများဖြစ်သောကြောင့် ကိုးကွယ်ခဲ့ကြသည်ဟု လေ့လာတွေ့ရှိရသည်။

ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်ပြုတော်မမူမီ **မဟာပရိနိဗ္ဗာနသုတ်**ခေါ် ဒေသနာတော်တစ်ရပ်ကို ဟောကြားတော်မူခဲ့သည်။ အဆိုပါ သုတ်တော်၏ တစ်နေရာတွင် မြတ်စွာဘုရားသခင်သည် ဝေသာလီပြည်ကြီးသို့ ကြွချီတော်မူရာ၌ ဝေသာလီပြည်ကြီးသည် နှလုံးမွေ့လျော်ဖွယ်ရှိကြောင်း၊ ဝေသာလီပြည်ကြီးရှိ စေတီအပေါင်းတို့သည်လည်း နှလုံးမွေ့လျော်ဖွယ်ရှိကြောင်း ချီးကျူးစကား မြွက်ကြားတော်မူခဲ့သည်မှာ အောက်ပါအတိုင်းဖြစ်၏။

"ဧက မန္တံ နိသိန္နံ ခေါ အာယသ္မန္တံ အာနန္ဒံ ဘဂဝါ ဧတ
ဒ ဝေါစ၊ ရမဏီယာ အာနန္ဒဝေသာလီ၊ ရမဏီယံ ဥဒေန
စေတီယံ၊ မရဏီယံ ဂေါတမက စေတီယံ"

အနက်မှာကား -

'မြတ်စွာဘုရားသည် တစ်ခုတည်းသောနေရာတွင် ထိုင်နေသော အသျှင်အာနန္ဒာကို ဤသို့သော စကားကို မိန့်တော်မူ၏။ အာနန္ဒာ-ဝေသာလီပြည်သည် မွေ့လျော်ဖွယ်ကောင်းပေသည်။ ဥဒေနစေတီသည်လည်းမွေ့လျော်ဖွယ်ကောင်းပေသည်' စသည်ကိုထောက်၍ မြတ်စွာဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်အခါကပင် အိန္ဒိယပြည် အရှေ့မြောက်ပိုင်း၌ စေတီပုထိုးများ တည်ထားကိုးကွယ်လျက်ရှိကြောင်း သိရှိရပေသည်။

ဤစေတီများမှာ ဗုဒ္ဓဘာသာဆိုင်ရာ စေတီများထက်၊ ဟိန္ဒူဘာသာဝင်တို့၏ ကိုးကွယ်ရာစေတီများ ဖြစ်နိုင်စရာရှိကြောင်း တွေးထင်ဖွယ်ရှိ၏။ အကြောင်း

မူကား ကျွန်ုပ်တို့ ဝတ်ပြုကိုးကွယ်နေကြသော စေတီများမှာ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူပြီး၍ တေဇောဓာတ် လောင်ကျွမ်းပြီးသောအခါ ကြွင်းရစ်သော သရီရဓာတ်တော်တို့ကို ဌာပနာခဲ့သည့် စေတီပုထိုးများမှ စတင်ခြင်းဖြစ်သော ထိုထက်စော၍ အိန္ဒိယပြည်၌ရှိခဲ့သော စေတီများမှာ ဗုဒ္ဓဘာသာထက် ဟိန္ဒူ ဘာသာနှင့် ပိုမိုသက်ဆိုင်ရန် နီးစပ်လှသောကြောင့်ဖြစ်၏။ ထို့အပြင် ယင်းတို့ ပုံသဏ္ဌာန်မှာ မည်သို့ရှိကြောင်းလည်း မသိရချေ။

**စဲတျ** ဆိုသော စကား၏ အနက်အဓိပ္ပာယ်မှာ ဝိဂေအချရိယ၏ **ဟိန္ဒူ ဓိသုကာအဘိဓာန်**ကျမ်း စာမျက်နှာ ၁၉၉ အရ သင်္ချိုင်းရာ (ဓာတ်တော်ကိန်းဝပ်ရာ) မြင့်မြတ်သောနေရာဟု အဓိပ္ပာယ်ထွက်ရှိသည်။ ထို့ကြောင့် မဟာပရိနိဗ္ဗာန သုတ်တော်ထွက် စကားရပ်များကို အထောက်အပံ့ပြုနိုင်ရန် အိန္ဒိယပြည်တွင် ရှေးအခါက **စဲတျ** ဟုခေါ်ဆိုနိုင်သော သင်္ချိုင်းရာများ ရှိမရှိ စုံစမ်းလေ့လာရန် လွန်စွာအရေးကြီးပေသည်။

ဤစုံစမ်းမှုနှင့်ပတ်သက်၍ ရှေးဟောင်းသုတေသနပညာရှင် အေအိပ်(ချ်) လောင်းတတ်(စ်)က သူ၏ **စေတီ၏ဇာတ်လမ်း** (၁၉၃၆)ခေါ် စာအုပ်၏ တစ်နေရာ တွင် 'အိန္ဒိယပြည်တောင်ပိုင်းနှင့် ဒက္ခိဏကုန်းပြင်မြင့်တို့တွင် မကြာခဏ တွေ့ရှိနိုင်သော ရှေးကျသည့် သင်္ချိုင်းရာတစ်မျိုးမှာကား ဗုဒ္ဓဘာသာဆိုင်ရာ စေတီပုထိုး၏ ရှေ့ပြေးဖြစ်သော လူမြှုပ်နှံရာ ကုန်းမို့မို့ပင် ဖြစ်၏။ ဤကုန်းမို့မို့ သင်္ချိုင်းရာတို့မှာ မြေဖြင့်ပြီးသော ခပ်နိမ့်နိမ့်ကုန်းငယ်များဖြစ်ကြ၍ ယင်းတို့ကို ကျောက်တုံးကြီးများဖြင့် ဝန်းရံစိုက်ထူထားလျက် တသီးတခြား တရိုတသေ ပြုလုပ်ထား၏' ဟု ပါရှိရာ ဗုဒ္ဓဘာသာဝင်တို့ ဝတ်ပြုကိုးကွယ်ကြသော စေတီ ပုထိုးဆိုသည်မှာ အခြားမဟုတ်ပေ။ ဗုဒ္ဓဘာသာ မတိုင်မီအခါကတည်းကပင် အိန္ဒိယပြည်၌ တည်ရှိခဲ့သော Megalithic Monuments ခေါ် ကျောက်တုံးများဖြင့် ပြီးသည့် ရှေးဟောင်းကျောက်ပုံ သင်္ချိုင်းရာများ ဖြစ်သည်။ ထို့ကြောင့် ကျောက်တုံးကြီးများကို အသုံးပြု၍ တည်ဆောက်ထားခဲ့ကြသော ရှေးဟောင်း သင်္ချိုင်းရာများကို လေ့လာရန် လိုအပ်လာပေတော့သည်။

ကျောက်တုံးကြီးများ ဝန်းရံမြှုပ်နှံထားရှိသော သင်္ချိုင်းရာများနှင့် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များကို သိရှိရန်အတွက် အိန္ဒိယပြည် ရှေးဟောင်းသုတေသနဌာနကြီးက ရှာစမ်းလေ့လာခဲ့သည်မှာ ရှေးအခါကတည်းက ဖြစ်သော်လည်း ၁၉၄၄ ခုနှစ်ရောက်မှပင် စနစ်တကျ ရှာစမ်းမှုများ ပြုလုပ်နိုင်ခဲ့ လေသည်။ ၁၉၄၈ ခုနှစ်တွင်ကား အိန္ဒိယပြည်တောင်ပိုင်း မဒရပ်(စ်)ပြည်နယ် အတွင်းရှိ ကျောက်တုံးသင်္ချိုင်းရာများ အမြောက်အမြား တည်ရှိသည့် ချင်းဂဲ(လ်) ပွတ်ခရိုင်အတွင်း စတုရန်းမိုင် ပေါင်း ၃၀၀၀ ကျော်မျှ ခရီးပေါက်အောင် ရှာစမ်း



ခဲ့ရာ အောက်ပါအတိုင်း သိရှိရပေသည်။

ကျောက်တုံးကြီးများ ဝန်းရံလျက် ပြုလုပ်ထားသည့် သင်္ချိုင်းရာများမှာ တောင်ကုန်းတောင်စွယ်တို့၏ ဆင်ခြေလျှောတို့၌ တွေ့ရ၏။ သို့သော် ဆည်ကြီးများ၊ ရေလှောင်ကန်များနှင့် စပ်လျဉ်း၍ တည်ထားကြောင်း တွေ့ရသည်။ ရေရရှိနိုင်သော ဒေသများနှင့် ထွန်ယက်စိုက်ပျိုးနိုင်သော ဒေသများအနီးတွင် တည်ရှိတတ်၏။ ဤသို့ ရေနီး၍ မြေသြဇာကောင်းသော ဒေသများမှာ လူတို့ အခြေစိုက်နေနိုင်ရန် အထောက်အကူပြုပေသည်။ ကျောက်တုံးကြီးများကို အသုံးပြုကြသော လူအပေါင်းတို့မှာ ထွန်ယက်စိုက်ပျိုးမှုနှင့် ဆည်မြောင်းများ တည်ဆောက်မှုတို့ကို နားလည်ကြသည်သာမက မည်သည့်အခါမျှ ကျောက် သင်္ချိုင်းများကို စိုက်ပျိုးနိုင်သော လယ်ကွင်းများ၌ မပြုလုပ်ကြချေ။ ထိုကျောက်တုံးများဖြင့် ပြီးသည့် သင်္ချိုင်းတို့ကို စိုက်ပျိုးနိုင်သော ဒေသတွင် မတွေ့ရဘဲ ၎င်းတို့အနီးအပါး၌သာ တွေ့ရတတ်၏။

အထက်ဖော်ပြပါ ချင်းဂဲ(လ်)ပွတ် ခရိုင်အတွင်းရှိ ကျောက်တုံးများ ကာရံထားသော သင်္ချိုင်းရာများမှာ အကြမ်းအားဖြင့် နှစ်မျိုးနှစ်စားရှိကြသည်။ (Dolmen) ဒိုလမင်ခေါ် မြေပြင်၏အထက်တွင် ကျောက်တုံးများ ဝန်းရံလျက် လည်းကောင်း၊ အုပ်စိုးလျက်လည်းကောင်း၊ အခန်းငယ်လေးသဖွယ် ပြုလုပ် ထားသော လူမြှုပ်နှံသည့် သင်္ချိုင်းဂူတစ်မျိုး (Cist) ခေါ် မြေကြီးထဲ၌ ကျောက်တုံး ကျောက်ပြားများဖြင့် သေတ္တာသဖွယ် ပြုလုပ်ထားသော လူမြှုပ်နှံသည့် သင်္ချိုင်းဂူ တစ်မျိုးဖြစ်သော်လည်း အသေးစိတ် လေ့လာစရာမှာကား များစွာပင် ရှိပေသည်။

အဆိုပါ ရှေးဟောင်းသင်္ချိုင်းတို့မှာ ကျောက်တုံးကြီးများ ဝန်းရံလျက် လည်းကောင်း၊ စုပုံလျက် လည်းကောင်း ထားရှိတတ်သည်ကို တွေ့ရတတ်သည်။ ၎င်းတို့ကို တူးဖော်ကြည့်သောအခါ အတွင်း၌ လူရိုးများ၊ ဦးခွံရိုးများ၊ မီးဖုတ် မြေဖြင့်ပြီးသော လူသေထည့်ရန် (Sarcophagus) နှင့် အခြားလူသုံးကုန် ပစ္စည်းများနှင့် အိုးအင်ခွက်ယောက်များ ဖြစ်ကြသည်။ ဤသို့ သေဆုံးသူတို့၏ အသက်ရှင်စဉ်ဘဝက သုံးခဲ့သော ပစ္စည်းများ ထည့်သွင်းမြှုပ်နှံသည့်သဘောမှာ တမလွန်ဘဝခရီးတွင် အရာခပ်သိမ်းကို လိုလေသေးမရှိအောင် စီမံသည့်သဘော (ဝါ) တမလွန်ဘဝအတွက် ရည်ရွယ်ချက်တစ်မျိုးပင်ဖြစ်ကြောင်း အိန္ဒိယ ရှေးဟောင်းသုတေသနပညာရှင်များက ဆိုကြ၏။ အဆိုပါ ဂူသင်္ချိုင်းများ ပြုလုပ်သည့်ခေတ်မှာ အကြမ်းအားဖြင့် ဘီစီ ၂ ရာစု အခါလောက်ကဖြစ်ကြောင်း ခန့်မှန်းကြသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့အနေဖြင့် စေတီပုထိုးခေါ် မြေစိုက်ဘုရားတို့မှာ ရှေးဟောင်းလူတို့၏ သင်္ချိုင်းများမှ စတင်ခဲ့ကြောင်း ယုံမှားစရာမရှိပါချေ။

ယင်းတို့ မရှိနိုင်သည့်အချက်ကိုလည်း အိန္ဒိယပြည်၌သာမက အီရန်ပြည်နှင့် မြေထဲပင်လယ်တစ်ဝိုက်တွင်လည်း အဆိုပါကျောက်တုံးကြီးများဖြင့် ပြီးသည့် သင်္ချိုင်းရာများကို တွေ့ရသောကြောင့်ပင် ဖြစ်သည်။

ကနဦးက ကျောက်တုံးများ စုပုံထားသောကြောင့် ကျောက်ပုံကြီးဖြစ်နေရာမှ နောင်သောအခါ ပုံသဏ္ဌာန်အမျိုးမျိုး ပြုလုပ်လာကြလေသည်။ ရှေးအခါက လူသေမြှုပ်နှံရန်လည်းကောင်း၊ ဘုရားရဟန္တာတို့၏ ဓာတ်တော်မွေတော်များ ဌာပနာရန်လည်းကောင်း၊ သင်္ချိုင်းဂူများ ပြုလုပ်ခဲ့သော်လည်း နောင်သောအခါ ပုထုဇဉ်လူသားတို့ သံဝေဂရနိုင်သည့် သံဝေဇနီယဌာနကြီးများတွင်လည်း စေတီပုထိုးများ တည်ဆောက်လာကြသည်။ ဗုဒ္ဓဘာသာ သာသနာကြီး စည်ကား ထွန်းကားခဲ့သော နေရာများတွင်လည်း စေတီပုထိုးများ တည်ဆောက်လာကြသည်။ အစောဆုံးတည်ထားခဲ့သော စေတီပုထိုးများမှာကား ကုန်းနိမ့်နိမ့်များဖြစ်ကြ၍ မြေကြီးဖြင့် ပြီး၏။ ယင်းတို့အနက် ပုံစံတစ်ခုမှာကား အိန္ဒိယ-နီပေါနယ်စပ်မှ ပိပြဝှာအရပ်ရှိ စေတီပင်ဖြစ်ပြီး ဉာဏ်တော်မှာ ၂၂ ပေသာရှိ၍ အောက်ခြေ ဖိနပ်တော်မှာ ၁၁၆ ပေသာ ရှိသည်။

ယင်းနောက် အသောကမင်းတရားကြီး(ဘီစီ ၂၇၃ မှ ၂၄၂ အထိ) လက်ထက် တွင် တည်ဆောက်ခဲ့သော စေတီတို့မှာ အုတ်နှင့်တိုင် သရွတ်တိုင်စေတီများ ဖြစ်ကြ၍ သစ်သားဝင်းခြံများ ဝန်းရံထားလေ့ရှိပြီး ရှေ့နောက်တောင်မြောက် အရပ် အသီးသီးကို မျက်နှာပြုလျက် ဝင်းခြံဝင်ပေါက်များ ပြုလုပ်ထားတတ်သည်။

ကနဦးတွင် ဗုဒ္ဓရှင်တော်နှင့် ရဟန္တာအရှင်သူမြတ်တို့၏ ဖြစ်တော်စဉ်များနှင့် လည်းကောင်း၊ တရားဒေသနာ ဟောကြားခဲ့ခြင်းများနှင့် လည်းကောင်း၊ သက်ဆိုင်သည့် နေရာတို့တွင် စေတီပုထိုးများ တည်ထားကိုးကွယ်ခဲ့ကြသော်လည်း အသောကမင်းတရားကြီး လက်ထက်တော်သို့ ရောက်ရှိလာသောအခါ ဘာသာရေးနှင့် အကျုံးဝင်သည့် နေရာဒေသတို့၌လည်း စေတီပုထိုးများ တည်ထားကိုးကွယ်ခဲ့ကြလေသည်။ ဤသို့ တည်ထားကိုးကွယ်ကြသည့် စေတီ ပုထိုးများအနက် အိန္ဒိယပြည်အလယ်ပိုင်း ဘိုပေါ(လ်) နယ်အတွင်းရှိ ကမ္ဘာကျော် ဆန်ချီပုထိုးတော်ကြီးမှာလည်း တစ်ဆူအပါအဝင်ဖြစ်ပေသည်။ အဆိုပါ ပုထိုးတော်ကြီး၏ ပုံသဏ္ဌာန်မှာ ထိပ်ကတုံးဖြစ်နေသော ဥသဏ္ဌာန်ရှိ၍ ကျောက်တိုင်ကြီးများ ဝန်းရံထားလျက် ဝင်ပေါက်ထွက်ပေါက်များဖြင့် ပြီးနေသော ပုံဖြစ်သောကြောင့် စေတီ၏ မူလသဏ္ဌာန်ဖြစ်သော သင်္ချိုင်းရာကျောက်ပုံကြီးများ နှင့် ပုံသဏ္ဌာန်ချင်း များစွာကွာခြားလှသည်မဟုတ်ချေ။

ဘီစီ ၂ ရာစုလောက်က အိန္ဒိယပြည်တောင်ပိုင်း ကစ္စနာမြစ်ဝှမ်းရှိ အမရဝတီ မြို့ဟောင်းနေရာ စေတီတော်၏ မူလပုံပန်းမှာလည်း ဆန်ချီပုထိုးတော်ကြီးကဲ့သို့ပင်



ဥသဏ္ဌာန်ရှိပေ၏။ (ပါစီဘရောင် **အိန္ဒိ ဗိသုကာ** စာအုပ် ပထမတွဲ စာမျက်နှာ ၄၇)။

စေတီပုထိုးတော်တို့၏ ပုံပန်းသဏ္ဌာန် ပြောင်းလဲပုံနှင့်စပ်လျဉ်း၍ အိန္ဒိယ ပြည်တွင် ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်ချုပ်ဖြစ်ခဲ့သူ **ဆာအဲလက် ဇန္ဒားကန္နင်ဃမ်** ရေးသားခဲ့သော '**မဟာဗောဓိ**' (၁၈၉၂) စာအုပ် စာမျက်နှာ ၄၇ တွင် အောက်ပါအတိုင်း ပါရှိသည်။

ရှေးအကျဆုံးသော စေတီပုထိုးတို့မှာ မြေဖြင့်ပြီးသည့် ကုန်းမို့မို့နှင့် မြှုပ်နှံရာဂူများသာ ဖြစ်ပုံရပေသည်။ ကာလအတန်ကြာသောအခါ မြေပုံကုန်း တို့ကို အုတ်များဖြင့်လည်းကောင်း၊ ကျောက်တုံးများဖြင့်လည်းကောင်း မံ၍ သာဝတ္ထိပြည်မှ စေတီကဲ့သို့ တည်ဆောက်လာကြလေသည်။ တစ်ဖန် ထို့ထက် ကာလကြာမြင့်လာပြန်သောအခါ ကျောက်တောင်များရှိရာ အရပ်ဖြစ်သော ဆန်ချီနှင့် ဘရတွတ် အရပ်များ၌ စေတီတော်ကြီးတို့ကို ကျောက်အတိ တည်ဆောက်တတ်ပြီး မြေပြန့်ဒေသဖြစ်သော အဟိဆတ္တရနှင့် သာဝတ္ထိအရပ် များတွင်ကား အုတ်ဖြင့် တည်ဆောက်ကြလေသည်။ ရှေးဦးပိုင်းကျသော စေတီ တော်တို့ကို အောက်ခံ ဖိနပ်တော်နိမ့်နိမ့်ပေါ်၌ စက်ဝိုင်းခြမ်းသဏ္ဌာန် မနိကယာလ ဆန်ချီနှင့် ဘိ(လ်)သ အရပ်တို့တွင် တည်ဆောက်ကြပြီး ဉာဏ်တော်မှာ စေတီ အချင်း၏ ထက်ဝက်သာရှိတတ်သည်။ တဖြည်းဖြည်း အောက်ခြေဖိနပ်တော်ကို မြှင့်တင်ခဲ့ကြသည်မှာ အင်ဒို-စကိုက်သီယန် ခေတ်အခါရောက်လတ်သော် ဖိနပ်တော်သည် စေတီအချင်း၏ နှစ်ဆမျှရှိအောင် မြင့်လာလေ၏။ ဤသို့ ရှိနေကြောင်း အကောင်းဆုံးပုံစံသက်သေမှာကား ခရစ်တော်နှစ် ခြောက်ရာစုက မိဂဓာဝုန်တွင် တည်ထားခဲ့သော ဓမ္မိက်(ဓမ္မိက)စေတီတော်ပင် ဖြစ်လေသည်။

ရှေးကျသော အဆိုပါစေတီတော်တို့တွင် ကျောက်သော်လည်းကောင်း၊ ကြေးရေသုတ် ထီးများသော်လည်းကောင်း ရှိခဲ့ကြဟန်တူကြောင်းကို မဟာဗောဓိ၊ ဆန်ချီနှင့် ဘာရဟွတ်စေတီများမှ ရုပ်ကြွများက သက်သေခံနေကြသည်။ ဤကဲ့သို့သော စေတီတို့တွင် ထီးများပါရှိသည့်သဘောမှာ မြန်မာနိုင်ငံတွင် ယခုတိုင် ထင်ရှားရှိနေသေး၍ ထီးအဆင့်ဆင့်တို့မှာလည်း အထက်သို့ မြင့်လေ၊ သေးငယ်သွားကြလေပင် ဖြစ်သည်။

နောက်ပိုင်းကျလာပြန်သောအခါ မာဂဓ၌ ပါလမင်းဆက်များ လွှမ်းမိုး အုပ်ချုပ်နေသော ခေတ်သို့ ရောက်လျှင် စေတီပုထိုးတို့၏ အသွင်သဏ္ဌာန်နှင့် တည်ဆောက်ပုံ အမူအရာပါ များစွာပြောင်းလဲသွားလေသည်။ အောက်ခြေ ဖိနပ်ကို ထပ်မံတိုးမြှင့်လျက် အထက်က ထီးတို့ကိုလည်း ကိုးဆင့်၊ ၁၁ ဆင့်မှ ၁၃ ဆင့်ထိအောင် တိုးမြှင့်တတ်ပြီး စေတီ၏ အထွတ်ကို သစ်သီးပြည့်

အိုးသဏ္ဌာန်ပြုလုပ် ပူဇော်ကြသည်။ စေတီ၏ ဉာဏ်တော်မှာလည်း လုံးပတ်အချင်း၏သုံးပြန်၊ လေးပြန်ထိအောင် ရှိလာလေတော့သည်။ အခြယ်အလှယ်အမျိုးမျိုးတို့ကို အဆင့်ဆင့် စေတီတော်၏ ကိုယ်လုံးတော်၌ ပြုလုပ်မွမ်းမံ၍ ရုပ်ကြွရုပ်လုံးများဖြင့် အကန့်ခြားလျက် စီမံနေဆဲ၌ပင် ဗုဒ္ဓရုပ်ပွားတော်များကို အောက်ခံလေးထောင့် အုတ်ခုံ၌ လိုဏ်မုခ်များပြုလုပ်၍ ထည့်သွင်း ပူဇော်လာကြလေတော့သည်။

ဤသို့ ပြုလုပ်လာခဲ့ကြသော စေတီတော်များအနက် မြန်မာနိုင်ငံတွင် အစောဆုံး တည်ထားကိုးကွယ်ခဲ့ကြသည့် စေတီမှာ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာန (ယခင် ကျောက်စာဌာန)မှ ၁၉၂၆-၂၇ ခုနှစ်တွင် မှော်ဇာမြို့အနီး ဦးခင်ဘကုန်းကို တူးဖော်ရာမှ ရရှိခဲ့သော ကျောက်ပြားပေါ်တွင် အကြွထုထားသည့် ကျောက်ချပ်စေတီတော်ပုံပင် ဖြစ်ပါသည်။ ယင်းအကြောင်း အကျယ်ကို **အိန္ဒိယပြည် ရှေးဟောင်းသုတေသနဌာန၏ ၁၉၂၆-၂၇ ခုနှစ်အတွက် အစီရင်ခံစာ** စာမျက်နှာ (၁၇၄) တွင် ပါရှိပါသည်။ ဤဌာနဆိုင်ရာ ဓာတ်ပုံအမှတ်မှာ ၂၀၁၈(၁၉၂၆-၂၇) ဖြစ်သည်။

အဆိုပါကျောက်ချပ်ပေါ်တွင် ရုပ်ကြွစေတီမှာ အထက်သို့ မတ်တတ်လျက် ထိပ်ဝိုင်းပုံသဏ္ဌာန်ရှိပြီး အကြမ်းအားဖြင့် ဥသဏ္ဌာန်ရှိပေသည်။ ထိပ်တွင် ဟာမိက ခေါ် ဓာတ်တော်တိုက်ရှိကာ ၄င်းဓာတ်တော်တိုက်မှ အရွက်ငါးရွက်ရှိသော ထီးတော်နှင့် တံခွန်များ လွှင့်လျက်ရှိသောပုံ ဖြစ်၏။ စေတီတော်အခြေတွင် ပြော့ပလ္လင်နှင့် စေတီလုံးအကြားတွင် ထက်ဝယ်ဖွဲ့ခွေလျက်၊ ကမ္မဋ္ဌာန်းဘာဝနာ ဝင်စားနေသော ဘုရားရှင်ပုံတော် ငါးဆူ ပါရှိသည်။ ဘုရားရှင်ပုံတော်ကို ဘေးတစ်ဖက်တစ်ချက် စေတီတော်နှင့် မလှမ်းမကမ်းတွင်ကား ထီးဖြူမိုးနေကြသော နတ်နှစ်ပါးပုံကို မြင်တွေ့ရ၏။

အထက်ဖော်ပြပါ ကျောက်ချပ်စေတီတော်ပုံသဏ္ဌာန်မျိုးမှာ သရေခေတ္တရာ မြို့ဟောင်းနေရာ (ယခု မှော်ဇာရွာပတ်ဝန်းကျင်)မှ ဘောဘောကြီး၊ ဘုရားကြီးနှင့် ဘုရားမာတို့ကို တည်ထားခဲ့သောနှစ် ခရစ်သက္ကရာဇ် ၅ ရာစု၊ ၇ ရာစု သို့မဟုတ် ၈ ရာစု လက်ရာသော်လည်းကောင်း၊ ထို့ထက်စော၍ ထုလုပ်သော လက်ရာသော်လည်းကောင်း ဖြစ်နိုင်စရာရှိပါသည်။ ဤပုံစံအတိုင်း မြန်မာနိုင်ငံတွင် နောက်ဆုံးဆောက်လုပ်ခဲ့သော စေတီမှာ ခရစ် ၁၆၃၆ ခုနှစ် ကတည်းက တည်ထားခဲ့သော အထက်မြန်မာပြည် စစ်ကိုင်းမြို့ရှိ ကောင်းမှုတော်ဘုရားကြီးပင် ဖြစ်ပေသည်။

ယင်းနောက် ပုဂံခေတ်သို့ ရောက်လာသောအခါ စေတီတော်မှာ ပုံသဏ္ဌာန်အားဖြင့် မမှတ်မိနိုင် လောက်အောင်ပင် ပြောင်းလဲလာခဲ့ကြောင်း တွေ့ရှိရပေသည်။ အများအားဖြင့် မူလလက်ရာဖြစ်သော ဥပုံသဏ္ဌာန်ကို ခပ်မျောမျော



ပြုလုပ်လာကြလျက် ခေါင်းလောင်းပုံသဏ္ဌာန်ဖြစ်သော အထက်ရှူးအောက်ကားပုံအဖြစ် တည်ဆောက်လာကြသည့်အပြင် အောက်ခြေဖိနပ်တော်ကို လေးထောင့်ပုံစံခံ၍ ရှစ်ထောင့်၊ ကြေးဝိုင်း၊ ခေါင်းလောင်းပုံ၊ ခါးပတ်၊ ဖောင်းရစ်များ၊ ကြာမှောက်၊ ရွှဲ၊ ကြာလန်၊ ငှက်ပျောဖူး၊ ထီး၊ ငှက်မြတ်နားဟူ၍ အစိတ်အပိုင်းများနှင့် အဆင်တန်ဆာ ပြုလုပ်လာကြလေတော့သည်။

ယင်းတို့အနက် အောက်ခံဖိနပ်ကို လေးထောင့်သဘော ပြုလုပ်သည်မှာ စတုမဟာရာဇ်နတ်မင်း ကြီးလေးပါးတို့၏ နတ်ဗိမာန်ကို ရည်စူးလုပ်ခြင်းဖြစ်သည့် ရှစ်ထောင့်၏သဘောမှာ လူပြည်၌ ပွင့်တော်မူကြမည့် ဘုရားလောင်းတို့၏ စံပျော်ရာ တုသိတာနတ်ပြည်ကို ဆိုလိုခြင်းဖြစ်သည်။ ကြေးဝိုင်း၏ သဘောမှာ ပရိနိဗ္ဗာန်ပြုတော်မူပြီး ဖြစ်ကြသော ဘုရားရှင်တို့ ကိန်းကောင်း မွေ့လျော်ရာကို ဆိုလိုခြင်း ဖြစ်သည်။ ခေါင်းလောင်းပုံ၏သဘောမှာ ပွင့်တော်မူပြီးကြကုန်သော ကကုသန်၊ ကောဏဂုံ၊ ကဿပနှင့် ဂေါတမရှင်တော်တို့၏ ရုပ်ပုံတော်တို့ကို ထည့်သွင်းထုလုပ်ရန်ဖြစ်သည် စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ကျောက်စာဝန်ဟောင်း တော်စိန်ခိုက မိမိ၏ **မြန်မာရုပ်ပုံကြမ်း** စာအုပ် စာမျက်နှာ (၁၁၇-၁၇၉)တို့တွင် ရှင်းပြပေသည်။ မစ္စတာ တော်စိန်ခိုအနေဖြင့် ပရိနိဗ္ဗာန်ပြုတော်မူပြီး ဘုရားရှင်တို့ ကိန်းအောင်း မွေ့လျော်ရာကို ဆိုလိုသော ကြေးဝိုင်းနှင့် ခေါင်းလောင်းပုံများအကြောင်းနှင့် စပ်လျဉ်း၍ယင်းသို့ မွေ့လျော်မှုဆိုင်ရာအချက်ကို မြန်မာဗုဒ္ဓဘာသာဝင်များအနေဖြင့် အများလက်ခံရာနှင့် ဆန့်ကျင်သော ဘာသာရေးအယူဝါဒအဖြစ် ပစ်ပယ်ကြမည်ဖြစ်ပေသည်ဟု ဆက်လက်ဆိုထားပါသေးသည်။ သို့သော် ပွင့်တော်မူပြီး ဘုရားတို့၏ ကိန်းအောင်းမွေ့လျော်ရာဆိုသော အယူအဆမှာ မဟာယာနဘာသာဝင် တရုတ်လူမျိုးတို့၏ အယူဝါဒ၌ တွေ့ရှိနိုင်ကြောင်း။ ၁၉၀၄ ခုနှစ်ထုတ် **တရုတ်အနုပညာ** အမည်ရှိ စာအုပ်ကို ရေးသားသူ အက်(စ်)ဒဗလျူ၊ ဘွတ်ရှယ်(လ်)ကို ကိုးကား၍ ဖော်ပြထားပါသည်။

ထို့ကြောင့် နိဂုံးချုပ်ဆိုရသော် ကျွန်ုပ်တို့ ကိုးကွယ်ကြသော စေတီတော်ဆိုသည့် လုံးဝန်းသော သဏ္ဌာန်ရှိသည့် ဘာသာရေးဆိုင်ရာ အဆောက်အဦမှာကား ကျောက်တုံးကြီးများ အသုံးပြုသောခေတ် (Megalithic Age) ဘီစီ ၂ ရာစု အခါလောက်ကပင် အထင်အရှားရှိခဲ့သော သင်္ချိုင်းဂူများမှ စတင်ခဲ့သည်ဟု ယူဆစရာရှိကြောင်း၊ ယင်းထက်စော၍လည်း ဘုရားရှင်လက်ထက်တော်လောက်ကပင် စေတီအမည်ပါရှိ၍ ပုံသဏ္ဌာန်မည်သို့ရှိကြောင်း မသိရသည့် ရှေးဟောင်းဘာသာရေး အဆောက်အဦများ ရှိခဲ့ကြောင်း နောက်ပိုင်းတွင် စေတီတော်တို့၏ ပုံသဏ္ဌာန်တို့မှာ လုံးဝန်းရာမှ ရှည်မျော၍ အခြားအဆင်တန်ဆာများ ထည့်သွင်းလာကြောင်း သိရှိရပေတော့သည်။

# ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး

၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်ဆင်လိုက်သော ၁၉၆၂ ခုနှစ်၊ ပြင်ဆင်ချက်ဥပဒေအရ မြန်မာနိုင်ငံတွင် ၁၈၈၆ ခုနှစ် မတိုင်မီက တည်ရှိနေသည့် ရှေးဟောင်းအဆောက်အအုံများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်ထားသည်ဟု မှတ်ယူရပေမည်။ ဤပြင်ဆင်ချက်ဥပဒေအရ တစ်ပြည်လုံးရှိ ၁၈၈၆ ခုနှစ်မတိုင်မီက ဆောက်လုပ်ခဲ့သော ရှေးဟောင်းအဆောက်အအုံအားလုံးကို စောင့်ရှောက်ရန်တာဝန်၊ ပြုပြင်ရန်တာဝန်သည် အစိုးရဌာနတစ်ခုဖြစ်သော ရှေးဟောင်းသုတေသန၏ ပခုံးပေါ်သို့ ကျရောက်လာလေတော့သည်။

တစ်ပြည်လုံးတွင် ပျံ့နှံ့နေသော ရှေးဟောင်းအဆောက်အအုံများမှာ ထောင်နှင့်သောင်းနှင့်ချီ၍ ရှိနေကြပေသည်။ ယင်းတို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း စောင့်ရှောက်ပြုပြင်ရလျှင် တိုင်းပြည်၏ ဘဏ္ဍာငွေများလည်း အမြောက်အမြား ကုန်ကျမည်မှာ မလွဲချေ။ ဤသို့ အခြေအနေတွင် ဦးစားပေး ရွေးချယ်ရမည့်မူများ ချမှတ်ဆောင်ရွက်ရန် လိုလာပေတော့သည်။ ထို့ကြောင့် စာရေးသူ သိမီသလောက် မြန်မာ့ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းပြုပြင်ရန် ရွေးချယ်ရာ၌ အောက်ပါ မူလေးရပ်အပေါ် အခြေပြု စဉ်းစားခြင်းဖြစ်သည်ကို တင်ပြလိုပေသည်။

၁။ သမိုင်းအရ အရေးပါမှု

၂။ ဗိသုကာပညာ ပြောင်မြောက်မှု

၃။ ခြယ်လှယ်ထားသော အနုပညာလက်ရာများ ကောင်းမွန် အဆင့်အတန်းမြင့်မှု

၄။ ရှေးဟောင်းကျောက်စာ မင်စာများ ထွင်းထုရေးသားထားမှု ဟူ၍ ဖြစ်ပေသည်။

ဤတွင် သမိုင်းအရ အရေးပါမှုဆိုရာ၌ အထက်မင်းလှမြို့ရှိ မင်းလှခံတပ်သည် ၁၈၈၅ ခုနှစ်က တိုက်ခိုက်ခဲ့ရသော အင်္ဂလိပ်-မြန်မာ တတိယအကြိမ် စစ်ပွဲတွင် နယ်ချဲ့၏ ကျူးကျော်မှုရန်ကို တွန်းလှန်ရာ၌ သမိုင်းရေးအရ ပြောင်မြောက်ခဲ့၏။ ထို့ကြောင့် မင်းလှခံတပ်ကို ရှေးဟောင်းအဆောက်အအုံတစ်ခုအဖြစ် တိုင်းပြည်၏ ဘဏ္ဍာတော်များမှ အကုန်အကျခံကာ ထိန်းသိမ်းပြုပြင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာ့



အခြေခံစီးပွားရေးစနစ်သည် ပဒေသရာဇ်ခေတ်မှတစ်ဆင့် တိုးတက်အောင် ကြံဆောင်ရာ၌ မန္တလေးနန်းတွင်းရှိ ဒင်္ဂါးသွန်းစက်၊ စစ်ကိုင်းရှိ သံရည်ကျိုစက်နှင့် အမရပူရရှိ မဲနယ်ကန်တို့မှာ အရေးပါခဲ့ပေသည်။ ဤအချက်ကို သမိုင်းရေးအရ သုံးသပ်၍ အဆိုပါ အဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံများအဖြစ် ငွေကုန်ကြေးကျခံကာ ထိန်းသိမ်းထားရှိခြင်းပင် ဖြစ်သည်။

ပုဂံရှိ အာနန္ဒာဂူပုထိုးကို ထိန်းသိမ်းထားခြင်းသည် ဗိသုကာနှင့် ကျောက်ဆစ်လက်ရာများ၏ တန်ဖိုးများကြောင့်ဖြစ်သည်။ မင်းနန်သူ ရွာပတ်ဝန်းကျင်ရှိ ရှေးဟောင်းဘုရားများကို ထိန်းသိမ်းရခြင်းသည် အင်္ဂတေ ပန်းကြွများကြောင့်လည်းကောင်း နံရံဆေးရေးများကြောင့်လည်းကောင်း၊ ကျောက်စာမင်စာများ ထုထွင်း ရေးသားထားသောကြောင့်လည်းကောင်း ဖြစ်ပေသည်။ တစ်ခါတစ်ရံ ပုဂံကဲ့သို့ ရှေးဟောင်းဒေသမျိုး၌ ပုဂံခေတ်လက်ရာများ ပေါပေါများများ ရှိသည့်အကြားမှ အတန်အသင့်ရှားပါးသော အင်းဝခေတ်လက်ရာနှင့် ကုန်းဘောင်ခေတ်လက်ရာ ရှေးဟောင်းအဆောက်အအုံများကိုလည်း ထိန်းသိမ်းထားရပေသည်။ ဤသို့ ထိန်းသိမ်းရသည်မှာ မည်သည့်တိုးတက်မှုမျိုးမဆို ရိုးရိုးစင်းစင်း မဟုတ်သည့် သဘာဝ နိယာမသဘောများအရ ပုဂံမြို့ဟောင်း၌ ပုဂံခေတ်လက်ရာများသာမက အင်းဝနှင့် ကုန်းဘောင်ခေတ်လက်ရာများလည်း ဖြစ်ပေါ်ထွန်းကားနိုင်သည်ဆိုသော သဘောကို ပေါ်လွင်စေရန်လည်းကောင်း၊ တစ်နေရာတည်း၌ ခေတ်မျိုးစုံ စဉ်တိုက်တိုးတက်မှု အနုပညာလမ်းကြောင်း ပေါ်လွင်ထင်ရှားစေရန် လည်းကောင်း ရည်ရွယ်သောကြောင့် ဖြစ်ပေသည်။

ယမန်နှစ် ၁၉၇၂ ခုနှစ်က ပုံနှိပ်ထုတ်ဝေလိုက်သော ရှေးဟောင်းသုတေသနဌာနက စောင့်ရှောက် ပြုပြင်ထားသည့် ရှေးဟောင်းအဆောက်အအုံများ စာရင်းတွင် အဆောက်အအုံ စုစုပေါင်း ၅၄၀ ပါဝင်ပေသည်။ ယင်းတို့သည် ပုဂံ၊ မကွေး၊ မင်းဘူး၊ ပခုက္ကူ၊ မန္တလေး၊ စစ်ကိုင်း၊ ကျောက်ဆည်၊ ရွှေဘို၊ မုံရွာ၊ မှော်ဇာ၊ မြို့ဟောင်း၊ မင်းလှ၊ သံလျင်၊ ဘားအံ၊ သထုံ၊ ပဲခူးနှင့် တောင်ငူနယ်များတွင် ပျံ့နှံ့လျက် တည်ရှိနေကြ၏။ အမျိုးအစားအားဖြင့်ဆိုရလျှင် ယင်းတို့တွင် စေတီလုံး၊ ဂူဘုရား၊ အုတ်ကျောင်း၊ သစ်သားကျောင်း ပြာသာဒ်ဥမင်၊ ပိဋကတ်တိုက်၊ ဆင်းတု၊ မြို့ရိုး၊ ခံတပ်၊ သိမ်၊ တူးဖော်ပြီးအဆောက်အအုံများ။ အရိုးအိုး ပြာသာဒ်၊ ဒင်္ဂါးသွန်းစက်ရုံ၊ သံချက်ဖိုရုံ၊ မဲနယ်ကန်၊ ဗဟိုရ်စင်၊ စွယ်တော်စင်၊ ဥပုသ်ဆောင်၊ ဇရပ်၊ ကျောင်းတော်ရာမြေ စသည်ဖြင့် အတော်ပင် စုံလင်ကြောင်း တွေ့ရှိရပေသည်။

ဤအဆောက်အအုံမျိုးစုံကို ပြုပြင်ထားရှိရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် တစ်နှစ်ထက်တစ်နှစ် ဘဏ္ဍာရေးခွင့်ပြုငွေများ တိုးတက်သတ်မှတ်ပေးခဲ့ပေသည်။

၁၉၆၀-၆၁ ခုနှစ်က ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းမှုခေါင်းစဉ်အောက်တွင် ခွင့်ပြုငွေမှာ ကျပ် ၇၅၀၀၀ ဖြစ်ခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုခွင့်ပြုခဲ့ရာ ၁၉၇၂-၇၃ ခုနှစ်တွင် ကျပ် ၇၅၀၀၀၀ အထိ ဖြစ်လာလေသည်။

အထက်ပါ ဂဏန်းနှစ်ရပ်ကို နှိုင်းယှဉ်လေ့လာလျှင် ၁၉၆၀-၆၁ နှစ်နှင့် ၁၉၇၂-၇၃ ခုနှစ်အတွင်း ဘဏ္ဍာရေးခွင့်ပြုငွေမှာ ၁၀ ဆအထိ တိုးတက်လာကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထိန်းသိမ်းရသော ရှေးဟောင်းအဆောက်အအုံ အရေအတွက်အနေဖြင့်လည်း ၁၉၆၀-၆၁ ခုနှစ်က ၁၂၀ မျှသာဖြစ်၍ ၁၉၇၂-၇၃ ခုနှစ်တွင် ၅၄၀ ဖြစ်သောကြောင့် လေးဆကျော် တိုးတက်လာကြောင်း တွေ့ရပေသည်။ ဤအချက်များက တိုင်းပြည်၏ ယဉ်ကျေးမှုအမွေအနှစ်များကို မည်မျှအထိ စဉ်းစားပေး ထိန်းသိမ်းထားရှိကြောင်း ထုတ်ဖော်ပြသရာရောက်၏။

ဤသို့လျှင် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးမှု အင်အားအလိုက် ချမှတ်ထားသော ရေမြင့်လျှင် ကြာတင့်ရမည်ဆိုသော မူဝါဒများနှင့်အညီ ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းပြုပြင်ထားရှိပါသော်လည်း ရှေးဟောင်းဘုရားတိုင်းကို ထိန်းသိမ်းသည့်သဘောကား မဟုတ်ပါချေ။ ဒေသအလိုက်၊ မြို့နယ် ကျေးရွာအလိုက် ရှေးဘုရားအများအပြား ကျန်ရှိနေကြပါသေးသည်။ ယင်းတို့မှာလည်း ရာသီဥတုဒဏ်၊ မသိနားမလည်သူတို့၏ ဒဏ်၊ ဂိုဏ်းဖွဲ့၍ ဘုရားဖျက် မသမာသောနည်းမျိုးစုံဖြင့် ရှေးဟောင်းပစ္စည်းများ ခိုးယူနေသူများ၏ ဒဏ်ရာဒဏ်ချက်များကြောင့် နေ့စဉ်နှင့်အမျှ ပြိုကျပျက်စီးလျက်ရှိနေကြသည်။

ယင်းအန္တရာယ်အသွယ်သွယ်တို့ကို ကာကွယ်တားဆီးရန်မှာ ရှေးဟောင်းသုတေသနလုပ်ငန်းများအပေါ် လုပ်သားပြည်သူများက စိတ်သန်ဝင်စားသဘောပေါက်လာမှု၊ ကူညီရိုင်းပင်းလာမှု၊ လူထုလှုပ်ရှားမှု အသွင်ဖြင့် ဆောင်ရွက်နိုင်လာမှုများ အပေါ်တွင် များစွာအခြေတည်ပေသည်။ ဤတွင် ရှေးဟောင်းဘုရား အတော်များများတွင် ဘဏ္ဍာထိန်းအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ထိန်းသိမ်းကာကွယ်မှုများ အပါအဝင် ဘုရားဝေယျာဝစ္စများကို ဆောင်ရွက်နေကြသည်လည်း အများပင်ရှိကြောင်း ဖော်ပြရန် လိုပေသည်။ ဤနေရာ၌ စကားအလျဉ်းသင့်၍ တင်ပြလိုသော အချက်တစ်ချက်မှာ ဘုရားဘဏ္ဍာထိန်း ဂေါပကအဖွဲ့များ၏ စီမံခန့်ခွဲမှုအပိုင်းတွင် ရှေးဟောင်းသုတေသနဌာန ပါဝင်စွက်ဖက်ခြင်း အလျဉ်းမရှိခဲ့သော အချက်ပင် ဖြစ်သည်။ ဤမူဝါဒကို ရှေးကလည်း ချမှတ်ခဲ့သည်။ ယခုအခါမှု အစိုးရက အထူးဂရုပြု အလေးအနက်ထားသော မူဝါဒလည်းဖြစ်ပေသည်။ သို့သော် ရှေးကျသောဘုရားများ ပြုပြင်မှုတွင် ရှေးဟောင်းသုတေသနမှ အကြံဉာဏ်များ ရယူပြုပြင်လိုပါက ဘဏ္ဍာထိန်းအဖွဲ့များ၏ သဘောဆန္ဒအတိုင်း ရယူနိုင်ကြပေသည်။



ရှေးဘုရားများ ပြင်ဆင်မှုလုပ်ငန်းတွင် တတ်ကျွမ်းသူများ၏ အကူအညီဖြင့် လုပ်ဆောင်ခြင်းသည် ရှေးဟောင်းဗိသုကာနှင့် အနုပညာလက်ရာများကို ထိန်းသိမ်းရာရောက်သည်။ ရှေးဟောင်းယဉ်ကျေးမှု လက်ရာများကို ဖော်ထုတ်၍ ကူညီရိုင်းပင်းရာလည်း ရောက်သည်။ ဤသို့ ဆောင်ရွက်ခြင်းသည် ရှေးဟောင်းသုတေသနဌာနနှင့် ဘဏ္ဍာထိန်း ဂေါပကအဖွဲ့များ နားလည်မှုအပြည့်အဝနှင့် တိုင်းပြည်၏ ယဉ်ကျေးမှုအမွေများ ထိန်းသိမ်းရန် စေတနာ စိတ်ဓာတ်တို့ဖြင့် ပူးပေါင်းဆောင်ရွက်ရာလည်း ရောက်ပေသည်။ ဤသို့ဖြင့် ရှေးဟောင်း ဝတ္ထုပစ္စည်းများ အက်ဥပဒေအတိုင်း နေရာတကာတွင် လုပ်ကိုင်နေစရာ မလိုတော့ဘဲ ဘုရားပြင်ဆင်မှုပြဿနာ အတော်များများကို ဖြေရှင်းနိုင်ကြမည် ဖြစ်ကြောင်း တင်ပြရေးသားရပေသည်။

# ရှေးဟောင်းအဆောက်အအုံများကို ပြုပြင်ရာတွင်

"မြန်မာ့ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းပြုပြင်ရာမှာ တိကျစွာ လိုက်နာရတဲ့ မူဝါဒနဲ့ စည်းကမ်းများ ချမှတ်ပြဋ္ဌာန်းထားပါတယ်။ မူဝါဒအပိုင်းမှာ အဓိကကျတဲ့ အချက်ကတော့ ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်း ပြုပြင်ရာမှာ ပျက်စီးတဲ့ အစိတ်အပိုင်းများကို ကြံ့ခိုင်မှုဖြစ်စေရန်မှတစ်ပါး အသစ်ထပ်မံပြုလုပ် အစားထိုးမှုမပြုရဘဲ ကျန်သမျှ အစိတ်အပိုင်းများကိုသာ နောက်ထပ် မပျက်စီးရအောင် ထိန်းသိမ်းရမယ်ဆိုတဲ့ အချက်ပါပဲ။ ဒီအချက်ကို ၁၉၁၅ ခုနှစ်က ချမှတ်ပြဋ္ဌာန်းရှိတဲ့ **အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသန မူဝါဒ** မှာ ထည့်သွင်းထားရှိပြီး ကနေ့ထက်တိုင်အောင် တိုင်းပြည်အခြေအနေနဲ့ စပ်ဟပ် ကာ လိုက်နာကျင့်သုံးနေကြရပါတယ်"ဟု ရှေးဟောင်းသုတေသနဌာန ဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောပြလေသည်။

ဤမူဝါဒနှင့်အညီ ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းပြုပြင်ရာတွင် အားလုံးအသစ်ဖြစ်သွားအောင် မဆောင်ရွက်မိရန် အထူးပင် ဂရုပြုကြရသည်။ လက်တွေ့ပြုပြင်ရာတွင် လမ်းညွှန်ချက်ပေါင်း ၂၇၃ ခု ပါရှိသည့် **ရှေးဟောင်း အဆောက်အအုံများ ပြင်ဆင်မှု လက်စွဲဥပဒေ** ပါ သတ်မှတ်ပြ ဋ္ဌာန်းချက်များနှင့် အညီ တတ်နိုင်သမျှ ဆောင်ရွက်ရသည်။ သို့သော် ယနေ့ခေတ် ကမ္ဘာအရပ်ရပ်တွင် လိုက်နာကျင့်သုံးနေကြသော ရှေးဟောင်းအဆောက်အအုံများ ပြုပြင်မှုဆိုင်ရာ နည်းစနစ်များအရ လုံး၀ ပြိုကျပျက်စီးတော့မည့် ရှေးဟောင်းအဆောက်အအုံများ အတွက် မူလပုံမပျက်အောင် မွမ်းမံထောက်ကူပေးရခြင်းနှင့် ရှေးဟောင်း အဆောက်အအုံများ ပြင်ဆင်မှုလက်စွဲဥပဒေကို ဖြည့်စွက်ကျင့်သုံးရသည့် သာဓကများလည်း မနည်းလှပေ သိရ၏။

**ပြင်ဆင်တော့မည်ဆိုလျှင်**

ရှေးဟောင်းအဆောက်အအုံတစ်ခုကို ပြင်ဆင်တော့မည်ဆိုလျှင် ယင်းနှင့် ပတ်သက်သော အစိတ်အပိုင်းများအားလုံးနှင့် နောက်ခံသမိုင်းကျောက်စာ၊ ပေစာ၊ ဓာတ်ပုံ၊ ပုံဆွဲ စသော သက်ဆိုင်ရာအထောက်အထားအားလုံးကို ကြိုတင်ရှာဖွေ



လေ့လာထားရသည်။ သို့မှသာ ပြုပြင်လိုသော အဆောက်အအုံအကြောင်းပြည့်စုံစွာ နားလည်သဘောပေါက်မည်ဖြစ်၏။ လက်တွေ့ပြုပြင်သောအခါတွင် အောက်ပါ စည်းကမ်း ချက်နှစ်ရပ်နှင့် ကိုက်ညီရပေမည်။

စည်းကမ်းနှစ်ချက်မှာ (၁) ပြုပြင်လိုသော အဆောက်အအုံ၏ မူလအင်္ဂါ လက္ခဏာများ ပြောင်းလဲမှုမရှိစေရန်နှင့် သရုပ်မပျက်စေရန်၊ (၂) ပြုပြင်လိုသော အဆောက်အအုံကို သင့်လျော်အဆင်ပြေသော အခြေအနေများနှင့်အညီ အရှည် တည်တံ့အောင် ထိန်းသိမ်းထားရှိရန်ဟူ၍ ဖြစ်လေသည်။ ဤမူဝါဒနှင့် စည်းကမ်း များအရ မည်မျှပင် ပျက်စီးနေသော ရှေးဟောင်းအဆောက်အအုံကိုပင်ဖြစ်စေ အသစ်တစ်ဖန် တည်ဆောက်သကဲ့သို့ မပြုပြင်မိရန် လွန်စွာသတိချပ်ရသည်။ ကြွင်းကျန်သမျှ ပန္နက်ပုံစံများကို ဖော်ထုတ်၍လည်းကောင်း၊ အဆောက်အအုံမှ ပြိုကျသော အုတ်ခဲဟောင်း၊ ကျောက်ခဲဟောင်းများကို ပြန်လည်ရွေးချယ် အသုံးပြု၍လည်းကောင်း ပြုပြင်ရန် လိုအပ်သည်ဟု ဆိုလေသည်။ ထိုသို့ ပြုလုပ်ရန် မဖြစ်နိုင်သောအခါကျမှ မူလအုတ်ဟောင်း ကျောက်ဟောင်းအရွယ်များ အတိုင်း အုတ်သစ်ကို ဖုတ်လုပ်၍ဖြစ်စေ၊ ကျောက်သစ်ကို ဆစ်ရွေ၍ဖြစ်စေ ရယူအသုံးပြုရ၏။

အကယ်၍ မန္တလေးမြို့ သီပေါမင်းကောင်းမှု ရွှေနန်းတော်ကျောင်းကဲ့သို့ အမွမ်းအပြောက် ပန်းပုလက်ရာများနှင့် အတိဖြစ်သော ကျောင်းမျိုးမှ ပန်းပု လက်ရာများ ပျက်စီးယိုယွင်းကုန်လျှင် ခေတ်ပြိုင်ကျောင်းများမှ လက်ရာများကို အတုယူခြင်းဖြင့်လည်းကောင်း၊ ရှေးဟောင်းပုရပိုက်များမှ ရှေးဘုန်းကြီးကျောင်း တို့တွင် တပ်ဆင်ရသော ပန်းထောင်၊ ပန်းဆွဲ ဆေးရေးလက်ရာတို့ကို နည်းမှီး၍ လည်းကောင်း ဖြည့်စွက် ပြင်ဆင်နိုင်သည်။ ဤသို့ ဖြည့်စွက် ပြင်ဆင်ခြင်းသည် ယနေ့ထက်တိုင် ရှင်သန်နေသော ပန်းပုထုလုပ် အသုံးပြုမှု အစဉ်အလာများနှင့်အညီ ဖြစ်စေသောကြောင့်ဖြစ်၏။ အကယ်၍ အစဉ်အလာတစ်ရပ်အဖြစ် ရှင်သန်ခြင်း မရှိသော အနုပညာဆိုင်ရာ အခြယ်အလှယ်တစ်ရပ်ကိုမူ ပြုပြင်သည့် ရှေးဟောင်း အဆောက်အအုံ၌ မထည့်သွင်းဘဲ ထားသင့်က ချန်လှပ်ထားကြရသည်။

အဆောက်အအုံကြံ့ခိုင်မှုအတွက် တစ်ခါတစ်ရံ ခေတ်ပေါ်ဆောက်လုပ်ရေး ပစ္စည်းများကို သုံးသင့်က သုံးရ၏။ ဥပမာ-ညောင်ဦးမြို့အနီးရှိ ကျောက်ကူး ဥမင်ကဲ့သို့သော အဆောက်အအုံမျိုး ပျက်စီး၍ ပြင်ဆင်ရမည်ဆိုလျှင် အဆောက် အအုံ၏ အတွင်းအုတ်သားများတွင် အုတ်သစ်များ အစားထိုးပြုပြင်ခွင့်ရှိသည်။ မျက်နှာစာ ကျောက်အုတ်များအတွက်မူ အဆင်တူ အသွေးတူ ကျောက်အုတ်များဖြင့် အစားထိုး၍လည်းကောင်း၊ အားဖြည့် ကွန်ကရစ်ကို အသုံးပြု၍လည်းကောင်း လုပ်ဆောင်နိုင်သည်။ သို့သော် တတ်နိုင်သမျှ ပင်ကိုအရောင်အသွေး၊ ပင်ကို

လက်ရာနှင့် ကိုက်ညီစပ်ဟပ်မှုရှိစေရန် အထူးဂရုပြုရပေသည်။ ပင်ကိုက အင်္ဂတေ သုတ်လိမ်းမထားသော အဆောက်အအုံကို ပြုပြင်သောအခါ အင်္ဂတေ မလိမ်းကျံရချေ။

ပန်းချီဆေးရေးရှိသော အင်္ဂတေနံရံများ ကွာကျသည့်ကိစ္စမျိုးတွင် နောက်ထပ် တိုးတက် ကွာကျခြင်းမရှိစေရန်အလို့ငှာ ပန်းချီရေးခြယ်ထားသည့် နံရံများကို အစသတ် ထိန်းသိမ်းပေးရသည်။ ကွာကျသွားပြီးဖြစ်သော ပန်းချီလက်ရာများနှင့် ကျောက်ဆစ်လက်ရာများကိုမူ အစားထိုး ရေးဆွဲထုလုပ်ခြင်း မပြုရချေ။ ပန်းချီ ပန်းပု လက်ရာများရှိသော်လည်း ထိန်းသိမ်းရန် လုံးဝမဖြစ်နိုင်သည့် ရှေးဟောင်း အဆောက်အအုံများအတွက်မူ ယင်းတို့တွင်ရှိသော ပန်းချီပန်းပုလက်ရာ အစုစုကို စနစ်တကျ ဖြတ်တောက် ဖြုတ်ယူ၍ ကြံ့ခိုင်မှုဖြစ်စေပြီး သက်ဆိုင်ရာ အမျိုးသား ပြတိုက်နှင့် ရှေးဟောင်းသုတေသနပြတိုက်များတွင် ပြသထားရန် စီစဉ်သည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် ပြုပြင်ပြီးသမျှသော ရှေးဟောင်းအဆောက်အအုံများအနက် အချို့အဆောက်အအုံများအကြောင်းကို သက္ကရာဇ်စဉ်အလိုက် အောက်ပါအတိုင်း ဖြစ်သည်။

### ပြည်မြို့ သရေခေတ္တရာခေတ် ဘုရားကြီး ဘုရားပြုပြင်မှု

ယင်းဘုရားကြီးမှာ ပစ္စယာသုံးဆင့်ရှိသော ရှေးကျသည့် စေတီလုံးတစ်ဆူ ဖြစ်သည်။ မြန်မာ့ဗိသုကာလက်ရာများသမိုင်းတွင် စေတီလုံးများ ပုံသဏ္ဌာန် ပြောင်းလဲမှု အခန်းကဏ္ဍအတွက် ဘုရားကြီး၊ ဘုရားမာနှင့် ဘောဘောကြီးဘုရား တို့မှာ အရေးပါကြ၏။ ထို့ကြောင့် ဘုရားကြီးဘုရားမှာ မထိန်းသိမ်းလျှင်မဖြစ်သော အဆောက်အအုံတစ်ခုပင် ဖြစ်သည်။ ယင်းကို ၁၉၅၈ ခုနှစ်၊ အစိုးရက စောင့်ရှောက်သော အဆောက်အအုံအဖြစ် စာရင်းသွင်းပြီး ငွေတစ်သောင်းကျော် အကုန်အကျခံကာ အုတ်ရိုးပတ်လည် ဖြည့်ပေးခြင်း၊ အရှေ့တောင်ပိုင်း၊ တောင်ဘက်နှင့် အနောက်ဘက်တို့တွင် ပြိုကျနေသော အုတ်ရိုးများကို ပြုပြင်ခြင်း စသော ပဏာမလုပ်ငန်းများကို ၁၉၅၈-၅၉ ခုနှစ်ကစ၍ ပြုလုပ်ခဲ့သည်။

### ပုဂံခေတ် မြေပုံသာဘုရားလှ ပြုပြင်မှု

ပုဂံခေတ်လက်ရာ ဤဘုရားသည် လှပသော ပန်းချီကားများ၊ မယ်တော် မာယာ သားဖွားဟန် ပန်းပုလက်ရာများ၊ ကျောက်ဆစ်လက်ရာ ဖြပဟ္မာရုပ်ကြီးများ၊



ကြာပန်းနှင့် ဘီလူးပန်းဆွဲကဲ့သို့သော အင်္ဂတေပန်းကြွများ၊ ကျောက်ဆစ် လေသာဇာပြတင်းပေါက်များဖြင့် လွန်စွာတန်ဖိုးမြင့်လှသော ရှေးဟောင်း လက်ရာများ သိုမှီးထားရှိသည့် ပြတိုက်တစ်ခုသဖွယ်ပင် ဖြစ်သည်။ သို့သော် အမိုးမှပြိုကျသော အုတ်များ၊ ယိုင်လဲ ပြိုပျက်နေသော နံရံများ၊ ပြုတ်ထွက်နေသော ဇာပြတင်းများကြောင့် ဦးစားပေး ထိန်းသိမ်းရန် လိုအပ်ခဲ့ပေသည်။ ထို့ကြောင့် ၁၉၆၃-၆၄ ခုနှစ်အတွင်း အမိုးပြုပြင်မှု၊ နံရံအစားထိုးပြုပြင်မှု၊ ပြုတ်ထွက်နေသော ဇာပြတင်းများပြုပြင်မှု စသည့်လုပ်ငန်းများ ပြုလုပ်၍ ထိန်းသိမ်းထားရှိပေး ခဲ့ရသည်။

### ရတနာပုံခေတ် မန္တလေးနန်းမြို့ရိုးပြုပြင်မှု

ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် တကြောင်း၊ ရာသီဥတုဒဏ်ကြောင့် တကြောင်း အကြီးအကျယ် ပျက်စီးခဲ့ရသော မန္တလေးနန်းမြို့ရိုးကြီးကို ၁၉၆၃-၆၄ ခုနှစ် လောက်ကစ၍ နှစ်ရှည်စီမံကိန်းချမှတ်ကာ ကော်မတီတစ်ရပ် ဖွဲ့စည်းပြီး တစ်နှစ်လျှင် ဘဏ္ဍာရေးခွင့်ပြုငွေ ကျပ်သုံးသိန်း အကုန်အကျခံ၍ ၁၀ နှစ်မျှ ကြာမြင့်အောင် လုပ်ငန်းကြီးတစ်ရပ်အဖြစ် တစိုက်မတ်မတ် ပြုပြင်ခဲ့သည်။ ယခုအခါ ပြုပြင်မှုလုပ်ငန်းမှာ ရာခိုင်နှုန်းပြည့်မျှ ပြီးစီးပြီဖြစ်သည်။ လက်တွေ့ ပြုပြင်မှုအပိုင်းများတွင် ဒိုးယိုပေါက်ဖြစ်နေသော မြို့ရိုးနေရာအများအပြားကို အုတ်ဖြည့်ပေးရခြင်း၊ သရဲခိုများ အသစ်ပြန်လည် တည်ဆောက်ပေးရခြင်း၊ သရဲပြေးလမ်းများ အုတ်စီပေးရခြင်း၊ သစ်သားလုပ်ငန်းများဖြစ်ကြသော ပြအိုးနှင့် တန်ဆောင်းပြာသာဒ်များ ပြန်လည်တည်ဆောက်ပေးရခြင်း၊ အာဋ္ဌဝီတံတား ပြန်လည်တည်ဆောက်ပေးရခြင်းစသော လုပ်ငန်းကြီးများ ပါဝင်ကြသည်။

### မင်းလှခံတပ်ပြုပြင်မှု

၁၈၈၅ ခုနှစ် တတိယအကြိမ် ကျူးကျော်သူ နယ်ချဲ့အင်္ဂလိပ်တပ်များကို ခုခံတိုက်ခိုက်ရာ၌ သမိုင်းပြောင်ခဲ့သော မင်းလှခံတပ်ကြီးကို ထိန်းသိမ်းရာတွင် မြစ်ရေမတိုက်စားအောင် ကျောက်အုတ်မြစ်ချ၍ ကျောက်တန်းစီပေးရခြင်း၊ ခံတပ်တွင်း အုတ်ကြမ်းခင်းများ ပြုပြင်ပေးရခြင်း၊ ရေသွားမြောင်းများ ပျက်ယွင်းသည်ကို ပြုပြင်ရခြင်း၊ အမိုးများ ကွဲအက်သည်ကို ဖြည့်ပေးရခြင်း၊ အုတ်ကြားများတွင် သရွတ်များ မကျန်ရှိတော့သည်ကို အင်္ဂတေသရွတ်ဖြင့် ကြားသိပ်ပေးရခြင်း စသောလုပ်ငန်းများ ပါဝင်ပါသည်။

## တူးဖော်ပြီးအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု

'တူးဖော်မှုတစ်ရပ်ကို သွားရောက်လေ့လာလိုတဲ့ လုပ်သားပြည်သူများအနေနဲ့ ကတော့ တူးဖော်နေစဉ် သွားရောက်ကြည့်ရှုလေ့လာခြင်းဟာ အပြည့်အဝ ကြည့်ရှုလေ့လာရကျိုးနပ်မယ့် အကောင်းဆုံးအချိန်ပါပဲ။ ဘာကြောင့်လဲဆိုတော့ တူးဖော်စဉ် ကြည့်ရှုလေ့လာမှလည်း တူးဖော်သူများကိုယ်တိုင် ရှင်းလင်းပြောပြနိုင်တာကို ကြားနာမှတ်သားနိုင်တယ်။ တူးပြီးစ အဆောက်အအုံများကိုလည်း ပကတိအနေအထားအတိုင်း ရှုမြင်သုံးသပ်မယ်။ တူးပြီးလို့ တစ်နှစ်ကြာ၊ နှစ်နှစ်ကြာမှ သွားကြည့်ရင် ပုံစံတူနမူနာ အများအပြားရှိတဲ့ တူးဖော်ပြီး အဆောက်အအုံများအနက် အချို့ကို လိုအပ်တဲ့ လေ့လာမှတ်တမ်းတင်မှုများ ပြီးစီးတာနဲ့တစ်ပြိုင်နက် ပြန်လည်မြေဖို့ထားလိုက်ခြင်းများ ရှိတတ်တော့ ပြည့်စုံစွာ လေ့လာခွင့်မရဖြစ်သွားတတ်ပါတယ်။ ဒီလိုမြေဖို့ထားရတာကတော့ အရှည်ပြုပြင်ထိန်းသိမ်းရန် မလိုအပ်သောကြောင့် ဖြစ်ပါတယ်'ဟု လမ်းစဉ်သတင်းအား ဆက်လက်ရှင်းပြသည်။

အထက်ပါ ရှေးဟောင်းအဆောက်အအုံ ပြုပြင်မှုများမှာ ရှေးဟောင်းသုတေသနဌာနက ဆောင်ရွက်သော ပြုပြင်မှုလုပ်ငန်းများအနက် အချို့အဝက်သာ ဖြစ်သည်။ ချမှတ်ထားသော မူဝါဒနှင့် စည်းစနစ်များအတိုင်း ပြုပြင်ခဲ့ခြင်းများ ဖြစ်သောကြောင့် ယင်းပြုပြင်ပြီး အဆောက်အအုံတို့သည် မျက်မြင်အားဖြင့် အဟောင်းအတိုင်း တည်ရှိနေသည်ဟု ဆိုစမှတ်ပြုစရာ ရှိပါသည်။ သို့သော် အသေအချာကြည့်က မူလပန်းဆွဲများရှိသော အဆောက်အအုံတွင် ပြုပြင်ပြီးသောအခါ ပန်းဆွဲများ မထည့်သွင်းတော့ခြင်း၊ မူလဆေးရေးများ ကွာကျကုန်သော နံရံများတွင် ဆေးရေးအသစ်များ ထပ်မံရေးဆွဲမှု မရှိတော့ခြင်းတို့ကို တွေ့ရမည် ဖြစ်သည်။

ဤသည်တို့မှာ ကြွင်းကျန်သမျှ အစိတ်အပိုင်းများကိုသာ ထိန်းသိမ်းသည့်သဘော၊ ကြံ့ခိုင်မှုကိုသာ ဖြစ်စေသည့်သဘော၊ ခေတ်မတူ စံမတူသော အနုပညာလက်ရာများ မသွတ်သွင်းသည့်သဘောများ ပေါ်လွင်စေခြင်းပင် ဖြစ်သည်။ ဤနည်းများဖြင့် ပြုပြင်ထားသော ရှေးဟောင်းအဆောက်အအုံများမှာ နှစ်ပရိစ္ဆေဒ အတော်ကြာသည့်တိုင်အောင် အမျိုးသားအမွေအနှစ်များအဖြစ် ဆက်လက်တည်တံ့တည်ရှိနေကြဦးမှာ မလွဲချေ။





ပုံ ၉။ မန္တလေးနန်းမြို့ရိုး ရှေးမူအတိုင်းပြုပြင်နေပုံ

# ပုဂံအုတ်မြစ်များကားကြွံနိုင်လျက်ပင်

ကွယ်လွန်သူ ကျောက်စာဝန်ဟောင်း ဦးမြက အလှကျက်သရေတင့်ဖြိုးဝေသော ပုဂံမြေ၏ အတင့်အရွှန်းကို အံ့သြချီးမွမ်းသည့်သဘောဖြင့် 'မြန်မာ့အစ ပုဂံက' ဟု တင်စားကျူးရင့်ခဲ့ဖူးသည်။ ဦးမြ ချီးမွမ်းထောပနာပြုလောက်စရာပင် ပုဂံသည် မြန်မာ့ယဉ်ကျေးမှု၏ အနှစ်သာရများ စုဝေးပေါင်းစည်းရာ၊ မြန်မာ့ ဓာတ်မာန်တို့ မွေးဖွားသန့်စင်ရာနှင့် မြန်မာ့အားမာန်တို့ ဖော်ထုတ်ကြွေးကြော်ရာ ဖြစ်ခဲ့သည်မှာလည်း မြန်မာပြည်သူအပေါင်းတို့က အပြည့်အဝ ခံယူထားပြီး ဖြစ်ကြသည်။

ဤပုဂံမြေကို ငလျင်ခသဖြင့် အဘိုးအနဂ္ဃ ထိုက်လှသော ရှေးဟောင်းလက်ရာများ ပျက်ပြားဆုံးပါးရသည့်သတင်း ပေါ်ထွက်လာသည်။ ၈-၇-၇၅ နေ့ ညဘက်နှင့် နောက်တစ်နေ့မနက်တွင် မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးကြသူတိုင်း၏ မျက်နှာများပေါ်တွင် မချိတင်ကဲ ကြေကွဲဝမ်းနည်းသည့် အရိပ်လက္ခဏာများ အထင်အရှား ပေါ်ပေါက်လာကြသည်။ အချို့ကမူ ထမင်းပင် စား၍မရကြောင်း၊ ဘုရားများ မပြိုပျက်မီ မဖူးလိုက်ရ၍ ဝမ်းနည်းမဆုံးကြောင်း အမျိုးမျိုး ပြောဆို မြည်တမ်းကြလေသည်။

ပြည်သူအများ ဝမ်းပါးမသွင်နိုင်အောင်လည်း ငလျင်၏ အင်အားမှာ ရစ်ချတာ စကေးအရ ၈ ဖြစ်ကြောင်း ကျွမ်းကျင်သူများက ထုတ်ဖော်ပြောဆိုကြသည်။ ၇½ မှ ၈½ သည် အလွန်ပြင်းထန်သော ငလျင်စကေးဖြစ်ကြောင်း ဘူမိဗေဒကထိက ဒေါက်တာမောင်သိန်းက သူ၏ 'မြန်မာပြည်နှင့် ငလျင်' စာတန်းတွင် ထုတ်ဖော် တင်ပြထားသည်။ ပုဂံတွင် ဤသို့ ငလျင်လှုပ်ရသည်မှာ ပုဂံမြို့တည်နေရာ ကြောင့်ပင်ဖြစ်သည်။ ပုဂံမြို့သည် မြန်မာပြည်အလယ် မြေနိမ့်ပိုင်းတွင် တည်ရှိ သည်။ ဘူမိဗေဒသဘောအရ မြန်မာပြည်အလယ်ပိုင်းသည် သက်နှောင်းကပ်နှင့် သက်ဆိုင်သဖြင့် ယင်းအပိုင်းတွင်တည်ရှိသော ကျောက်လွှာစဉ်တို့မှာ တွန့်ခေါက် ခြင်း၊ ပြတ်ရွေ့ခြင်းတို့ကို ယခုထက်တိုင် ပြုလုပ်လျက်ရှိသောကြောင့် သက်လတ် ကပ်နှင့် သက်ဆိုင်သော ရခိုင်ကမ်းမြောင်ဒေသ အနောက်ရိုးမတို့မှာကဲ့သို့ ငလျင်၏ဒဏ်ကို ခံနေကြရကြောင်း သိရှိရပေသည်။ ပုဂံငလျင်ကဲ့သို့ ပြင်းထန်



အား တူညီစွာ လှုပ်ရှားခဲ့သည့် ငလျင်မှာ ၁၉၁၂ ခုနှစ် မေမြို့ငလျင် ဖြစ်ပေသည်။

ယခုနှစ် ပုဂံငလျင်ကြောင့် ပုဂံမှ အပျက်အစီးများသည် ၉၀ ရာခိုင်နှုန်း ရှိခဲ့သည်ဟု သတင်းစာ အများအပြားတွင် ဖတ်ရှုရပေသည်။ ယင်းသတင်းကို ရုတ်တရက် ကြားသိလိုက်ရသူများအဖို့ နှလုံးသွေးရပ်သွားမတတ် တုန်လှုပ် ချောက်ချားမိမည်မှာလည်း အံ့သြဖွယ်ရာမဟုတ်ပါချေ။ ရှေးဟောင်းသုတေသန ဦးစီးဌာန၏ စာရင်းများအရ ပုဂံတွင် ရှေးဟောင်းအဆောက်အဦပေါင်း ၅၀၀၀ ခန့် ရှိပေရာ ယင်းအနက် ၉၀ ရာခိုင်နှုန်း ပျက်စီးရခြင်းလော သို့မဟုတ် ပြည်သူ့ ဘဏ္ဍာငွေဖြင့် ကျခံထိန်းသိမ်းထားရှိသည့် ၃၇၈ ဆူအနက် ၉၀ ရာခိုင်နှုန်း ပျက်စီးရခြင်းလောဟု တွေးတောဖွယ်ရာ ဖြစ်ရပေသည်။ နောက်ဆုံးအခြေအနေ များနှင့် ဓာတ်ပုံများ ရုပ်ရှင်များကို ကြားသိ ကြည့်ရှုလိုက်ရသောအခါကျမှ ပုဂံ၌ ပျက်စီးရသည့် ဘုရားပုထိုးများမှာ ထင်သလောက် မများလှကြောင်း အဆူတိုင်း၌ အပျက်အစီး အနည်းအများသာရှိကြောင်း ပြန်လည်ပြင်ဆင်၍ မရနိုင်လောက်အောင် အမျိုးသားရေး ဆုံးရှုံးမှုကြီးမျိုး မဟုတ်သေးကြောင်း သိရှိလာရပေ၏။ ဤအသိနှင့်အတူ အားတက်မှုလည်း ဖြစ်လာရသည်။

ဤသို့ အပျက်အစီး ထင်သလောက် မများရသည်မှာ အကြောင်းရှိသည်။ အကြောင်းမှာ တစ်ခုတည်းမဟုတ် နှစ်ခုဖြစ်သည်။ ပထမဆုံးအကြောင်းမှာ ဒေါက်တာမောင်သိန်း တင်ပြထားသကဲ့သို့ အဆောက်အဦများ တည်ဆောက်ရာ အောက်ခံကျောက်နှင့် မြေဆီလွှာပင်ဖြစ်သည်။ ဒေါက်တာမောင်သိန်းအလိုအရ ဖို့မြေများပေါ်တွင် တည်ဆောက်ထားသော အဆောက်အဦများသည် အောက်ခံကျောက်မာပေါ်တွင် တည်ဆောက်ထားသော အဆောက်အဦများထက် လေးဆမှ ၁၂ ဆထိ ပျက်စီးနိုင်သည်ဟု သိရပေရာ ယခုကဲ့သို့ ထင်သလောက် မပျက်စီးသော ပုဂံအခြေအနေသည် အောက်ခံကျောက်သား ကောင်းသော အချက်ကြောင့်ဖြစ်ကြောင်း၊ စာရေးသူကိုယ်တိုင်လည်း ကွင်းဆင်းလေ့လာဖူးသည်။ ၁၉၃၇-၃၈ ခုနှစ်က မြန်မာနိုင်ငံသို့ လာရောက်လေ့လာသွားသော အမေရိကန် ဘူမိဗေဒပညာရှင် ဒေါက်တာဒီတားရားကလည်း အောက်ပါအတိုင်း မှတ်တမ်း တင်ထား၏။

'အမှန်မှာ ဤနေရာ(ပုဂံ)၌ အောက်ခံမြေဆီလွှာ သဘာဝက ဘုရားပုထိုး ဂူကျောင်းများနှင့် အတိပြီးသော မြို့တော်ကြီးဆောက်လုပ်မှုကို အဆုံးအဖြတ် ပေးထားပေသည်။ အကြောင်းမူ မြစ်ကမ်းဆင့် အမှတ်သုံး၏ အောက်ခြေ၌ရှိသော စရစ်ဖြုန်းကျောက်နီများအောက်မှ သံသဖွယ် မာကျောလှသည့် ခွက်နေသော ဂဝံ မြေဆီလွှာသည် ဤအဆောက်အဦများအတွက် ကြံ့ခိုင်လှသည့် အုတ်မြစ်တို့ကို ချမှတ်ပေးထားခြင်းပေတည်း။ ပုဂံမြို့နှင့် အနီးပတ်ဝန်းကျင်တွင် ဤမြေထက်

မာကြောကြံ့ခိုင်၍ ကျယ်ပြောသော မြေအမျိုးအစား မရှိလေသောကြောင့် ပုဂံခေတ် ဗိသုကာပညာရှင်များအဖို့ ဤမြေမှတစ်ပါး အခြားရွေးချယ်စရာ မြေအမျိုးအစား မရှိပါချေ’ဟု ဒေါက်တာဒီတားရားက ‘မြန်မာ့ပလိုင်းစတိုဆင်းခေတ်ဘူမိဗေဒ’စာတန်း **(ရှေးဟောင်းမြန်မာ ပြည်သားအကြောင်း သုတေသနစာအုပ်)** တွင် ဖော်ထုတ်တင် ပြထားလေသည်။

ဒုတိယအကြောင်းရင်းမှာမူ ပုဂံဘုရားများကို တည်ဆောက်ခဲ့သည့် အံ့ချီးဖွယ် မြန်မာ့ဗိသုကာ နည်းစနစ်များပင် ဖြစ်ပေသည်။ ပုဂံတွင် အဆောက်အဦ အမျိုးမျိုးရှိကြစေကာမူ အနှစ်ချုပ်သဘောတွင် ဂူဘုရားနှင့် စေတီလုံးဟူ၍ နှစ်မျိုးသာ အဓိကဖြစ်ပေသည်။ ဂူဘုရားတွင် အတွင်း၌ ဆင်းတုတော်ကိန်းဝပ်ရန် ကန့်ကုဋီ အခန်းငယ်ရှိတတ်၍ ဘေးတစ်ဖက်တစ်ချက်တွင် စင်္ကြံပတ်လမ်း စီမံထားတတ်သည်။ ဤပုံစံ အမွေအနှစ်ကို ဗိဿနိုးမြို့ဟောင်းနှင့် သရေခေတ္တရာ မြို့ဟောင်းတို့ရှိ အဆောက်အဦများက လက်ဆင့်ကမ်းခဲ့ကြခြင်းဖြစ်၏။ နောက်ဂူတစ်မျိုးမှာ ဂန္ဓကုဋီအခန်းအစား အဆောက်အဦအလယ်တည့်တည့်၌ အုတ်ထုလေးထောင့်တိုင်ကြီး ဆောက်လုပ်သည့်သဘောပင် ဖြစ်၏။

ဂူဘုရား အထက်ဝါအောက်ဝါ ထုထည်နှင့် အလေးချိန်များကို အတွင်းအပြင် နံရံများကလည်းကောင်း၊ အုတ်ထုလေးထောင့်တိုင်ကြီးကလည်းကောင်း မျှတစွာ သည်ပိုးထမ်းဆောင်နိုင်ရန် ခုံးနှင့် ခုံးဝက်များက ခွဲဝေမျှတပေးထားကြသည်။ ထို့ကြောင့် အာနန္ဒာ၊ သဗ္ဗညု၊ ရွှေဂူကြီးနှင့် ဓမ္မရံကြီးတို့ကဲ့သို့ လေးထောင့် အုတ်ထုတိုင်ကြီးများအပေါ် အားယူဆောက်လုပ်ထားသော ဘုရားများ၏ အပျက်အစီးမှာ မူလအုတ်ထုတိုင်ကြီးများ ပြိုကျပျက်စီးခြင်းမဟုတ်ဘဲ ဘေးတစ်ဖက်တစ်ချက်ရှိ နံရံများနှင့် အထက်ဝါရှိ ကွမ်းတောင်ထိပ်ဆုံးရှိ စေတီများသာ ပျက်စီးကြခြင်းဖြစ်သောကြောင့် ယင်းပျက်စီးမှုသည် အခြေခံမကျလှဟု ဆိုချင်ပါသည်။ အလားတူပင် စေတီလုံးဖြစ်သော ရွှေစည်းခုံ၏ အပျက်အစီးမှာလည်း ပဓာနမကျလှချေ။ ထို့ကြောင့် အုတ်တစ်ချပ်ခြင်း၏ စွမ်းအား၊ ဆောက်လုပ်ရေး နည်းပရိယာယ်၏ စွမ်းအား အောက်ခံမြေဆီလွှာ၏ ထောက်ကူအားနှင့် ပျက်စီးမှုကို အားမပေးသော ရာသီဥတု၏ ပံ့ပိုးအားတို့ကို ထည့်သွင်းစဉ်းစားလိုက်သောအခါ ပုဂံမှ ရှေးလက်ရာများ၏ အပျက်အစီးမှာ ပျက်အစဉ်ပြင်မရသည့် အနေအထားမျိုးမဟုတ်ဘဲ ပျက်အစဉ်ပြင်ခဏ သဘောမျိုးသာဖြစ်ကြောင်း ကောင်းစွာသဘောပေါက်သင့်ပေသည်။

အထက်ပါအခြေအနေအရပ်ရပ်ကို ခေတ်အဆက်ဆက် အမျိုးသားအားမာန်နှင့် လက်ရှိ လုပ်သားပြည်သူတို့၏ စိတ်ဓာတ်အင်အား၊ ကာယအင်အားများကိုပါ ထည့်သွင်းပေါင်းစပ်လိုက်သည့်အခါ ပုဂံမှ ဝမ်းနည်းဖွယ်အဖြစ်အပျက်သည်



စိတ်ပျက်အားလျော့ဖွယ်ရာလော ဟူသော အမေးတစ်ရပ် ပေါ်ထွက်လာ၏။ ယင်းအမေး၏ အဖြေမှာ စိတ်ပျက်အားလျော့ဖွယ်ရာ မဟုတ်ဟူသော တစ်ခုတည်းသော အဖြေသာ ဖြစ်ပေသတည်း။



ပုံ ၁၀။ (က) ပုဂံဒေသသို့
ကွင်းဆင်းရာမှ
ကျောက်သားကဲ့သို့
မာကျောလှသည့်
အောက်ခံမြေလွှာများအား
တွေ့ရှိလေ့လာနေစဉ်



ပုံ ၁၀။ (ခ) ပုဂံဒေသသို့
ကွင်းဆင်းရာမှ
ကျောက်သားကဲ့သို့
မာကျောလှသည့်
အောက်ခံမြေလွှာများအား
တွေ့ရှိလေ့လာနေစဉ်

အခန်း ၈

# ဒေသဆိုင်ရာကွင်းဆင်းသုတေသန

# သုဝဏ္ဏဘူမိ သို့မဟုတ် တိမ်မြုပ်နေသော ရှေးဟောင်းဒေသတစ်ခု

ကျိုက်ထိုဘုရားအလွန် မရမ်းကုန်းဘုတာကို ဖြတ်ကျော်လိုက်သည်နှင့် တစ်ပြိုင်နက် ရထားလမ်း၏ အနောက်ဘက်၌ ကေလာသတောင်တန်းကြီးသည် ဘွားခနဲ ပေါ်လာသောအခါ မြင်ကွင်းမှာ ညို့ညို့မှိုင်းမှိုင်းနှင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပေသည်။ ဤသို့ မမျှော်လင့်ဘဲ ပေါ်လာသော ကေလာသတောင်ပေါ် တောင်အောက်တစ်ဝိုက်တွင် ရှေးဟောင်းဗုဒ္ဓဘာသာယဉ်ကျေးမှု၊ တစ်နည်းအားဖြင့် မွန်တို့၏ ရှေးဟောင်းသုဝဏ္ဏဘူမိ ဒေသမြို့တော်ကြီးတစ်ခု ထွန်းကားသွားခဲ့သည်ဟု ရှေးစာဟောင်း ပေဟောင်းများတွင် ရေးသားထားပေသည်။

ဓမ္မစေတီမင်းလက်ထက်ထိုး **ပဲခူးကလျာဏီသိမ်ကျောက်စာ** မွန်ဘာသာ(က) မျက်နှာတွင် ရေးကျသော သုဝဏ္ဏဘူမိတိုင်း၏ မြို့တော် (ဝါ) သုဝဏ္ဏဘူမိမြို့ဟောင်းသည် ကေလာသတောင်ခြေ အနောက်မြောက်ထောင့်ရှိ တိုက်ကုလားမြို့ဟောင်းနေရာ (လက်ရှိ အရက်သည်မရွာ ပတ်ဝန်းကျင်) ဖြစ်ကြောင်းကို မှတ်တမ်းတင်ထားရာ ယင်းကို မြန်မာဘာသာဖြင့် ဤသို့ ပြန်ဆိုထားပေသည်။

> ‘‘ရာမညတိုင်း၌ သာသနာတည်စိမ့်သောငှာ၊ သောဏနှင့် ဥတ္တရဟူသော ငါတို့၏ အရှင်နှစ်ပါးကို သုဝဏ္ဏဘူမိတိုင်းဟု ဆိုအပ်သော ရာမညအရပ်သို့ စေလွှတ်၏’ဟူ၍လည်းကောင်း၊
>
> ‘ထိုမင်း၏ နေပြည်တော်သည် ကေလာသပေါဝ် ဘုရား၏ အနောက်မြောက်ထောင့်၌ ရှိ၏။ မြို့တစ်ဝက်ကား တောင်ပေါ်၌ရှိ၍ အခြားတစ်ဖက်ကား ညီသောမြေပြင်ဖြစ်၏။ ထိုမြို့သည် တင်လဲချက်သော ဂေါဠလူမျိုး၏ အိမ်ကဲ့သို့ မြေကျည်ဖြစ်သော အိမ်များသောကြောင့် နှောင်းလူတို့သည် တိုက်ကုလားမြို့ဟု ခေါ်ကြကုန်၏’ ဟူ၍လည်းကောင်း တွေ့ရှိရပေသည်။

တိုက်ကုလားမြို့နှင့် ပတ်သက်၍ ထို့ထက်ပြည့်စုံသောအရေးအသားတစ်ရပ်ကို ၁၈၉၉ ခုနှစ်ထုတ် အငြိမ်းစား စစ်ကဲကြီးဦးရွှေနော်၏ **မွန်ရာဇဝင်နှင့် စေတီတော်သမိုင်း** စာအုပ် စာမျက်နှာ ၁၆ တွင် အောက်ပါအတိုင်း ဆက်လက်တွေ့ရှိရသည်။

> ‘‘တိုက်ကုလားမြို့အကြောင်းကို ပြပေဦးအံ့။ ဘုရားမပွင့်သေးမီ နှစ် ၁၀၀ ကျော်လောက်ကပင် သပေါ်မင်း၏ ဘိုးတော်လက်ထက်

လည်းကောင်း ဒိုးခလွန်းတောင်၏ အနောက်မြောက်ဘက် တောင်ခြေရင်းတွင် မြို့တည်လုပ်၏။ မြို့တည်ပုံမှာ တောင်ဘက် မျက်နှာက တောင်ကမ္ဘာယံ ကျောက်ကမ္ဘားကို မြို့ရိုးလုပ်၏။ အရှေ့ဘက် အနောက်ဘက်မျက်နှာတို့ကိုလည်း ကျောက်ကမ္ဘားတစ်ဝက် အပေါ်က ကျောက်ခဲများစီ၏။ ကျောက်ခဲတစ်ဝက်ကို မြို့ရိုးလုပ်၏။ မြောက်ဘက်မျက်နှာမှာ ကျောက်နှင့် မြေရောနှောဖို့၍ မြို့ရိုးလုပ်၏။ တံခါးမှာ အရှေ့အနောက်မြောက်ဘက် သုံးမျက်နှာထား၏။ မြို့အကျယ်မှာ အရှေ့အနောက် တောင်ပေါင်း ၂၀၀၀ တောင်မြောက် တောင်ပေါင်း ၁၀၀၀ ရှိ၏ တိုက်နံရံနှင့် အလားတူစွာ သုံးမျက်နှာ ကျောက်ကမ်းပါးယံကာလျက် ရှိနေသည်ကတစ်ကြောင်း၊ ဒိုး၊ ခလွန်း တောင်ခြေရင်း ဖြစ်သည်တစ်ကြောင်း သို့အကြောင်းတို့ကြောင့် ဒုံးတိုက်ခလွန်း ဟူသော မြို့အမည်တွင်၏။ နောက် ဒုံးတိုက်ခလွန်းက ရွေ့လျောပြီးကာ၊ ဒုံးတိုက်ကုလားဟု ခေါ်ကြ၏"

အထက်ပါကျောက်စာနှင့် သမိုင်းထွက်စကားရပ်များကို စိစစ်ကြည့်ရန် လိုအပ်ပါသည်။ ဓမ္မစေတီမင်းတရားကြီး၏ ကျောက်စာတွင် 'သုဝဏ္ဏဘူမိတိုင်းသည် ရာမညဖြစ်သည်ဟု ရှေးဦးစွာ ဆိုသည်။ ယင်းနောက် ထိုတိုင်း၏ နေပြည်တော်သည် တိုက်ကုလားမြို့ဟု ဆို၏။ ဦးရွှေနော်ကလည်း ဤအတိုင်းပင် လက်ခံထားသည်။ ဤအဆိုများအရတိုင်းကိုသာ သုဝဏ္ဏဘူမိဟုခေါ်ပြီး မြို့ကိုမူ တိုက်ကုလားဟုသာ ခေါ်သည်။ သုဝဏ္ဏဘူမိ နေပြည်တော်ဟု မခေါ်ကြောင်း သတိပြုရပါမည်။ ထို့အပြင် ကလျာဏီကျောက်စာသည် ၁၅ ရာစုတွင် ရေးထိုးသော ကျောက်စာဖြစ်၏။ ဦးရွှေနော်၏ သမိုင်းမှာမူ ၁၉ ရာစု နောက်ပိုင်း လက်ရာသာဖြစ်သည်။ သုဝဏ္ဏဘူမိတိုင်းသို့ ရှင်သောဏနှင့် ဥတ္တရထေရ်တို့ သာသနာပြုရန် ရောက်ရှိကြသည်ဆိုသော အသောကခေတ် ခရစ်တော်မပေါ်မီနှစ် ၃၀၀ လောက်ကရေးခဲ့သော ခေတ်ပြိုင်မှတ်တမ်းများ မဟုတ်ကြချေ။ ထို့ကြောင့် ရှေးဟောင်းသုတေသန ကွင်းဆင်းတူးဖော်ရာတွင် လေ့လာရမည့်အချက်မှာ အရက်သည်မရွာတစ်ဝိုက်မှ မြို့ရိုးများသည် တိုက်ကုလားမြို့ဟောင်း ဟုတ်မဟုတ် စိစစ်ရန်သာဖြစ်ပေသည်။

အထက်ပါ သမိုင်းထွက်စကားနှင့်အညီ လက်တွေ့ ကွင်းဆင်းလေ့လာ လိုက်သောအခါ ဤသို့ တွေ့ရှိကြရသည်။

တိုက်ကုလားမြို့ဟောင်းကို မြေတိုင်းဌာနထုတ် တစ်လက်မတစ်မိုင်စကေး မြေပုံအမှတ် ၉၄-ဂျီ-၄ တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။ ယင်းသည် ယခုအခါ ကျိုက်ထိုမြို့နယ်အတွင်း ကေလာသတောင်ခြေ အနောက်မြောက်ထောင့်တွင်



တည်ရှိ၏။ (မြေပုံအကွက်အမှတ် ၉၀၀၅/ ၅၉၀၁ တွင် ရှာကြည့်နိုင်ပါသည်) ယင်း၏ တောင်မြောက်နှင့် အနောက်ဘက်တို့တွင် လယ်ကွင်းပြင်များ မြစ်ကြောင်းနေရာဟောင်းများ တည်ရှိကြ၍ စီးပွားရေး ကျောထောက်နောက်ခံနှင့် ကူးသန်းသွားလာမှု လွယ်ကူသဖြင့် ရှေးအခါက လူမှုအဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းနိုင်သော ပထဝီအနေအထားများရှိကြောင်း တွေ့ရသည်။

လက်ရှိ အရက်သည်မကျေးရွာတွင် လူနေအိမ်ခြေများကို အရှေ့အနောက် တန်းလျက် ဆောက်လုပ်ထားကြ၏။ အိမ်များ ကျောပြုထားသော မြေမြင့်ပိုင်း ဒေသတွင် တိုက်ကုလားမြို့ဟောင်း၏ မြောက်ဘက်မြို့ရိုးတစ်ခုကို အရှေ့အနောက် တန်းလျက် မြင်တွေ့ကြရသည်။ ယင်းကို ဂဝံကျောက်မြေများဖြင့် ပြုလုပ်ထား ပေသည်။ ယင်း၏အနီးတွင် ကျုံးနေရာကိုလည်း တွေ့ရ၏။ မြို့ရိုး၏လက်ရှိ အမြင့်မှာ ၁၀ ပေခန့်မျှ ရှိပေမည်။ ထုမှာလည်း အနည်းဆုံး ၁၀ ပေခန့်မျှရှိမည်ဟု ခန့်မှန်းနိုင်ပါသည်။ ထိုမြို့ရိုးကို ဖြတ်လျက် ခြေသွားလမ်းအတိုင်း ကြည့်ရှုစုံစမ်းသောအခါ မြေမျက်နှာပြင်သည် အနည်းငယ် ပြန့်ပြူး၍ ကွက်လပ်ဖြစ်နေသည်ကို တွေ့ရသည်။ သေးနုပ်သော အိုးခြမ်းကွဲကလေးများ အနှံ့အပြား ပြန့်ကျဲနေကြသည်ကိုလည်း တွေ့ရ၏။ ဤသို့ ပြန့်ပြူးသည့်ကွက်လပ်သည် တစ်ကြိမ်တစ်ခါက လူနေရပ်ကွက် ဖြစ်ခဲ့စရာ အကြောင်းရှိနိုင်ပေသည်။ တောင်ဘက်သို့ ဆက်လက်သွားရောက်သောအခါ မြေမျက်နှာပြင်သည် တဖြည်းဖြည်း မြင့်တက်သွားကာ တောင်ထိပ်ရှိ မြသိန်းတန်ဘုရားသို့ ဦးနိုက်ရောက်ရှိသွားပေသည်။

ကွင်းဆင်းလေ့လာ၍ တွေ့ရသမျှ မြို့၏တည်နေရာနှင့် လူနေရပ်ကွက်တစ်ခု ဖြစ်ခဲ့သည်ဆိုသော အချက်များကိုမူကား မည်သို့မျှ သံသယဖြစ်စရာ မရှိပါချေ။ ဤအဆင့်အထိ ကျောက်စာထွက်စကားရပ်မှာ မှန်ကန်ကြသည်ဟု ဆိုနိုင်ပါသည်။ သို့သော် ဤနေရာတစ်ဝိုက်သည် သုဝဏ္ဏဘူမိဒေသ၏ မြို့တော်ဟောင်းနေရာ ဟုတ်မဟုတ်ကို မူလလက်ရှိ အနေအထားအရ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်းမပြု လုပ်နိုင်သေးချေ။

အရက်သည်မကျေးရွာတွင် ယခင်က ရှေးဟောင်းပစ္စည်းများ တွေ့ရှိဖူးခြင်းရှိမရှိ အတိအကျ မပြောသာချေ။ သို့သော် ယခု တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် စိုက်ထူထားရှိသော မွန်ဘာသာ ရှေးဟောင်းကျောက်စာကြီးတွင် ကေလာသတောင် မြသိန်းတန်ဘုရား (ကျောက်စာအလို ကျိုက်တလန်ဘုရား)ကို ပုဂံမင်းဆက် ကျန်စစ်သားမင်းကြီးက ထပ်မံပြုပြင်သည့် အကြောင်းအရာ ရေးထိုးထားရှိသည်။ ဤကျောက်စာအလိုအားဖြင့် ကျိုက်တလန်းခေါ် မြသိန်းတန်ဘုရားကို ကျန်စစ်သားမင်းလက်ထက်တွင် ပြုပြင်ရသည်ဟု ဆိုသောကြောင့် ထို့ထက်

စောသော အချိန်ကာလက ယင်းဘုရားကို တည်ထားခဲ့ကြောင်း သိသာထင်ရှားသည်။ ယင်းနောက် ဓမ္မစေတီလက်ထက်တွင်လည်း ထပ်မံပြုပြင်ခဲ့သေးကြောင်း ခေတ်လယ် မွန်ကျောက်စာတစ်ချပ် မြသိန်းတန်ဘုရားရင်ပြင်တော်တွင် တည်ရှိနေပေသေး၏။

ကွယ်လွန်သူ ကျောက်စာဝန်ဟောင်း တော်စိန်ခို၏ မှတ်တမ်းများအရ အရက်သည်မနှင့် ကင်းရွာအကြားတွင် ရှေးဟောင်း၊ အထောက်အထားများ ရှိကြောင်း ဖတ်ရှုသိရှိရသဖြင့် ယခု ကွင်းဆင်းလေ့လာကြရာတွင်လည်း ယင်းတို့ကို အတော်အတန် တွေ့ရှိခဲ့ရပေသည်။ အရက်သည်မရွာမှ ဝင်းကရွာ အတွင်း ရှေးအုတ်ရိုးဟောင်းများ အုတ်ကုန်းပျက်များကို နေရာအနှံ့အပြား တွေ့ကြရသည်။ သို့သော် ယင်းတို့မှာ ပုဂံခေတ်ထက် ရှေးကျဟန်မရှိကြချေ။ ဤအချက်ကို အထောက်အကူပြုသည်မှာ ဝင်းကရွာမှ စုဆောင်းရရှိခဲ့သော အလျား နှစ်ပေ၊ အနံ တစ်ပေခွဲမျှရှိသည့် ဘုရားလောင်းပုံရုပ်ကြွ ထုလုပ်ထားသော မီးဖုတ် အုတ်ချပ်တစ်ခုပင် ဖြစ်သည်။ ယင်းတွင် သက်သောင့်သက်သာထိုင်နေသော ဘုရားလောင်းအား ဘေးတစ်ဖက်တစ်ချက်မှ သတ္တိခေါ် ကြင်ယာတော်များ သို့မဟုတ် အခြွေအရံ နတ်ဒေဝီများ တစ်ဖက်တစ်ဦးစီ ခြံရံထားကြ၏။ ရုပ်ချပ်၏ အထားအသို အနုပညာလက်ရာများအရ ယင်းရုပ်ချပ်သည် ပုဂံခေတ် အစောပိုင်း လက်ရာမျိုးနှင့် ဆင်တူကြောင်း သိသာထင်ရှားပါသည်။ ယင်းနှင့်အတူ ဖားရုပ်လုံးတစ်ခုကိုလည်း တွေ့ရသည်။

ဤမျှတွေ့ရှိသော အထောက်အထားများအရ တိမ်မြုပ်နေသော သုဝဏ္ဏဘူမိတိုင်း၏ နေပြည်တော်ဟောင်းနေရာသည် လက်ရှိ အရက်သည်မကျေးရွာတစ်ဝိုက်ဖြစ်သည်ဟု ဆိုနိုင်စရာအကြောင်း မလုံလောက်သေးချေ။ အဘယ်ကြောင့်နည်းဟူမူ တွေ့ရသမျှ ကျောက်စာနှင့် ရှေးဟောင်းပစ္စည်းများသည် ပုဂံခေတ်ထက်စောသည်ဟု မဆိုနိုင်သောကြောင့်ဖြစ်၏။ သို့သော် လေ့လာရာဒေသနှင့် မနီးမဝေး တွင်ရှိသော ဇုတ်သုတ်ရွာ ထီးစောင်းဘုရားမှ ဂဝံကျောက်ရုပ်ကြွင်းလက်ရာများနှင့် ဆင်တပ်၊ မြင်းတပ် ကျောက်ရုပ်ကြွများကိုလည်း ဤနေရာတွင် ထည့်သွင်းစဉ်းစားသင့်ပေသည်။ ယင်းလက်ရာများကမူ ပုဂံခေတ်ထက် ရှေးကျနိုင်စရာအကြောင်းရှိမည် ထင်မှတ်ရပေ၏။ ဤတွင် သတိပြုစရာတစ်ချက်မှာ ဂဝံကျောက်သုံးစွဲမှုသည် မွန်ပြည်နယ်တွင် ရှေးကစ၍ ယခုတိုင်အောင် စဉ်ဆက်မပြတ် ရှိနေကြပေသေး၏။ ထို့ကြောင့် ဂဝံကျောက်ကို ထုထားသော အနုပညာလက်ရာတစ်ခုကို တွေ့ရုံမျှဖြင့် ရှေးအလွန်ကျပါသည်ဟု ဘူမိဗေဒနှင့် ဓာတုဗေဒနည်းများဖြင့် ဓာတ်ခွဲမကြည့်ရဘဲ အတိအကျ မပြောသာသေးချေ။ ပျူဒင်္ဂါးဟု ခေါ်သော အမှတ်တံဆိပ်များပါရှိသည့် ငွေပြားဝိုင်း



အမြောက်အမြားကို ကျိုက်ထိုမြို့နယ် ကျိုက္ကသာရွာတွင် တွေ့ရှိရသည်ကိုလည်း ထည့်သွင်းစဉ်းစားရဦးမည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သုဝဏ္ဏဘူမိဒေသသည် အရှေ့တောင်အာရှဒေသတစ်ခွင် တပြင်ကြီးကို ဆိုလိုကြောင်း၊ နိုင်ငံတကာ ပညာရှင်အသီးသီး၏ အရေးအသားများတွင် တွေ့ရှိရပေသည်။ ဂရိ ပထဝီဝင် ဆရာကြီး တော်လမီက ဤဒေသကို **ခရိုရှေနိရာ** ဟု ခေါ်ဝေါ်ခဲ့၏။ တရုတ်မှတ်တမ်းများကမူ **ချင်လင်** ဟု ခေါ်ဝေါ်ကြောင်း သိရသည်။ သီဟိုဠ်မိုင်း ဒီပဝံသက **သုဝဏ္ဏဘူမိ** ဟုခေါ်ပြီး ယင်းနှင့် ခေတ်ပြိုင် ရှင်ဗုဒ္ဓဃောသမထေရ်က ပါရာဇိကာဏ်ပါဠိတော် အဖွင့်အဋ္ဌကထာ၏ ဗဟိရနိဒါန်းတွင် ဒီပဝံသနည်းတူ ခေါ်ဝေါ်ခဲ့သည်။ မြန်မာသက္ကရာဇ် ၉၀၀ ကျော်က ရေးသားခဲ့သော **ဓမ္မဒီပဥဆောင်းကျမ်း** ကမူ-

'သုဝဏ္ဏဘုမ္မိ ၅၇ မြို့နယ်ကား အရှေ့ကိုလားသော် မှိုင်းရုံးမြေနှင့် ကျောခိုင်း၊ တောင်ကိုလားသော် ယိုးဒယားမြေနှင့် ကျောခိုင်း၊ အနောက်ကိုလားသော် မိုးပြဲမြေနှင့် ကျောခိုင်း၊ မြောက်ကိုလားသော် မိုးနဲစော်ဘွားကိုထားမြေနှင့် ကျောခိုင်း၊ ၄င်းအတွင်း ၅၇ မြို့'ဟု သတ်မှတ်ပိုင်းခြားထားသည်။ ယင်းပြဆိုချက်သည် လက်ရှိ ဓင်းမယ်တစ်ဝိုက် တည်ရှိရာဒေသနှင့် ညီမျှပေ၏။

နိုင်ငံတကာ ပညာရှင်များ၏ မှတ်တမ်းများက အရှေ့တောင်အာရှဒေသ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်း အင်ဒိုချိုင်းနား ကျွန်းဆွယ်၊ ယိုးဒယား၊ မလေးနှင့် အင်ဒိုနီးရှားတစ်ဝိုက်ကို သုဝဏ္ဏဘူမိဒေသဖြစ်သည်ဟု အကျယ်အပြန့် ယူဆထားကြပြီး မြန်မာတို့က ယခု ယိုးဒယားပြည်မြောက်ပိုင်း ဓင်းမယ်တစ်ဝိုက်ကို သုဝဏ္ဏဘူမိ ၅၇ မြို့၏ တည်နေရာဒေသဟု ယူဆကြသည်။ မွန်တို့ကမူ စစ်တောင်းမြစ်ဝ အရက်သည်မ ကျေးရွာတစ်ဝိုက်ကို သုဝဏ္ဏဘူမိဒေသ၏ နေပြည်တော်ဖြစ်သည်ဟု မှတ်တမ်းပြုထားကြ၏။ ဤသို့ဖြင့် အယူအဆများမှာ မတူမျှကြချေ။

သို့သော် လက်ရှိ အရက်သည်မကျေးရွာ အပါအဝင် စစ်တောင်းမြစ်နှင့် အရှေ့ဘက် သံလွင်မြစ်အကြား ဒေသတွင် တစ်ချိန်တစ်ခါက မွန်ယဉ်ကျေးမှုများ ထွန်းကားသွားခဲ့ကြောင်းကိုကား ယင်းဒေသ တစ်ဝိုက်၌ ကျန်ရှိနေသေးသော မြို့ရိုးဟောင်းနေရာများကို ကောင်းကင်ရိုက် မြေတိုင်းဓာတ်ပုံများတွင် မြင်တွေ့နေကြရသေးသည်။ ဤမြို့ရိုးဟောင်းများသည် မည်မျှ ရှေးကျသနည်းဟု ဆန်းစစ်ကြရပေသည်။ ယင်းမြို့ဟောင်းများနှင့်အတူ ဘီးလင်းမြို့နယ် အလူးလေးရွာ ကျိုက်တဲဘုရားမှ ကျန်စစ်သားကျောက်စာလည်း ရှိပေသေးသည်။ ထို့ကြောင့် ယင်းမြို့များ ပုဂံခေတ်ထက် ရှေးကျ၏လောဟု စောကြောရန် လိုအပ်ပါသည်။

**အရှေ့တောင်အာရှဒေသ ဖြစ်ပေါ်လာမှု** ခေါ် စာအုပ်တွင် ပြင်သစ်ပညာရှိ ဂျေ့ာစေးဒေး တင်ပြထားသော မွန်တို့၏ ရှေးအကျဆုံး ရှေးဟောင်း အထောက်အထားနှင့် ကျောက်စာများသည် မွန်ပြည်နယ်တွင် မရှိ၊ ယိုးဒယားပြည် မဲနမ်မြစ်ဝှမ်းအောက်ပိုင်း လော့ဗူရီနှင့် ရာဇဗူရီအကြားတွင်သာ ရှိသည်။ မွန်တို့၏ အစောဆုံး ပရပထုံကျောက်စာနှင့် လော့ဗူရီကျောက်စာများရှိရာ အထက်ပါ ဒေသနှင့် ယခု အရက်သည်မကျေးရွာ တည်ရှိရာဒေသတို့၏ ဆက်နွယ်ပုံကို ကွင်းဆင်း တူးဖော်ကြည့်ခြင်းဖြင့် ရှာဖွေဖော်ထုတ်ရပေမည်။ ဤနည်းဖြင့် သုဝဏ္ဏတိုင်း၏ မြို့တော်ဟောင်း တည်နေရာအမှန်ကို ဖော်ထုတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ တစ်နည်းအားဖြင့် တိမ်မြုပ်နေသော သုဝဏ္ဏဘူမိတိုင်း မြို့တော်ဟောင်းနေရာကို ရှာဖွေရာမှတစ်ဆင့် ရှေးကျသော မွန်ယဉ်ကျေးမှု၏ လက္ခဏာအင်္ဂါများကို မကြာမီ ပြန်လည်ဖော်ထုတ်နိုင်တော့မည်ဟု မျှော်လင့်ရပေသတည်း။



# မလွန်မြို့မှ ရှေးဟောင်းကြေးထည်များ

ရှေးယခင် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းသည် စီးပွားရေးမဖွံ့ဖြိုးသော ဒေသဖြစ်ခဲ့၏။ ယခုမူ နိုင်ငံတော်အစိုးရ၏ စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများအရ သရက် ဘိလပ်မြေစက်ရုံ၊ ပုဂံတစ်ဖက်ကမ်း ကျွန်းချောင်း ဓာတ်မြေသြဇာစက်ရုံ၊ ချောက်မြို့တစ်ဖက်ကမ်း ဝါဒီစီမံကိန်းစက်ရုံ၊ ပထနဂိုရ်တစ်ဖက်ကမ်း မလွန်ဖွဲလယ်ထွန်စက်ထုတ်လုပ်ရေးစက်ရုံများ ဥဒဟိုပေါ်ပေါက်လာမှုကြောင့် ရှေးယခင်က စီးပွားရေးခေတ်နောက်ကျမှုများကို ကျော်လွှားကာ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းသည် တစ်နေ့တခြား တိုးတက်ဖွံ့ဖြိုးလာနေပေ၏။ ဧရာဝတီမြစ်ကူးတံတားများ ဆောက်လုပ်ပြီးစီးသွားသောအခါ မြစ်အနောက်ဘက်ခြမ်း၏ ဖွံ့ဖြိုးမှုနှုန်းထားမှာ အရှေ့ဘက်ခြမ်းနှင့် တန်းတူညီမျှလာရပေတော့မည်။

ဧရာဝတီမြစ်အနောက်ခြမ်း တိုးတက်ဖွံ့ဖြိုးမှုနှင့် ရှေးဟောင်းသုတေသန မည်သို့မည်ပုံ ဆက်စပ်သနည်းဟု မေးစရာရှိပေသည်။ ဖွံ့ဖြိုးဆဲ စက်မှုနိုင်ငံများတွင် စက်ရုံအလုပ်ရုံများ တည်ဆောက်ရာများမှ မြေကြီးကို တူးရင်းဆွရင်းဖြင့် ရှေးဟောင်းပစ္စည်းများ ပေါ်ပေါက်တွေ့ရှိတတ်ကြသည်။ ဤအတွေ့ အကြုံဖြစ်ရပ်မျိုးကို ယခု မလွန်မြို့ရှိ ဖွဲလယ်ထွန်စက်ထုတ်လုပ်ရေးစက်ရုံကြီး ပတ်ဝန်းကျင်၌လည်း တွေ့ကြုံလာရပြီ ဖြစ်ပေသည်။

**မြေညှိရှင်း**

ဖွဲလယ်ထွန်စက်ရုံနယ်မြေ အမျိုးသမီးလုပ်သားများ၏ အဆောင်အနောက်နားတွင် စက်ရုံလုပ်သားများ ကိုယ်လက်ကြံ့ခိုင်ရေးအတွက် တင်းနစ်ကစားကွင်းတစ်ခု ပြုလုပ်ရန် မြေညှိစက်ကြီးဖြင့် ညှိယူရင်းမှ ၃-၉-၇၂ နေ့ နံနက် ၈း၃၀ နာရီတွင် ရှေးဟောင်းကြေးဖလား၊ ကြေးခွက်၊ ကြေးပန်းကန်၊ ကြေးလင်ပန်း၊ ကြေးစွန်း၊ ကြွေပန်းကန်၊ စဉ့်ပန်းကန် အစရှိသော ရှေးဟောင်းပစ္စည်းများကို မမျှော်လင့်ဘဲ တူးဖော်တွေ့ရှိကြရသည်။ တူးဖော်တွေ့ရှိသူမှာ မလွန်မြို့ ဖွဲလယ်ထွန်စက်ထုတ်လုပ်ရေးစက်ရုံမှ တပ်သား ကိုထွန်းငွေဖြစ်၍ ကူညီတူးဖော်ပေးသူများတွင် စက်ရုံလုပ်သား မိုင်ခင်စိန်၊ မကြူကြူခင်နှင့် မမြင့်မြင့်လွင်တို့ ပါဝင်ကြ

သည်။ အထက်ပါ ရှေးဟောင်းပစ္စည်းများကို လက်ခံရရှိသောအခါ ရှေးဟောင်းသုတေသနဦးစီးဌာနက ရှေးဟောင်းပစ္စည်းများအပေါ် ချစ်ခင်မြတ်နိုးသည့် စိတ်ဓာတ်ကို ဂုဏ်ပြုချီးကျူးသည့်အနေဖြင့် သူတို့အား ကျပ် ၅၀၀ ပေးအပ်ချီးမြှင့်ခဲ့သည်။

## ကြေးထည်၊ စဥ္စထည်၊ ကြွေထည်

တူးဖော်တွေ့ရှိရသော အထက်ပါ ကြေးထည်၊ စဥ္စထည်၊ ပန်းကန်ခွက်ယောက်များကို လေ့လာကြည့်သောအခါ ယင်းတို့မှာ အနည်းဆုံး ကုန်းဘောင်ခေတ်ထက် နောက်မကျဘဲ အင်းဝခေတ်အထိ ရှေးကျနိုင်ကြောင်း လေ့လာတွေ့ရှိရပေသည်။ ဤပစ္စည်းမျိုးကို မုံရွာခရိုင်ဟောင်း၊ အရာတော်မြို့နယ် အတွင်းတွင်လည်းကောင်း၊ ပုဂံမြို့ပတ်ဝန်းကျင်တွင်လည်းကောင်း ရရှိခဲ့ဖူးပြီဖြစ်သည်။ အထူးသဖြင့် စစ်အတွင်းကာလတွင် မြန်မာစစ်သည်တော်များ သုံးစွဲခဲ့သော စားအိုးစားခွက်များ ဖြစ်ကောင်းစရာရှိ သည်ဟု မှတ်ယူထားရှိပေသည်။ ဤသို့ မှတ်ယူနိုင်အောင်လည်း မလွန်မြို့ အထက်ပါပစ္စည်းများတွေ့ ရှိရာနေရာသို့ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ကျွမ်းကျင်သူများကိုယ်တိုင် ယဉ်ကျေးမှုဗိမာန်နှင့် တပ်မတော်မော်ကွန်းတိုက်မှ ပုဂ္ဂိုလ်များနှင့်အတူ ခရီးထွက်ခွာ တူးဖော်လေ့လာပြီးမှ ကောက်ချက်ချကြခြင်းဖြစ်သည်။ တူးဖော်မှုအဖွဲ့က တူးဖော်ကြရာတွင် ကြေးထည်မြေထည်များ ထပ်မံမရရှိကြချေ။ သို့သော် ခေတ္တစခန်းချ ချက်ပြုတ် စားသောက်သွားကြသည့် အထောက်အထား မီးသွေးများနှင့် မီးဖိုထားသဖြင့် လောင်ကျွမ်းနေသည့် မြေအနေအထားများ၊ ကြေးအိုး၊ ကြေးခွက်၊ မြေထည်ပစ္စည်းများမြုပ်နှံသွားကြောင်း သိရသည့်အထောက်အထားများကို တွေ့ရှိခဲ့ကြသည်။

မြေလွှာကို တူးဖော်ရာမှ တွေ့ရှိခဲ့ရသော အထောက်အထား၊ အချက်အလက်များကို သမိုင်းဖြစ်ရပ်များနှင့် ထင်ဟပ်ကြည့်သောအခါ မလွန်မြို့ တည်နေရာသည် အထက်မင်းလှခံတပ် တည်ရှိရာ မင်းလှမြို့နှင့် လေးမိုင်သာကွာလှမ်းသည်။ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး နယ်ချဲ့အင်္ဂလိပ်တပ်များ အတင်းအဓမ္မ သိမ်းယူခဲ့ခြင်းခံရသော အောက်မြန်မာနိုင်ငံ၏ မြောက်ဘက်နယ်နိမိတ်နှင့်လည်း မကွာဝေးလှ။ တိုက်ပွဲများ အကြိမ်ကြိမ်ဖြစ်ပွားရာ နေရာဒေသလည်း ဖြစ်ပေသည်။ အထူးသဖြင့် တတိယအကြိမ် ၁၈၈၅ ခုနှစ်တွင် ဆင်နွှဲခဲ့ရသော အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် ချီတက်လာသည့် အင်္ဂလိပ်ရေကြောင်းချီ တပ်ဖွဲ့များသည် မလွန်တွင် ကမ်းကပ်ကာ မင်းလှခံတပ်ကို နောက်ကျောမှ ချီတက်တိုက်ခိုက်ခဲ့ကြ၏။ ထို့ကြောင့် ထိုစစ်ပွဲအတွင်း၌ဖြစ်စေ၊ ထို့ထက်စောသော စစ်ပွဲ၌ဖြစ်စေ



မလွန်မြို့တွင် တွေ့ရသည့် ကြေးထည်ပစ္စည်းများသည် ပတ်သက်စပ်ဆိုင်နိုင်လိမ့်မည်ဟု ယုံကြည်ယူဆရပေသည်။

## ပစ္စည်းများမှ သဲလွန်စ

တွေ့ရသမျှ ရှေးဟောင်း ကြေးထည်၊ မြေထည်ပစ္စည်းများကို ဆန်းစစ်ကြည့်သောအခါ ကြေးခွက် အရွယ်အစား ကိုးခု၊ ကြေးရေခွက်တစ်ခု၊ ကြေးပန်းကန်တစ်ခု၊ ကြေးရေချိုင့်တစ်ခု၊ ကြေးကလပ်တစ်ခု၊ ကြေးလင်ပန်းနှစ်ခု၊ မြေပန်းကန်တစ်ခု၊ ကြွေပန်းကန်ပဲ့ ရှစ်ခု၊ မြေအိုးအပဲ့တစ် စသည်တို့ ဖြစ်ကြသည်။ တွေ့ရသမျှ ရှေးဟောင်းကြေးထည်ပစ္စည်းကို ဓာတုဗေဒနည်းများဖြင့် ဓာတ်ခွဲစမ်းသပ် ကြည့်ရှုခြင်း မပြုရသေးသော်လည်း ကြေးနီများဖြင့် ပြုလုပ်ထားလိမ့်မည်ဟု အကြမ်းဖျင်း ခန့်မှန်းထားပါသည်။

ကြွေထည်ပစ္စည်းများတွင် ပန်းကန်လုံးတစ်လုံး၏ အတွင်းဘက်၌ တရုတ်စာလုံးတစ်လုံး ရေးသားထားသည်ကို တွေ့ရသည်။ ယင်းကို ကျွမ်းကျင်သူများ အကူအညီဖြင့် ဖတ်ရှုလေ့လာကြည့်သောအခါ လက်ရေးလက်သားအရ တရုတ်သမိုင်း မင်မင်းဆက် ခရစ်နှစ် ၁၇ ရာစုထက် နောက်မကျသော အရေးအသားဖြစ်ကြောင်း တွေ့ရှိရသည်။ ရေးသားထားသော အက္ခရာ၏ အသံထွက်မှာ 'ဖု' ဟူ၍ ဖြစ်ပြီး အနက်အဓိပ္ပာယ်အားဖြင့် 'ပျော်ရွှင်ချမ်းမြေ့မှု၊ လက်ကောင်း၊ ကြီးပွားချမ်းသာမှု' ဟူ၍ ရရှိကြောင်း သိရသည်။ ယခုတွေ့ရှိရသော ဤတစ်ခုတည်းသာ တရုတ်သမိုင်းဆိုင်ရာ အထောက်အထားအရ မလွန်မြို့သည် အင်းဝခေတ် ကောင်းစားစဉ်ကပင် ထွန်းကားစည်ပင်နေခဲ့ကြောင်း သွယ်ဝိုက်ပြဆိုလျက် ရှိနေပေ၏။

## မလွန်ဘယ်ကစ

ထို့ကြောင့် အထက်ပါ အထောက်အထားများကို ကျယ်ကျယ်ပြန့်ပြန့် အကဲခတ် လေ့လာနိုင်ရန် မလွန်မြို့ ဖြတ်သန်းခဲ့ရသော သမိုင်းလမ်းကြောင်းကို ပြန်ပြောင်းသုံးသပ်သောအခါ မလွန်မြို့သည် သာသနာသက္ကရာဇ် ၄၈၅ ခု၊ သရေခေတ္တရာနန်းဆက် တေပါးမင်းလက်ထက်ကပင် တည်ထားခဲ့သည်ဟု ရပ်ရွာလူကြီးသူမများက အမှတ်အသားပြုခဲ့ကြသည်။ သို့သော် လက်တွေ့ကွင်းဆင်း လေ့လာရာတွင် သရေခေတ္တရာခေတ်အထိ ရှေးကျသည်ဟု ဆိုနိုင်ဖွယ်ရာ ရှေးဟောင်းအထောက်အထားများကို မတွေ့ရှိရချေ။ **မင်းလှမြို့နယ်**

ဖြစ်စဉ် မှတ်တမ်းတွင် ပုဂံခေတ် စောလူးမင်းလက်ထက် မြန်မာသက္ကရာဇ် ၄၂၅ ခုနှစ်တွင် မလွန်မြို့ကို တံခါးငါးမျက်နှာပြုလုပ်၍ ထပ်မံ တည်ထားသည်ဟု ဖော်ပြထားသည်။ ဤအချက်ကို ထောက်ကူနိုင်စရာ မြေမြို့ရိုး အကြွင်းအကျန်များ၌ အုတ်တစ်ချပ်တလေမျှ မတွေ့ရှိခဲ့ရချေ။ သို့သော် ပုဂံခေတ် နောက်ပိုင်းလက်ရာ သစ်သားဆင်းတု သုံးဆူကို ရွှေစစ်ခုံ(ရွှေစည်းခုံ)ဘုရား ပတ်ဝန်းကျင်တွင် တွေ့ရှိ လှူလာခဲ့ရပေသည်။

နိုင်လုံတိကျသော သမိုင်းအထောက်အထားများတွင် ရွှေစစ်ခုံဘုရားနှင့် မြသပိတ်ဘုရား နှစ်ဆူတို့ ပါဝင်ကြ၏။ ရွှေစစ်ခုံဘုရားမှာ ဗိသုကာပုံစံသဘောအရ အောက်ခံ လေးထောင့်ဖိနပ်တော်မှ အဝိုင်းဘက်သို့ တဖြည်းဖြည်း ကူးပြောင်းသွားကာ ခေါင်းလောင်းပုံ ငှက်ပျောဖူး စသည့်အင်္ဂါရပ်များ ထည့်သွင်း တည်ဆောက်ထားသည့်အပြင် လွန်စွာအချိုးကျ ပြေပြစ်သပ်ရပ်ကြောင်း တွေ့ရှိရသည်။ အလားတူပုံစံမျိုးကို ပုဂံမြို့ မင်္ဂလာစေတီတွင် တွေ့ရှိရ၏။ မြသပိတ်ဘုရားမှာမူ ရွှေစစ်ခုံဘုရားနှင့်မတူဘဲ တစ်မူထူးခြားကာ အောက်ခြေမှစ၍ ဝန်းဝိုင်းရှူးတက်သွား၍ ခေါင်းလောင်းပုံ၏ အထက်ကို မြသပိတ်သဏ္ဌာန် ပြုလုပ်ထားသည်။ အလားတူပုံစံမျိုးကို တောင်တွင်းကြီးမြို့ ရွှေအင်းတောင်ဘုရားတွင် လည်းကောင်း၊ ညောင်ဦးမြို့ ဆပဒစေတီတွင်လည်းကောင်း တွေ့ရှိဖူးမျှော်နိုင်ပေသည်။ ရွှေစစ်ခုံနှင့် မြသပိတ်ဘုရားတို့တွင် တိုင်းတာတွေ့ရှိရသော အုတ်အတိုင်းအတာများမှာ ပုဂံခေတ်ဘုရားများတွင် တိုင်းတာတွေ့ရှိရသော အုတ်အရွယ်အစားများထက် သေးငယ်နေကြသည်ကို တွေ့ရှိရပေသည်။ အထက်ပါ ဗိသုကာဆိုင်ရာ အချက်များကို ထောက်ထားသော် မလွန်မြို့ရှိ ရွှေစစ်ခုံနှင့် မြသပိတ်ဘုရားတို့မှာ အင်းဝခေတ်ထက်စော၍ တည်ထားခဲ့ဟန်မတူကြောင်း ယူဆနိုင်ဖွယ်ရာရှိသည်။

## အင်းဝခေတ် မလွန်

ဤအယူအဆကို မလွန်မြို့တွင် ရှေးဟောင်းသုတေသနဦးစီးဌာနက ဆောက်လုပ်ထားသော ကျောက်စာရုံအတွင်းရှိ မြန်မာသက္ကရာဇ် ၇၀၀ နှင့် ညီမျှသော သာသနာသက္ကရာဇ် ၁၉၈၂ ခုနှစ်ရက်စွဲပါ တောင်တွင်းမင်း မင်းရဲသင်္ဃယာ၏ ဘုရားတည်၊ ကျောင်းဆောက်၊ သံပုတ်ဝတ်လှူသောအကြောင်း ရေးထိုးထားသည့်ကျောက်စာက ထောက်ကူသမှုပြုနေပေသည်။ ဤကျောက်စာ၏ မျက်နှာဘက်ကြောင်း ရေ ၉၊ ၁၀ တွင် -

'ပဲကူမင်းကြီးနှင့် ဘုရားရှင်မင်းတြဲ၂နှင်၊ ပြည်မည်သအရပ်ဝဲ၊ စစ်မက်တွေကြရယ်'ဟူ၍လည်းကောင်း၊ ယင်းကျောက်စာကြောင်းရေ ၁၂ တွင်-




'မလွန်မည်သ အရပ်နိုက်၊ ရတ္တနာစာတီတွင်၊ ဝါလည်ဆိုဝ်တိမူခဲသောခါလျှင်' ဟူ၍လည်းကောင်း ရေးထိုးပါရှိပေသည်။ ဤသည်တို့ကိုထောက်လျှင် အင်းဝခေတ် မွန်-မြန်မာစစ်ပွဲအကြောင်း တစေ့တစောင်းနှင့် မလွန် ပတ်ဝန်းကျင်တွင် ထိုစဉ်က စေတီပုထိုးများ တည်ထားခဲ့ကြောင်း တွေ့မြင်သိရှိရပေသည်။

ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ အင်္ဂလိပ်-မြန်မာ စစ်ပွဲများ၏ စစ်မြေပြင်ဖြစ်ခဲ့ရုံမျှမက ဘိုးတော်ဘုရားလက်ထက်အခါကလည်း သံဃာတော်များအတွင်း အတင်ဂိုဏ်း၊ အရုံဂိုဏ်းကွဲကြသည့် ပြဿနာများကို လုံးဝဖြေရှင်းပေးနိုင်ခဲ့၍ အရုံဂိုဏ်းသံဃာတော်များ မလွန်မြို့တွင် သာသနာပြုခဲ့ကြကြောင်း အထောက်အထားကိုလည်း အခြားကျောက်စာတစ်ချပ်ဖြင့် မှတ်တမ်းတင်ထားပေသေးသည်။ ထို့ကြောင့် မလွန်တွင်တွေ့ရသော ရှေးဟောင်းကြေးထည်၊ မြေထည်ပစ္စည်းများကို သမိုင်းဖြစ်ရပ်များနှင့် ကင်းကွာလေ့လာ၍မရ၊ သမိုင်းဖြစ်ရပ်မှန်များနှင့် ထင်ဟပ်လေ့လာမှသာ မည်မျှအထိ တန်ဖိုးရှိကြောင်း တွေ့ရှိရမည်ဖြစ်ပေသည်။



ပုံ ၁၁။ (က) မလွန်မြို့တွင် တွေ့ရသော ပုဂံခေတ်လက်ရာ သစ်သားဆင်းတု



ပုံ ၁၁။ (ခ) မလွန်မြို့မှ ရှေးဟောင်းကြေးထည်များ



## အခန်း ၉

# ရှေးဟောင်းပြတိုက်

# ပုဂံမြို့ရှေးဟောင်းသုတေသနပြတိုက်

## ပြတိုက်ဖြစ်ပေါ်လာပုံ

ပုဂံမြို့ အာနန္ဒာဘုရားကြီး မြောက်ဘက်စောင်းတန်းနှင့်ကပ်လျက် တည်ဆောက်ထားသော ရှေးဟောင်းသုတေသနပြတိုက် အဝင်ဝအဆောင်၏ အထက်မျက်နှာစာတွင် 'ပုဂံပြတိုက် ၁၉၀၄'ခုဟု ကမ္ပည်းထိုးထားကြောင်း တွေ့ရှိနိုင်သည်။ ဤကမ္ပည်းစာ၏ ဆိုလိုရင်းမှာ ၁၉၀၄ ခုနှစ်က ပုဂံပြတိုက်ကို တည်ဆောက်ဖွင့်လှစ်ကြောင်း ပြဆိုလိုရင်းဖြစ်သော်လည်း အမှန်အားဖြင့် ပြတိုက်ဖြစ်ပေါ်ရန် အရေးအခင်းများမှာမူကား ၁၈၉၁ ခုနှစ်လောက်ကတည်းကပင် ဖြစ်ပွားခဲ့ကြောင်း လေ့လာတွေ့ရှိရ သည်။ အဆိုပါ ၁၈၉၁ ခုနှစ်တွင် ဂျာမန်လူမျိုး ဒေါက်တာ ဖရစ်ဇ်ဗွန်နိုဝက်တလင်း (Fritz von Noctt ling) ဆိုသူသည် ပုဂံမြို့သို့ ရောက်ရှိလာကာ ဘုရားပုထိုးများမှ ရှေးဟောင်းပစ္စည်းအမျိုးမျိုးတို့ကို ချိုးဖဲ့ယူငင်သွားခဲ့ဖူး၏။ အလားတူပင် ၁၈၉၉ ခုနှစ်တွင်လည်း ထောမန်း (Thomann) ဆိုသူ ဂျာမန်တစ်ဦးရောက်ရှိလာပြီး ပုဂံမှ ရှေးဟောင်းပစ္စည်းများကို မိမိသဘောဆန္ဒအလျောက် ချိုးဖဲ့ယူငင်သွားပြန်သည်။ ပထမအကြိမ်တွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် အရေးမယူနိုင်ခဲ့သော်လည်း ဒုတိယအကြိမ်တွင်မူကား ပုဂံမြို့ နယ်ပိုင်ဝန်ထောက် ဦးတင်(မြန်မာပညာရှိ)နှင့် ဖွားစောရှာသူကြီး ဦးထွန်းဦးတို့၏ တိုင်တန်းချက်များအရ အစိုးရက အရေးယူခဲ့ပေရာ ရှေးဟောင်းပစ္စည်းအချို့ကို ပြန်လည်ရရှိခဲ့သည်။ အဆိုပါ ပြန်လည်ရရှိခဲ့သော ပစ္စည်းများကို နေရာတကျ ပြန်လည်ထားရှိရန် မဖြစ်သဖြင့် သိမ်းဆည်း သိုမှီးထားရမည်ဖြစ်ရာ ယင်းသို့ သိုမှီးထားရှိရန်လည်း ပြတိုက်အဆောက်အဦမရှိသောကြောင့် လက်ရှိပြတိုက်ကို တည်ဆောက်ခဲ့ရပေသည်။

အထက်ပါ ရှေးဟောင်းပစ္စည်းများ ထားဖို့ရန် ရည်ရွယ်၍ ပြတိုက်အဆောက်အဦတစ်ခု တည်ဆောက်ရန် ဆိုင်ရာများက ကြိုးစည်ကြိုးပန်းခဲ့ကြစေကာမူ တည်ဆောက်ခွင့်အမိန့်ကို ၁၉၀၁ ခုနှစ် ဒီဇင်ဘာလတွင်မှ သက်ဆိုင်ရာ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ကာဇင် (Lord Curzon) ကချမှတ်ခဲ့ပေသည်။

အထက်ပါ ရှေးဟောင်းပစ္စည်းများ သိုမှီးထားရှိရန်မှုမက ပုဂံမြို့ကြီးမှာ

ခရစ်သက္ကရာဇ် ၁၀၈ ခုနှစ်မှ ၁၂၈၄ ခုနှစ်တိုင်အောင် နှစ်ပေါင်း ၁၀၀၀ ကျော်ခန့် အခွန့်ရှည်ကြာစွာ မင်းနေပြည်ကြီးဖြစ်ခဲ့၍ သာသနာပြုပုဂ္ဂိုလ်အပေါင်းတို့အား ခရီးဦးကြိုဆိုရာနှင့် တိဗက်၊ နီပေါလ်၊ သီဟိုဠ်၊ သထုံ စသည့် ဒေသများမှ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူများ၏ ဘာသာရေးခိုလှုံရာ ဒေသဖြစ်ခဲ့သည့် အပြင် ပုဂံမြို့ရှိ ဘုရားပုထိုး၊ ဂူလိုဏ်အမျိုးမျိုးတို့မှာလည်း အိန္ဒိယနိုင်ငံရှိ အလားတူ အဆောက်အဦများ၏ ဗိသုကာလက်ရာကို ထင်ဟပ်ပြသနေသောကြောင့် ပုဂံတွင် ရှေးဟောင်းသုတေသနပြတိုက်တစ်ခု တည်ထားရန် လိုနေကြောင်း သိရှိရပေသည်။

သို့နှင့် ၁၉၀၄ ခုနှစ်သို့ ရောက်လာသောအခါ ပုဂံမြို့ အာနန္ဒာဂူပုထိုးကြီး အနီးတွင် ကနဦးက ခန့်မှန်းခြေ ငွေပေါင်း ကျပ် ၁၃၀၀၀ ခန့် အကုန်အကျခံ၍ အတော်ကြီးမားသော ပြတိုက်အဆောက်အဦတစ်ခု ဆောက်လုပ်ရန် ရည်ရွယ်ခဲ့သော်လည်း အစိုးရ၏ ချွေတာသုံးစွဲရေးမူအရ ငွေကျပ် ၇၈၀၀ ခန့်ကိုသာ အမှန်တကယ် အကုန်အကျခံပြီး လက်ရှိပြတိုက်ကို ဆောက်လုပ်နိုင်ခဲ့ပေသည်။ ထို့ကြောင့် အုတ်ဖြင့်ပြီး၍ တောင်ဘက် မြောက်ဘက်အခန်း နှစ်ခန်းပါရှိသော တစ်ထပ်တိုက် ပုဂံပြတိုက်ကို ဆောက်လုပ်ခဲ့ရာ နှစ်ကုန်လုနီးသောအခါ ဆောက်လုပ်ပြီးစီးသွားလေသည်။ ယင်းသို့ ပုဂံပြတိုက် တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ထိုစဉ်က အိန္ဒိယအစိုးရ၏ မူဝါဒမှာ အောက်ပါအတိုင်းဖြစ်ကြောင်း တွေ့ရှိရပေသည်။

"အိန္ဒိယအစိုးရ၏ ဝါဒမှာ သေးငယ်၍ ပြောင်းရွှေ့နိုင်သော ရှေးဟောင်း ပစ္စည်းများကို ယင်းတို့အား တွေ့ရှိခဲ့ရာ ရှေးဟောင်းအဆောက်အဦ အကြွင်းအကျန် များနှင့် ဆက်စပ်လေ့လာခြင်းဖြင့် ရှိရင်းစွဲ သဘာဝပတ်ဝန်းကျင်၌ လေ့လာနိုင်၍ အခြားတစ်နေရာသို့ ယူဆောင်လေ့လာသဖြင့် မူလပတ်ဝန်းကျင်နှင့် ကင်းကွာခြင်း မဖြစ်စေရန်ပင်တည်း"ဟူ၍ ဖြစ်သည်။ အမှန်အားဖြင့် အထက်ပါရည်ရွယ်ချက် အတိုင်း လောလောဆယ် လိုအပ်နေသော လိုအပ်ချက်များနှင့်အညီ တည်ဆောက် ခဲ့ရသဖြင့် ပုဂံပြတိုက်မှာ များစွာ ကြီးမား ထည်ဝါလှခြင်းမရှိခဲ့ချေ။ စုစုပေါင်း ပစ္စည်းထားသိုနိုင်သော အလျား ၃၉ ပေခွဲ၊ အနံပေ ၂၀ နှင့် အလျားပေ ၂၀ ခွဲ၊ အနံပေ ၁၉ သာရှိသော အခန်းနှစ်ခန်းပါရှိသည့် ပြတိုက်ငယ်ကလေးပင်ဖြစ်ကြောင်း ရောက်ဖူးသူတိုင်း တွေ့မြင်ရသည်။

ယင်းအခန်း နှစ်ခန်းအနက် ပေ ၂၀ ခွဲနှင့်၊ ၁၉ ပေရှိ အခန်းမှာ တောင်ဘက် ကပ်လျက်အခန်းဖြစ်၍ ပြတိုက်ရှုပရိသတ်အား ပြသရန်အခန်းမဟုတ်ဘဲ ပစ္စည်း သိုလှောင်ခန်းအဖြစ် ယနေ့ထက်တိုင် အသုံးပြုလျက်ပင်ရှိသည်။ ဤအခြေအနေ အတိုင်း ကျဉ်းမြောင်းလှစွာ တည်ရှိခဲ့သော ပုဂံပြတိုက်မှာ တစ်နှစ်ထက်တစ်နှစ်



အသစ်စုဆောင်းရရှိခဲ့သော ရှေးဟောင်းပစ္စည်းများ ထားသိုရန်နေရာလပ် မကျန်အောင် ဖြစ်ခဲ့သဖြင့် ၁၉၁၈ ခုနှစ် အိန္ဒိယနိုင်ငံဆိုင်ရာ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်ချုပ် မြန်မာနိုင်ငံသို့ ရောက်ရှိလာသောအခါ ပုဂံပြတိုက်အား တိုးချဲ့ရန် အကြံပေးသွားခဲ့ဖူးလေသည်။ သို့ဖြင့် ပြတိုက်အဆောက်အဦ တိုးချဲ့ ဆောက်လုပ်ရန် ခန့်မှန်းခြေ ငွေပေါင်း ကျပ် ၂၄၄၅၉ ကို အသုံးပြုရန် တင်ပြခဲ့သော်လည်း ဌာနဆိုင်ရာ ၁၉၂၆-၂၇ ခုနှစ် ဘတ်ဂျက်တွင် ငွေပေါင်း ကျပ် ၆၅၉၂ ကျပ်သာ ခွင့်ပြုခဲ့၏။ သို့သော် ပြတိုက်မှာ ယနေ့ထက်တိုင် မူလဆောက်လုပ်ခဲ့စဉ်က အတိုင်းနီးပါးပင် ရှိခဲ့ပေသည်။ ချွင်းချက်အနေနှင့်ကား ပြတိုက်ဝင်းအတွင်း ကျောက်ရုပ်ပွားတော်များ၊ ထားရှိရန် သစ်သားအဆောင်နှင့် ကျောက်စာရုံများကို မူလပြတိုက် အဆောက်အဦ မနီးမဝေးတို့၌ ဆောက်လုပ်ထား ရှိခဲ့ကြောင်း တွေ့ရခြင်းပင်ဖြစ်ပေသည်။ သို့သော် မူလပြတိုက်၏ လက်ဝဲနှင့် လက်ျာဘက်များ၌ သီးခြား တိုးချဲ့ဆောက်လုပ်ထားခြင်းဖြစ်သဖြင့် ပြတိုက်အား ကွယ်ဝှက်ခြင်းမရှိချေ။

## ရှေးဟောင်းပစ္စည်းများ စုဆောင်းထားရှိခြင်း

ပြတိုက်များ၏ အဓိကအရေးအကြီးဆုံးသော တာဝန်သည် ရှေးဟောင်းပစ္စည်း များကို စုဆောင်းလျက် နောင်လာနောက်သားတို့အား ပြသပညာပေးရန်ပင် ဖြစ်သည်။ ယင်းတာဝန်တွင် ပုဂံရှေးဟောင်းပြတိုက်သည် စုဆောင်းမှုဘက်၌ ကျေပွန်ခဲ့ကြောင်း တွေ့ရ၏။ ၁၉၀၄ ခုနှစ်လောက်ကပင် ရှေးဟောင်း စာရေး ဦးဖေကို ပုဂံ၌ တာဝန်ချထားခိုက် ၎င်း၏ လုံ့လဥဿဟဖြင့် ရှေးဟောင်းဝတ္ထု ပစ္စည်းပေါင်း ၁၁၀၉ ခုကို စုဆောင်းရရှိခဲ့ပေသည်။ ယင်းတို့အနက် ၃၂ ခုမှာ သတ္တုဖြင့်ပြီး၍ ၇၄ ခုမှာ ကျောက်ဖြင့်သာပြီးကာ ၂၅ ခုမှာသစ်သားဖြင့်ပြီး၍ ကျန်အရေအတွက်မှာ မြေဖြင့်ပြီးသော ပစ္စည်းပေါင်း ၉၀၀ နှင့် စဉ့်သုတ်မြေဖြင့် ပြီးသော ပစ္စည်းပေါင်း ၇၈ ခုတို့ပင် ဖြစ်သည်။ ဤကဲ့သို့ စုဆောင်းခဲ့ကြသော ဦးဖေကို ထိုအခါက မြန်မာပြည်သို့ရောက်ရှိနေသော အိန္ဒိယပြည်ဆိုင်ရာ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်ချုပ်ကပင် ထောပနာပြုခဲ့ရပေသည်။ ဦးဖေသည် ဤမျှမက ရွှေစည်းခုံ၊ အာနန္ဒာ၊ ဓမ္မရာဇိကနှင့် မင်္ဂလာစေတီဘုရားတို့မှ စုဆောင်းထားရှိခဲ့သော စဉ့်သုတ် မီးဖုတ်အုတ်ချပ်များပေါ်ရှိ ဇာတ်တော်ရုပ်ကြွ များမှ ရှေးဟောင်းကမ္ပည်းစာပေများကို အက္ခရာပြန်ဆိုခြင်း၊ ရွှေစည်းခုံ၊ မနုဟာ၊ အာနန္ဒာ၊ ရွှေဂူကြီး၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ဓမ္မရာဇိကနှင့် မင်္ဂလာစေတီတို့အကြောင်း ဘုရားသမိုင်းများကိုလည်း စုဆောင်း ပြုစုခဲ့ပေသေးသည်။

သို့ဖြင့် ပုဂံပြည် ပြတိုက်တွင် တဖြည်းဖြည်း စုဆောင်းသိုမှီးခဲ့သော ရှေးဟောင်းပစ္စည်းများမှာ ထားစရာနေရာပင် မကျန်လောက်အောင် များပြားပြည့်ကျပ်ခဲ့ရကာ နောက်ဆုံး ၁၉၆၁ ခုနှစ် ပြတိုက်အသစ် ဆောက်လုပ်ရန် ရည်ရွယ်စီစဉ်သောအခါ ပြတိုက်သစ်၌ ခင်းကျင်းပြသရန် စာရင်းကောက်ယူရာတွင် ပစ္စည်းအမျိုးမျိုး စုစုပေါင်း ၂၃၁၁ ခုရှိကြောင်း သိရပေသည်။

ယင်းတို့ကို ယခင် ဒုတိယကမ္ဘာစစ် မဖြစ်မီက (၁) ရွှေထည်ပစ္စည်း၊ (၂) ငွေထည်ပစ္စည်းများ၊ (၃) သတ္တုဖြင့်ပြီးသော ပစ္စည်းများ၊ (၄) မြေဖြင့်ပြီးသော ပစ္စည်းများ၊ (၅) ကျောက်ဖြင့်ပြီးသော ပစ္စည်းများ၊ (၆) သစ်သားဖြင့်ပြီးသော ပစ္စည်းများဟူ၍ အမျိုးအမည်ခွဲခြားထားရှိခဲ့သော်လည်း စစ်ဖြစ်လာသောအခါ ကာကွယ်ရန်အတွက် သိမ်းဆည်းသင့်သော အရာဝတ္ထုများကို ၁၉၄၂ ခုနှစ်၊ မတ်လလောက်က ပုဂံပြတိုက်အတွင်း မြေမြှုပ်သိမ်းဆည်းထားခဲ့ခြင်း၊ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီး၊ ပုဂံသို့ ကြွရောက်စဉ် အထက်ပါ မြှုပ်နှံထားသော ပစ္စည်းများကို တူးဖော် ယူငင်လိုက်သော်လည်း အချို့ပစ္စည်းများကို မန္တလေးမြို့ရှိ ညွှန်ကြားရေးဝန် ရုံးစိုက်ရာသို့ လှေလာရန် ယူဆောင်ရခြင်း၊ နောင်တွင်လည်း ရွှေတိဂုံဘုရားအနောက်ဘက်မုခ် ပြပွဲတွင် ပြသရာ၌ ရန်ကုန်သို့ယူဆောင်ရခြင်း စသော အရေးအခင်းများကြောင့် ပစ္စည်းများစွာတို့၏ မျိုးခွဲနံပါတ်များမှာ ပျက်ပြယ် ပျောက်ဆုံးကုန်ကြရပြီး ဖြစ်ပေသည်။ ထို့ကြောင့် မည်သည့်ပစ္စည်းကို မည်သို့ရရှိခဲ့သည်ဟု သိရှိနိုင်ရန်အတွက် ခက်ခဲလျက်ရှိသည်။

ပုဂံပြတိုက်တွင် သိုမှီးထားရှိခဲ့သော ရှေးဟောင်းပစ္စည်းများအနက် ယင်းတို့ကို မျိုးခွဲခြင်း၊ နံပါတ်ရေးထိုးခြင်းလုပ်ငန်းများအပြင် အညွှန်းစာအုပ် တစ်အုပ် ပြုစုခဲ့သည့် အကြောင်းကိုလည်း မဖော်ပြလျှင် ပုဂံပြတိုက်အကြောင်း ပြည့်စုံမည် မထင်ချေ။ ဦးဖေ စုဆောင်းခဲ့သောပစ္စည်းများနှင့်ပတ်သက်၍ ၁၉၀၅ ခုနှစ်အတွင်း သက်ဆိုင်ရာ သုတေသနဝန်ဖြစ်ခဲ့သူ မစ္စတာ တော်စိန်ခို ပြုစုခဲ့သဖြင့် အညွှန်းစာအုပ်တစ်အုပ် ပေါ်ထွက်ခဲ့ဖူးသည်။ အဆိုပါစာအုပ်၏ အမည်အပြည့်အစုံမှာ **Catalogue of Exhibits in Pagan and Mandalay Museums, 1906** ပင် ဖြစ်သည်။ ၎င်းစာအုပ်သည် အိန္ဒိယပြတိုက်များအကြောင်း စာအုပ်ထွက်ပေါ်သည့် ၁၉၃၆ ခုနှစ်လောက်ကပင် ဝယ်မရနိုင်လောက်အောင် ရှားပါးခဲ့သည့် စာအုပ်တစ်အုပ်ဖြစ်လေသည်။ ၁၉၆၀ ခုနှစ်လောက်က ထိုစာအုပ်ကို မန္တလေးမြို့ရှိ ရှေးဟောင်းသုတေသနဌာနစု စာကြည့်တိုက်တွင် တစ်ခါတွေ့ဖူးပါသည်။ ရှေးဟောင်းပစ္စည်းများအကြောင်း ရေးသားထားသော်လည်း ပြည့်ပြည့်စုံစုံ မဟုတ်ကြောင်း တွေ့ရှိခဲ့ရပါသည်။



ယင်းသို့ မပြည့်စုံသော စာအုပ်ဖြစ်သောကြောင့်တစ်ကြောင်း၊ နောက်ထပ် ရောက်ရှိလာသော ရှေးဟောင်းပစ္စည်းများအကြောင်းတို့ကိုပါ ထည့်သွင်းရန် ရည်ရွယ်ထားသောကြောင့်တစ်ကြောင်း၊ အဆိုပါစာအုပ်ကို စနစ်တကျသရုပ်ပြ အညွှန်းစာအုပ်ဖြစ်စေရန်အတွက် ထပ်မံပြုစုရန် ၁၉၁၅-၁၆ ခုနှစ်လောက်ကတည်းကပင် အစီအစဉ်ချထား ဆောင်ရွက်ခဲ့ကြောင်း လှေလာတွေ့ရှိရပေသည်။ ယင်းစီစဉ်ချက်နှင့်အညီ ရှေးဟောင်းသုတေသနပညာသင်အဖြစ် ဌာနသို့ ရောက်ရှိ လှေလာနေခဲ့သော ဝိဇ္ဇာဘွဲ့ရ ဦးလှအား အဆိုပါလုပ်ငန်းကို ဆောင်ရွက်ရန် တာဝန်ချထားပေးခဲ့ရာ ၁၉၁၇-၁၈ ခုနှစ်အတွက် အစီရင်ခံသော အခါစက်တင် ပုံနှိပ်ရန်ပင် ပြင်ဆင်နိုင်ခဲ့ကြောင်း သိရှိရသည်။ သို့သော် ၁၉၁၈ ခုနှစ်၊ အိန္ဒိယ ရှေးဟောင်းသုတေသနညွှန်ကြားရေး ဝန်ချုပ်၏ အကြံပေးချက်အရ ပုဂံပြတိုက်ကို တိုးချဲ့ဆောက်လုပ်ရန် အစီအစဉ်များ ပြုလုပ်သောအခါ အသစ်ဆောက်လုပ်ပြီးသော ပြတိုက်နှင့် လျော်ညီအောင် ခင်းကျင်းပြသရမည်ဖြစ်သဖြင့် ရှိရင်းစွဲပစ္စည်းများ အကြောင်း အညွှန်းစာအုပ်ကို ကြိုတင်မထုတ်သာတော့ဘဲ ပြတိုက်ဆောက်လုပ်ပြီးစီးသည့်အထိ ရွှေ့ဆိုင်း ငံ့လင့်ထားလိုက်ရပေသည်။ ယင်းသည့်နောက် အဆိုပါ စာအုပ်ကို ထပ်မံတိုးချဲ့ပြုစုရန် ကြံရွယ်ချက် ဆက်လက်မတွေ့ရှိရတော့ချေ။

## ပြတိုက်အုပ်ချုပ်ပုံနှင့် ပြတိုက်အမှုထမ်းများ

ပုဂံရှေးဟောင်းသုတေသနပြတိုက် အုပ်ချုပ်ပုံနှင့် စပ်လျဉ်း၍ အထူးတလည် ရေးသားရန်မရှိချေ။ ပြတိုက် စတင်ဖွင့်လှစ်သည်မှစ၍ ရှေးဟောင်းသုတေသနဝန် (နောင် ညွှန်ကြားရေးဝန်) ကပင် ပြတိုက်မှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ရံဖန်ရံခါ သုတေသနဝန်၏ အမှုထမ်းများ ပုဂံသို့ ရောက်ရှိကြလျှင် ပြတိုက်အတွက် ဆောင်ရွက်ဖွယ်တို့ကို ဆောင်ရွက်လှေရှိကြသည်။ သို့သော် ရှေးဟောင်း အဆောက်အဦ ထိန်းသိမ်းရေးလက်ထောက် ဦးထွေးစိန်ကို အလုပ်ခန့်အပ်သော ၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ မှစ၍ ၎င်းကိုပင် ပြတိုက်မှူးအဖြစ် တွဲဖက်တာဝန်ယူစေခဲ့ပြီးနောက် ၁၉၅၄ ခု နိုဝင်ဘာလ ၁ ရက် နေ့မှစ၍ အသစ် ထပ်မံခန့်ထားသော ရှေးဟောင်းသုတေသန ဝန်ထောက်များ အလုပ်ဝင်ရောက်ကြပြီးနောက် ၁၉၅၈ ခုလောက်ကစ၍ ပုဂံမြို့၌ တာဝန်ယူရသော ရှေးဟောင်းသုတေသနဝန်ထောက်ကပင် ပြတိုက်မှူးအဖြစ် တွဲဖက် တာဝန်ထမ်းဆောင်ခဲ့ရပေသည်။ ပြတိုက်မှူးဟူ၍ သီးခြားမရှိရုံမျှမက ပြတိုက်အမှုထမ်းများအဖြစ်လည်း အစောင့်နှစ်ယောက်ကလွဲ၍ သီးခြားမရှိကြောင်း တွေ့ရပေသည်။ အဆိုပါ ပြတိုက်အစောင့်နှစ်ယောက်မှာ ၁၉၀၀ ပြည့်နှစ်သာသာလောက်က စတင်

ခန့်ထားခဲ့ဟန်တူပေ သည်။ ယင်းတို့၏လစာမှာ ထိုစဉ်က ၇ ကျပ်မှ ၁၀ ကျပ်အတွင်းသာ ရှိခဲ့သည်။ ယင်းနောက် ၁၉၂၄ - ၂၅ ခုနှစ်တွင် ပုဂံမြို့ ရှေးဟောင်းအစောင့်အမှုထမ်းများ၏ လစာနှုန်းထားများကို ပြင်ဆင်သတ်မှတ်ရန် ကြံရွယ်၍ သက်ဆိုင်ရာသုတေသနဝန်က အဆိုပြုသော မူရင်းလစာ ၁၂ မှ ၁၅ နှုန်း၊ ၁၈ ကျပ်ထိ တိုးမြှင့်ပေးရန် သက်ဆိုင်ရာအစိုးရက သဘောမတူဘဲ ၁၄ နှုန်း ၊ ၁၇ ကျပ်အထိလည်းကောင်း၊ ငါးနှစ်ထက်မနည်း ကောင်းစွာ ပြုမူလုပ်ကိုင်လျှင် သီးခြားခွင့်ပြုငွေ နှစ်ကျပ်ကိုလည်းကောင်း အမြင့်ဆုံးလစာ ၁၇ ကျပ်ထိအောင် လည်းကောင်း ခွင့်ပြုရန် ၁၉၂၄ ခု ဩဂုတ်လ တစ်ရက်နေ့မှ စတင်သတ်မှတ်ပေးခဲ့၏။ ယခုအခါတွင်မူ ယင်းတို့၏ လစာများမှ ၈၂ ကျပ်(ပုံသေ) ဖြစ်ကြပေသည်။ အခြားပြတိုက်၏ စရိတ်များဖြစ်သော အသေးသုံးစရိတ်၊ ရှေးဟောင်းပစ္စည်းများ ဝယ်ယူထားရှိရေး သီးခြားစရိတ် (တစ်ခါတစ်ရံ ညွှန်ကြားရေးဝန်ရုံးမှ အသေးသုံးငွေဖြင့် ဝယ်ယူထားရှိပေးခြင်းရှိသည်။) စသည်တို့ကို သတ်မှတ်ထားခြင်း မရှိသေးချေ။

## ပြတိုက်လုပ်ငန်းစဉ်များ

ပြတိုက်တစ်ခု၏ လုပ်ငန်းစဉ်များမှာ အဆိုပါပြတိုက်၏ ရည်ရွယ်ချက်အပေါ်တွင် တည်ရှိနေပေသည်။ ကနဦးက ဂျာမန်လူသွမ်းတို့၏ဘေးမှ ကယ်တင်ထိန်းသိမ်းခဲ့ရသော ရှေးဟောင်းပစ္စည်းများကို ထားရှိရန် ရှေးဟောင်းဒေသပတ်ဝန်းကျင်နှင့် တွဲဖက်လေ့လာရန်များအတွက် ရှေးဟောင်းပစ္စည်းတို့ကို စုဆောင်းထားရှိခဲ့ရာ ပုဂံပြတိုက်မှာ စုဆောင်းမှုဘက်၌ တာဝန်ကျေပွန်ခဲ့ကြောင်း အထက်တစ်နေရာတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ အမှန်အားဖြင့် ပြတိုက်တစ်ခု၏ တာဝန်မှာ စုဆောင်းထိန်းသိမ်းရေးဖြင့်သာ အဆုံးသတ်သည်မဟုတ်ချေ။ ထိန်းသိမ်းထားသော ပစ္စည်းများကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ခြင်း၊ ပစ္စည်းအမျိုးအမည် ခွဲခြား၍ နံပါတ်ရေးထိုးခြင်း၊ ခင်းကျင်းပြသခြင်း လေ့လာမှုလွယ်ကူစေရန် အညွှန်းကတ်ပြားများ ပြုလုပ်ခြင်း စသည်တို့ကိုလည်း တစ်ပါတည်းလုပ်ဆောင်ရပေသည်။ သို့သော် အထက်တွင် ရေးသားခဲ့သည့်အတိုင်း လုံလောက်သော ပြတိုက်အမှုထမ်းများ ခန့်အပ်ရန် မျှော်လင့်နေရသည့်အတောအတွင်း ပြတိုက်ရှိ အုတ်ခွက်အချို့၊ သစ်သားရုပ်ပွားတော်အချို့နှင့် နံရံဆေးရေးအချို့တို့ကို ၁၉၆၁ ခုနှစ်လောက်ကပင် ဓာတုဗေဒနည်းဖြင့် စမ်းသပ်သုတ်သင် ထိန်းသိမ်းကြောင်း သိရှိရသည်။ အမျိုးအမည် ခွဲခြားခြင်းနှင့် နံပါတ်ရေးခြင်းများကိုလည်း လုပ်ကိုင်လျက်ရှိ၏။ ပြတိုက်နေရာ မကျယ်ဝန်း



သဖြင့် စနစ်တကျ ခင်းကျင်းပြသနိုင်ခြင်း မရှိသေးချေ။

သို့သော် လေ့လာမှု ဖော်ထုတ်မှုဘက်တွင်ကား အတန်အသင့် တာဝန်ကျေပွန်ခဲ့ကြောင်း တွေ့ရသည်။ ပစ္စည်းများ အသစ်ရောက်ရှိလာတိုင်း ပဏာမလေ့လာခြင်း၊ စာစောင် ဆောင်းပါးများအဖြစ် ထည့်သွင်းရန် လေ့လာခြင်း၊ နှစ်စဉ် ဌာနအစီရင်ခံစာများတွင် ဖော်ပြနိုင်ရန် လေ့လာခြင်း၊ ဓာတ်ပုံရိုက် မှတ်တမ်းတင်ခြင်း၊ ပုံဆွဲထိန်းသိမ်းခြင်း စသည်တို့ကြောင့် သက်ဆိုင်ရာဌာနအနေဖြင့် အထူးအရာရှိ သိရိပျံချီ ဦးမြပြုစုသော **'ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော်များ'** စာအုပ်(၂)တွဲကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

အခြား ပညာပေးကိစ္စရပ်များဖြစ်သော လူသာမန်များအတွက် ပြတိုက်အကြောင်း စာအုပ်ငယ်များကို ရုပ်ပုံဓာတ်ပုံများဖြင့် ရိုက်နှိပ်ဖြန့်ဖြူးခြင်း ပြတိုက်လမ်းညွှန်စာအုပ်များထုတ်ဝေခြင်း၊ ပြတိုက်ပစ္စည်းများဓာတ်ပုံရိုက်ကူးဖြန့်ဖြူးခြင်း၊ ဟောပြောပွဲများ၊ ယဉ်ကျေးမှုပွဲတော်များ ကျင်းပပေးခြင်း (ဤသို့ ပြတိုက်အတွက် သီးခြားယဉ်ကျေးမှုပွဲတော်များ ကျင်းပပေးခြင်း မပြုနိုင်သေးစေကာမူ ၁၉၅၉ ခုနှစ် နွေရာသီကပင် သက်ဆိုင်ရာဌာန၏ လုပ်ငန်းစဉ်များကို တိုင်းပြည်သို့ တင်ပြရန် ရည်ရွယ်၍ ပုဂံ ရက်သတ္တပတ် ယဉ်ကျေးမှုပွဲတော်တစ်ခု ကျင်းပနိုင်ခဲ့လေသည်။) ကလေးသူငယ်များနှင့် ကျောင်းသားများအား ပြတိုက်သို့ဖိတ်ခေါ်၍ လှည့်လည်ရှင်းလင်းပြသခြင်း၊ ပြတိုက်ရှုပရိသတ်အား တိုင်းပြည်၏ ရှေးဟောင်းအမွေအနှစ်များပေါ်၌ သံယောဇဉ်ငြိတွယ်ရန် ဓာတ်မာန်တက်ကြွစေရန် စေ့ဆော်ပညာပေးခြင်း၊ ပြည်တွင်းပြည်ပမှ သုတေသီများအား စနစ်တကျလေ့လာနိုင်အောင် စီစဉ်ပေးခြင်း စသည်တို့ကိုကား လောလောဆယ် မပြုလုပ်ပေးနိုင်သေးသော်လည်း ရှေ့အဖို့တွင် ပြုလုပ်ပေးနိုင်လိမ့်မည်ဟု ကောင်းစွာမျှော်လင့်ရပေသည်။

## ပုဂံပြတိုက်၏ ရှေ့ရေး

ပုဂံရှေးဟောင်းသုတေသနပြတိုက်၏ ရှေ့ရေးမှာ တော်လှန်ရေးအစိုးရနှင့် သက်ဆိုင်ရာ ရှေးဟောင်း သုတေသနဌာန၏ အပေါ်တွင်သာ လုံးဝတည်သည်ဟု မမှတ်ယူသင့်ချေ။ တိုင်းပြည်၏ အားပေးမှုမှာလည်း လိုအပ်သည့်အလျောက် ၁၉၆၀-၆၁ ခုနှစ် တစ်နှစ်တည်းပင် ပုဂံပြတိုက်၌ လူဦးရေ ၃၈၂၈၆ ယောက် ရှိခဲ့သည်ဟု သိရ၏။ ထို့ကြောင့်ဖြင့် ပုဂံပြတိုက်ကို စိတ်ဝင်စားကြသူများသည်ဟု ဆိုနိုင်သော်လည်း သက်ဆိုင်ရာ ပုဂံညောင်ဦးမြို့များရှိ မြို့နေလူထု၏ အားပေးမှုကိုကား မယ်မယ်ရရ မတွေ့ရကြောင်း စုံစမ်းသိရှိရသည်။ လယ်ယာထွန်ယက်ရင်း သွားလာရင်းတွေ့ရှိသော ရှေးဟောင်းပစ္စည်းများကို တာဝန်သိစိတ်ဖြင့် သုတေသန

ပြတိုက်သို့ ပေးလှူရမည့်အစား နိုင်ငံခြားသားများနှင့် အခြားပုဂ္ဂိုလ်များကို ရောင်းချရန် စိတ်စောလျက်ရှိနေသေးကြောင်း သိရှိရသည်။ မည်သို့ပင်ဖြစ်စေ မိမိတို့ဒေသ ရာဇဝင်အကြောင်း အရေးပါခဲ့ပုံသဘောကို နားလည်သဘောပေါက်သည်နှင့်အမျှ ပုဂံမြို့ ရှေးဟောင်းသုတေသနပြတိုက်မှာ ကြီးထွားဖွံ့ဖြိုးရမည်ပင် ဖြစ်ပေသည်။ ထိုသို့ ဖြစ်နိုင်ရန်လည်း တောင်တွင်းကြီးမှ အမျိုးသားယဉ်ကျေးမှုပြတိုက်ရှိ ပုဂ္ဂိုလ်များကဲ့သို့ သက်ဆိုင်ရာများက ပုဂံ၊ ညောင်ဦးရှိ မြို့နေလူထုကြီးနှင့် လက်တွဲလုပ်ဆောင်ကြရန်ပင် ဖြစ်ပေသတည်း။






ပုံ ၁၂(က)။၁၉၀၄ ခုနှစ်က တည်ဆောက် ဖွင့်လှစ်ခဲ့သော ပုဂံ ရှေးဟောင်းသုတေသနပြတိုက် (ယခုတိုင် အာနန္ဒာဘုရား မြောက်ဖက်စောင်းတန်း ထိပ်နားတွင်ရှိသည်။)



ပုံ ၁၂(ခ)။ ၁၉၉၈ ခုနှစ်က တည်ဆောက် ဖွင့်လှစ်ခဲ့သောပုဂံ ရှေးဟောင်းသုတေသနပြတိုက်



## အခန်း ၁၀

# ပန်းပုနှင့်ပန်းချီ

# ဗုဒ္ဓရုပ်ပွားတော်ဖြစ်ပေါ်လာခြင်း၏မူလအစ ဂရိတ်တိုင်းမှလော အိန္ဒိယမှလော

မြန်မာတို့၏ အယူအဆ အတွေးအခေါ် အရေးအသား ယဉ်ကျေးမှုရေးရာများဘက်၌ ဗုဒ္ဓဘာသာ၏ ဩဇာရိပ်ကို လေ့လာတွေ့ရှိနိုင်ပေသည်။ ဗုဒ္ဓဘာသာသည် အနုပညာအသီးသီးတို့ကိုလည်း မြေတောင်မြှောက်ခဲ့ပေသည်။ ထိုနည်းတူစွာ မြန်မာဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ရေးတွင်လည်း ဗုဒ္ဓဘာသာသည် လုံးဝဥဿုံ အားပေးချီးပင့် ဖူးပွင့်ဖွံ့ဖြိုးစေခဲ့ပေသည်။ ထို့ကြောင့် မြန်မာရုပ်ပွားတော်များ အကြောင်း လေ့လာဆည်းပူးရာတွင် ဗုဒ္ဓဘာသာ၏ အရင်းခံ စည်ပင်ရာဌာနဖြစ်သော မဇ္ဈိမဒေသနှင့် အစောဆုံး ဗုဒ္ဓရုပ်ပွားတော် ထုလုပ်ကိုးကွယ်ခဲ့သည့် ဒေသဟု ဆိုကြသော အိန္ဒိယပြည်မြောက်ပိုင်း ဂန္ဓာရပြည်နယ် (ယခု အနောက်ပါကစ္စတန်ပြည်ရှိ ပက်ရှ၀ါပြည်နယ်)၏ နောက်ခံရာဇဝင်အကြောင်းကို သိရှိထားရန် လိုအပ်လှပေသည်။

ဂန္ဓာရပြည်နယ်အကြောင်း အစောဆုံးတွေ့ရသော အထောက်အထားမှာ ဘီစီ ၅၁၆ ခုလောက်က ဧကရာဇ် ဒေးရီယပ်(စ်) (Darius) ဘုရင်မင်းတရားကြီး၏ ဘီဆုတွန် ကျောက်စာပင်ဖြစ်သည်။ ထိုကျောက်စာအရ ဂန္ဓာရပြည်နယ်သည် ဒေးရီယပ်(စ်)ဘုရင်ကြီး၏ ပါရှား လက်နက်နိုင်ငံတော်တွင် ပါဝင်ကြောင်း သိရှိရပေသည်။ ပါရှားလက်အောက်ခံဖြစ်ခဲ့သည်နှင့်အညီ ပါရှားယဉ်ကျေးမှု၏ လွှမ်းမိုးခြင်းလည်း ခံရမည်မှာ သိသာလှပေသည်။

သို့သော် ခရစ်တော်မပေါ်မီ ရှေးလွန်ခဲ့သော နှစ်ပေါင်း ၃၀၀ ကျော်လောက်က (ဝါ) ဘီစီ ၃၂၀-၂၆ လောက်က ဂရိတ်လူမျိုးတို့၏ ဧကရာဇ် အလက်ဇန္ဒား ဘုရင်ကြီးသည် အိန္ဒိယပြည်မြောက်ပိုင်း အိန္ဒုမြစ်ဝှမ်းသို့ ချီတက်တိုက်ခိုက် အောင်နိုင်ခဲ့၏။ အလက်ဇန္ဒားမင်းမြတ်သည် နွေအခါကာလတွင် ချစ်ချစ်တောက် ပူလောင်လျက်ရှိသော အိန္ဒိယမြောက်ပိုင်း၏ ရာသီဥတုဒဏ်ကို ရှည်ကြာစွာ မခံနိုင်သည့် အကြောင်းရင်းတစ်ချက်နှင့် အခြားအကြောင်းအချက်များကြောင့် များမကြာမီ အိန္ဒိယပြည်မှ တပ်ခေါက်ခဲ့ရပေသည်။ သို့သော် အလက်ဇန္ဒား မင်းတရားကြီး ဘေဘီလုံပြည်၌ အုပ်ချုပ်ရန် ခန့်ထားခဲ့သော ဂရိတ်စစ်သူကြီး ဆီလူစီဒိ(စ်)သည် အိန္ဒိယအထိ ထမ်မံတိုက်ခိုက်ခဲ့၏။

ယင်းနောက် ဘီစီ ၃၂၄ ခုနှစ်လောက်တွင် ဂရိတ်စစ်သူကြီး ဆီလူစီဒိ(စ်)

(Seleu Cides) ကို အောင်နိုင်၍ အိန္ဒိယပြည်တစ်ဝန်းလုံးကို စန္ဒြဂုပတ္တ မောရိယ (Chandragupta Maurya) မင်းကြီးက ဂရိတ်တို့လက်ထဲမှ ပြန်လည် တိုက်ခိုက် သိမ်းပိုက်ပြီးနောက် မောရိယလက်နက် နိုင်ငံတော်ကြီးကို တည်ထောင် လိုက်ပေသည်။

နှစ်ပေါင်း ၁၄၁ နှစ်ကြာပြန်သောအခါ မောရိယ လက်နက်နိုင်ငံတော်ကြီးသည် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးရကား ဗက်ထရီးယား (Bactria) နယ်စား မင်းသား ဒီမီထရီ(စ်) (Demetrios) က အိန္ဒိယပြည်မြောက်ပိုင်းကို သိမ်းကြုံး စိုးအုပ် မင်းလုပ်ပြန်သည်။ သူ့ကို တစ်ဖန် အုခရေးတိဒိ(စ်) (Eu Kratides) အမည်ရှိ ဂရိတ် စစ်ဗိုလ်တစ်ဦးက တော်လှန်ပြန်ကာ ဗက်ထရီးယားနိုင်ငံတွင် မင်းမူပြန်သည်။ ယင်းနောက်တွင်ကား ပန်ဂျပ်နှင့် အိန္ဒိယမြောက်ပိုင်းသည် သက (Scy Thyan) လူမျိုး လက်အောက်၊ ကုသျှန်လူမျိုးတို့၏ လက်အောက်၊ မွန်ဂိုလူမျိုး တို့၏ လက်အောက် စသည်ဖြင့် ကျရောက် သံသရာလည်ခဲ့ရပေသည်။

ဤတွင် ကျွန်ုပ်တို့သတိပြုရန် အချက်တစ်ရပ်မှာ အိန္ဒိယပြည်မြောက်ပိုင်းသည် မြေဩဇာ ဖွံ့ဖြိုးတိုးတက်စေသော အိန္ဒုမြစ်ဝှမ်းနှင့် ပန်ဂျပ်ပြည်နယ်များကြောင့် ရှေး အထက်ကျော်ကာရီကပင် ဂရိတ်လူမျိုးတို့၏ ဩဇာအာဏာအောက် ကျရောက်သည့်အချက်ပင် ဖြစ်သည်။ ဂရိတ်တို့၏ လက်အောက်ခံ ဖြစ်ခဲ့သည်နှင့် အညီ ဂရိတ်ယဉ်ကျေးမှု အနုပညာဩဇာရိပ်များ လွှမ်းမိုးခြင်း ခံခဲ့ကြရုံမက၊ ပါရှန်းဟန် ဂရိတ်ဟန်နှင့် အိန္ဒိယအတွေးများ ပေါင်းစပ်ထားသော ဗုဒ္ဓရုပ်ပွားတော် ထုလုပ်မှု အတတ်ပညာတစ်ရပ်ပါ ဂန္ဓာရပြည်နယ် (ယခု ပက်ရှဝါနယ်)တွင် ထွန်းကားလာကြောင်း တွေ့ရပေသည်။

မောရိယမင်းဆက် အသောက (ဘီစီ ၂၇၂-၂၃) မင်းတရားကြီးလက်ထက် ယောနတိုင်း(ဂရိတ်)နှင့် ဂန္ဓာရစသော အိန္ဒိယပြည် အနောက်မြောက်ဘက် ဒေသ များသို့ သာသနာပြုလုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်နိုင်ခဲ့သည်နှင့်အမျှ၊ ဗုဒ္ဓဘာသာ သာသနာတော်ကြီးမှာ ထိုဒေသများတွင် စည်ဖြာဝံ့ကြွား ထွန်းကားခဲ့ရပေသည်။ အလက်ဇန္ဒားမင်းကြီး လက်ထက်မှစ၍ အပင်အညွန့် ဖြိုးကွန့်ဝေဆာလာခဲ့သော ဂရိတ်ယဉ်ကျေးမှု အချက်အလက်များနှင့် ယခုကဲ့သို့ ဗုဒ္ဓဘာသာ ပေါင်းစပ် လိုက်သောအခါ (Graeco-Buddhist Art) ခေါ် ဂရိတ်-ဗုဒ္ဓဘာသာ သာသနာ အနုပညာတစ်ရပ် ထူးခြားစွာ ပေါ်ပေါက်ခဲ့ရပေသည်။ ဤအနုပညာရပ် ထွန်းကားလာသည်နှင့်အမျှ အိန္ဒိယတိုင်းသားတို့နှင့် အသွင်အပြင်ကွဲသော ဂရိတ်ဟန်ဆန်သည့် ဗုဒ္ဓရုပ်ပွားတော်များကိုလည်း ဂန္ဓာရ ကျောက်ဆစ်ပညာသည် အပေါင်းတို့သည် အေဒီ ၁ ရာစု နှစ်များလောက်တွင် လက်စွမ်းပြ ထုလုပ်လာခဲ့ ကြကြောင်း တွေ့ရှိပေ၏။



အေဒီ ၁ ရာစုထက်စော၍ ဗုဒ္ဓရုပ်ပွားတော်ကို ထုလုပ်သည်၊ မလုပ်သည် ဆန်းစစ်ရန် လိုအပ်ပေသေးသည်။ ခရစ်တော်မပေါ်မီ ၆၂၃ ခုနှစ်တွင် မီးရှူး သန့်စင် ဖွားမြင်တော်မူပြီး ၅၄၃ ခုနှစ်တွင် ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့သော ဗုဒ္ဓရှင်တော်၏ လက်ထက်တော်အခါကပင် ရုပ်တုရုပ်ပွား ထုလုပ်မလုပ် သိရှိရန် အရေးကြီးလှ၏။ ဤတွင် ကျွန်ုပ်တို့ မြန်မာပညာရှိတစ်ဆူ ဖြစ်တော်မူသော မုံရွေးဆရာတော်ဘုရား၏ **သမန္တ စက္ခု ဒီပနီကျမ်း** အတွဲ ၁ (ဂန္ဓမာတိုက်ထုတ်) စာမျက်နှာ ၄၁၄-၄၁၉ အထိ သိရှိရသည်မှာ-

‘အခါတစ်ပါး တစ်နေ့သောအခါ၌ ဘုရားသခင်သည် ဒေသစာရီ ကြွတော်မူသည်ရှိသော်၊ ကောသလမင်းကြီးသည် ဘုရားသခင်ကို ဖူးမြင်အံ့ သောငှာ ပန်းနံ့သာယူလျက် ဇေတဝန်ကျောင်းတော်သို့ လာ၏။ ဘုရားသခင် နေရာတော်ကိုသာမြင်၍ ထိတ်လန့်ခြင်းသည် ဖြစ်၏။ လောက၌ ကိုးကွယ်ရာ မရှိဟု နေရာတော်ကို ပူဇော်၍ ပြန်လေ၏။ မြတ်စွာဘုရား ရောက်တော်မူသော ကာလ ကျောင်းတော်သို့ လာ၍လျှောက်၏။ အရှင်ဘုရား၊ ကိုယ်တော်မြတ်သည် ပရိနိဗ္ဗာန်စံယူတော်မူသည်ရှိသော် ကိုးကွယ်ရာမရှိပါ။ ကိုယ်တော်မြတ်၏ အရုပ်တော်ပြုခြင်းငှာ ခွင့်ပြုတော်မူပါဟု လျှောက်၏။ မင်းကြီး အကြင်သူသည် အားနှင့်လျော်စွာ မြေစိုင် စသော တစ်စုံတစ်ခုသော ဝတ္ထုဖြင့် အငယ်အကြီး လုပ်အပ်သည်ချည်းဟု မိန့်တော်မူပြီး၍ ရှေးပညာရှိတို့သည်လည်း ပြုဖူးကုန်ဟု အတိတ်ကို ပြတော်မူ၍ ဝဋ္ဋဂုံလိရာဇဓာတ်ကို ဟောတော်မူသည်။ ဟောပြီးနောက် ကောသလမင်းကြီးသည် ဘုရားထံမှ ပြန်ခဲ့၍ စန္ဒကူးနှစ်ကို ရုပ်တုပြု၍ ကိုးကွယ်ကြောင်း’ သိရှိရပေသည်။

သို့သော် ယင်းဝဋ္ဋဂုံလိရာဇ ဇာတ်စကားမှာ **ယွန်းပဗ္ဗာသ** ဇာတ်စကား ဖြစ်သောကြောင့် တစ်ကြောင်း၊ သင်္ဂါယနာတင် ကျမ်းထွက်စကား မဟုတ်သော ကြောင့် တစ်ကြောင်း ပညာရှိတို့ အမြတ်တနိုး မပြုကြကုန်ဟု မုံရွေးဆရာတော် ဆက်လက်ဝေဖန်ထားပေသည်။

ယင်းအချက်ကိုထောက်ချင့်လျှင် ဘုရားရှင်လက်ထက်တော်အခါကာလမှစ၍ ဘုရားရှင်၏ ရုပ်ပွားဆင်းတုတော် ထုလုပ်ကိုးကွယ်လာခဲ့သည်ဆိုသော အချက် အလက်မှာ အငြင်းထွက်နိုင်စရာ ရှိနေပေသည်။ ထို့ပြင် အိန္ဒိယပြည် အနောက်မြောက်ဘက်ရှိ ဂန္ဓာရတိုင်းဖြစ် ဆင်းတုတော်တို့၏ အနုပညာလက်ရာ တို့ကို ထောက်ထား၍ ယင်းတို့မှာ ခရစ်ပေါ်ပြီး နှစ်ပေါင်း ၁၀၀ အတောအတွင်း လောက်သာ ထုလုပ်ခြင်းဖြစ်လိမ့်မည်ဟူ၍ ပညာရှိအပေါင်းတို့က ဆိုကြပေသည်။

တစ်ဖန် ဘုရားရှင်လက်ထက်တော် အခါကပင် စတင်ထုလုပ် ကိုးကွယ် သည်ဟု ဆိုနိုင်ရန်လည်း ခိုင်လုံသော ရှေးဟောင်းပစ္စည်းဝတ္ထု အထောက်အထား

များကို မတွေ့ရသေးသောကြောင့် အထက်ပါ ကောသလမင်းကြီး ထုလုပ်ကိုးကွယ်ခဲ့သည့် စန္ဒကူးရုပ်တုတော်မှာ သံသယဖြစ်ဖွယ် ရှိနေပေသည်။

ဤတွင် အဘယ်ကြောင့် အေဒီ ၁ ရာစုထက်စော၍ ထုလုပ်သည်ဟုဆိုနိုင်သော ဗုဒ္ဓရုပ်ပွားတော်များကို မတွေ့ရသနည်း ပျက်စီးလွယ်သော အရာဝတ္ထုတို့နှင့် ထုလုပ်သောကြောင့် ပျက်စီးကုန်ကြ၍လော၊ သို့တည်းမဟုတ် လုံးဝမထုလုပ်၍လောဟူ၍ ဆန်းစစ်ကြည့်ရန် လိုပေသေးသည်။ ဤတွင် အောက်ပါပိဋကတ်ကျမ်းဂန်ထွက် စကားရပ်တို့ကို စဉ်းစားထောက်ချင့်စရာ ရှိပေတော့သည်။

**သုတ်သီလက္ခံ ပါဠိတော်ဗြဟ္မဇာလသုတ်** အဆုံးတွင်-

'ဥစ္ဆိန္နဘဝနေတ္တိကောဘိက္ခဝေ တထာဂတဿ' အစရှိသော ဒေသနာတော်ဖြင့်ငါဘုရားသည် ဖြတ်အပ်ပြီးသော ဘဝတဏှာရှိသော ငါဘုရား၏ ရူပကာယသည်တည်၏။ အကြင်မျှလောက်သော ကာလပတ်လုံး ထိုငါဘုရား၏ ရူပကာယသည် တည်လတ္တံ့။ ထိုသို့ တည်သမျှကာလပတ်လုံး ငါဘုရားကို နတ်လူတို့သည်မြင်ရကုန်လတ္တံ့ဟူ၍လည်းကောင်း၊ ကိုယ်ခန္ဓာ၏ ပျက်သည်မှအထက်၌နိဗ္ဗာန်ပြေပျက်စီးခြင်းကြောင့် ထိုငါဘုရားကို နတ်လူတို့သည် မမြင်ရကုန်လတ္တံ့ဟူ၍လည်းကောင်း ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့အကြား၌ခရီးသွားတော်မူစဉ် အမ္ဗလဋ္ဌိကာဥယျာဉ်၌ သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်တို့ကိုအကြောင်းပြု၍ ရဟန်းတို့အား အထက်ပါအတိုင်း ဟောတော်မူခဲ့၏။

ယင်းစကားကို ထောက်သော် ဘုရားရှင်၏ ရူပကာယတော်မှာ အနိစ္စသဘောမှမလွန်ဆန်နိုင်ကြောင်း ထာဝရမတည်ရှိနိုင်ကြောင်း သိသာနိုင်ပေသည်။ထို့ကြောင့်ဘုရားရှင်အား အနိစ္စသဘောကို လွန်ဆန်၍ ထာဝရ သက်တော်ထင်ရှား ရှိသည့်ဟန် ထုလုပ်ကိုးကွယ်သည့်သဘောမှာ ရှေးဦး ဗုဒ္ဓ ဓမ္မ ခန္ဓာ အပေါင်းတို့၌လာရှိကြောင်း အထက်ပါ နှုတ်ကပတ်တော်ထွက်စကား သက်သေခံနေပေ၏။

ထိုထက် **ဝိနည်းမဟာပါဠိတော်** တွင်-

န မေ အာစရိ ယော အတ္ထိ။

သဒိ သော မေ နဝိဇ္ဇတိ။

သဒေဝကသ္မိံ လောကသ္မိံ နတ္ထိ မေ ပဋိပုဂ္ဂလော ဟူသော စကားတို့ကို



ထောက်ထားလျှင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်ကပင် လောက၌ငါနှင့်တူသောအရာသည် (ဝါ) ငါနှင့်တူ သောသူသည် ထင်ရှားမရှိဟု သဗ္ဗညုတရွှေဉာဏ်တော်ကိုရရှိ၍ ဘုရားစင်စစ် ဧကန်ဖြစ်တော်မူပြီးနောက် ဓမ္မစကြာတရားဦးကို ပဥ္စဝဂ္ဂီငါးဦးတို့အား ဟောကြားရန် မိဂဒါဝုန်တောသို့ ကြွချီတော်မူရာဝယ် လမ်းခရီး၌တွေ့သော ဥပကကို အထက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

ယင်းအချက်တို့ကို ပေါင်းရုံး တွေးရှုလိုက်သောအခါ ဘုရားရှင်သည်ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်ဝတော်မူသော ပုဂ္ဂိုလ်မြတ် ပုဂ္ဂိုလ်ထူးဖြစ်သောကြောင့် မတုမပအပ်၊ မနှိုင်းယှဉ်အပ်ဟူ သောအယူအဆပေါ်ပေါက်လာဟန်တူပေသည်။ ဤသို့အကြောင်းများကြောင့် ဘုရားရှင်၏ ရုပ်တုတော်ကို အေဒီ ၁ ရာစုထက် စော၍ မဟာပုရိသ လူအသွင် မထုလုပ်ကြောင်း လေ့လာတွေ့ရှိရပေသည်။ သို့သော် ဗုဒ္ဓဘာသာမတိုင်မီကပင် အိန္ဒိယ၌ နတ်ရုပ်၊ ယက္ခရုပ်၊ နဂါးရုပ်တုများကို ထုလုပ် ကိုးကွယ်လျက်ရှိကြပြီဖြစ်ကြောင်း တွေ့ရပေသည်။ ယင်းတို့မှာ အိန္ဒိယပြည်တွင် ဝေဒခေတ်နောက်ပိုင်း စာပေကျမ်းဂန်များ၌လေ့လာတွေ့ရှိသော အရိယန်လူမျိုးတို့ ကိုးကွယ်ကြသည့် နတ်ရုပ်ပွားဆင်းတုများနှင့် ဝေဒခေတ်ထက်စော၍ ထုလုပ်ကိုးကွယ်သော ဟိန္ဒူမြစ်ဝှမ်းမှဘူမိဒေဝီနတ်ရုပ်တုများပင် ဖြစ်ပေသည်။ ယင်းတို့အကြောင်း သိရှိရသမျှအောက်တွင် ဆက်လက် ရေးသားဖော်ပြထားပါသည်။

မြစ်များ၊ ချောင်းများဟူသည် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းတတ်သည့်သဘောရှိပေသည်။ ထို့အတူ ယဉ်ကျေးမှုဟူသည်လည်း ခေတ်ဟောင်းမှ ခေတ်သစ်၊ရှေးခေတ်မှ နှောင်းခေတ်များသို့ အစဉ်တစိုက် စီးဆင်း ဖွံ့ဖြိုးကာ ဆန်းသစ်စမြဲပင်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓရုပ်ပွားတော် စတင်ထုလုပ်မှုနှင့်ပတ်သက် ၍လည်းဂန္ဓာရတိုင်းတွင် စတင်ထုလုပ်သည် မထုလုပ်သည်၊ ဂရိတ်ပြည်မှ ယင်းပညာရောက်လာသည် မလာသည်၊ ဗုဒ္ဓရုပ်ပွားတော် မထုမီကာလက အိန္ဒိယတွင်ကိုးကွယ်မှုရေးရာအလို့ငှာ ရုပ်ပွားဆင်းတု ထုလုပ် မထုလုပ် စသည့်အချက်အလက်များနှင့်ပတ်သက်၍ ကမ္ဘာကျော်ပညာရှိတစ်ဦးဖြစ်သော ဒေါက်တာ အနန္တာကုမာရာ ဆွာမိ၏ အယူအဆကို တင်ပြအပ်ပါသည်။

'ဗုဒ္ဓရှင်တော်မတိုင်မီ အခါကာလဝယ် ဝေဒခေတ် (Vedic Age) ဆိုင်ရာကိုးကွယ်ခဲ့သော နတ်များကို လူ့အသွင် ထုလုပ် ကိုးကွယ်ခဲ့သည်ဆိုသောအချက်မှာ သံသယရှိနိုင်ပေသည်။ သို့သော် ဗြဟ္မဏကျမ်းများကိုလည်းကောင်း၊သုတ္တကျမ်းများကိုလည်းကောင်း၊ ရှေး ပျို့ကဗျာ စာပေများကိုလည်းကောင်းထပ်မံတိုးချဲ့သော နောက်ဆက်တွဲကျမ်းများတွင်ကား ရုပ်တု ရုပ်ပွားဆိုင်ရာအကိုးအကားများကို တွေ့ရပေသည်။ သဏ္ဌတ သဒ္ဒါပညာရှိတစ်ဆူဖြစ်သော

ပါဏိနိကို ဝေဖန်ခဲ့သည့် ပညာရှိ ပတဉ္စလီ၏ **မဟာဘာရှသဒ္ဒါကျမ်း** စာအုပ်တွင် သီဝနတ်မင်းကြီးရုပ်၊ နတ်စစ်သူကြီး သခန္ဒရုပ်၊ ဝိသျှခနတ်ရုပ်များ၏ အကြောင်းကို ဖော်ပြထားပေသည်။ ကျယ်ကျယ်ပြန့်ပြန့် ဆိုရပါမူ ကိုးကွယ်မှုနှင့် စပ်လျဉ်း၍ အမှတ်လက္ခဏာများ အသုံးပြုပုံမှာ အာရိယန်လူမျိုးတို့၏ စနစ်များ ဟူ၍လည်းကောင်း၊ ရုပ်တုရုပ်ပွားကိုးကွယ်မှုမှာ ဒရာဝိဒီယန်တို့၏ စနစ်များ ဟူ၍လည်းကောင်း၊ သတ်မှတ်နိုင်ပါပေသည်ဟု ၄င်း၏ရုပ်ပွားတော် အစမူလ ခေါ်သော ဆောင်းပါးစာမျက်နှာ ၂၉၀ တွင် ဖော်ပြထားပေသည်။

ဤတွင် ရုပ်တုထုလုပ်ကိုးကွယ်မှုနှင့်စပ်လျဉ်း၍ ဟိန္ဒူအယူဝါဒ၏ သဘောအနည်းငယ်ကို ဖော်ပြသင့်သည်ဟု ထင်မြင်မိပေသည်။ ရစ်(ဂ်)ဝေဒ (Rig Veda) အထ(ရ်) ဝါဝေဒ (Atharva Veda) ဥပနိသျှတ် (Upanishad) စသော ဟိန္ဒူကျမ်းများတွင် စကြဝဠာကြီးကို ဖန်ဆင်းသော ဗြဟ္မာမင်းကြီးသည် ထာဝရ တည်ရှိနေသည် 'အတ္တ'ဖြစ်သည်။ လူ၏ ခန္ဓာကိုယ်အတွင်း၌ အတ္တအဖြစ် ဗြဟ္မာမင်းကြီးသည် ဝင်ရောက် မွေ့လျော်တော်မူသည်။ လူ၏ ခန္ဓာကိုယ်အင်္ဂါအ စိတ်အပိုင်းတို့ကို မြေ၊ ရေ၊ လေ၊ မီး အစရှိသော သဘာဝဓာတ်ကြီးများက စိုးမိုးနေသည် စသော လူနှင့် သဘာဝတရားများ၊ သဘာဝတရားများနှင့် အတ္တခေါ် ထာဝရတည်မြဲခြင်းသဘောများသည် အပြန်အလှန် ဆက်စပ်လျက် ရှိသည်ဟု ယူဆ ယုံကြည်ကြသည်။ ယင်းမှတစ်ဆင့် ဟိန္ဒူဘာသာဝင်တို့သည် ၄င်းတို့၏ နတ်များကို လူ့အသွင် ထုလုပ်ကိုးကွယ်ခြင်း၊ (ဝါ) လူ၏ ခန္ဓာကိုယ် အတွင်း၌ ကိန်းအောင်းသော ဗြဟ္မာမင်းကြီးခေါ် ထာဝရ တည်မြဲခြင်းတည်းဟူသည့် အတ္တသဘောကို ရုပ်တုအဖြစ် လူ့အသွင် ထုလုပ်ကိုးကွယ်ခြင်း စတင်ခဲ့သည်ဟု မစ္စတာ အာရ်ရှားမားရှတ်စထရီ (R.sharma sastry) ၏ 'ဒေဝနာဂရီအက္ခရာ၏ အစမူလ' ခေါ် ဆောင်းပါးတွင် ဆိုထားသည်တို့ကို လေ့လာရပေသည်။

ဤသို့ ဟိန္ဒူနတ်များကို လူ့အသွင် ထုလုပ်ကိုးကွယ်မှုနှင့် စပ်လျဉ်းသော အခြားအထောက်အထားများကိုလည်း ဟိန္ဒူဘာသာဝင်တိုင်း၏ လူ့သက်တမ်း တလျှောက်တွင် ဒုတိယအရွယ်ဖြစ်သော အိမ်ထောင်ရှင်အဖြစ် ကျင့်ရိုးကျင့်စဉ် စည်းကမ်းနည်းလမ်းများဆိုင်ရာ သုတ္တကျမ်း (ဝါ) ဂြိယှသုတ္တကျမ်းများတွင်လည်း ပါရှိကြောင်း သိရပြန်သည်။ ဥပမာ-နဂါးရုပ်တု၊ ယက္ခရုပ်တု၊ ရှာတော်ရှင်၊ မယ်တော်ရှင်နတ်ရုပ် စသည်များပင် ဖြစ်သည်။

ဝေဒခေတ် (ဘီစီ ၁၅၀၀ မှ ၈၀၀ အထိ)ထက်စော၍ အိန္ဒိယပြည်၌ ထုလုပ် ကိုးကွယ်သော ရုပ်တုများမှာမူကား မြေစောင့်နတ်သမီး ဘူမိဒေဝီနတ်ရုပ် (Mother Goddess) နှင့် ရှေ့ပြေး သီဝနတ်မင်းကြီးရုပ်များပင် ဖြစ်ကြပေသည်။ ၄င်းတို့ကို သိန္ဒူနယ် ဟိန္ဒူမြစ်ဝှမ်းရှိ မိုဟန်ဂျိုဒါရိုမြို့ကြီးနှင့် ပန်ဂျပ်ပြည်နယ်



ဟာရပ္ပမြို့ကြီးများတွင် ထုလုပ်ကိုးကွယ်ခဲ့ကြောင်း တူးဖော်မှုအရ လေ့လာတွေ့ရှိရ ပေသည်။ ၄င်းတို့ကား ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၅၀၀ ခန့် ခေတ်အခါ ကာလကပင် ထုလုပ်ကိုးကွယ်ခဲ့သော ရုပ်တုများဖြစ်ကြ၍ နောင်အခါ တိုးတက် ဖွံ့ဖြိုးလာသော အိန္ဒိယရုပ်တု ထုလုပ်မှုပညာ၏ ရှေ့ပြေးဆောင်ရွက်ချက်များပင် ဖြစ်ကြပေသည်။

ယင်းနောက် နှစ်ပေါင်း ၁၂၀၀ ခန့် ကြာမြင့်လာသောအခါ အိန္ဒိယပြည်ကြီးဝယ် ရုပ်တုတော်ထု လုပ်မှုနှင့်ပတ်သက်သော ရှေးဟောင်းဝတ္ထုအထောက်အထားများကို ခိုင်မာစွာ တွေ့ရှိလာရပေသည်။ ယင်းတို့မှာ အခြားမဟုတ်ပေ။ အသောကမင်းကြီး နန်းစံခဲ့သော ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၀၀ လောက်ကဟု ပညာရှိတို့ အကြမ်းဖျင်း ခန့်မှန်းထားသော ခေတ်အခါကာလက ထုလုပ်ခဲ့သည့် ပါရ်ခမ်း (Parkham) ယက္ခရုပ်တု၊ ဘက်(စ်)နဂါး (Besnagar) ယက္ခရုပ်တု၊ ဂွါလီယာ (Gwalior) ယက္ခရုပ်တု၊ ပါဋ္ဌလိပုတ် (Patna) ယက္ခရုပ်တု စသည်တို့ပင် ဖြစ်ပေသည်။ ယင်းတို့ကို ယခုအခါ သက်ဆိုင်ရာ အိန္ဒိယပြည် ပြတိုက်များတွင် မြင်တွေ့ လေ့လာနိုင်ကြပေသည်။ (ပါတလိပုတ်ရုပ် ရုပ်တုပုံကို ပူးတွဲ ဖော်ပြထား ပါသည်။) ယက္ခသည် ကိုးကွယ်ဆည်းကပ်ရာဖြစ်သည်ဟု **ဝေါဟာရလီနတ္ထဒီပနီ** တွင် အဓိပ္ပာယ် ဖွင့်ဆိုထား၏။

ဤသည်တို့မှာ နတ်ဘီလူးရုပ်များကို လူ့အသွင်ထုလုပ်လာသည့် သာဓက အထောက်အထားများပင် ဖြစ်သည်။ အသောကမင်းကြီးသည် မူလ ဆန်ချီ ပုထိုးတော်ကြီးကို တည်တော်မူပြီးနောက် အိန္ဒိယပြည်တောင်ပိုင်းတွင် ဘီစီ ၂ ရာစု အခါလောက်က အုပ်စိုးနေသော အန္ဒြာမင်းများက ထပ်မံဆောက်လုပ် လှူဒါန်းသော ဆန်ချီပထိုးတော်ကြီးများမှ တုရိုဏ်တိုင်များတွင်လည်း ဒွာရပါလ ခေါ် တံခါးစောင့် ယက္ခနှင့် ယက္ခိနီရုပ်တုများကို တွေ့ရပေသည်။ ထို့ပြင် အိန္ဒိယပြည်အနောက်ပိုင်း ဘုံဘေနယ်တစ်ဝိုက်ရှိ ဘီစီ ၂ ရာစုလောက်က စတင်ခဲ့ သည်ဟု ဆိုနိုင်သော ရှေးဟောင်းဗုဒ္ဓဘာသာဆိုင်ရာ လိုဏ်ဂူများတွင်လည်း ယက္ခရုပ်တု၊ ယက္ခိနီရုပ်တု၊ နဂါးမင်းရုပ်တု စသည်တို့ကိုလည်း တွေ့မြင်နိုင်ပေ သေးသည်။ ဤအချက်မှာ ဗုဒ္ဓဘာသာနှင့် တိုင်းရင်းသားတို့၏ မူလ ကိုးကွယ်မှု တရားများ ပေါင်းစပ်လာသည့် သာဓကအချို့အဝက်ပင် ဖြစ်ပေသည်။

ထို့ပြင် **သုတ်မဟာ ဝါ ပါဠိတော်** လာ ဝဇ္ဇီတိုင်းသားတို့အား ရှေးအစဉ်အလာ နတ်ကိုးကွယ်ခြင်း၊ ဗလိနတ်စာကျွေးခြင်း စသော အမှုတို့ကို ဆောင်ရွက်ပြုလုပ်မြဲ ပြုလုပ်ကြရန် တိုက်တွန်းသော ဥယျောဇဉ်စကားဖြစ်သည့် ရှင်တော်မြတ်ဘုရား၏ နှုတ်ကပတ်တော်ထွက်စကားတို့ကို ထောက်ရှုပါသော် ဗုဒ္ဓဘာသာသည် တိုင်းရင်းဖြစ် နတ်ကိုးကွယ်မှုတို့ကို လက်သင့်ခံသလောက် ခံခဲ့သည်ဟု အိန္ဒိယ

ပညာရှိများ ယူဆလေ့ရှိကြပေသည်။

ဤအချက်ကို ပိုမိုထင်ရှားစေသော အထောက်အထားမှာ **မဇ္ဈိမနိကာယ်၊ မဇ္ဈိမ ပဏ္ဏာသပါဠိတော်** လာ ဥပလိသုတ္တန်သည် မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ချီးကျူးသော -

"အာဟုနေယျဿယက္ခဿဥတ္တမ ပုဂ္ဂလဿအတုလဿ" စသော စကားရပ်ဖြစ်သည်။ ယင်း၏ ဆိုလိုရင်းမှာ "ငါသည် ဆည်းသည်တို့အလှူ ထားသည်ကို ခံယူထိုက်သော၊ ပူဇော်အပ်သော၊ မြတ်သော ပုဂ္ဂိုလ်ဖြစ်သော၊ အတုမရှိသော ထိုမြတ်စွာဘုရား၏ တပည့်သာဝကသည်ဖြစ်၏"ဟု အဓိပ္ပာယ်ပေါ် ထွက်ပေသည်။

ဤအချက်ကို ထောက်လျှင် ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီ ကာလမှစ၍ တိုင်းရင်းသားတို့ ကိုးကွယ်ဆည်းကပ်ခဲ့သော "ယက္ခ" ပူဇော်မှုဓလေ့သည် ဗုဒ္ဓဘာသာနှင့် ပေါင်းစပ်သွား၍၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုပင်လျှင် "ယက္ခ"(ဝါ) ပူဇော်အပ်သောသူ ဟူသော ဝိသေသအထူးပုဒ်ဖြင့် အနန္တဂုဏ်တော်ကို ချီးကျူးခဲ့ကြကြောင်းပင်တည်း။

ဤသို့ ဗုဒ္ဓဘာသာက တိုင်းရင်းဖြစ် ကိုးကွယ်မှုဘာသာအသီးသီးနှင့် အဆင်ပြေခဲ့ဘိသို့ ဟိန္ဒူဝါဒကလည်း ဗုဒ္ဓဘာသာနှင့် လိုက်လျောညီထွေသော သဘောထားကို ထားခဲ့ရုံမျှမက ဗုဒ္ဓရှင်တော်ကိုပင်လျှင် ဗိဿနိုးနတ်မင်းကြီး၏ ကိုယ်ပွားတော် "အဝတာရ"တစ်ဆူအဖြစ် အသိအမှတ်ပြုထားပေသည်။ ထို့ကြောင့် ဟိန္ဒူဘာသာဝင်များအဖို့ ဘုန်းတော်ကြီးမြတ်တော်မူသော ဘုရားရှင်ဟု အနက်အဓိပ္ပာယ်ထွက်သည့် "ဘဂဝါ"ဟူသော ဝိသေသအထူးပုဒ်ကို ဗိဿနိုး နတ်မင်းကြီး နာမံတော်တွင်လည်းကောင်း (Besnagar Excovations by D.R. Bhanda Kar in A.S.I. 1913-14 and 1914-15) သိဝနတ်မင်းကြီး၏ နာမံတော်တွင်လည်းကောင်း (Mahabharata, XII, 18, 65) သကျမုနိ ဗုဒ္ဓရှင်တော်၏ ဂုဏ်ထူးဝိသေသပုဒ်တွင် လည်းကောင်း (Pipahwa Vase Insnp) ခွဲခြားမှုမရှိဘဲ တူညီစွာသုံးနှုန်း အလေးအမြတ်ပြုကြောင်း တွေ့ရပေသည်။

အထက်ပါအချက်အလက်တို့ကို ထောက်ထားလျှင် ဗုဒ္ဓဘာသာနှင့် ရုပ်တုဆင်းတု ထုလုပ်မှုကို အားပေးသော တိုင်းရင်းသားတို့၏ ကိုးကွယ်မှုများ၊ ဟိန္ဒူဝါဒ အယူအဆများသည် ပေါင်းစပ်သင့်သည့် နေရာတွင် ပေါင်းစပ်သွားကြကာ ဗုဒ္ဓဘာသာတွင်လည်း တစ်စတစ်စ ရုပ်တု ထုလုပ် ကိုးကွယ်မှုသဘော ဝင်ရောက်လာကြောင်း ယုံကြည်ရန်အကြောင်း နိုင်လုံလာသည်။ စတင်ပေါင်းစပ်ပုံ မှန်သက္ကရာဇ် အတိအကျကို ခန့်မှန်းနိုင်ရန် မလွယ်လှသော်လည်း ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် နှစ် ပေါင်း ၁၀၀ ခန့်အကြာတွင် ဝေသာလီပြည်၌



ပြုလုပ်ကျင်းပသော ဒုတိယအကြိမ်မြောက် သင်္ဂါယနာ တင်ပွဲကြီး ပြီးနောက်ပိုင်း ကျမှသာ ဟိနာယာဉ်၊ မဟာယာဉ် ဂိုဏ်းများဟူ၍ သာသနာရေးဆိုင်ရာ အယူဝါဒများ ကွဲပြားလာကြပြီးလျှင် ဟိန္ဒူဝါဒ အယူအဆအချို့နှင့်မဟာယာဉ်ဂိုဏ်း အယူအဆအချို့တို့မှာ ပူးပေါင်းသွားကြောင်း အကြမ်းအားဖြင့် တွေ့ရှိရပေသည်။

သို့သော် ဤသို့ ရုပ်တု ရုပ်ပွား ထုလုပ်ကိုးကွယ်မှုကို တစ်နည်းတစ်လမ်း အကျိုးပြုသည်ဟု ယူဆနိုင်ဖွယ်ရာရှိသော အချက်အလက် သက်သေသာဓက အချို့အဝက်လည်း ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန် စံတော်မူမည့်ဆဲဆဲတွင် ဟောကြားတော် မူခဲ့သည်ဟူသော **မဟာပရိနိဗ္ဗာနသုတ်**တော်တွင် တွေ့ရပေသည်။ ယင်းသုတ်တော်တွင်ကား ပုထုဇဉ်လူသားအပေါင်းတို့သည် သတိသံဝေဂအလို့ငှာ ဘုရားရှင် ဖွားမြင်တော်မူရာ ဒေသသို့လည်းကောင်း၊ သဗ္ဗညုတဉာဏ်တော် ရရှိတော်မူရာအရပ်သို့လည်းကောင်း၊ တရားဦးဟောရာဌာနသို့လည်းကောင်း၊ ပရိနိဗ္ဗာန်ယူရာ နေရာသို့လည်းကောင်း သွားရောက်၍ ပူဇော်သမှု ပြုထိုက်၏ဟု ပါရှိပါသည်။ ယင်းသို့ နေရာဒေသကို ပူဇော်ရာမှတစ်ဆင့် ရုပ်တု ရုပ်ပွားကိုးကွယ်မှုအထိ တိုးတက်လာသလောဟုလည်း တွေးတောဖွယ် ရှိနေပေသေးသည်။

အိန္ဒိယပြည်တွင် အစောဆုံး ထုလုပ်ကိုးကွယ်ခဲ့သော ဗုဒ္ဓရုပ်ပွားတော်များမှာ ခရစ်သက္ကရာဇ် ၁ ရာစုထက် ရှေးမကျကြောင်း တွေ့ရပေသည်။ ထိုအချိန်ကာလက အိန္ဒိယပြည်ဝယ် ဗုဒ္ဓဘာသာဂိုဏ်းကွဲ ပြီးနောက်ဟိနာယာဉ်နှင့် မဟာယာဉ်ဂိုဏ်းကြီးများဟူ၍ ပဓာနဂိုဏ်းကြီး နှစ်ဂိုဏ်း အားပြိုင်နေကြဆဲ အခါဖြစ်ပေသည်။ ဟိနာယာဉ်ဂိုဏ်းသည် နောက်သောအခါ သီဟိုဠ်ကျွန်းသို့ ပျံ့နှံ့သွားသော ထေရဝါဒ ဂိုဏ်းကြီးပင်ဖြစ်သည်။ ယင်းဂိုဏ်း၏ အယူဝါဒ အချုပ်သဘောမှာ မူလ ဗုဒ္ဓရှင်တော်၏ ဓမ္မဝါဒအတိုင်း ပင်ဖြစ်၍ ကံကံ၏အကျိုးကို ယုံကြည်ပေသည်။ မကောင်းမှုဒုစရိုက်များမှ ကင်းဝေးစေရန် ပဉ္စသီလငါးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲစေရန် ရည်သန်ပေသည်။ သစ္စာလေးပါး မြတ်တရားကို ယုံကြည်၍ မဂ္ဂင်ရှစ်ပါးဖြင့် သံသရာဝဲဩဃမှ လွတ်မြောက်နိုင်သည်ဟု လက်ခံယုံကြည်ကြပေသည်။

မဟာယာဉ်ဂိုဏ်း အယူဝါဒမှာကား ဟိနာယာဉ်ဂိုဏ်းဝါဒနှင့် အချို့နေရာတို့၌သာတူ၍ များသော အားဖြင့် အဆင်ကွဲသဘောမျိုး လက်ခံယုံကြည်ကြောင်း တွေ့ရ၏။ မူလအခြေခံ သစ္စာတရား မြတ်လေးပါးကိုလည်းကောင်း၊ မဂ္ဂင်ရှစ်ပါးကိုလည်းကောင်း၊ ပဋိစ္စသမုပ္ပာဒ်ကိုလည်းကောင်း၊ ဗောဓိ ပက္ခိယ တရားကိုလည်းကောင်း၊ ဟိနာယာဉ် ဂိုဏ်းနည်းတူ ယုံကြည်လက်ခံပေသည်။ ထို့အပြင် ဘုရားရှင်သည် လောကုတ္တရာပုဂ္ဂိုလ်သာ ဖြစ်သည်ဟူ၍လည်းကောင်း၊ ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်ဝတော် မူသည်ဟူ၍လည်းကောင်း၊ အကြောင်းခြင်းရာဟူသမျှကို တခဏ တခဏဖြင့် ခွဲခြမ်း ဝေဖန် သိမြင်တော်မူသည် ဟူ၍လည်းကောင်း၊ ဝေနေယျသတ္တဝါတို့သည်

အမြိုက်နံ့သွန်သို့ ရောက်ရှိနိုင်ကြရန် ဟော ကကြီးအား တရားတော်ဖြင့်လည်းကောင်း၊ စေတီသတ်ဘုရားလောင်းအား ထားရစ်တော်မူခဲ့၍ စောင့်ရှောက်တော်မူစေသည်ဟူ၍ လည်းကောင်း ယုံကြည်လာကြသည်။

ဗုဒ္ဓရှင်တော်များနည်းတူ မေတ္တေယ် ဘုရားလောင်းတို့မှာလည်း ကာမဘုံသား လူပေင်းတို့အား အဝိဇ္ဇာမှောင်ထုကို ပယ်ဖျက်ဖြိုခွင်း၍ ဝိဇ္ဇာတည်းဟူသော ပညာ ဉာဏ်အလင်းဖြင့် အမြိုက်နိဗ္ဗာန်သို့ ကယ်ယူ ဆောင်ကြဉ်းတော်မူကြသည်ဟုလည်း လက်ခံယုံကြည်လာကြပေသည်။ ဤသို့ ယုံကြည်လာခြင်းကို အကြောင်းရင်းခံ၍ ဘုရားရှင်နှင့် မေတ္တေယ်တို့အား မြတ်ကျွတ်ဆု ရယူလိုသော စိတ်စေတနာ အရင်းခံလျက် ဘုရားရှင်တို့ကဲ့သို့ သတ္တဝါဝေနေယျတို့အား ကယ်မလိုသော မွန်မြတ်သည့် သမ္မာဆန္ဒကြောင့်လည်းကောင်း၊ ဘုရားရှင်နှင့် မေတ္တေယ်တို့အား ဖူးမြော်မာန်လျော့ ကန်တော့ဦးနှိမ်ခြင်း၊ ဆည်းကပ်ကိုးကွယ်ခြင်း၊ ရုပ်တု ရုပ်ပွား ထုလုပ်ပူဇော်ခြင်း၊ ဘုရားဆုကို ပန်လာကြခြင်းစသည့် ဗုဒ္ဓပူဇနီယဓလေ့ ပေါ်ပေါက်လာရပေသည်။

ဤသို့ ဘုရားရှင်နှင့် ဘုရားလောင်းတို့အား ဝတ်ဖြည့်ဆည်းကပ်ကိုးကွယ်မှုနှင့် စပ်လျဉ်းသော အချက်အလက်တို့ကို မဟာယာဉ်ဂိုဏ်းဆိုင်ရာ ဗုဒ္ဓဘာသာ စာပေ ကျမ်းဂန်များအနက် **မဟာဝတ္ထုတော်ကြီး၊ လလိတဝိတ္ထာရ** ခေါ် သက္ကတ ဘာသာရေး ဗုဒ္ဓပုဒ္ဓိကျမ်းများနှင့် မရှေးမနှောင်း ပေါ်ထွက်လာသော သက္ကတဘာသာဖြင့် စီကုံးရေးထားသည့် **"သဒ္ဓမ္မပုဏ္ဍရီကကျမ်း"** (ခရစ်သက္ကရာဇ် ၁ ရာစု) အခန်း (၂၉)တွင် အများဆုံး တွေ့ရှိလေ့လာနိုင်ပေသည်။ ၎င်းအခန်းတွင် လာရှိသော-

"နမော နမသိတသ္မ အဘယ် အဝလောက် တေသွရာယ မေတ္တေယ မဟာသတ္တာယ" ဂါထာ စကားကိုထောက်သော် ဘေးဘယာအပေါင်းမှ ကင်းစေကြောင်းအလို့ငှာ မေတ္တေယ်အဝလောက်တေသွာယ(ဝါ) လောကနာထအား ရှိခိုးကြောင်း "ဘတ္တိ"ခေါ် ဘုရားရှင်နှင့် မေတ္တေယ်တို့အား ဝပ်တွားဆည်း ကပ်သည့် ဗုဒ္ဓပူဇနီယဓလေ့ကို တိုင်းရင်းသားတို့၏ ရုပ်တု လုပ်မှုပညာနှင့် ပေါင်းစပ်၍ ကနစ်သကမင်း လက်ထက် အေဒီ ၁ ရာစုအတွင်း မထုရှ၌လည်းကောင်း၊ ဂန္ဓာရ၌လည်းကောင်း ဘုရားရှင် ရုပ်ပွားတော်နှင့် မေတ္တေယ်ဘုရားလောင်း ရုပ်ပွားတော်များအဖြစ် စတင်ထုလုပ်လာကြသည်ကို တွေ့ရသမျှသော ရှေးဟောင်း ပစ္စည်းဝတ္ထုတို့ကို ထောက်ထား၍ သိရှိရပေသည်။

ဗုဒ္ဓရုပ်ပွားတော် ဖြစ်ပေါ်လာခြင်း၏ အစမူလ ပြဿနာနှင့် စပ်လျဉ်း၍ အချုပ်အားဖြင့် ဆိုရပါလျှင် ရုပ်ပွားတော် ထုလုပ်မှုဟူသည် အိန္ဒိယတိုင်းရင်းသားများ၏ အသစ်အဆန်းဖြစ်လောက်စရာ ပညာတစ်ရပ်မဟုတ်ပေ။ အိန္ဒိယယဉ်ကျေးမှုဟူ၍ လက်ဆုပ်လက်ကိုင် ပြသနိုင်ခဲ့သော မိုဟန်ဂျိုဒါရိုနှင့် ဟာရပ္ပ ခေတ်အခါ ဘီစီ



၂၅၀၀ နှင့် ၁၅၀၀ အတွင်းလောက် ကာလကပင်လျှင် ကိုးကွယ်မှုဆိုင်ရာ ရုပ်ပွား တော်များကို ထုလုပ်ကိုးကွယ်နိုင်ခဲ့ကြပြီ ဖြစ်ပေသည်။ သို့သော် ဗုဒ္ဓရှင်တော်၏ ရုပ်ဆင်းသွင် နိကာယ် တို့ကိုမူကား ဗုဒ္ဓရှင်လက်ထက်တော်အခါ၌ မထုလုပ်သေးသည် သာမက အသောကမင်းကြီး လွန်ပြီးနောက် ဘီစီ ၂ ရာစုအခါကာလတိုင်အောင် မထုလုပ်သေးပေ။ ယင်းအချက်ကို ဆန်ချီပုထိုးတော်ကြီးမှ တုရိုဏ်တိုင်များတွင် ထုလုပ်ထားသော ဘုရားရှင်ကိုယ်စား ကြာပန်း၊ ဗောဓိပင်၊ ခြေတော်ရာ စသော အမှတ်လက္ခဏာများက သက်သေခံနေကြပေသည်။ သို့သော် ဗုဒ္ဓသာသနာတော်ကြီး အတွင်း ဂိုဏ်းဂဏ အယူအဝါအမျိုးမျိုးကွဲပြီးနောက် မဟာယာဉ်ဂိုဏ်းဟူ၍ ဖြစ်ပေါ်လာသောအခါကာလမှသာ ဗုဒ္ဓရှင်တော်ကို မဟာပုရိသအသွင် (ဝါ) မြတ်သောလူ့အသွင် ထုလုပ်ကိုးကွယ်လာကြတော့သည်။ ယင်းသို့ ထုလုပ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ နက်နဲသိမ်မွေ့လှစွာသော ဗုဒ္ဓဓမ္မတရားတော်တို့ကို လူသာမန်တို့ နားလည် သဘောပေါက်စေလိုသောကြောင့်သာ ဖြစ်ပေသည်။

# ဖွားမြင်တော်မူခန်း၊ ပန်းချီပန်းပုလက်ရာများ

ရှေးအကျဆုံးသော ဗုဒ္ဓဖွားမြင်တော်မူခန်း ပန်းပုလက်ရာများတွင် ဘုရားရှင်ပုံတို့ကို လူအသွင် ထင်ရှားထုလုပ်ထားခြင်း မဟုတ်မူဘဲ ကြာပန်းဖြင့် တင်စားထုလုပ်ထားလေ့ ရှိကြပေသည်။ ဤအချက်ကို အိန္ဒိယပြည်အလယ်ပိုင်း ဆန်ချီပုထိုးတော်ကြီးရှိ ကျောက်ဆစ်လက်ရာများတွင် အထင်အရှား တွေ့နိုင်သည်။ ဖွားမြင်တော်မူခန်းတွင် ကြာပန်းဖြင့် တင်စားသရုပ်ဖော်ခြင်းသည် လွန်စွာအနက်အဓိပ္ပာယ် ကျယ်ပြော၏။ ကြာပန်းကို နေ၏အမှတ်အသားဖြင့် ရှေးကျသော အီဂျစ်၊ မက်ဆိုပိုတေးမီးယားနှင့် ပါရှားနိုင်ငံ အနုပညာလက်ရာများတွင် အသုံးပြုခဲ့ကြသည်။ ဤသို့အသုံးပြုရာတွင် ကြာပန်းကို သူရိယနေမင်းအဖြစ် တင်စားခြင်းထက် နေဗိမာန်အဖြစ် တင်စားသည်ဟု ပညာရှင်ကြီးတစ်ဦးက ဆိုခဲ့ဖူးသည်။ သူရိယနေမင်းသည် တစ်နေ့တာခရီးကုန်ဆုံးလျှင် အနားယူရန်နှင့် နောက်တစ်နေ့အဖို့ အားသစ်မွေးရန်အတွက် နေဗိမာန်သို့ ညနေတိုင်း ခိုဝင်ကိန်းအောင်းရသည်။ ကမ္ဘာလောကကြီးသည် အရေပြင်မှ ပေါက်ဖွား ဖွံ့ဖြိုးလာသည်ဟု ယုံကြည်ကြသော အီဂျစ်လူမျိုးတို့က ရေ၌ ဖူးပွင့်ဝေဆာလာသော ကြာပန်းမှ သူရိယနေမင်း ပေါက်ဖွားလာသည်ဟု ယူဆကြည်သည်။ ထို့ကြောင့် သူတို့၏ နေနတ်သား ဟောရပ်ကို ကြာပန်းမှ ပေါက်ဖွားလာပုံ ရုပ်တု ထုလုပ်လေ့ ရှိကြသည်။ ဤအတိုင်းပင် အိန္ဒိယသား ဟိန္ဒူဘာသာဝင်တို့ကလည်း သူတို့ကိုးကွယ်ကြသော နတ်ဒေဝါများမှာ ကြာပန်းမှ ပေါက်ဖွားလာကြသည်ဟု အဆိုပြုကြ၏။

ဤအယူအဆသည် ဗုဒ္ဓဘာသာ အနုပညာနယ်ပယ်သို့ ချင်းနင်းဝင်ရောက်ခဲ့ကြောင်း ဆန်ချီပုထိုးတော်ကြီးရှိ ဖွားမြင်တော်မူခန်းပန်းပုလက်ရာများ၌ သာဓကအဖြစ် တွေ့ကြရပေသည်။ ဤသို့ ကြာပန်းကို ဗုဒ္ဓဘုရား ဖွားမြင်တော်မူခန်းတွင် တင်စားအသုံးပြုကြရာ၌ ကြာပန်း၏ မွန်မြတ်သန့်စင်သည့်သဘော၊ ကျက်သရေ ဖြာဝေသည့်သဘော၊ မင်္ဂလာရှိသည့်သဘော၊ ပေါက်ဖွားကြီးပြင်းသည့်သဘော အနက်များကိုလည်း ဖော်ညွှန်းသည်ဟု သိရ၏။ ထို့ကြောင့် နောက်ပိုင်းတွင် ကြာပန်းဖြင့် မတင်စားဘဲ လူရုပ်ပုံများ ထည့်သွင်းထုလုပ်လာသော ဖွားမြင်တော်မူခန်းများကို အထက်က ဖော်ညွှန်းချက်များဖြစ်သည့် ကျက်သရေမင်္ဂလာ ဝေဖြာ၍ ကြီးပွားဖွံ့ဖြိုးသည့် အနက်အဓိပ္ပာယ်များဖြင့် ရည်ရွယ်ထုလုပ်သည်ဟု ယူဆရန် ဖြစ်လာရပေသည်။



မြန်မာနိုင်ငံတွင် ဗုဒ္ဓဖွားမြင်တော်မူခန်းကို အစောဆုံး သရေခေတ္တရာမြို့ဟောင်း၌ ထုလုပ်ခဲ့ကြောင်း တွေ့ရ၏။ ဤဖွားမြင်တော်မူခန်း ကျောက်ဆစ်လက်ရာကို ရွှေညောင်ပင်ရိုး ဘုန်းကြီးကျောင်းမှ ရရှိခဲ့ သည်။ (ပုံ-၁) ပုံတွင် ဘုရားလောင်းသည် မယ်တော်မာယာ၏ လက်ယာ နံတောင်မှ ပေါ်ထွက်လာသည့်ပုံ မဟုတ်ဘဲ လက်ယာဘက်တွင် မတ်တတ်ရပ်လျက် လက်နှစ်ဖက်ကို ရင်ခွင်ထက်သို့ချီမထားပြီး တရားဟောဟန် (ဓမ္မစကြာမုဒြာ) ပြထားသည်။ မယ်တော်မာယာ၏ လက်ယာလက်သည် ကွေးညွတ်နေသော အင်ကြင်းကိုင်းကို အားပြုဆွဲကိုင်ထား၍ လက်ဝဲလက်ကမူ ညီမတော် ပဇာပတိဂေါတမီ၏ ပခုံးအား သိုင်းရုံးဖက်တွယ်ထားသည်။ ဘုရားလောင်းနှင့် မယ်တော်၊ မိထွေးတော်ပုံအားလုံးမှာ ပြော့ ပလ္လင်ထက်၌ ရပ်နေကြပုံဖြစ်သည်။ ရုပ်ကြွအားလုံး၌ ဝတ်ဆင်ထားသော ပါးလွှားသည့်အဝတ်များ၊ ကိုယ်ဟန်နွဲ့ပျောင်းပုံနှင့် အမူအရာများမှာ အိန္ဒိယပြည်၌ ခရစ်နှစ် ၄ ရာစုမှ ၇ ရာစုအထိ ထွန်းကားခဲ့သော ဂုပတခေတ်နောက်ပိုင်း ပန်းပုလက်ရာများနှင့် ဆင်ဆင်တူသည်။ သို့သော် ဝိုင်းဝန်းသော မျက်နှာပုံပန်းများ၊ ခြေချောင်းလက်ချောင်းများ ထုလုပ်ပုံနှင့် လက်ဝတ် တန်ဆာများ ဝတ်ဆင်ပုံများကို ထောက်ထားသော် ယင်းလက်ရာသည် ခရစ်နှစ် ၆ ရာစု၊ ၇ ရာစုက လက်ရာအဖြစ် သတ်မှတ်နိုင်ပေသည်။

ပုဂံတွင် အစောဆုံးတွေ့ရသော ဖွားမြင်တော်မူခန်းမှာ ကျောက်ဖြင့် ရုပ်ကြွထုလုပ်ထားသော လက်ရာတစ်ခုပင် ဖြစ်သည်။ (ပုံ-၂) ယင်းကို ညောင်ဦးမြို့အရှေ့ဘက်ရှိ ကျောက်ကူးဥမင်တွင် တွေ့ရသည်။ ဤကျောက်ပန်းပုရုပ်ကြွမှာ အပိုင်းပိုင်းကျိုးနေသဖြင့် ပြန်လည်ဆက်စပ်ပြီး ဓာတ်ပုံရိုက်ယူထားရပေသည်။ ပုံတွင် မယ်တော်မာယာသည် တြိဘင်္ဂခေါ် သုံးဆစ်ချိုးအနေအထားဖြင့် ကန့်ကရရပ်နေ၍ လက်ယာလက်က အင်ကြင်းကိုင်းကို အားပြုမှီတွယ်ထားရဟန်နှင့် လက်ဝဲလက်က ညီမတော် ပဇာပတိဂေါတမီကို သိုင်းဖက်ထားရဟန် ထုလုပ်ထားသည်။ မျက်နှာအနေအထားနှင့် ကိုယ်ခန္ဓာပျောင်းနွဲ့ပုံမှာ ကာယိကဒုက္ခကို ခံစား၍ ဖွားမြင်နေရသည့်သဘော ပေါ်လွင်ပေသည်။ ဖွားမြင်ရာတွင် ကာယိကဒုက္ခ ခံစားရသည်ဟု ဗုဒ္ဓဝင်များက မဆိုကြသော်လည်း ကျောက်ဆစ်ပညာရှင်က သဘာဝယုတ္တိနှင့်အညီ မိမိပညာဖြင့် အစွမ်းပြလိုက်ခြင်းဖြစ်သည်ဟု ယူသော်ရကောင်းပါသည်။ ဤသို့ ခံစားနေရသော အစ်မတော်ကို ကြည့်ရှုနေသည့် ညီမတော် ပဇာပတိဒေဝီ၏ မျက်နှာအနေအထားမှာ ဂရုဏာ သက်ဟန်ပေါ်လွင်၏။ သရေခေတ္တရာ ကျောက်ဆစ်လက်ရာနှင့် ကွာခြားပုံမှာ ဘုရားလောင်းသည် မယ်တော်၏ လက်ယာနံတောင်မှ တင်ပြင်ခွေလျက် တရားဟောဟန် ပေါ်ထွက်လာပြီး အောက်ခြေတွင် မင်းမြောက်တန်ဆာများ ဆင်ယင်လျက် ခြေခုနစ်လှမ်း ကြွမြန်းနေပုံပင် ဖြစ်သည်။ ဤသို့ ထုလုပ်ခြင်း ဖွားမြင်တော်မူခန်းနှင့် ခြေလှမ်းပုံ အခန်းနှစ်ခန်းကို တစ်ခန်းတည်းအဖြစ်

အကျဉ်းရုံးပေါင်းစပ် ထုလုပ်ခြင်းပင် ဖြစ်သည်။ ခန္ဓာကိုယ်ပျောင်းနွဲ့ပုံနှင့် လက်ဟန် ခြေဟန် အထားအသိုများကြောင့် ဤလက်ရာသည် အသက်ဝင် လှုပ်ရှားလှ၏။ ဤသည်ကို မျက်နှာအနေအထားများက အားဖြည့်ပေးသကဲ့သို့ ရှိသည်။ အနေအထား အရပ်ရပ်နှင့် လက်ရာကိုထောက်သော် နောင်ထုတ်လတ္တံ့သော ပုဂံခေတ်လက်ရာများထက် ရှေးကျပြီး ရူပတာအစဉ်အလာအတိုင်းပင် ရှိသောကြောင့် ပုဂံခေတ်ဦး၊ သို့မဟုတ် အေဒီ ၁၀၆၀-၇၀ ထက် အနည်းငယ် ရှေးကျသော လက်ရာမွန်တစ်ခုအဖြစ် ခေတ်ပိုင်းခြားနိုင်ပါသည်။

ပုဂံမှ နောက် ဖွားမြင်တော်မူခန်း လက်ရာတစ်ခုမှာ မဟာသာလိနီအုတ်ခွက်လာ ဇုဒ္ဓဝင်ရှစ်ခန်းမှ ဖွားမြင်တော်မူခန်းပင် ဖြစ်သည်။ ဤအခန်းတွင် မယ်တော်မာယာသည် အင်ကြင်းကိုင်းကို အားပြု၍ သုံးဆစ်ချိုးရပ်နေသော်လည်း လက်ဝဲဘက်သို့ ကိုင်းလွန်းသည်။ မျက်နှာအနေအထားမှာလည်း သဘာဝယုတ္တိနှင့် ဆန့်ကျင်စွာ ပြုံးရွှင်နေသည်။ ဤသို့ ရွှင်ပျနေပုံသည် ဇုဒ္ဓဝင်အဆိုများနှင့် ကိုက်ညီကောင်း ကိုက်ညီပေမည်။ လက်ယာနံတောင်မှ ထွက်ပြူလာသော ဘုရားလောင်းမှာ ပုဂံခေတ် ပန်းချီများတွင် တွေ့ရလေ့ရှိသော နတ်ဒေဝါများ လေဟုန်စီး၍ ပျံသန်းနေပုံမျိုး ဖြစ်သည်။ ဤလက်ရာပါရှိသော အုတ်ခွက်တွင် ရေးထိုးသည့် ရှေးဟောင်းကမ္ဗည်းစာ အရေးအသားများအရ ယင်းကို အနော်ရထာခေတ် (၁၀၄၄-၁၀၇၇ အေဒီ)သို့ သတ်မှတ်ထားပါသည်။

အထက်ပါ အုတ်ခွက်လာ ဖွားမြင်တော်မူခန်းထက် အနည်းငယ်နောက်ကျသော လက်ရာတစ်ခုမှာ အာနန္ဒာဂူဘုရားကြီး အရှေ့ဘက် အာရုံခံတွင်းရှိ ဖွားမြင်တော်မူခန်း ကျောက်ဆစ်လက်ရာမွန်တစ်ခုပင် ဖြစ်သည်။ ဤပုံတွင် မယ်တော်မာယာသည် သုံးဆစ်ချိုးရပ်နေကာ မျက်လွှာချထားသည်။ ခန္ဓာကိုယ် အနေအထားမှာ ပျောင်းနွဲ့ပြီး အသက်ဝင် လှုပ်ရှားနေသကဲ့သို့ ထင်ရသည်။ ယာဘက်မှ အစ်မတော်၏ ခန္ဓာကိုယ်ကို ဖေးမထားနေသည် ပဇာပတိဒေဝီ၏ မျက်နှာသွင်ပြင်မှာ ပျပ်ဝပ်ရိုကျိုးဟန် ပေါ်လွင်နေပေသည်။ ဤပုံ၏ ထူးခြားချက်တစ်ရပ်မှာ ဖွားမြင်ပြီးချိန်မှာ ဗြဟ္မာ နတ်လူအပေါင်းက အလောင်းတော်အား အဝတ်ပုဆိုးအမျိုးမျိုးဖြင့် ခံယူချီမနေကြပုံ၊ အလောင်းတော် ခြေခုနစ်လှမ်း ကြွမြန်းပုံတို့ကို ပေါင်းရုံး၍ ထုလုပ်ထားခြင်း ဖြစ်သောကြောင့် တစ်ခန်းရပ်ပြဇာတ်ကို ကြည့်ရဘိသကဲ့သို့ ရှိသည်။ တစ်နည်း အားဖြင့်လည်း ဩဇာဂုဏ်မြောက်အောင် ဖွဲ့စည်းထားသော လက်ရာမွန်တစ်ခုဟု ဆိုချင်ပါသည်။

ဤလက်ရာမှာ အာနန္ဒာဂူပုထိုးကြီးတည်သည့် ခရစ်နှစ် ၁၀၉၁ အေဒီပတ်ဝန်းကျင်က လက်ရာတစ်ခုအဖြစ် ခုနှစ် ပိုင်းခြားနိုင်ပေသည် ဤအခန်းကိုပင် အဆင့်ဆင့်ခွဲကာ ဖွားမြင်တော်မူပုံ၊ ဗြဟ္မာကြီးလေးဦးက အလောင်းတော်အား ရွှေကွန်ယက်ဖြင့်



ခံယူကြပုံ၊ လောကပါလနတ်လေးပါးက အလောင်းတော်အား သစ်နက်ရေဖြင့် ခံယူကြပုံ စသည်ဖြင့် အခန်းခုနစ်ခန်းခွဲ၍ အကျယ်ထုလုပ်ထားသော လက်ရာများကိုလည်း ယင်း အာနန္ဒာဂူပုထိုးကြီးတွင် တွေ့နိုင်ပေမည်။ ဖွားမြင်တော်မူခန်း အကြောင်း အရာတစ်ခုကိုပင် အကျယ်အကျဉ်း လိုသလိုထုလုပ်နိုင်သည်မှာ ပုဂံခေတ် ပန်းပု ပညာရှင်၏ အံ့ချီးဖွယ် ဉာဏ်ရည်တစ်ပါးပင် ဖြစ်ပေသည်။

ပုဂံမှ နောက်လက်ရာတစ်ခုမှာ ပန်းချီလက်ရာဖြစ်သည်။ ယင်းကို လောကထိပ်ပန် ဂူဘုရား ဂန္ဓကုဋီအတွင်း တောင်ဘက်နံရံတွင် ရေးခြယ်ထားသည်။ ဤလက်ရာတွင် အခြားကျောက်ဆစ်လက်ရာများ ကဲ့သို့ မယ်တော်သည်လည်းကောင်း၊ ပဇာပတိဒေဝီသည် လည်းကောင်း၊ သုံးဆစ်ချိုးဖြင့် ရပ်နေကြပြီး ပုံ၏ ဝဲဘက်ထိပ်တွင် သိကြားမင်းက ရေစင်သွန်းဖျန်း သန့်စင်ပေးနေပုံ၊ နတ်တစ်ပါးက ခရာမှုတ်၍ ကောင်းချီးပေးနေပုံ၊ မယ်တော်၏ လကျ်ာနံတောင်မှ ဖွားမြင်လာသော ဘုရားလောင်း၏ လက်ဟန် အနေအထားမှာ တရားဟောဟန်ပြနေပုံ၊ ဘုရားလောင်း ခြေခုနစ်လှမ်းကြွမြန်းရာ၌ ကြာသွတ်အိုးများ ပေါ်ပေါက်လာပုံ၊ ဗြဟ္မာမင်းက ထီးမိုးပေးနေပုံနှင့် ဗြဟ္မာ နတ်လူအများက ဘုရားလောင်းအား ပူဇော်သက္ကာရပြုနေကြပုံ စုံလင်အောင် ပါရှိသည့်အပြင် ပုံ၏ လကျ်ာဘက်အောက်နား လွတ်နေမည့် နေရာတွင်လည်း ရုံရွှေတော် မောင်းမတစ်ဦးပုံကို ဖြည့်စွက် ထည့်သွင်းထားလိုက်ပေသေးသည်။ ဤပုံသည် ဖွဲ့စည်းပုံကောင်းသည့်အပြင် ပြည့်စုံသော တင်ပြချက်တစ်ရပ်ဟု ဆိုသင့်ပေသည်။ ဤပုံပါရှိသော လောကထိပ်ပန်ဂူဘုရားအား အလောင်းစည်သူမင်း လက်ထက် (၁၁၁၃-၁၁၅၅ အေဒီ)က လက်ရာဟု သတ်မှတ် ခေတ်ပိုင်းခြားထားပါသည်။

ပုဂံမှတွေ့ရသော ပန်းချီပန်းပုလက်ရာများတွင် ယခုထိ တစ်ခုတည်းသာ တွေ့ရသေးသော လက်ရာမှာ ကြေးရုပ်လုံး၊ ပန်းပုလက်ရာပင် ဖြစ်သည်။ ဤ လက်ရာတွင် တင်ပြလိုသော ဘုရားလောင်း၊ မယ်တော်မာယာနှင့် ပဇာပတိဒေဝီပုံတို့ကို ရုပ်လုံးအဖြစ်ထုထား၍ ကြာစမခံပိုင်းပေါ်တွင် ရပ်နေကြပေသည်။ ရုပ်ပုံအားလုံးတို့၏ မျက်နှာအနေအထား၊ ကိုယ်ဟန်အချိုးအစားနှင့် ဝတ်စားဆင်ယင်ပုံတို့မှာ အိန္ဒိယပြည် ဘင်္ဂလားပြည်နယ်၌ ထွန်းကားသွားခဲ့သော ပါလခေတ် (အေဒီ ၈ ရာစုမှ ၁၂ ရာစု) လက်ရာများနှင့် ဆင်ဆင်တူနေသေးသည်။ ထို့ကြောင့် ဤပုံကို ၁၂ ရာစုထက် မစောဟု ခုနှစ် ပိုင်းခြား နိုင်မည်ထင်ပါသည်။ ပုံတွင် မယ်တော်မာယာ၏ လကျ်ာလက်မြှောက်ချီ၍ အင်ကြင်းကိုင်းကို ဆွဲကိုင်ထားဟန် ထုလုပ်ထားသော်လည်း အင်ကြင်းကိုင်းကိုမူ ပုံတွင် မမြင်ရချေ။

စာရေးသူ ရှာဖွေတွေ့ရသမျှတွင် ပုဂံမှ နောက်ထပ် ဖွားမြင်တော်မူခန်း ပန်းချီလက်ရာတစ်ခုမှာ ပုဂံမြို့အရှေ့ဘက် မင်းနံသူရွာအနီး နန္ဒမညာ(အနန္တပညာ) ဂူဘုရားမှ ဖြစ်ပါသည်။ ဤပုံနှင့် လောကထိပ်ပန်မှ ပုံတို့ကို နှိုင်းယှဉ်လေ့လာကြည့်ရာတွင်

လောကထိပ်ပန်မှ ပုံမှာ ဖွဲ့စည်းပုံ အတော်ပင် ပြည့်စုံကြောင်း တွေ့ရသည်။ ဖြဟ္မာ လောကထိပ်ပန် ပန်းချီတွင် အတွင်းထည့်ရေးဆွဲသော်လည်း နတ်လူပုံတို့ကို လောကထိပ်ပန် ပန်းချီတွင် အတွင်းထည့်ရေးဆွဲသော်လည်း ဤပုံတွင်မူ အောက်ချ ရေးဆွဲထားသည်။ သို့သော် ပန်းနွယ်ပန်းခက်များ ရေးဆွဲရာတွင် ဤပုံက သာလွန်ပေသည်။

လောကထိပ်ပန်ပုံတွင် ပဇာပတိဒေဝီ၏ လက်ျာလက်သည် မိမိ၏ ဝဲဘက်ပေါင်ပေါ်တွင် တင်ထားသော်လည်း ဤပုံတွင် အစ်မတော်အား ခါးမှ သိမ်းဖက် အားပေးယုယပုံ ပြထားသည်။ လောကထိပ်ပန်ပုံတွင် မယ်တော်မာယာ၏ ခြေဖဝါးနှစ်ဖက် မျက်နှာတူရှုရာသို့ ဘေးတိုက် ပြထားပုံ၏ ခြေမအထား အသိုမှာ မှန်သော်လည်း ဤပုံတွင် လွဲမှားနေသည်ကို တွေ့ရသည်။ ဤပုံတည်ရှိရာ နန္ဒမညာဘုရားကို ခရစ်နှစ် ၁၃ ရာအလယ်ပိုင်းသို့ ခေတ်ခွဲခြား သတ်မှတ်ထားပါသည်။

အထက်ပါ ဖွားမြင်တော်မူခန်း ပန်းချီပန်းပုလက်ရာအစုစုမှာ သရေခေတ္တရာနှင့် ပုဂံမြို့ဟောင်းတို့မှ ဖြစ်ကြပါသည်။ ယင်းတို့အားလုံးမှာ အိန္ဒိယလက်ရာများနှင့် နှီးနွယ်ကြသော်လည်း မျက်နှာအနေအထား၊ ကိုယ်ဟန်အချိုးအစားတို့ကမူ မြန်မာဆန်ကြသည်သာ ဖြစ်ပါသည်။

ဖွားမြင်တော်မူခန်း ပန်းချီပန်းပုလက်ရာများနှင့် ပတ်သက်၍ အောက်မြန်မာပြည် ပဲခူးမြို့ဟောင်းမှ တွေ့ရသော ကျောက်ဆစ်လက်ရာတစ်ခုကို ဤဆောင်းပါးတွင် ထည့်သွင်းဖော်ပြလိုက်ပါသည်။ ဤပုံတွင် မယ်တော်မာယာသည် မိမိ၏ ဝမ်းကြာတိုက်တွင် ဆင်ဖြူတော် ကိန်းအောင်းဝင်ရောက်သည်ဟု အိပ်မက်ခန်းမှ ဘုရားလောင်း ဖွားမြင်တော်မူခန်း၊ တောထွက်၍ ဆံတော်ပယ်ခန်း၊ ဘုရားလောင်းဖြစ် တော်မူခန်း၊ သတ္တာ သတ္တဟ စံတော်မူခန်းများကို ကျောက်ချပ်တစ်ချပ်တည်း၏ မျက်နှာဘက်၌ စုရုံး ပေါင်းစပ် ထုလုပ်ထားပေသည်။ ကျောက်ချပ်၏ ထိပ်ဆုံးလက်ျာဘက်မှ ပဲ့နေသဖြင့် ယင်းနေရာတွင် ထုလုပ်ထားသော ရုပ်ကြွများကို ထင်ရှားအောင် မဖော်ပြသာချေ။ သို့သော် အလယ်မှ တင်ပျဉ်ခွေထက် လက်တော် ဘယ်တင်ညာချ (ဘူမိဖဿမုဒြာ)ဟန် ဘယ်ဘက်မတ်ရပ် ရုပ်ကြွပုံတို့ကြောင့် ဘုရားဖြစ်တော်မူခန်းကို ဆိုလိုသည်ဟု ခန့်မှန်းရပါသည်။ ယင်းအောက် တန်းလျက်ထုလုပ်ထားသော ဘုရားလေးဆူအနက် ဝဲဘက်အစွန်မှ ပုံသည် မုစ္စလိန္ဒသတ္တဟ စံတော်မူခန်းဖြစ်၍ ကျန်ပုံတို့မှာလည်း သတ္တာသတ္တဟစံတော်မူခန်းဖြစ်၍ အောက်ဆုံးအဆင့် လက်ျာဘက် သုံးပုံနှစ်ပုံတွင် သုံးဆစ်ချိုးဖြင့် ရပ်တည်၍ ဘုရားအလောင်းအား ဖွားမြင်တော်မူနေသည့် မယ်တော်မာယာ၏ ပုံနှင့် ညီမတော် ပဇာပတိဒေဝီတို့၏ ပုံကို တွေ့ရပေသည်။ ဘုရားလောင်းသည် မယ်တော်၏ လက်ျာနံတောင်မှ ထိုးထွက်တော်မူပုံကို မတွေ့ရဘဲ နတ်သမီးတစ်ဦးက ခြေတံရှည်ကလပ်ဖြင့် ခံယူနေပုံကို တွေ့ရပေသည်။ ကလပ်နှင့် မယ်တော်အကြားတွင် တွေ့ရသော ဆင်ပုံမှာ မယ်တော်၏ အိပ်မက်ကို ပြဋ္ဌန်းပေသည်။



နတ်ဒေဝီ၏အထက်တွင် ဘုရားအလောင်း ဆံတော်ပယ်ခန်းကို တွေ့ရပြီး ယင်းအထက်တွင်ကား သိကြာမင်းက ဖွားသစ်စ ဘုရားလောင်းပေါ် ရေစင်သွန်းဖျန်း သန့်စင်ပေးနေပုံကို တွေ့နိုင်ပေသည်။

ဤပုံများကို လေ့လာရာတွင် ထုလုပ်ထားသော လက်ရာမှာ ပထမတန်းစား မဟုတ်ကြောင်း ဖြစ်ရပ်များပေါင်းစုထားပုံက ပြသနေ၏။ လေးဆူတန်း ဘုရားရှင်တို့၏ ဦးခေါင်းတော်အထက်မှ ဥဏှိသများသည်လည်းကောင်း၊ ဦးခေါင်းတော်များ ထူထဲ သိပ်သည်းလာပုံများသည်လည်းကောင်း၊ အင်ကြင်းကိုင်း ကိုင်းကျနေပုံသည်လည်းကောင်း၊ မယ်တော်မာယာ၏ မျက်နှာတော် အနေအထားသည်လည်းကောင်း၊ ရေစင်သွန်းဖြန်းနေသော သိကြားမင်း၏ ကိုယ်ဟန်အနေအထားသည်လည်းကောင်း ဤပုံအား များစွာရှေးကျသည်ဟု မဆိုသာအောင် ပြနေကြပါသည်။ သို့သော် မယ်တော်မာယာ၏ သုံးဆစ်ချိုး ဂုပတခေတ် အနုပညာ၏ ဩဇာရိပ်မကင်းပုံမှာလည်း သိသာနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ အထက်ပါ အချက်အားလုံးကို ပေါင်းရုံး စဉ်းစားရပါမူ ဤပုံသည် ဂုပတဟန်အချို့ကို ထိန်းသိမ်းရန် ကြိုးစားထားသော ခရစ်နှစ် ၁၃-၁၄ ရာစုအတွင်းက လက်ရာတစ်ခုဟု ခန့်မှန်းလိုပါသည်။

အထက်တွင် တင်ပြဆွေးနွေးသမျှသော ဖွားမြင်တော်မူခန်း ပန်းချီပန်းပုလက်ရာများတွင် လိုရင်းအချက်ဖြစ်သော ဘုရားလောင်းအား မယ်တော်မာယာဒေဝီက ဖွားမြင်တော်မူရာ၌ လုမ္ဗိနီ အင်ကြင်းဥယျာဉ်အတွင်း မတ်ရပ် လက်ျာနံတောင်မှ ဖွားမြင်ပုံကို သတိပြုမိနိုင်ပါသည်။ ဤသို့ မတ်ရပ်ဖွားမြင်တော်မူသည်ဆိုသော အချက်တွင် ထေရဝါဒဗုဒ္ဓဝင် (နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့မှ **မဟာဗုဒ္ဓဝင်** တွင် ရှု) နှင့် မဟာယာနဗုဒ္ဓဝင် (**မဟာဝတ္ထု** တွင်ရှု)တို့ သဘောချင်း ကိုက်ညီကြပေသည်။ သို့သော် ထေရဝါဒဗုဒ္ဓဝင်ကမူ မည်သည့်နံတောင်မှ ဖွားသည်၊ သို့မဟုတ် မည်သို့ ဖွားသည်ဟူ၍ အတိအကျဆိုမထားချေ။ မဟာဝတ္ထုကသာ လက်ျာနံတောင်မှ ဖွားသည်ဟု အတိအကျ ဆိုထားပေသည်။ ဤမဟာဝတ္ထုမှာ အရောသက္ကတဘာသာဖြင့် ရေးဖွဲ့ထား၍ ယင်း၏ ဂါထာများကို ပြကရစ်ဘာသာဖြင့် ခရစ်မတိုင်မီ ၁ ရာစု၊ သို့မဟုတ် ၂ ရာစု အစက စီကုံးထားသည်ဟု သိရပေသည်။ ထို့ကြောင့် စာရေးသူ လေ့လာရသမျှ မြန်မာပြည်တွင် တွေ့ရသော ဖွားမြင်တော်မူခန်း ပန်းချီပန်းပု အနုလက်ရာများမှ အခြေခံမူသဘောမှာ မဟာယာနဗုဒ္ဓဝင်၏ အလိုအတိုင်းပင်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဤသို့ မဟာယာနဗုဒ္ဓဝင်၏ အဆိုအမိန့်နှင့်အညီ အစောဆုံး ထုလုပ်သော ဖွားမြင်တော်မူခန်း ကျောက်ဆစ်လက်ရာများကို အိန္ဒိယပြည် အနောက်ပိုင်း ဂန္ဓာရပြည်နယ်တွင် တွေ့ရကြောင်းသိရသည်။ ဂရိနှင့် ပါရှားယဉ်ကျေးမှု ဩဇာများ လွှမ်းမိုးသော အဆိုပါ ဂန္ဓာရပြည်နယ်မှ ဖွားမြင်တော်မူခန်းများတွင် တွေ့ရှိရသော မယ်တော်မာယာ၏ပုံ၊ နတ်သိကြားတို့၏ပုံ စသည်တို့မှာ အနောက်တိုင်းသားတို့၏

အသွင်အပြင်ရှိကြပေသည်။ ဝတ်စားဆင်ယင်ထားကြပုံမှာလည်း ရှေးခေတ် ဂရိလူမျိုးတို့ ဝတ်ရုံကြသော အဝတ်အစားများအတိုင်းပင် ဖြစ်သည်။ ဤလက်ရာများကို အေဒီ ၁ ရာစုမှ ၅ ရာစုသို့ သတ်မှတ် ခေတ်ခွဲခြားထားသည်။

ထို့ကြောင့် အချုပ်ဆိုရသော် ဤဆောင်းပါးတွင်ပါရှိသော တွေ့ရသမျှ မြန်မာ့ဖွားမြင်တော်မူခန်း လက်ရာများ၏ အခြေခံသဘောမှာ မဟာယာနဗုဒ္ဓဝင်၏ အလိုအတိုင်းဖြစ်၍ အစီအစဉ်မှာမူ ဂန္ဓာရ လက်ရာများနှင့် နီးနွယ်မှုရှိသည်ဟု ဆိုနိုင်ပါသည်။ သို့သော် အထက်တွင် တင်ပြခဲ့သည့်အတိုင်း အိန္ဒိယမူများအပေါ် ပန်းချီပန်းပု အနုပညာစွမ်းရည်ဖြင့် မြန်မာမှု ပြုထားခဲ့ခြင်းသည်သာ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးဖြစ်ပါသတည်း။



ပုံ ၁၃။ (က) ပုဂံကျောက်ကူဥမင်မှ ဖွားတော်မူခန်း (ကျောက်ဆစ်လက်ရာ)





ပုံ ၁၃။ (ခ) ပုဂံ နန္ဒပညာ ဂူဘုရားမှ ဖွားမြင်တော်မူခန်း (ပန်းချီလက်ရာ)

# ထီးလင်းမှ ရွှေကွန်အုပ်

ထီးလင်းမြို့ တောင်ဘက် နှစ်မိုင်ခန့်အကွာ သရခါရွာ၌ သက္ကရာဇ် ၄၃၅ ခုနှစ် ပုဂံမင်းဆက် အလောင်းစည်သူမင်းလက်ထက်က တည်ထားခဲ့သော ထီးလင်း ရွှေကွန်အုပ်ဘုရားကြီးမှာ ၁၉၇၀ ပြည့်နှစ်အတွင်း မိုးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသည်။ ဤသို့ ပြိုကျမှုကြောင့် ရှေးဟောင်းပစ္စည်း အများအပြားလည်း ပေါ်ထွက်လာကြောင်း ရှေးဟောင်းသုတေသနဌာနသို့ သတင်းရောက်ရှိလာခဲ့ပေသည်။

ပေါ်ထွက်လာသည့် ရှေးဟောင်းပစ္စည်းများကို မှတ်တမ်းတင် လေ့လာထားရန် ရှေးဟောင်းသုတေသနဦးစီးဌာနအနေဖြင့် စီစဉ်ခန့်ခွဲသည့်အတိုင်း ပုဂံဌာနခွဲမှ တာဝန်ရှိပုဂ္ဂိုလ်များသည် ထီးလင်းမြို့တည်ရှိရာ ယောဒေသသို့ ခရီးထွက်ခွာ၍ လည်းကောင်း၊ ရန်ကုန်ရှိ ရှေးဟောင်းသုတေသနဦးစီဌာန သုတေသနမှူး ဦးမြင့်အောင်အဖွဲ့သည် ယောဒေသသို့ ကျောက်ခေတ်ယဉ်ကျေးမှုများအကြောင်း လေ့လာကွင်းဆင်းစဉ်ကလည်းကောင်း အဆိုပါ ရှေးဟောင်းပစ္စည်းများကို မှတ်တမ်းတင်လေ့လာခဲ့ကြသည်။ ယင်းတို့အနက် သမိုင်းဆိုင်ရာ စိတ်ဝင်စားဖွယ် ရှေးဟောင်းပစ္စည်းအချို့အကြောင်းကို ဤသို့ လေ့လာတွေ့ ရှိခဲ့ရပေသည်။

## အလောင်းစည်သူလက်ထက်မှစေတီ

မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး တံတိုင်းအတွင်းရှိ ကျောက်စာတိုက်တွင် ဘိုးတော်ဘုရားလက်ထက် ရေးထိုးသော ရွှေကွန်အုပ်ဘုရား ကျောက်စာအရ ယင်းရွှေကွန်အုပ်ဘုရားကြီးမှာ ပုဂံနန်းဆက် အလောင်းစည်သူမင်းလက်ထက် သက္ကရာဇ် ၄၃၅ ခုနှစ်က တည်ထားခဲ့ကြောင်း သိရှိကြရသည်။ စေတီ၏သဏ္ဌာန်မှာ လေးထောင့် အောက်ခံဖိနပ်တော်မှ အဝိုင်းဘက်သို့ ပြောင်းလဲမြင့်တက်အောင် ဆောက်လုပ်သွားသော စေတီလုံးပုံစံဖြစ်၍ ဖောင်းရစ်များမှ အထက်တိုင်အောင် မုန်စီထားကြောင်း တွေ့ရသည်။ ယင်းစေတီမှာ ရေစီးနှုန်းအမျိုးမျိုး ပြောင်းလဲနေသော မောချောင်းအတွင်းရှိ ကုန်းမြင့်တစ်ခုပေါ်တွင် တည်ထားသော်လည်း မိုးရေဒဏ်ကြောင့် တစ်ကြောင်း၊ မြစ်၏ တိုက်စားမှုကြောင့်တစ်ကြောင်း ပြိုကျပျက်စီးရခြင်း ဖြစ်ပေသည်။



ဤသို့ ပြိုကျပျက်စီးရာမှ သတ္တုအမျိုးမျိုးဖြင့် ပြုလုပ်ပူဇော်ထားသော ရှေးဟောင်း ရုပ်ပွားဆင်းတုတော်မျိုးစုံ ဆူရေ ၈၀၀ ကျော်၊ ရွှေ၊ ငွေ၊ ကြေး၊ ကျောက်နှင့် မြေတို့ဖြင့် ပြုလုပ်ထားသော လက်ကောက်၊ လက်စွပ်၊ နားတောင်း စသည့် ရှေးဟောင်း လက်ဝတ်တန်ဆာမျိုးစုံတို့ ပေါ်ထွက်လာကြသည်။ ယင်းတို့အနက် ထူးခြား၍ သမိုင်းတန်ဖိုး မြင့်မားလှသော ရှေးဟောင်းပစ္စည်းတို့မှာ ပုဂံခေတ် အနော်ရထာမင်းလက်တော်ဖြင့် ကိုယ်တိုင် သွန်းလုပ်ပူဇော်ခဲ့သော အုတ်ခွက် ရုပ်ပွားတော်များ၊ မတ်ရပ်ကြေးဆင်းတုတော်တစ်ဆူနှင့် ဘုရားအလောင်း ကြေးရုပ်ပွားတော်အချို့တို့ ဖြစ်ကြသည်။

## ယောနှင့်ပုဂံ

**မဟာရာဇာ ညီအနုရုဒ္ဓ** ဟု လက်မှတ်ရေးထိုးပါရှိသော အနော်ရထာမင်းကြီး၏ အုတ်ခွက်ရုပ်ပွားတော်များကို တွေ့မြင်ရသော အများမှတ်သားထားသကဲ့သို့ မဟုတ်မူဘဲ ထီးလင်းရွှေကွန်အုပ် ဘုရားကြီးမှာ အနော်ရထာမင်းလက်ထက်တိုင်အောင် ရှေးကျသည်ဟု ခုနှစ် ခွဲခြားသတ်မှတ်နိုင်စရာ သမိုင်းအထောက်အထားကောင်းတစ်ရပ် တွေ့ရှိလာရပေသည်။ တစ်နည်းအားဖြင့် သူလူနည်းပါးလှသော ယောဒေသသမိုင်းသည် ပုဂံခေတ် အနော်ရထာမင်းလက်ထက်ခန့်ကပင် ပုဂံနန်းဆက်နှင့် ကောင်းစွာ အဆက်အသွယ်ရှိနေကြောင်း ခိုင်လုံသည့် သာဓကရရှိလာခြင်းပင် ဖြစ်ပေသည်။

တွေ့ရှိရသော ကြေးရုပ်ပွားတော်များတွင် မတ်ရပ်ရုပ်ပွားတော်တစ်ဆူတည်းသာ ဖြစ်သော်လည်း ရှားပါးသော လက်ရာဖြစ်၏ အမျိုးသားပြတိုက်တွင် ဤလက်ရာမျိုး သုံးဆူပြထားသည်။ ပုဂံအာနန္ဒာ အုတ်ကျောင်းဝင်းအတွင်း၌ ဤလက်ရာမျိုးတစ်ဆူကို ဖူးတွေ့နိုင်ပေသည်။ ယခုအဆူမှာ ပုဂံခေတ်ဦးလက်ရာ ပီသသည့်အတိုင်း သင်္ကန်း ရုံပုံမှာ ချပ်ချပ်ယပ်ယပ်ရှိသည်။ ကိုယ်ဟန်အချိုးအစား ကျနသည်။ မဟာပုရိသ လက္ခဏာတော်ကြီးများ ပေါ်လွင်သည်။ အနုပညာမြောက်အောင် ထုလုပ်ထားသည်။

နောက်တစ်ဆူမှာ တင်ပျဉ်ခွေထိုင် သီတင်းသုံးပုံ အနေအထားဖြစ်၍ သင်္ကန်း အနားရေးများနှင့် မျက်နှာတော် အမူအရာတို့ကို ထောက်ချင့်သော် ပုဂံခေတ် အလယ်ပိုင်းခန့်က လက်ရာဖြစ်နိုင်ပေသည်။

ထူးခြားသော လက်ရာများတွင် မကိုဋ်ဆောင်း၊ ဘယက်တန်ဆာဆင် လက်ကြပ်လက်ကောက်များ ဝတ်ထားသော **အဝလောကိတေသွာရ** အမည်တော်ရှိ ဘုရားလောင်းပုံ ကြေးရုပ်ပွားတော်များ ပါရှိနေခြင်းပင် ဖြစ်သည်။ အဝလောကိတေသွာရ (ဝါ) **လောကနာထ** ဘုရားလောင်းအား ပူဇော်ကိုးကွယ်မှုသည် အာရှတိုက်နိုင်ငံ အများအပြားသို့ ပျံ့နှံ့ခဲ့၏။ အိန္ဒိယ၊ တိဗက်၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့တွင်

အဝလောကိတေသွာရဘုရားလောင်း နတ်သားပုံများကို ခရစ်နှစ်အစောပိုင်းကပင် စတင်၍ ထုလုပ်ကိုးကွယ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင်လည်း သရေခေတ္တရာခေတ်က စတင် ထုလုပ်ကိုးကွယ်ခဲ့၏။ ဤဘုရားအလောင်းသည် ဂေါတမဗုဒ္ဓရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်ယူတော်မူပြီးသည်မှ နောက်ထပ်ပွင့်တော်မူမည့် အရိမေတ္တေ ယျဘုရားရှင် ပွင့်တော်မူသည့်အချိန်တိုင်အောင် ကြားကာလ၌ လောကကြီးအား မေတ္တာကရုဏာဖြင့် စိုးမိုးအုပ်ချုပ်တော်မူသည်ဟု မဟာယာန ဗုဒ္ဓစာပေများက မှတ်တမ်းပြုထားကြပေသည်။

## ဧရာဝတီမြစ်ဝှမ်းဒေသထက် နောက်မကျ

မည်သို့ပင်ဖြစ်စေ သမိုင်းအနေဖြင့် ယောနယ်တစ်ဝန်းတွင် ကျောက်ခေတ်ယဉ်ကျေးမှု အထောက်အထားများသာမက သမိုင်းခေတ်ဦးပိုင်း အထောက်အထားများကိုပါ တွေ့ရှိလာရခြင်းသည် သမိုင်းရေး တိုးတက်မှု၌ ဧရာဝတီမြစ်ဝှမ်း မြေပြန့်ဒေသထက် များစွာ ခေတ်နောက်ကျ ကျန်ရစ်ခြင်းမရှိကြောင်း ထင်ရှားပေသည်။ အစဉ်အလာ မှတ်သားထားခဲ့ကြသော မဏိစည်သူ (ဝါ) အလောင်းစည်သူမင်း ကောင်းမှုဟု ဆိုထားသော ရှေးဘုရားများအနက် ထီးလင်းရွှေကွန်အုပ်ဘုရားသည် သမိုင်းအရ အရေးပါလှသော မှတ်တိုင်တစ်တိုင်ဖြစ်ကြောင်း တွေ့ရှိရသည့် ရှေးဟောင်းပစ္စည်း အထောက်အထားများက သက်သေထူနေကြသည်။

ဤအချက်သည် ပြည်ထောင်စုသမိုင်း ပြုစုရေးတွင် ယောဒေသအတွက် လိုနေသည့် ဟာကွက်ကို ကောင်းစွာ ဖြည့်စွက်နိုင်မည်ဖြစ်၏။ တစ်ဖက်တွင်လည်း မြန်မာ့ကြေးသွန်းအတတ်ပညာကို လေ့လာရာ၌လည်းကောင်း၊ ပန်းပုအနုပညာကို လေ့လာရာ၌လည်းကောင်း၊ ထီးလင်းရွှေကွန်အုတ်ဘုရားမှ ရှေးဟောင်းကြေးထည် ပစ္စည်းများသည် များစွာ အထောက်အကူပြုကြဦးမည် ဖြစ်သည်။





ပုံ ၁၄။ ထီးလင်းရွှေကွန် အုပ်ဘုရားမှ ဗောဓိသတ် ဘုရားလောင်းပုံ

အခန်း ၁၁

# ရှေးဟောင်းစာပေ

# ၁၈၂၀ပြည့်မြန်မာ – မဏိပူရစစ်ပွဲ မှတ်တမ်းပုရပိုက်

မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်ရန် စီမံကိန်းလျာထားချက်များနှင့်အညီ ရှေးဟောင်းသုတေသနဦးစီးဌာနမှ သုတေသနမှူး ဦးမြင့်အောင်ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် ရှေးဟောင်းသုတေသနဌာနမှ ပုဂ္ဂိုလ်များ၊ သမိုင်းသုတေသနဦးစီးဌာနနှင့် ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဘူမိဗေဒဌာနမှ မဟာသိပ္ပံကျောင်းသားများပါဝင်သော ကွင်းဆင်းအဖွဲ့သည် ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများက ယောဒေသသို့ ကွင်းဆင်းလေ့လာခဲ့ကြသည်။

ယင်းသို့ ကွင်းဆင်းရာမှ ဂန့်ဂေါမြို့တွင် မြန်မာစာပေ ကျောင်းဆရာကြီးဟောင်း ဆရာကြီးဦးအုံ့ထံသို့ ရောက်ရှိကြရာတွင် ဆရာကြီးစုဆောင်းထားသော ပုရပိုက်များအနက် ယခုဆောင်းပါးတွင် တင်ပြမည့် ပုရပိုက်နှစ်ဆူမှာ ကုန်းဘောင်ခေတ် ဘကြီးတော်မင်း (အေဒီ ၁၈၁၉-၃၇) လက်ထက် မြန်မာ- မဏိပူရစစ်ပွဲအတွက်လည်းကောင်း၊ ရှေးခေတ်မြန်မာ့တပ်မတော်သမိုင်းအတွက်လည်းကောင်း လွန်စွာအရေးပါသည့် မှတ်တမ်းများဖြစ်ကြောင်း ဖတ်ရှုတွေ့ရှိကြရသည်။ ယင်းတို့ကို ပိုင်ရှင်ဆရာကြီး ဦးအုံ့၏ ဆန္ဒအရ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သို့ ၃၀-၉-၇၃ နေ့တွင် မပေးလှူမီ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ကျောက်စာဌာနခွဲမှ သုတေသနလက်ထောက်များက ဖတ်ရှုခဲ့ကြပြီး မှတ်တမ်းတင်ခဲ့ကြသည်။ ယင်းဖတ်ရှုချက်များအနက် အဓိကအချက်များကို အောက်ပါအတိုင်း တင်ပြလိုက်ပါသည်။

**စစ်စရိတ်စာရင်းပါ**

တက္ကသိုလ်များစာကြည့်တိုက်သို့ ပေးလှူခဲ့သော ပုရပိုက်မှာ နှစ်ဆူဖြစ်ပါသည်။ ပထမအဆူတွင် "၁၁၈၂ ခု၊ နတော်လပြည့်ကျော် ၁၄ ရံနေ့၊ မဏိပူရ အရေးတော်ရှိရာ မင်းရွာ အရာနံပိုင်က လိုက်ထမ် စေလွှဝ်ရာ ကုံသည် စရိပ်ငွေပေးသည်ကို မှတ်သည် စာရင်း"ဟု ခေါင်းစဉ်ရေးထိုးထားရှိသည်။ ပုရပိုက်မှာ အနက်ဖြစ်၍ ကန့်ကူဆံဖြင့် ရေးမှတ်ထားသည်။

ဒုတိယအဆူတွင် "အနောက်ဘက်တိုက်ကျေးရွာ အဓိရင်သူကြီး ခေါင်အကြီးတို့လက် နိုင်ငံတော်ဖြစ်သော မဏိပူရမြို့မှာ။ အငြိမ်မဝပ် အစွန်အနား(ကင်တပ်ရှိရာ)များသို့၊

သူပုံလူဆိုတို့ နောက်ရက် မြန်ကြောင်နှင်။ မဏိပူရဂိုလ်မျုး၊ မင်ခင်မြို့ဝန်တို့ ရှိနို သံတော်ဦးတင်ချက်များကို ဆင်ဆိုတော်မူသည်မှာ" ဟူ၍ ခေါင်းစဉ်သီးခြားမတပ်ဘဲ ရေးမှတ်ထားရှိကြောင်း တွေ့ရသည်။

### မြန်မာ-မဏိပူရအရေးအခင်း

မြန်မာ့သမိုင်း တောင်ငူမင်းဆက် ဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာ (အေဒီ ၁၅၅၁- ၈၁)လက်ထက်တွင် ဇင်းမယ်တစ်ခွင်ကို အောင်မြင်ပြီးနောက် မဏိပူရရာဇာသည် ဘုရင့်နောင်ထံသို့ ပဏ္ဏာဆက်သ ရောက်ရှိလာခဲ့ဖူးသည်။ ညောင်ရမ်းမင်းဆက် ကုန်ဆုံးလုဖြစ်သော အေဒီ ၁၇၃၈ ခုနှစ် တွင် မဏိပူရကို သိမ်းပိုက်နိုင်ခဲ့သည်။

၁၉ ရာစု နှစ်ဆန်းပိုင်းအချိန်လောက်က ဥရောပတိုက်၊ အိန္ဒိယနှင့် သီဟိုဠ်နိုင်ငံတို့တွင် ဗြိတိသျှတို့၏ နယ်ချဲ့စနစ်သည် ကျယ်ပြန့်စွာ အောင်မြင်မှုများ ရရှိခဲ့၏။ ယင်းသို့ အောင်မြင်မှုရရှိနေသည့်ဘက်သို့ အာသံမင်းက ပူးပေါင်းပါဝင်လိုသကဲ့သို့ မဏိပူရမင်းကလည်း မြန်မာမင်း ဘကြီးတော်ဘုရားနှင့် အဆက်အသွယ်ဖြတ်တောက်ကာ ဗြိတိသျှတို့အား ကျေနပ်နှစ်သိမ့်မှု ဖြစ်စေခဲ့သည်။ ဤအချက်ကို မြန်မာတို့ဘက်က အောက်ပါအတိုင်း သဘောပေါက်နားလည်ခဲ့၏။

"သက္ကရာဇ် ၁၈၈၁ ခုံ နတော်လဆန်း တဆုံငါးရက်နေ့မဟာပိဋကတ်ကို ရထားတင်၍ ဗာလိနတ်စာ ပေးတော်မူ၏။ ထိုအခါ (ဘကြီးတော် မင်းတရားက) အမိန့်ရှိသည်ကား မဏိပူရကသည်းစော်ထွား မဟာရှိန်ရာဇာသည် ငါ အိမ်ရှေ့စံတော်မူစဉ် အစ်ကို မဟာရာဇာနှင့် ကိုယ်တို့ မသင့်မတင့်ကြ၍ ရွှေဘဝါးတော်အောက် ရောက်လာလျှင် ငါ့ခြေရင်းတော်တွင် မြဲနေသည်ကို သနားတော်မူသောကြောင့် ငါ မစတော်မူ၍ မဏိပူရနန်းတော် တင်တော်မူသည့် ကျွန်တော်မျိုးဖြစ်လျက် ငါ အထွတ်အမြတ် ရောက်တော်မူလျှင် သစ္စာတော်ကိုသာ ခံသောက်၍ ရွှေစက်တော်အောက် မဖူးရောက်နေသည် အရာသည် သင့်သလော။ မဟာရှိန်ရာဇာ သားမယားနှင့်တကွ မဏိပူရကသည်း တပြည်လုံးကို သိမ်းခဲ့ရမည် အမိန့်တော်ရှိ၍" ဟူ၍ **ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး** တွင် မှတ်တမ်းတင်ထားသည်။

အထက်ပါ ချမှတ်သည့်အမိန့်အတိုင်း မြန်မာတပ်များကို ညီတော်ဒွါရာဝတီမင်းသားက ဗိုလ်ချုပ်အဖြစ် ဆောင်ရွက်ပြီး မဏိပူရသို့ ချီတက်ကြရာ တပ်ပေါင်း ၆၇ တပ်ပါဝင်ကြောင်း သိရ၏။ ယင်းတပ်ပေါင်းစုတွင် အလုံမြို့ဝန်မင်းကြီး မဟာဇေယျလက လက်ဝဲစစ်ကဲကြီးအဖြစ်လည်းကောင်း၊ ပုခန်းကြီးမြို့ဝန် မင်းကြီး မင်းခေါင်ကျော်က လက်ျာစစ်ကဲကြီးအဖြစ်လည်းကောင်း ပါဝင်ကြွပ်ကဲခဲ့ကြ၏။



တိုက်ပွဲအဆင့်ဆင့်နွဲပြီးသောအခါ မဏိပူရမြို့ကို သိမ်းယူရရှိကြသည်။ ပြီးလျှင် ကန္တီမြို့ဝန် နေမျိုးရဲခေါင်ကျော်ထင်ကို အစောင့်အနေ ထားခဲ့၍ ကျန်တပ်များ နေပြည်တော်သို့ ပြန်လာခဲ့ကြသည်။

ဤသို့ မဏိပူရမြို့ကို သိမ်းပိုက်ရရှိပြီး အစောင့်အနေ ချထားစီမံခဲ့သော်လည်း ၁၁၈၂ ခုနှစ်၊ တန်ဆောင်မုန်းလသို့ ရောက်သောအခါ မဏိပူရတို့ ဝိုင်းဝန်းတိုက်ခိုက်ကြသဖြင့် မြန်မာတပ်များ မဏိပူရမြို့တော်မှ ဆုတ်ခွာပေးကြရသည်။ ထို့ကြောင့် ပုခန်းကြီးမြို့ဝန်မင်းကြီး မင်းခေါင်ကျော် ဗိုလ်ချုပ်အဖြစ် ဆောင်ရွက်ဦးစီးသော မြန်မာတပ်များသည် သက္ကရာဇ် ၁၁၈၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့တွင် မင်းမိန့်ဖြင့် မဏိပူရသို့ ချီတက်တိုက်ခိုက်ကြရပြန်သည်။

အထက်ပါအကြောင်းအရာများမှာ မြန်မာ-မဏိပူရ အရေးအခင်းနှင့် သက်ဆိုင်သော အချက်အလက်အချို့အဝက်ပင် ဖြစ်ကြသည်။ ဤမြန်မာ-မဏိပူရ အရေးအခင်းတွင် မြန်မာ့တပ်မတော်ဘက်မှ ပါဝင်တိုက်ခိုက်ကြသော တပ်သားများတွင် ယောဒေသ ဂန့်ဂေါ၊ မင်းရွာ စသော ကျေးရွာများမှ တပ်မတော်သားများလည်း ပါဝင်ခဲ့ကြသည်။ ယင်းတို့အကြောင်းကို ယခု ပုရပိုက်နှစ်ဆူတွင် မော်ကွန်းတင်ထားခြင်းပင်ဖြစ်၍ ဤသို့သော မှတ်တမ်းမျိုးမှာ လွန်စွာရှားပါးသည်ဟု သမိုင်းသုတေသီပုဂ္ဂိုလ်ကြီး တစ်ဦးက မိန့်ကြားပေ၏။

### ပထမပုရပိုက်

ဤပုရပိုက်တွင် ၁၁၈၂ ခုနှစ် ပြာသိုလဆန်း ၃ ရက်နေ့မှ ယင်းလဆန်း ၃ ရက်နေ့မှ ယင်းနှစ် တန်ခူးလဆုတ် ၆ ရက်နေ့အထိ စစ်လမ်းတစ်လျှောက်၌ ကုန်ကျစရိတ်များကို ရေးမှတ်ထားသည့် စာရင်းတစ်ခုနှင့် ၁၁၈၂ ခုနှစ် တန်ခူးလဆန်း ၂ ရက်နေ့မှ ၁၁၈၃ ကဆုန်လပြည့်ကျော် ၅ ရက်နေ့အထိ မှတ်သားထားသော စာရင်းတစ်ခုတို့ ပါရှိကြသည်။

စာရင်းများ မှတ်သားရာတွင် အတော်ပင် တိကျသည်ကို တွေ့ရသည်။ ကွမ်းဆေး လက်ဖက်ဝယ်ယူမှု၊ တံပက်၊ တင်းတိမ်ဝယ်ယူမှု၊ ဆန် ဆီ ဆား ဝယ်ယူမှု၊ ကျွဲ နွား ပို့ဆောင်ရာတွင် ကုန်ကျစရိတ်၊ ခရမ်းသီး၊ ငုတ်ပျောသီးနှင့် ဟင်းလျာဝယ်ယူမှုအထိ စုံလင်အောင် ရေးမှတ်ထားရှိသည်။ စာကြောင်းရေ ၃၄ တွင်-

"ငှင် (၁၁၈၂-ခု) တပို့တွဲလဆန်း ၆ ရုံနေ့။ ထသည်မတို့ဝယ်ရာန် ထမီဝယ် ၁၂"ဟူ၍လည်း တွေ့ရရာ မြန်မာတပ်သားများနှင့် ထသည်းပျိုမြို့တို့ မေတ္တာစေတ် ရှက်နွယ်ကြ၍ ဝယ်ပေးသည်လား သို့မဟုတ် အဝတ်အစား ခေါင်းပါးသော သို့ကသည်းမတို့အား သုံးပန်းများအပေါ် စာနာသည့် လူမေတ္တာ တရားအရ

ဝယ်ပေးသည်လားဟု သမိုင်းဆရာများ စဉ်းစားဖွယ်ရာကောင်းသော ရေးမှတ်ချက်များကိုလည်း တွေ့ရ၏။

**ဒုတိယပုရပိုက်**

ဤပုရပိုက်တွင် မဏိပူရသို့ ချီတက်ရာ၌ လိုက်ပါထမ်းရွက်ရန် ပုခန်းကြီးမြို့ဝန်မင်း၏ ဆင့်စာဆို စာများ၊ အမိန့်ပြန်တမ်းများ၊ မည်သည့်စုရပ်သို့ အရောက်ချီတက်ရမည့် စစ်ရေးညွှန်ကြားချက်များ၊ တပ်မှူးတစ်ဦးဖြစ်သူ ဗိုလ်ဗလရဲခေါင်ကျော်စွာထင်၏ စာများ၊ တပ်ဖွဲ့ဝင်များ၏ အမည်စာရင်းများ၊ တပ်ဖွဲ့ဝင်များသို့ လက်နက်ခဲယမ်းမီးကျောက်များ ဖြန့်ဝေပေးသည့် စာရင်းများ ရေးမှတ်ထားရှိသည် ကို တွေ့ရပေသည်။

**သမိုင်းအချက်အလက်များ**

အထက်ပါ ပုရပိုက်နှစ်ဆူကို လေ့လာသော် -

၁။ မဏိပူရသို့ ဒုတိယအကြိမ်ချီတက်ရာတွင် ဗိုလ်ချုပ်အဖြစ် ဦးစီးဦးကိုင်ပြုသူမှာ **ကုန်းဘောင်ဆက်ရာဇဝင်** အရ ပုခန်းကြီး မြို့ဝန်မင်းကြီး မင်းခေါင်ကျော် ဖြစ်သည်ဆိုသည့် အချက်ကို ဒုတိယပုရပိုက်က အတည်ပြု၏။

၂။ ၁၁၈၁ ခုနှစ် နတ်တော်လဆန်း ရက်များအတွင်း ပထမအကြိမ် မဏိပူရသို့ ချီတက်စေရာတွင် လိုက်ပါထမ်းရွက်ကြရသော တပ်စဉ်များအနက် ဗိုလ်ဗလရဲခေါင်ကျော်ထင်၏ တပ်တစ်တပ်လည်း ပါဝင်ခဲ့၏။ သို့ရာတွင် ဒုတိယအကြိမ်ချီရာ၌ ယင်း၏ တပ်ပါမပါ **ကုန်းဘောင်ဆက်ရာဇဝင်**က ဖော်ပြမထားသော်လည်း ဒုတိယ ပုရပိုက်က ဖော်ပြထားသည်။

၃။ ဗိုလ်ဗလ ရဲခေါင်ကျော်ထင်သည် ဒုတိယအကြိမ် မဏိပူရသို့ ချီရာ၌ ပါဝင်ရုံမျှမက အနောက်ဘက်တိုက်ကျေးရွာ (ယောနယ်တစ်ဝန်းကို ဆိုလိုသည်။) သူကြီး၊ ရွာခေါင်းရွာအကြီးအကဲတို့ကို စည်းရုံးသိမ်းသွင်းရသော စည်းရုံးမှူးတစ်ဦးလည်းဖြစ်ကြောင်း တွေ့ရှိရသည်။ သူနှင့် တွဲဖက်စည်းရုံးရေးတာဝန်ယူရသူမှာ အဆောင်ကိုင် သီရိကျော်ထင် ဖြစ်သည်။

၄။ ကုန်းဘောင်ဆက် ရာဇဝင်တွင် မြန်မာတပ်များသည် သက္ကရာဇ် ၁၁၈၂ခု တန်ဆောင်မုန်းလပြည့် ကျော် ၉ ရက်နေ့တွင် မဏိပူရသို့ ချီတက်တိုက်ခိုက်ခဲ့သည်ဟု ဆို၏။ ယခု ဒုတိယပုရပိုက်တွင် ပါရှိသော မင်းကြီး မင်းခေါင်ကျော်၏ ၁၁၈၂ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက်နေ့စွဲပါ ဆင့်စာ ကြောင်းရေ လေးအရ မြန်မာတပ်မတော်များ ရွှေဘဝါးတော်အောက်က



ထွက်ခွာသည့်ရက်မှာ ၁၁၈၂ ခု တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့ဟု ဆိုထားသောကြောင့် ရာဇဝင်ထွက်စကားနှင့် ပုရပိုက်ထွက် စကားနှစ်ရပ်ကို ယှဉ်ကြည့်လျှင် ၁၁ ရက် ကွာခြားကြောင်း တွေ့ရှိရသည်။ ပုရပိုက်အလိုအရ စစ်ထွက်သည့်ရက်မှာ ၁၁ ရက်စောသည့်သဘောပင် ဖြစ်သည်။

၅။ ဒုတိယအကြိမ် မဏိပူရသို့ ချီတက်ရာတွင် ပါဝင်သောတပ်မှူးများစာရင်း၌ ထီးလင်းမြို့သူကြီး သေဋ္ဌဇေယျကျော်၏ အမည်ကို ရာဇဝင်၌ မှတ်တမ်းတင်ထားသည်။ ပုရပိုက်များတွင်မူ ဤမြို့သူကြီးအမည်ကို ဖော်ပြမထားချေ။ ဂန့်ဂေါနှင့်စပ်လျဉ်း၍ ပထမပုရပိုက်တွင် **ကန့်ကောသူကြီး** ဟုသာ ပါရှိသဖြင့် ထိုစဉ်က ဂန့်ဂေါမှာ ကျေးရွာအဆင့်သာ ရှိသေးဟန်တူသည်။

၆။ ဒုတိယပုရပိုက် ကြောင်းရေ ၁ တွင် 'လွှတ်နိုင်ငံတော်ဖြစ်သော မဏိပူရမြို့မှာ မငြိမ်မဝပ်'ဟူသော စကားအရ မဏိပူရကို ထိုစဉ်က မြန်မာဘက်မှ လက်နက်နိုင်ငံတော်၏ အစိတ်အပိုင်းအဖြစ် သဘောထားကြောင်း တွေ့ရှိရသည်။

၇။ မင်းရွာပတ်ဝန်းကျင်တစ်ဝိုက်မှ လိုက်ပါလာသူများ၏ စစ်ကြောင်းချီတက်ပုံ စစ်စခန်းချပုံ စသည့် အချက်များကို ပထမပုရပိုက်တွင် လေ့လာတွေ့ရှိရပေသည်။ မြင်သာရွာ၊ ထင်သာရွာ၊ ပန်းသာရွာ၊ ကလေးမြို့ စသော စခန်းစဉ်များကို ဖော်ပြထား၏။ တမူးမြို့အမည်ကိုလည်း တွေ့ရှိရသည်။ ဒုတိယပုရပိုက်တွင် မင်းကြီး မင်းခေါင်ကျော်က ၁၁၈၂ ခု နတ်တော်လပြည့်ကျော် ၈ ရက်နေ့စွဲပါ အမိန့်စာကြောင်းရေ လေးတွင် မြန်မာတပ်များ တမူးမြို့သို့ ရောက်ရှိရမည်ဟု စစ်ရေးညွှန်ကြားချက် ပါရှိသည်။ ဤအချက်မှာလည်း ရာဇဝင်လာ တမူးမှ စစ်ကြောင်းတစ်ခု ချီတက်သည်ဆိုသောအချက်နှင့် ကိုက်ညီလျက်ရှိ၏။

၈။ ၁၁၈၂ ခုနှစ် မြန်မာ မဏိပူရ အရေးအခင်းဖြစ်ပွားစဉ်က မဏိပူရ စစ်လမ်းကြောင်းတစ်လျှောက်တွင် ဖြစ်ထွန်းနေသော ကုန်ဈေးနှုန်းအချို့ကိုလည်း သိရ၏။

ဥပမာ

ထမီတစ်ထည် - ၁ ကျပ်၊ ၂ မတ်၊

စောင် နှစ်ထည် - ၂ ကျပ်၊ ၁ မတ်၊

အင်္ကျီတစ်ထည် - ၁ ကျပ် ၂ မတ်။

၉။ ဆောင်းပါးတွင် တင်ပြလျက်ရှိသည့် ပုရပိုက်နှစ်ဆူလုံးတွင် ပါရှိသည့်

မြန်မာစာ အရေးအသားနှင့် ပတ်သက်၍ သေးသေးတင် အမှတ်အသားသည် (အက်) ကာရန်နှင့် (အတ်) ကာရန်အသံထွက်များ၏ သင်္ကေတများဖြစ်ကြောင်း တွေ့ရသည်။

ဥပမာ

ရံ (ပုရပိုက်) = ရက် (ယနေ့ခေတ်)
လံက် (〃) = လက်နက် (〃)

နှ

အတွံ (〃) = အတွက် (〃)
သေံ (〃) = သေနတ် (〃)

အချုပ်တွင် ယခုတင်ပြသော ပုရပိုက်နှစ်ဆူမှာ ယောနယ်မှ စုဆောင်းပေးပို့သော တပ်ဖွဲ့များ၏ လူသူ လက်နက် အသုံးစရိတ် စာရင်းများ၊ သက်ဆိုင်ရာ တပ်မှူးကြီးများ၏ အမိန့်စာ၊ ဆင့်စာဆိုစာများ၊ စစ်ရေးအစီအစဉ်များ ဖြစ်ရုံမျှမက ကုန်းဘောင်ခေတ် မြန်မာ့သမိုင်းတွင် လွန်စွာအရေးပါသော နယ်ခြားပြဿနာတစ်ရပ်ဖြစ်သော မဏိပူရ အရေးအခင်းနှင့် မြန်မာ့သဘောထားအကြောင်းလည်း ဖြစ်ပေသည်။ ထို့ကြောင့် မှတ်တမ်းတင်ပြီး အချက်အလက်များနှင့် တိုက်ဆိုင်လေ့လာနိုင်သည့် မူရင်းသမိုင်း အထောက်အထားဖြစ်ကြောင်းလည်း တွေ့ရသည်။

အထူးသဖြင့် ဧရာဝတီမြစ်အနောက်ဘက် ဒေသတစ်ဝန်းနှင့် ယောနယ်တို့မှ စုဆောင်းပေးပို့ပေးသော အင်အား ၆၀၀ ရှိသည့် ဗိုလ်ဗလရဲခေါင်ကျော်ထင်၏ တပ်ဖွဲ့အသုံးစရိတ်ကိုပင်လျှင် ဤမျှစနစ်တကျ မှတ်တမ်းတင်ထားနိုင်ခဲ့သော် မြန်မာ့တပ်မတော်ကြီးတစ်ခုလုံး၏ အသုံးစရိတ်ကိုမူ မည်မျှအထိ စနစ်တကျ မှတ်တမ်းတင်ထားနိုင်လိမ့်မည်ကိုကား အထူးတလည် တွေးတောဖွယ်ရာပင် မလိုချေ။

ထို့ကြောင့် နယ်ချဲ့သမိုင်းပညာရှင်များ မှတ်ချက်ချခဲ့ကြသကဲ့သို့ ရှေးက မြန်မာတပ်မတော်သည် စည်းမရှိ ကမ်းမရှိသည့် စစ်အဖွဲ့အစည်းတစ်ခု မဟုတ်ဘဲ စည်းကမ်းစနစ်တကျဖြင့် ဖွဲ့စည်းအပ်သော တပ်မတော်တစ်ရပ်သာဖြစ်ကြောင်း ယခု ပုရပိုက်များက သာဓကထူနေကြပေ၏။



အခန်း - ၁၂

# အထွေထွေ

# သူငယ်တော်၏ဖြစ်စဉ်

သူငယ်တော်အမည်တွင်သော အမှုထမ်းအမည်တစ်ခုကို ရှေးလွန်ခဲ့သော ပုဂံခေတ်ထိုး ကျောက်စာများမှ တွေ့ရှိရပေသည်။ သို့သော် ခေတ်၏ ပြောင်းလဲမှုသဘောကိုလိုက်၍ သူငယ်တော်၏ ဖြစ်စဉ်မှာလည်း အမျိုးမျိုးအဖုံဖုံ ပြောင်းလဲခဲ့သည်ဟု ဆိုနိုင်လောက်အောင်ပင် နှောင်းခေတ်ရေး ကျမ်းအမျိုးမျိုးတွင် ရေးသားမှတ်တမ်းတင်ထားကြကြောင်း တွေ့မြင်သတိထားမိသည်။ သူငယ်တော်နှင့် စပ်လျဉ်းသည့် အထောက်အထားများကို မတင်ပြမီ သူငယ်တော်ဆိုသော စကားလုံးကိုပင် ရှင်းပြရန်သင့်သည်ဟု ယူဆမိသော်လည်း ဤစကားမှာ များစွာ အသိခက်သော စကားလုံးမဟုတ်သဖြင့် အထူးရှင်းစရာလိုမည် မထင်ချေ။ သို့သော် သူငယ်နောက်ဆွယ်မှာ 'တော်' ဆိုသော အထူးပုဒ်ကို ထောက်ထားလျှင် ထီးသုံးနန်းသုံး အမှုထမ်းတစ်ဦးဟုသာ အဓိပ္ပာယ် သက်နွယ်လျက်ရှိကြောင်း အကြမ်းမှတ်ထားရန် လိုပါသည်။

သူငယ်တော်နှင့်စပ်လျဉ်းသော အထောက်အထားများကို အောက်ပါအတိုင်း တွေ့ရှိ စုဆောင်းမိပါသည်။ ပုဂံခေတ် သက္ကရာဇ် ၅၉၅ ခုနှစ်ထိုး **အိုပြည့်စုံသင်ကျောက်စာ** ကျောင်းရေ (၁၉)တွင် 'ငညြင်မြင်သင် ၁ သျှိင်ကျစွာ **သုငယ်တာပ်** ၁ ဤယ် ၁၀ သောကဇာလ္လ သောသက်သိယ်တေ'

သက္ကရာဇ် ၆၂၆ ခုနှစ်ထိုး **စောလှဝန်းဘုရား ကျောက်စာ** ကြောင်းရေ (၁၈ မှ ၂၀) အတွင်း 'ဤန္တပစ္စရာဖျက္ကသူပုညာ၊ သံပျင်ကလန် **သုငဲတ်** ဟု ရာသမာသုခမိန် အတောင်ရှယ်မှုဆိုင်ပိုင်မျာခပင် သိပါမြင်ပါ၏' ဟု အထက်ပါ အထောက်အထားများအရ သူငယ်တော်သည် ပထမ အိုပြည့်စုံသင်၏ အလှူတွင် မျက်မြင်သက်သေအဖြစ် ပါဝင်ခဲ့ရသော အရေးပါသည့် နန်းတွင်းအမှုထမ်းတစ်ဦးအဖြစ် လည်းကောင်း၊ ဒုတိယ သံပျင်ကလန် ဘုရားသမား သုခမိန်တို့နှင့် တစ်တန်းစားတည်းဖြစ်သော အမှုထမ်းတစ်ဦးအဖြစ်လည်းကောင်း တွေ့မြင်သိရှိရသည်။ ထို့အပြင် သက္ကရာဇ် ၆၂၇ ခုနှစ်ထိုး **မင်းဝိုင်း ကျောက်စာ** ကြောင်းရေ (၂၅) တွင်လည်း 'အပသုငယ်' ဟူသော အရေးအသားဖြင့် သူငယ်တော်သည် ဥစ္စနာမင်းကြီး၏ နားခံတော်အဖြစ် လက်ဆောင် (ယူမှူး) ဥတ္တမဘိရာဇ်နှင့်အတူ မင်းမိန့်ကို နာခံ၍ မင်းမှု ဆောင်ရွက်ရသူဖြစ်ကြောင်း တွေ့ရှိရပေသည်။ တစ်ဖန် သက္ကရာဇ် ၆၅၁ ခုနှစ်ထိုး တုရင် **ပုထိုးကျောက်စာ** ကြောင်းရေ (၁၇) တွင်လည်း 'အပသုငဲ'ဟူသော

အရေးအသားဖြင့် သူငယ်တော်သည် အမှုုးအမတ် သံပျင်တို့နှင့်အတူ မင်း၏ မဟာဒါန်အလှူကို မျက်မြင်သက်သေအဖြစ် ပါဝင်ခဲ့ကြောင်း တွေ့ရပေသည်။

ဤမျှဖြင့် လက်လှမ်းမီရာ ပုဂံခေတ်ထိုး ကျောက်စာများမှ သိရသည်မှာ သူငယ်တော်သည် မင်း၏ လက်စွဲတော်၊ အချစ်တော် တစ်ယောက်ဖြစ်ကြောင်း ယူဆမိသည်။ ဤနည်းနှင်နှင်ပင် ရန်ကုန်တက္ကသိုလ် မြန်မာဝေါဟာရနှင့် စာပေတွင်လည်း လက်ရွေးစင်ရွေးချယ်ထားသူ ဖြစ်သည်ဟု ပို့ချခဲ့သည်ကို မှတ်သားခဲ့ရဘူးပေသည်။ ထိုနည်းတူစွာပင် ယဉ်ကျေးမှုစာစောင် အတွဲ(၃) အမှတ်(၈) စာမျက်နှာ(၈၆)တွင် ပါရှိသည့် ဒေါက်တာသန်းထွန်း၏ 'အေဒီ ၁၀၀၀မှ ၁၃၀၀ အထိ မြန်မာပြည် အုပ်ချုပ်ရေး'ခေါ် ဆောင်းပါးတွင် **သူငယ်တော်တို့သည် ဘုရင်လိုလားသည့် ဖွားဘက်တော် ကဲ့သို့သောသူများ ဖြစ်ဟန်တူပါသည်**'ဟူ၍ ယူဆထားသည်ကို တွေ့မြင် ဖတ်ရှုရပေသည်။

ဤသို့ ပုဂံခေတ်အခါက ဘုရင့်အချစ်တော်ဖြစ်ခဲ့ပြီး အရေးပါသော မင်းမှုကိစ္စများ၌ ပါဝင်ခဲ့ရသော သူငယ်တော်သည် ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ ဘုရင့်အချစ်တော်အဆင့်၌ ထာဝရတည်မြဲမနေဘဲ မိဖုရားအဆောင်တော်များ၌ မသင့်မလျော် ရှင်းလင်းသုတ်သင်ရန် ရှိသည့်အခါ အနောက်ဝန်စာရေးတို့ ကြပ်မတ်၍ ရှင်းလင်းရသူ (ဝါ) အညစ်အကြေး သိမ်းသူအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုကြသည်ကို တွေ့မြင်မှတ်သားရပြန်သည်။ ကျက်သရေဆောင် ရွှေစလွယ်နှင့် အမှုထမ်းကောင်း တံဆိပ်ရ ဦးမောင်မောင်တင်၏ **ရွှေနန်းသုံး ဝေါဟာရအဘိဓာန်** စာပုဒ်ရေ (၁၈၅) တွင် ဖော်ပြထားသဖြင့် သူငယ်တော်တို့ အကြောင်း သိရှိရသည်မှာ သူငယ်တော်တို့သည် စုစုပေါင်း ကိုးဦးရှိ၍ တစ်လလျှင် စပါးတော် ၈၀ တင်း အသနားတော်မြတ်ခံရသည်။ ယင်းသည် သူငယ်တော်အမှုထမ်းကား အမရပူရ မြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီး ဘုရားလက်ထက်တော် သက္ကရာဇ် ၁၁၅၀ ခု၊ နတ်တော်လတွင် ရခိုင်မြို့၊ သံတွဲမြို့၊ ရမ်းဗြဲမြို့၊ မာန်အောင်မြို့များက အိမ်ထောင်စုံလူ ၁၁၀၊ အမရပူရမြို့တော်သို့ တက်နေစေ၍ စားပုံမြေတာ ပေးသနားတော်မူပြီးလျှင် ၄င်းရခိုင်လူမျိုးတို့ကို သူငယ်တော်အမှုထမ်း ဖွဲ့စည်းတော်မူသည်။ ထိုအခါမှ အစပြုပြီး ၄င်းအမှုထမ်းအဖွဲ့ ပေါ်ပေါက်လာကြောင်း ဆိုထားပါသည်။

သို့သော် အထက်တွင် ဖော်ပြပါရှိခဲ့သော ကျောက်စာများအရ သူငယ်တော် အမှုထမ်းမှာ ကုန်းဘောင်ခေတ်ကျမှ ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ပုဂံခေတ်ကပင် အထင်အရှားရှိခဲ့ကြောင်း သိသာလှပါသည်။ ထို့ပြင် ရခိုင်မှ အိမ်ထောင်စုများကို ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့မင်းက ခေါ်ဆောင်လာရန်အကြောင်း ယုတ္တိရှိသော်လည်း ယင်းတို့မှ သူငယ်တော် အမှုထမ်းဖွဲ့စည်းသည်ဆိုသည့် အချက်ကိုကား သက်ဆိုင်ရာ **ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးတွင်** ရှာဖွေ၍ မတွေ့ရှိရ



သေးပါ။ သို့သော် အခြားအမှတ်အသားများ ရှိမရှိကိုမူ စာရေးသူ လက်လှမ်းမမီ၍ မသိပါဟု ဝန်ခံလိုပါသည်။

အထူးစိတ်ဝင်စားဖွယ်ကောင်းသည့် အချက်မှာကား **(Dr. Judson)**၏ မြန်မာ-အင်္ဂလိပ်အဘိဓာန် စာမျက်နှာ (၁၀၃၃)တွင် သူငယ်တော်သည် **(formerly a palace sweeper; a personal attendant of a sawbwa)**(ယခင်က နန်းတော်တွင်း တံမြက်လှည်းသူ၊ စော်ဘွား၏ အပါးတော်မြဲ) ဟူသော အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ ထိုနည်းတူစွာပင် ရွှေကိုင်းသားရေး **အနှစ်တစ်ရာပြည့် မန္တလေးစာအုပ်** စာမျက်နှာ (၁၁၃)တွင်လည်း မိဖုရားဆောင်အကြားရှိ လမ်းများကို သန့်ရှင်းမှုရှိစေရန် **'သူငယ်တော်များနှင့် သားပေါက်တော်များကို တာဝန်ပေး၍ မပြတ်သုတ်သင် ရှင်းလင်းစေရမည်'** ဟူ၍လည်းကောင်း၊ ဒဂုန်ခင်ခင်လေး၏ **စာဆိုတော်ဝတ္ထု** စာမျက်နှာ (၃၀၂) အောက်ခြေ မှတ်ချက်တွင်လည်း အလားတူ အဓိပ္ပာယ်မျိုးကိုပင် လည်းကောင်း ပေးထားကြောင်း တွေ့ရှိရပါသည်။

ဤတွင် စာရေးသူ စိတ်ဝင်စားသည်မှာ အဘယ့်ကြောင့် ဘုရင့်အချစ်တော်ဘဝမှ သူငယ်တော်သည် အညစ်အကြေးသိမ်းသမားအဖြစ်သို့ ဂုဏ်သိမ် လျော့ကျရသနည်း ဆိုသော အချက်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ဤအကြောင်းကို စိတ်ဝင်စားခဲ့သည့် အားလျော်စွာ ရှာဖွေစူးစမ်းကြည့်ရာ **ကန်တော်မင်းကျောင်း မေတ္တာစာကိုဖြေဆိုသော တောင်တွင်းကြီးမြို့ မင်းကျောင်းဆရာတော်၏အဖြေ** မြန်မာနိုင်ငံ သုတေသနအသင်း စာစဉ် ၄၊ ၁၉၄၁ ခုနှစ်ထုတ် ကန်တော်မင်းကျောင်း မေတ္တာစာနှင့် အဖြေစာအုပ် စာမျက်နှာ (၄၈-၄၉)တွင် သူငယ်တော်သည် ဘုရင့်အစေအပါးအဖြစ် အရေးပါသော မင်းမှုတစ်ခုကို စုံစမ်းရသူဖြစ်ကြောင်း တွေ့ရှိရပေသည်။ ထို့အပြင် လေ့သင်းအတွင်းဝန် ဦးချိန်၏ ဝေါဟာရ **လိနတ္ထဒီပနီကျမ်း** စာမျက်နှာ (၁၈၁) အနုန်းပင်အကြောင်း အဖွင့်စာသားများတွင်လည်း သူငယ်တော်ကို ဘုရင့်လူယုံတော် အစေအပါးအဖြစ် သုံးနှုန်းထားကြောင်း ထပ်မံတွေ့ရပါသေးသည်။ မင်းတုန်းမင်းကြီး လက်ထက် အလယ်နန်းမတော်မိဖုရားတွင် ဖွားမြင်သော သမီးတော် ပုခက်တင်မင်္ဂလာပြုလုပ်ရာ၌ လည်း သူငယ်တော် အမှုထမ်းကို ဘုရင်မင်းတရားကြီးက လက်ဖွဲ့ထည့်တော်မူကြောင်း **သုသောမိတရာဇဝင်၊ ဆဋ္ဌမတွဲ၊ စာမျက်နှာ (၁၈၂)** တွင်လည်းကောင်း၊ သီပေါမင်း လက်ထက် သူငယ်တော်ကို အနောက်ရုံးစေအဖြစ် စာရင်းမှတ်သားထားကြောင်းကိုလည်း **သုသောမိတရာဇဝင်၊ ဆဋ္ဌမတွဲ၊ စာမျက်နှာ (၄၂၃)**တို့တွင်လည်းကောင်း အသီးသီး ဖော်ပြထားပါသည်။

ဤအထောက်အထားများအရ သူငယ်တော်ဟူသော အမှုထမ်းမှာ ညောင်ရမ်းခေတ် အကုန်တွင် ဘုရင့်အစေအပါးအဖြစ်ရှိခဲ့၍ ကုန်းဘောင်ခေတ်တွင် ဘုရင့်အစေအပါး အဖြစ်အပြင် အနောက်ရုံးစေအဖြစ်လည်းကောင်း၊ အမှိုက်လှည်းသူအဖြစ်လည်းကောင်း

လျော့ကျသွားသလောဟူ၍ စဉ်းစားစရာဖြစ် ပေါ်လာပါသည်။ ထို့ကြောင့် အခြားအကိုးအကားများကို ဆက်လက် ရှာဖွေသောအခါ အဂ္ဂမဟာဓမ္မ ရာဇာဓိရာဇဂုရုရနိုင်ဆရာတော်စီရင်သော **ညောဝတီအရေးတော်ပုံ** ကျမ်း စာမျက်နှာ ၂၂ တွင် 'တကောင်းစား သား ချစ်နှောင်းဦးလည်း၊ တစီးရှင်ကျော်စွာထံ သူငယ်တော်ခံလျက်နေလေသည်'ဟူ၍ လည်းကောင်း၊ အဆိုပါ အရေးတော်ပုံ စာမျက်နှာ (၁၃၄) တွင်လည်း 'သားတော်အလတ်မှာ သားတော် အိမ်ရှေ့စံမင်းထံ သူငယ်တော်ခံလျက်နေရပါသည်'ဟူ၍လည်းကောင်း ထပ်မံတွေ့ရှိရပါသည်။ ယင်းကိုထောက်၍ သူငယ်တော်အမှုထမ်းမှာ စိုးသား စိုးမြေး အနွယ်များထဲမှ ခေါ်ယူခန့်ထား၍ လက်ပါးစေ အချစ်တော်အဖြစ် သတ်မှတ်ထားသည်ဟု ထင်မြင်စရာရှိပါသည်။ ဤထင်မြင်ချက်ကို အထောက်အထားပြုသော အချက်မှာကား **မှန်နန်းရာဇဝင်၊ တတိယတွဲ၊ စာမျက်နှာ(၃၀၉)**တွင် ညောင်ရမ်းဆက် သက္ကရာဇ် ၁၀၃၅ ခုနှစ်မှ ၁၀၆၀ ခုနှစ်အထိ အင်းဝနန်းတွင်း စိုးစံခဲ့သော မင်းရဲကျော်ထင် ဘုရင်လက်ထက်တွင် သူငယ်တော်အမှုထမ်းစုကို 'ကျွန်တော်အမှူးကြီးကျေးရွာစားတို့ သားမြေးအရည်တူ သူငယ်တော်မှူး သွေးသောက်အစု'ဟူ၍ ဖော်ပြထားသည့်အချက်ပင် ဖြစ်သည်။

ထို့ထက် စိတ်ဝင်စားစရာကောင်းသော အချက်မှာကား ပုဂံမြို့ ရှေးဟောင်းသုတေသနဌာနခွဲ လက်အောက်ရှိ ပုဂံပြတိုက်တွင် အင်္ဂလိပ်ဘာသာဖြင့် Lamp Bearer ဟု အမည်ပေးထားသော သူငယ်တော်ရုပ်ပင် ဖြစ်ပါသည်။ ပြတိုက်အမှတ်စဉ် စာရင်းအရ ယင်းသူငယ်တော်ရုပ်၏ အမှတ်မှာ ၈-၆ ပိုင်း ၅ ပိုင်းဖြစ်၍ ပုဂံမြို့ ရွှေကျောင်းဘုန်းကြီး ဦးစန္ဒထံမှ ရသည်ဟု မှတ်သားထားကြောင်း တွေ့ရှိ ရသော်လည်း မည်သို့မည်ပုံရ၍ ယင်းအကြောင်း မည်သို့လှေ့လာထားသည်ကို သက်ဆိုင်ရာဌာန အစီရင်ခံစာများတွင်လည်းကောင်း၊ အိန္ဒိယရှေးဟောင်း အစီရင်ခံစာများတွင်လည်းကောင်း ရှာဖွေကြည့်ရာတွင် ယင်းအကြောင်း မတွေ့ရှိရပါ။ ဤသို့ မတွေ့ရှိရသည်မှာလည်း သူငယ်တော်ရုပ်မှာ ရာဇဝင်ကြောင်း အရေးပါအချက်များစွာ မရှိသောကြောင့် အထူးတလည် ရေးမှတ်ထားခြင်း မရှိဟန်တူသည်။

သို့သော် ယင်းသူငယ်တော်ရုပ်ကို လက်ရှိအခြေအနေအတိုင်း လေ့လာကြည့်ရာ ယင်းအရုပ်မှာ အမြင့် ၁၀ လက်မခွဲရှိ၍ သဲကျောက်ဖြင့် ပြီး၏။ မုဆိုးထိုင်ထိုင်လျက် ကိုယ်ခန္ဓာအထက်ပိုင်း၌ အဝတ်အစားမပါဘဲ အောက်ပိုင်း၌ ပုဆိုးခါးတောင်းကျိုက်ထားကြောင်း တွေ့ရ၏။ လက်နှစ်ဖက်စလုံး ဒူးပေါ်တင်ကာ လက်ဝဲလက်သည် ငှက်ပျောဖူးကဲ့သို့ ရှည်မျောမျော အရာဝတ္ထုတစ်ခုကို ကိုင်ထားကြောင်း တွေ့ရသည်။ မျက်နှာပေါ်တွင် နောက်မှ ရေးဆွဲထားသော နှုတ်ခမ်းမွေး၊ မျက်ခုံးမွေးရှိကြသော်လည်း မျက်နှာအသွင်အပြင်ကား သူငယ်တော်အမည်နှင့်



မလိုက်အောင် လူကြီးတစ်ယောက်၏ သဏ္ဌာန်ဆောင်နေ၏။ ခေါင်းပေါ်မှ ဆံပင်များမှာလည်း နပန်းဆံခေါ် ဦးစွန်းတစ်ဖက်တစ်ချက်မှ တစ်စုစီ ဖားလျားချထားကြောင်း တွေ့ရ၏။ အရုပ်၏ မျက်နှာပုံပန်းနှင့် လက်ရာများမှာ များစွာရှေးမကျဘဲ အင်းဝခေတ် လက်ရာဖြစ်မည်ဟု အကြမ်းဖျင်း ခန့်မှန်းရပါသည်။ သို့သော် ယင်းအရုပ်ကို အင်္ဂလိပ်ဘာသာဖြင့် **(Lamp Bearer)** (တန်ဆောင်ကိုင်?) ဟု အမည်ပေးထားသည်ကို ထောက်လျှင် မင်း၏ အစေအပါး တစ်ဦးဦးအဖြစ် ရည်ရွယ်ဟန်တူကြောင်း ခန့်မှန်းနိုင်ပါသည်။

ဤတွင် သူငယ်တော်၏ တာဝန်ဝတ္တရားများအကြောင်းကိုလည်း ထပ်မံဖော်ပြသင့်သည်ဟု ထင်မြင်သဖြင့် အောက်ပါအတိုင်း ရှာဖွေ တင်ပြအပ်ပါသည်။

ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး ဖြေဆိုသော **ဇွယ်စုံကျော်ထင်ကျမ်း ပထမတွဲ၊ စာမျက်နှာ ၁၁၅ တွင်** '၁၁၈။ အင်ခုနစ်သွယ်၊ မှတ်စဘွယ်၊ သူငယ်တော်တို့အဘယ်နည်း'ဟူသော အမေးပုစ္ဆာ၌-

'သုဇနန္တ၊ အရှင်၏ အလိုကိုလည်း ကောင်းစွာ သိတတ်သော၊ သုစီစင်ကြယ်သန့်ပြန့်သော၊ ဒက္ခ၊ လိမ္မာရေးခြားထသော၊ ဓမ္မိကံ၊ မရမ်းမကား၊ တရားလည်းစောင့်ထသော ဗဟုသဏ္ဌကံ၊ ကျမ်းဂန် အကြားအမြင်လည်း များထသော၊ အလောဘံ၊ လိုချင်ခြင်းလည်း နည်းထသော၊ အပ္ပမတ္တ၊ မမေ့ မလျော့သော၊ သတိလည်းရှိထသော၊ တံ၊ ထိုအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသောသူကို၊ ရာဇန္တိပေ၊ မင်း၏ အနီး၌၊ သေဝေယျ၊ ခစားစေရာ၏။ ။ သူငယ်တော် လုပ်ျတော်တို့၏ အင်္ဂါခုနစ်ပါးဟူ၍ ဖြေဆိုထားပေရာ သူငယ်တော်မှာ အမှိုက်သိမ်းသမားထက် အဆင့်အတန်းမြင့်သော အမှုထမ်းဖြစ်၍ မင်း၏ အချစ်တော်သာ ဖြစ်ဟန်တူကြောင်း ပိုမိုထင်ရှားပါသည်။

ထို့ကြောင့် စာရေးသူအနေဖြင့် ဤသို့ ထင်မြင်ပါသည်။ အလယ်ခေတ် ဥရောပတိုက်၌ ရဲတိုက် ကြီးများနှင့် တခမ်းတနား နေထိုင်ခဲ့ကြသော အင်္ဂလိပ်ဘာသာဖြင့် Knight ခေါ် မှူးကြီးမတ်ရာ သေနာပတိနှင့် မင်းညီမင်းသားအပါး ခစားရ၍ ယင်းတို့ကိုယ်တိုင်ကလည်း အမျိုးသန့်အမျိုးကောင်းများ ဖြစ်ကြသည့် Pages ခေါ် အမှုထမ်းကလေးများကဲ့သို့သော အဆင့်အတန်းမျိုးပင် ဖြစ်လိမ့်မည်ဟု ထင်မြင်မိပါသည်။

သူငယ်တော်အမည်ဖြင့် ဖိုးဝရုပ်ကြီးများ ပြုလုပ်သောအလေ့ကို အထက်အညာအထူးသဖြင့် စစ်ကိုင်းခရိုင်၌ ယနေ့တိုင်ပင် တွေ့ရှိနိုင်သေးကြောင်း မိတ်ဆွေတစ်ဦးက ဆိုပါသည်။ ယင်းအဆိုကို စာရေးဆရာကြီး မဟာဆွေ၏ **ပျို့တောင်ပြုး** ဝတ္ထုစာမျက်နှာ (၁၀) ပါ အောက်ပါအရေးအသားကလည်း ထောက်ခံနေပါသည်။

"အချို့လူနောက်များမှလည်း သူငယ်တော်ရုပ် ခပ်ကြီးကြီးကို မွေ့လျက်

မိန်းမများနှင့်တွေ့လျှင် ရော့ ကိုယ့်သားယူသွား၊ တယ်မိုက်တဲ့ မိန်းမ၊ ကလေး ပစ်ထားရသလား"

ဟု ရေးထားသည်ကို တွေ့ရပါသည်။



ပုံ ၁၅။ ပုဂံပြတိုက်ရှိ သူငယ်တော်ရုပ်



# နိဂုံး

စာအုပ်တွင် ရေးသားဖော်ပြခဲ့သမျှ ဆောင်းပါးများကို ဖတ်ရှုပြီးသောအခါ ရှေးဟောင်းသုတေသန ပညာရပ်၏ သဘောသဘာဝနှင့် မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနလုပ်ငန်းများအကြောင်း အတော်အတန် သိရှိသဘောပေါက်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ စင်စစ် ရှေးဟောင်းသုတေသနပညာရပ်သည် စာတွေ့ထက် လက်တွေ့ကို ပိုမိုဦးစားပေးသော ပညာရပ်ဖြစ်သဖြင့် ယခုကဲ့သို့ စာတွေ့လေ့လာရသူများအဖို့ ပူးတွဲဖော်ပြခဲ့သည့် ဓာတ်ပုံ၊ ပုံဆွဲများမှတစ်ဆင့်သာ လေ့လာခွင့်ရကြမည် ဖြစ်ရာ ပြီးပြည့်စုံပြီဟု မဆိုနိုင်သေးချေ။ ခက်ခဲသော ပညာရပ်တစ်ရပ်အကြောင်း အသင့်အတင့်မျှကိုသာ သဘောပေါက်ကြလိမ့်မည် ဖြစ်ပေသည်။

ဤသို့ အသင့်အသင့် သဘောပေါက်သမျှနှင့်ပင် မြန်မာမှုကို လေးစားရမည့် စိတ်ဓာတ်၊ ဆက်လက်ပျိုးထောင်ရမည့် တာဝန်နှင့် ဆင့်ကဲကမ်းလှမ်းရမည့် အသိအမြင်များ ရရှိရေးအတွက် တစ်စွန်းတစ်စ အထောက်အပံ့ဖြစ်စေမည်ဟုလည်း စာရေးသူအနေဖြင့် မျှော်လင့်ယုံကြည်ရပါသည်။

ရှေးဟောင်းသုတေသနပညာရပ် နယ်ပယ်တွင် တိုက်ရိုက်အကျိုးဝင်သော ဘာသာကွဲများ အများအပြား ပါဝင်လျက်ရှိရာ အနည်းဆုံး ဘာသာကွဲတစ်ခုစီအတွက် ဆောင်းပါးတစ်စောင်စီကို တတ်နိုင်သမျှ တင်ပြခဲ့ပြီးဖြစ်လေသည်။ ယင်းဆောင်းပါး တစ်စောင်စီတွင် စာရှုသူများအဖို့ အသစ်အဆန်းဖြစ်ဖွယ်ရာ အကြောင်းအရာ တစ်ရပ်စီကိုလည်းကောင်း၊ စာရှုသူများ သိရှိပြီးဖြစ်သည့် အကြောင်းရပ်ဖြစ်ပါမူ စာရေးသူ၏ အမြင်မှ အဓိပ္ပာယ်ဖွင့်ဆိုချက် အသစ်တစ်ရပ်စီကိုလည်းကောင်း ကြိုးပမ်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။

"ရှေးဟောင်းသုတေသနလုပ်ငန်းများ၏ အဓိကရည်ရွယ်ချက်" ဆောင်းပါးတွင် အဘယ့်ကြောင့် ရှေးဟောင်းသုတေသနလုပ်ငန်းများကို မြန်မာနိုင်ငံ၌ ဆောင်ရွက်ကြရ သည့်အကြောင်း ရေးသားတင်ပြခဲ့ပါသည်။ ဤဆောင်းပါး၏ အဓိကရည်ရွယ်ချက်မှာ လွတ်လပ်ရေး ထိန်းသိမ်းမှု စိတ်ဓာတ်ကို မြဲတောင်မြှောက်ပေးရန်ပင် ဖြစ်ပါသည်။ "လူတိုင်းအဖို့ ရှေးဟောင်းပစ္စည်း" ဆောင်းပါးတွင် ရှေးဟောင်းပစ္စည်း၏ အနက် အဓိပ္ပာယ်ကို ဖွင့်ဆိုခေါ်ထုတ်ခဲ့မှုမက၊ ရှေးဟောင်းပစ္စည်းဆိုသည်မှာ အဆန်းအပြား မဟုတ်၊ အလုပ်၏ ရလဒ်တစ်ခုသာဖြစ်ကြောင်း ရေးသားတင်ဆက်ခဲ့ပါသည်။

ရှေးဟောင်းသုတေသနလုပ်ငန်းများ ဆက်စပ်ညှိနှိုင်းပေးရေးကို
သိပ္ပံပညာရပ်များနှင့် ရှေးဟောင်းပစ္စည်း ခေတ်ခွဲနည်းနှင့် သိပ္ပံ' 'ရောဂါဖော်ထုတ်စေ့ဆော်မှုအနေဖြင့် 'ရှေးဟောင်းပစ္စည်း ကုသနည်းအချို့' နှင့် 'ရှေးဟောင်းသုတေသနကွင်းသည် ရှေးဟောင်းပစ္စည်းနှင့် ကုသနည်းအချို့' နှင့် 'ရှေးဟောင်းသုတေသနကွင်းဆင်းလုပ်ငန်းများ' ဆောင်းပါးတို့တွင် ရေးသားတင်ပြခဲ့ပါသည်။ 'အတိတ်ကိုဆက်စပ်ကြည့်သောအခါ' ဆောင်းပါးတွင် စုံထောက်ဆန်သော အနုစိတ်ဆက်စပ်ကြည့်ရှုရသည့် လုပ်ငန်းသဘောကို ဖော်ထုတ်ခဲ့ပါသည်။

'သမိုင်းအဆိုအချို့နှင့် လက်တွေ့ ရှေးဟောင်းသုတေသန' 'စလေတစ်ခွင်သုတေသန' နှင့် 'မလွန်မြို့မှ ရှေးဟောင်းကြေးထည်များ' ဆောင်းပါးတို့တွင် ရှေးဟောင်းသုတေသနနည်းအချို့ကို အသုံးချ၍ သမိုင်းဖြစ်စဉ်များအား ဆန်းစစ်ခြင်း၊ အဓိပ္ပာယ်သစ် ဖွင့်ဆိုခြင်းနှင့် သရုပ်ဖော် လေ့လာခြင်းတို့ ကို ကြိုးပမ်းထားကြောင်း တွေ့ခဲ့ကြရပါမည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေအရ ထိန်းသိမ်းစောင့်ရှောက်ထားသော ရှေးဟောင်းအဆောက်အဦများကို အဘယ်ပုံ အဘယ်နည်း စိစစ်ရွေးချယ် ထိန်းသိမ်းထားခဲ့ကြောင်း 'ရှေးဟောင်းအဆောက်အဦများ ပြုပြင်ထိန်းသိမ်းရေး' နှင့် 'ရှေးဟောင်းအဆောက်အဦများ ပြုပြင်ရာတွင်' ဆောင်းပါးများ၌ ထုတ်ဖော်တင်ပြထားခဲ့ပါသည်။ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသော ပုဂံမြို့နေရာအနှံ့ရှိ ရှေးဟောင်းအဆောက်အဦများမှာ ထင်သလောက် ပျက်စီးမှုများမရှိခြင်းနှင့် ပြန်လည်တည်ဆောက်၍ မရနိုင်ခြင်းမဟုတ်ကြောင်းတို့ကို ဘူမိဗေဒအချက်အလက်များ အကိုးအကားဖြင့် 'ပုဂံအုတ်မြစ်များ ကြံ့ခိုင်လျက်ပင်' ဟူ၍ ရေးခဲ့ပါသည်။ ဤဆောင်းပါးမှာ စာရေးသူပင် အင်္ဂလိပ်ဘာသာ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၌ ရေးသားခဲ့သောဆောင်းပါး၏ မြန်မာဘာသာ ပြန်ဖြစ်၍ ယခုအကြိမ်အထိ ပုံမနှိပ်ဖူးသေးပါ။

ကျောက်ခေတ် ကြေးခေတ် သုတေသနများအကြောင်းတို့ အထိုက်အလျောက်ဖော်ပြသော ဆောင်းပါးအချို့ကို ဤစာအုပ်တွင် တွေ့မြင်ဖတ်ရှုခဲ့ကြရမည်ဖြစ်ပါသည်။ ယင်းတို့မှာ ပြည့်ပြည့်စုံစုံ တင်ပြထားချက်များမဟုတ်သေးဘဲ သက်ဆိုင်ရာကျောက်ခေတ် ကြေးခေတ် သုတေသနများအတွက် နိဒါန်းသဘောမျိုးသာ မှတ်ယူစေလိုပါသည်။

ပန်းချီပန်းပု ဆောင်းပါးတစ်ပုဒ်သာ ထည့်သွင်းဖော်ပြထားပြီး မဟာယာနဗုဒ္ဓဘာသာက မြန်မာ့ယဉ်ကျေးမှုနယ်ပယ်၌ အဘယ်မျှ အမြစ်တွယ်နေကြောင်းကို ယင်းဆောင်းပါး 'ဗုဒ္ဓရုပ်ပွားတော် ဖြစ်ပေါ်လာခြင်း၏ မူလအစ' နှင့် 'ထီးလင်းမှ ရွှေကွန်အုပ်' တို့တွင် အတော်အတန် ထည့်သွင်းဖော်ပြခဲ့ပါသည်။ မြန်မာ့စစ်သမိုင်းပြုစုရေးတွင် ကြီးမားသော အထောက်အပံ့တစ်ရပ် ဖြစ်စိမ့်သောငှာ '၁၈၂၀ ပြည့် မြန်မာ မဏိပူရစစ်ပွဲ မှတ်တမ်းပုရပိုက်' အကြောင်း ဆောင်းပါးကို ထည့်သွင်း



ဖော်ပြခဲ့ပါသည်။ စာအုပ်တွင် နောက်ဆုံးဖော်ပြခဲ့သော 'သူငယ်တော်၏ဖြစ်စဉ်' ဆောင်းပါးမှာ အစဉ်အလာအားဖြင့် အမှတ်မှားခဲ့သည် နန်းတွင်းအမှုထမ်းကလေးများအကြောင်းပင် ဖြစ်သည်။ သူငယ်တော်ဆောင်းပါးကို စာရေးသူရေးသားခဲ့စဉ်အခါက သူငယ်တော်အက အကြောင်းကိုလည်းကောင်း၊ ရာဇပလ္လင်၌ သူငယ်ရုပ်ကလေးများ ထုလုပ်ထားရှိသည့်အကြောင်းကိုလည်းကောင်း အမရပူရမြို့နယ်အတွင်း သူငယ်တော်အမည်ရှိ ရွာတစ်ရွာရှိသည့်အကြောင်းကို လည်းကောင်း မသိရှိခဲ့ဖူးပါ။ ယင်းဆောင်းပါးပုံနှိပ်ပြီးမှသာ စာရေးသူ၏ မိတ်ဆွေများက ဤအကြောင်းများကို ဖြည့်စွက် ပြောလာကြပါသည်။ ထို့ကြောင့် သူငယ်တော်အကြောင်းအပြည့်အစုံကို လေ့လာလိုပါမူ သူငယ်တော်အက၊ ရာဇပလ္လင်မှာ သူငယ်တော်ရုပ်နှင့် သူငယ်တော်ရွာ အကြောင်းတို့ကိုလည်း တိုးချဲ့မှတ်သားသင့်သည်ဟု ထင်မြင်ယူဆပါသည်။

ထို့ကြောင့် အချုပ်တွင် စာရေးသူ၏ စာအုပ်၌ တင်ပြဆွေးနွေးခဲ့သမျှသော အကြောင်းရပ်အားလုံး ကို ခြုံကြည့်ပါမူ နည်းနည်းနှင့် ကြဲကြဲဝိုင်းထားသည့်သဘောကို သုံးသပ်တွေ့ရှိကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ဘာသာကွဲတစ်ခုစီအကြောင်း နက်နဲသော ကျမ်းတစ်စောင်စီမျှ ပြုနိုင်လောက်အောင် ကျယ်ဝန်းပါသည်။ သို့သော် ဤမျှအထိ တင်ပြရန် မလိုအပ်သဖြင့် အကြောင်းအရာလည်း တတ်နိုင်သမျှ စုံလင်အောင် စာရှုပရိသတ်၏ ပညာဉာဏ် အနုအရင့်နှင့်လည်း ကိုက်ညီအပ်စပ်အောင် တင်ပြလိုက်ရခြင်းဖြစ်သောကြောင့် ပြီးပြည့်စုံလှပြီဟု မမှတ်ယူသင့်ပါ။ မည်သို့ပင်ဖြစ်စေ ဆောင်းပါးတစ်ပုဒ်စီအတွက်လည်းကောင်း အားလုံးကိုခြုံ၍လည်းကောင်း၊ ပြုပြင်စရာ ဖြည့်စွက်စရာ၊ အကြံပေးစရာများ ရှိပါမူ စာရေးသူက လှိုက်လှဲစွာ လက်ခံလိုပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါသည်။

အဖဦးပေါက်တူး၊ အမိဒေါ်ကျင်ရှိန်တို့မှ ၁၂၉၅ ခုနှစ်၊ တော်သလင်း လဆန်း(၁၃)ရက် (၁၀-၉-၁၉၃၃)တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ သရက်တောကျောင်းတိုက်၊ ဦးပရမ အမျိုးသားအထက်တန်းကျောင်း၊ မက်သဒစ် အလယ်တန်းကျောင်း၊ လမ်းမတော်ကျောင်းတို့တွင် ပညာသင်ယူခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်သည်။ ၁၉၅၇ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိသည်။

၁၉၅၇ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာန၌ သုတေသနဝန်ထောက်အဖြစ် စတင်အမှုထမ်းသည်။ ၁၉၅၈-၅၉ ခုနှစ်နှင့် ၁၉၆၈-၇၀ ခုနှစ် တို့တွင် အိန္ဒိယ ရှေးဟောင်းသုတေသနဌာန၊ အလ္လာဟာဘတ်တက္ကသိုလ်၊ ပူးနားမြို့ ဒက္ကဏ ကောလိပ် ဘွဲ့လွန်သုတေသနဌာန (Deccan College Post-Graduate and Research Institute, Poona) တွင် မဟာဝိဇ္ဇာအဆင့် ရှေးဟောင်းသုတေသနပညာနှင့် ကျောက်ခေတ် သုတေသနပညာ (Prehistory) တို့ကို ဆည်းပူးခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ဆိုဗီယက် ပြည်ထောင်စုသို့ ရှေးဟောင်း သုတေသန လေ့လာရေးသွားရောက်ခဲ့သည်။

ရှေးဟောင်းသုတေသနဌာနတွင် အမှုထမ်းစဉ် ရှေးဟောင်းမြို့တော်များဖြစ်သည့် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ လက်ပံခြေပေါ်၊ အရက်သည်မဝင်းကနှင့် ဝေသာလီမြို့ဟောင်း များကို တူးဖော်လေ့လာခဲ့ပြီး ထိုရလဒ်များကို မြန်မာနိုင်ငံသုတေသနဆွေးနွေးပွဲများနှင့် မြန်မာနိုင်ငံ သုတေသနအသင်းတို့တွင် ၁၉၆၈၊ ၁၉၇၂၊ ၁၉၇၆ နှင့် ၁၉၈၀ ခုနှစ်များတွင် စာတမ်း ဖတ်ကြားခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် သုတေသနမှူးရာထူးမှ အငြိမ်းစားယူခဲ့သည်။

၁၉၉၄-၉၅ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်တို့တွင် ရန်ကုန်တက္ကသိုလ်ရှေးဟောင်းသုတေသန ပညာဌာန၌ အချိန်ပိုင်းကထိကအဖြစ် သင်ကြားပို့ချခဲ့သည်။

၁၉၇၈ ခုနှစ်တွင် "မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု သုတေသန" စာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဂျပန်နိုင်ငံ ကာလိုရှီးမား တက္ကသိုလ်က ထုတ်ဝေသော Shiroku စာစောင်၊ အိန္ဒိယနိုင်ငံ အလ္လာဟာဘတ်တက္ကသိုလ်မဂ္ဂဇင်း၊ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်၊ တက္ကသိုလ်ပညာပဒေသာ စာစောင်၊ ငွေတာရီ၊ ပေဖူးလွှာ၊ ဓေယျ၊ စာပေလုပ်သားနှင့် အခြားမဂ္ဂဇင်း၊ သတင်းစာများတွင် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ရှေးဟောင်းသုတေသနဆိုင်ရာဆောင်းပါး ၁၆၀ ကျော် ရေးသားခဲ့သည်။

ဦးမြင့်အောင်၏စာစောင်၊မဂ္ဂဇင်းများတွင်ရေးသားခဲ့သောသုတေသနဆောင်းပါးများကို စုပေါင်း၍ Revealing Myanmar's Past စာအုပ်ကို Tun Foundation စာပေအဖွဲ့က ထုတ်ပေးခဲ့သည်။ ထို့အတူ ထိုစာအုပ်ကို Australia ပညာရှင်များ အကူအညီဖြင့် St. Clements Technological University of British West Indies က M.A (Archaeology) ဘွဲ့ကို ၂၀၀၃ ခုနှစ်တွင် ပေးအပ်ခဲ့သည်။

ယခုအခါ ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနတွင် အချိန်ပိုင်း ကထိကအဖြစ် သင်ကြားပို့ချရင်း သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် အမှတ်(၂၀၇)၊ အခန်း(၉)၊ ရန်ကင်း ၁၂ လုံးတန်း ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိပါသည်။